www.burmeseclassic.com

# ရှေးမူမပျက် ခေတ်သစ်မျှော်ကြောင်း

Helena Norberg-Hodge

## ANCIENT FUTURES

(Learning from ladakh)



ကလော ချစ်ထွန်း

ဘာသာပြန်၍ ကောင်းအိမ်အယ်ဒီတာအ

တာဝန်ယူအကြိမ်ပြင်ဆင်တည်းဖြ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**မူပိုင်**

အလင်းအိမ်

**မျက်နှာဖုံး ဒီဇိုင်း**

Edward Than (et)

**ပုံနှိပ်တိုက်**

မိုးငွေ

**အုပ်ရေ**

၁၀၀၀

**ပုံနှိပ်ခြင်း**

ပထမအကြိမ်ပုံနှိပ်ခြင်း ၂၀၀၂ ခုနှစ်

ဒုတိယအကြိမ်ပုံနှိပ်ခြင်း ၂၀၀၅ ခုနှစ်

တတိယအကြိမ်ပုံနှိပ်ခြင်း ၂၀၁၂ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

# စာဖတ်သူများသို့

ရှေးမူမပျက် ခေတ်သစ်လူ့ဘောင် (Ancient Futures) စာအုပ်ကို တတိယအကြိမ် ထပ်မံထုတ်ဝေဖြစ်သွားပါပြီ။ ဒီစာအုပ်ကို ထပ်မံထုတ်ဝေဖြစ်သွားတဲ့ တွန်းအားကတော့ ခေတ်မီလွန်ခြင်းထောင်ချောက်ရဲ့ မာယာတွေကြောင့်ပါ။

ခေတ်မီလွန်ခြင်း ထောင်ချောက်ဆိုတာကတော့ မိမိကိုယ်ကို ယုံကြည်မှု လျော့ကျစေတဲ့ အသက်ရှင်နေထိုင်မှုပုံစံကို ဆိုလိုတာပါ။ စားဖို့ နေဖို့ ပညာသင်ဖို့ ဆေးကုသဖို့ စတဲ့ အခြေခံလိုအပ်ချက်တွေကို 'ငွေကြေး' ရှိမှ ရနိုင်မယ်လို့ ထင်မြင်ပြီး၊ ငွေကြေးအခြေပြု အသက်ရှင်မှုပုံစံ အားကြီးလာနေတာ ကမ္ဘာနဲ့အဝှမ်းပါပဲ။ အရာရာတိုင်းကို ငွေကြေးနဲ့ တန်ဖိုးဖြတ်လာရင်းကနေ လူနဲ့ သဘာဝပတ်ဝန်းကျင်ကိုပါ ငွေကြေးအမြတ်အစွန်းနဲ့ တိုင်းထွာ တန်ဖိုးဖြတ်လာနေကြပါပြီ။

တန်ဖိုးထားမှုတွေက ဇောက်ထိုးကြီးကို ပြောင်းသွားနေပါတော့တယ်။ ဘယ်လိုပြောင်းသွားတာလဲ။ ဘာကြောင့် ပြောင်းသွားကြရတာလဲ။ ဘာတွေ ဖြစ်သွားကြပါသလဲ။ ဘယ်လို ဖြစ်လာဦးမလဲဆိုတာတွေကို ရှေးမူမပျက် ခေတ်သစ်လူ့ဘောင် စာအုပ်မှာ တွေ့ကြရမှာပါ။

ဖတ်ကြည့်ပေးပါ။ ဖတ်ပြီးတဲ့နောက် တွေးစရာ ဆွေးနွေးစရာ မေးစရာ တစ်စုံတစ်ရာများရှိခဲ့ရင်လည်း ရင်းနှီးစွာ အမြင်ဖလှယ်နိုင်ဖို့လည်း ဖိတ်ခေါ်လိုပါတယ်။ alinein1998@gmail.com ကို ဆက်သွယ်နိုင်ပါကြောင်း စာဖတ်သူများကို နွေးထွေးစွာ ဖော်ပြလိုက်ရပါတယ်။❑

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့

အလင်းအိမ် စာအုပ်ထုတ်ဝေရေး

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

ဤစာအုပ်သည် ဖွံ့ဖြိုးရေးနှင့် လူမှုဘဝပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများအတွက် မရှိမဖြစ် လက်စွဲထားရမည့် စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်အား ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေစဉ်ကတည်းက ဂန္ထဝင်စာရင်းဝင် စာအုပ်တစ်အုပ် ဖြစ်လာခဲ့ပါသည်။ စာရေးသူ *ဟယ်လင်နာ နော်ဘော့(ဂ်) ဟော့ဂျ်* သည် ဤစာအုပ်ကို ဦးနှောက်ဖြင့်သာမက နှလုံးသားဖြင့်လည်း ခံစားပြီး ရေးသားခဲ့ပါသည်။ လာဒါက်ရှိ လူများနှင့် လက်ပွန်းတတီး နေထိုင်နေရသည့် အတွေ့အကြုံများကြောင့် သူမသည် ခေတ်မီအနောက်တိုင်းယဉ်ကျေးမှုထက် အဆင့်မနိမ့်သော ခြားနားသည့် ယဉ်ကျေးမှုနှင့် လူနေမှုစနစ်ကို နက်နက်ရှိုင်းရှိုင်း သိမြင်လာစေသည့်အပြင် တန်ဖိုးထားတတ်လာစေခဲ့ပါသည်။ ဤစာအုပ်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ယေဘုယျဆန်ဆန် ဖော်ပြထားပြီး အထူးသဖြင့် အာရှဖွံ့ဖြိုးရေးအကြောင်းအရာများကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါသည်။

အနောက်နိုင်ငံများ၏ ရာစုနှစ်ပေါင်းများစွာ ကိုလိုနီအပြုခံခဲ့ရသော ကျွန်ုပ်တို့ အာရှနိုင်ငံများတို့သည် မိမိတို့တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတို့ကို အနည်းနှင့် အများဆိုသလို အနောက်တိုင်းပုံစံအတိုင်း ဆောင်ရွက်ကြပါသည်။ စက်မှုစွမ်းအား တည်ဆောက်ရေးလမ်းကြောင်းပုံစံအတိုင်း ဆောင်ရွက်လျက်ရှိသော ဤခေတ်မီအနောက်တိုင်း ဖွံ့ဖြိုးရေးပုံစံနှင့်ပတ်သက်ပြီး၊ ကျွန်ုပ်တို့နိုင်ငံများရှိ အရေးပါ အရာရောက်သူ လူနည်းစု၊ လူ့မလိုင် ရေပေါ်ဆီများနှင့် စက်မှုအရင်းရှင်ကြီးများက အမြဲတစေ မေးခွန်းထုတ်ခဲ့ကြပါသည်။ သူတို့အားလုံးအနေဖြင့် တစ်စိတ်တစ်ဒေသအဖြစ် အနောက်တိုင်းဇာတ်အသွင် အတင်းအကြပ် သွတ်သွင်းလိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အနောက်တိုင်းတွေးခေါ်မှုပုံစံကို သင်ကြားခြင်းခံလာခဲ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အာရှဖွံ့ဖြိုးရေး ခရီးတစ်လျှောက်တွင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အစွန့်ရှည်စွာ တည်ရှိခဲ့သော ကျွန်ုပ်တို့ အသက်ရှင် နေထိုင်မှုပုံစံတို့ကို ဖျက်ဆီးခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်သည် လာဒါတ်နှင့် ဟိမဝန္တာ လမ်းပေါက်သွားပြီးနောက် ရှိရင်းစွဲ ဒေသခံ လူမှုအသိုင်းအဝိုင်းဆီသို့ ခေတ်မီလာစေခြင်းကို သယ်ဆောင်လာခြင်းကြောင့် လာဒါတ်တွင် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည့်အကြောင်းကို လက်မှ မချချင်လောက်အောင် စာဖတ်သူအား ညှို့ယူဖမ်းစားသွားပါလိမ့်မည်။ တောင်တွေကို ကျော်ဖြတ်ပြီး လော်ရီကားကြီးများနှင့်အတူ လောဘရမ္မက်နှင့် စားသုံးသူပဓာနဝါဒတို့ ရောက်ရှိလာသည်နှင့်အမျှ ယခင်က လှပခဲ့ပြီး၊ ဥဿုံပြည့်စုံခဲ့သည့် ဘဝရှင်သန်မှုပုံစံမှာ ပျောက်ကွယ်စပြုခဲ့ရပါသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် အရှေ့တောင်အာရှရှိ ကျွန်ုပ်တို့ဝန်းကျင် အသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှုအမွေ ကြွယ်ဝမှုနှင့် ယင်းတို့ကို ပျက်စီးလွင့်ပျောက်စေမှုအကြောင်းတို့ကို သိမြင်လာစေပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးများကို မျက်ကန်းသဖွယ် လက်ခံခြင်းထက် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို မည်သို့မည်ပုံ အကျိုးရှိစေသနည်းဟူ၍ စတင်မေးခွန်းထုတ်ရန် လိုပါသည်။ ထိုတွင်သာမက ခေတ်မီဖွံ့ဖြိုးရေးနှင့် တစ်ကမ္ဘာလုံး ဒွေးရောယှက်တင်ဖြစ်ခြင်းအတွက် ဖိအားပေး စိန်ခေါ်နေမှုများကို ရင်ဆိုင်နေရစဉ် ကျွန်ုပ်တို့၏ အာရှအဖွဲ့အစည်းကြီး ပြန်လည်တည်ထောင်ရေးအတွက်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ရဲသော စိတ်ဓာတ် ရှင်သန်လာစေပါသည်။ မြန်မာနိုင်ငံရှိ လုပ်ဖော်ဆောင်ဘက် ဖွံ့ဖြိုးရေးသမားတို့သည် ဤစာအုပ်ကို ဖတ်ရှုဆင်ခြင်ခြင်းနှင့် အချင်းချင်း ဆွေးနွေးကြခြင်းတို့ဖြင့် အကျိုးကျေးဇူး ရရှိမည်မှာ သေချာပါသည်။ အပြည်ပြည်ဆိုင်ရာ ဂေဟဗေဒနှင့် ယဉ်ကျေးမှုအဖွဲ့ကို သော်လည်းကောင်း၊ ဤစာအုပ်ကို ရေးသားပြုစုသူ မိတ်ဆွေကြီး *ဟယ်လင်နာ နော်ဘော့(ဂ်)ဟော့ဂ်* ကိုသော်လည်းကောင်း၊ ဘာသာပြန်ဆိုပေးသူအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီကြသူများကိုသော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေခွင့်ပြုသော အဖွဲ့အစည်းများကိုသော်လည်းကောင်း ကျေးဇူးတင်ပါသည်။ ဤစာအုပ်သည် အခြေခံလူထု ခေါင်းဆောင်မှုသင်တန်း တက်ရောက်သူများအတွက် ရည်ရွယ်၍ ထုတ်ဝေပါသည်။ ❑


**Pracha Hutanuwartr & Jane Rasbash**
**Spirit in Education Movement**
**25 December 2001**



www.burmeseclassic.com

www.burmeseclassic.com






လာဒါတ်ဒေသပြမြေပုံ



www.burmeseclassic.com

www.burmeseclassic.com



# မှုရင်းစာရေးသူ၏ကိုယ်ရေးအကျဉ်း



ဟယ်လင်နာ နော်ဘော့ (ဂ်) ဟော့ဂျ် (Helena Norberg-Hodge) ဆွီဒင်၊ ဂျာမနီ၊ ဩစတြေးလျား၊ အင်္ဂလန်နဲ့ အမေရိကန်နိုင်ငံတွေမှာ ဘာသာစကားဆိုင်ရာကို အထူးပြု လေ့လာခဲ့သူ ဖြစ်ပါတယ်။ သူမဟာ (၁၉၇၅) ခုနှစ်က စလို့ တိဘက်က လာဒါတ်လူထုတွေနဲ့အတူ နေထိုင်လုပ်ကိုင်ရင်း အဲဒီပြည်သူတွေရဲ့ လူမှုရေးနဲ့ ဂေဟဗေဒဆိုင်ရာ တန်ဖိုးထားမှုတွေကို ထိခိုက်မှုမရှိဘဲ၊ ဒေသခံပြည်သူနဲ့ လျော်ညီတဲ့ ခေတ်စနစ်သစ် တည်ဆောက်နိုင်ဖို့ နည်းလမ်းသစ်တွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ သူမရဲ့ ကြိုးစားမှုကြောင့် သူမဟာ အနေမှန်ဆုနဲ့ အခြားနိုဘယ်လ်ဆု (Right Lifelyhood Award, or Alt: Noble Prize) ကို ရရှိခဲ့ပါတယ်။

သူမဟာ စီးပွားရေးပုံစံသစ် လှုပ်ရှားမှုကို ကနဦး စတင်ခဲ့သူ တစ်ဦးလို့ သတ်မှတ်ခံရပါတယ်။ သူမရဲ့ Ancient Futures လို့ ခေါ်တဲ့ စာအုပ်ကို ရုပ်ရှင်နဲ့ တွဲထုတ်ဝေခဲ့တယ်။ အဲဒီစာအုပ်ဟာ ကမ္ဘာ့လှုံ့ဆော်နိုင်စွမ်း အမြင့်ဆုံးတန်းဝင်ခဲ့ရုံမက၊ ဘာသာပေါင်း (၄၀) ကျော် ပြန်ဆို ထုတ်ဝေခြင်းခံရပါတယ်။

ပြီးတော့ သူမဟာ The Earth Journal မှာ ကမ္ဘာ့ထိပ်တန်း (၁၀) ဦး စာရင်းဝင်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူအဖြစ်လည်း ထည့်သွင်းသတ်မှတ်ခံရသူတစ်ဦးပဲ ဖြစ်ပါတယ်။❑



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| နိဒါန်း | | ၁၃ |
| စကားချီး | | ၂၃ |
| **အပိုင်း (၁)** | | |
| အခန်း (၁) | တိဘက်ပြည်ကလေး | ၃၁ |
| အခန်း (၂) | လယ်ယာမြေသာ ပဓာန | ၃၉ |
| အခန်း (၃) | ဗိန္ဒောဆရာနှင့် နတ်ဝင်သည် | ၅၁ |
| အခန်း (၄) | ဖေးအတူ ပူအမျှ | ၅၇ |
| အခန်း (၅) | အကာမတိုက်သော ယိမ်း | ၆၃ |
| အခန်း (၆) | ဗုဒ္ဓဝါဒနှင့် ဘဝလမ်းစဉ် | ၇၅ |
| အခန်း (၇) | ပျော်ပျော်နေ သေဆဲ | ၈၇ |
| **အပိုင်း (၂)** | | |
| အခန်း (၈) | ထိုးဖောက်လာသော အနောက်တိုင်းယဉ်ကျေးမှု | ၉၃ |
| အခန်း (၉) | အင်္ဂါဂြိုဟ်မှ လူသားများ | ၉၇ |
| အခန်း (၁၀) | နေရာတကာ ငွေသာလျှင် ပဓာန | ၁၀၅ |
| အခန်း (၁၁) | လားမားမှ အင်ဂျင်နီယာသို့ | ၁၁၁ |
| အခန်း (၁၂) | အနောက်တိုင်း ပညာရေး | ၁၁၇ |
| အခန်း (၁၃) | ဗဟိုသို့ ဆွဲဆောင်ခြင်း | ၁၂[illegible] |
| အခန်း (၁၄) | ပြည်သူများ သွေးကွဲလာခြင်း | ၁၂၇ |


www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၃)

လာဖါတ်က ပေးသော သင်ခန်းစာ


| | | |
|---|---|---|
| အခန်း (၁၅) | ဘယ်အရာမျှ မပြုသလို၊ ဘယ်အရာမျှ မစည်းပါ | ၁၃၇ |
| အခန်း (၁၆) | ဖွံ့ဖြိုးရေးစီမံကိန်း၏ လှည့်ကွက် | ၁၄၇ |
| အခန်း (၁၇) | တန်ပြန် ဖွံ့ဖြိုးရေး | ၁၆၉ |
| အခန်း (၁၈) | လျာဖါတ် စီမံကိန်း | ၁၈၃ |

နိဂုံး

ရှေးမူမပျက် ခေတ်သစ်လူ့ဘောင် ၁၉၉

ဓာတ်ပုံမှတ်တမ်း ၂၁၆

နောက်ဆက်တွဲ လေ့လာရန် အညွှန်း ၂၁၈


www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ကာရာကိုရမ်တောင်တန်းကြီး၏ အောက်ဘက် ဟိမဝန္တာတောင်တန်းဒေသရှိ ကက်ရှ်မီးယားပြည်နယ်၏ အစိတ်အပိုင်း (ခရိုင်) တစ်ခုဖြစ်သော လာဒါတ်နယ်သည် ဝေးလံခေါင်သီသော ကုန်းမြင့်ကန္တာရပေါ်တွင် တည်ရှိသည်။ လာဒါတ်နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေနှစ်သောင်းခန့်အထိ မြင့်မားသော တောင်ထွတ်များနှင့် ကျယ်ပြန့်ခြောက်သွေ့သော တောင်ကြားများနှင့် ပြည့်နှက်နေပါသည်။ ထို့အပြင် ဟိမဝန္တာတောင်တန်း၏ မိုးကွယ်ရပ်ဝန်းတွင် တည်ရှိသောကြောင့် အပူရှိန်ပြင်းထန်ပြီး၊ လေပြင်းများ တိုက်ခတ်လေ့ရှိသော ကုန်းမြင့်ကန္တာရတစ်ခုဖြစ်သည်။ လာဒါတ်နယ်မှ တောင်ဘက်အိန္ဒိယပြည်သို့ ဆက်သွယ်ရာတွင် ဟိမဝန္တာတောင်တန်းရှိနေသဖြင့် လမ်းခရီး မပြေပြစ်သော်လည်း၊ မြောက်ဘက် တိဘက်ပြည်နှင့် ဆက်သွယ်ရေး အလွန်လွယ်ကူပေသည်။ ထို့ကြောင့် ဟိမဝန္တာမှ အာသံ၊ ဘူတန်၊ နီပေါနိုင်ငံမြောက်ပိုင်းရှိ မွန်စတန်နှင့် ဗိုလပိုနယ်များနည်းတူ လာဒါတ်တွင်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကပင် တိဘက်ဗုဒ္ဓဘာသာ (မဟာယန) အမြစ်စွဲခဲ့သည်။ လာဒါတ်လူမျိုးတို့၏ ဘာသာစကားသည်ပင် တိဘက်ဘာသာစကားအုပ်စုတွင် ပါဝင်ပါသည်။

(၁၉၄၇) ခုနှစ်တွင် ဗြိတိသျှတို့က မွတ်စလင်တို့၏ ပါကစ္စတန်နိုင်ငံနှင့် ဟိန္ဒူတို့၏ အိန္ဒိယနိုင်ငံဟူ၍ သီးခြား လွတ်လပ်ရေးပေးခဲ့သည်။ လာဒါတ်ခရိုင်မှာ ထိုနှစ်နိုင်ငံကြားရှိ လွတ်လပ်သော ကက်ရှ်မီးယားပြည်အတွင်း တည်ရှိသည်။ လာဒါတ်ယဉ်ကျေးမှုမှာ အလွန်ရှေးကျပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လာဒါတ်ဘုရင့်နိုင်ငံကို တာတာလူမျိုးများက နှစ်ပေါင်းနှစ်ထောင်ကျော်က ထူထောင်ခဲ့သည်။ တာတာတို့သည် အလွန်မြင့်မားသောဒေသ၌ တိုတောင်းသော စိုက်ပျိုးရေးရာသီအတွင်း ဘာလီ၊ ပဲသီး၊ နီကိုဥနှင့် အာလူးတို့ကို ကျွမ်းကျင်စွာ စိုက်ပျိုးတတ်ကြသည်။ သစ်ကြားသီးနှင့် တရုတ်ဆီးသီးတို့ကို မြေနိမ့်ပိုင်းတွင် စိုက်ပျိုးကြသည်။ လာဒါတ်လူမျိုးတို့သည် ရတတ်သမျှသော ရေနှင့် ပါးလွှာသော မြေဆီလွှာကို ချွေတာလျက်၊ ကြမ်းတမ်းသော ရာသီဥတုတွင် ကောင်းမွန်စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြသည်။ မွေးမြူရေးအနေနှင့် သိုး၊ ဆိတ်၊ လားအပြင် အာရှအိမ်မွေးနွားမနှင့် ယာ့က် ဟုခေါ်သော အနက်ရောင်ရှိသည့် နွားတစ်မျိုး၏ အထီးတို့မှ သားစပ်၍ ဇို ဟုခေါ်သော နွားမျိုးကိုလည်း မွေးမြူကြသည်။ ဤတိရစ္ဆာန်တို့၏ မစင်များကို အခြောက်လှန်းကာ မီးဖိုချောင် လောင်စာအဖြစ်လည်းကောင်း၊ ဆောင်းရာသီတွင် အနွေးဓာတ်ရရန်အတွက်လည်းကောင်း အသုံးပြုကြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်အထိ လဒါခီလူမျိုးတို့သည် အဓိက အသုံးအဆောင်များဖြစ်ကြသော အိုးအိမ်ဆောက်လုပ်ရေးပစ္စည်း၊ အဝတ်အထည်နှင့် အစားအသောက်တို့ကို မိမိဒေသ၌ပင် ဖန်တီးထုတ်လုပ်ယူခဲ့ကြသည်။ အိုးအိမ်ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရိတ်သိမ်းခြင်း စသောလုပ်ငန်းများတွင် စုပေါင်းအင်အားကို အသုံးပြု လုပ်ဆောင်ကြသည်။ နေအိမ်များကို ဆောက်လုပ်ရာတွင် ကျောက်တုံး၊ ရွှံ့စေးနှင့် ထုံးတို့ကို အဓိက အသုံးပြုကြသည်။ နွေရာသီ သီးနှံများ စိုက်ပျိုးလုပ်ကိုင်စဉ် ဆော်လ်တစ်လျှောက် တိရစ္ဆာန်များကို ကုန်းမြင့်ပိုင်းတွင် စားကျက်ရွှေ့ပြောင်းမွေးမြူခြင်းဖြင့် လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်ကြသည်။ လူတို့၏ မစင်ကိုပြာ၊ မြေကြီးတို့နှင့် ရောနှော၍ မြေဩဇာအဖြစ် အသုံးပြုကြသည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု အလျဉ်းမရှိသည်သာမက၊ အလဟဿ လေလွင့်ပြုန်းတီးခြင်းကိုလည်း ကာကွယ်နိုင်ပေသည်။

ဗုဒ္ဓအဆုံးအမအောက်တွင် အသက်ရှင်ကြသော လဒါခီလူမျိုးတို့သည် မြေဆီလွှာနှင့် ရေကိုပင် ချွေတာ၍ အကျိုးရှိစွာ အသုံးချတတ်ကြသည်။ ချွေတာခြင်းသည် ကပ်စေးနှဲခြင်းနှင့် မတူပါ။ ချွေတာသုံးစွဲခြင်းသည် သဘာဝသယံဇာတများကို တန်ဖိုးထားပြီး၊ လောကကြီးအား ကျေးဇူးတုံ့ပြန်ရာရောက်ပေသည်။ လာဒါတ်ဒေသတွင် သောက်သုံးလျှော်ဖွပ်ရန် လိုအပ်သော ရေကို ရေခဲမြစ်ငယ်များမှ သီးခြား



www.burmeseclassic.com

www.burmeseclassic.com



သွယ်ယူကြသည်။ စိုက်ခင်းအတွင်းသို့ ရေကို လုံလောက်စွာ ရရှိစေရန် ရေစီးချောင်းမှ ရေသွယ်၊ ရေလွှဲ၊ ရေနုတ်မြောင်းငယ်များကို စနစ်တကျ ဖောက်လုပ်ထားကြသည်။

လာဒါတ်စကား အသုံးအနှုန်းအချို့မှာ ဟိုပီနှင့် အိန္ဒိယ လူနီစကားများနှင့် အလွန်ဆင်တူသည်ကို စိတ်ဝင်စားဖွယ် တွေ့ရသည်။ ဥပမာအားဖြင့် ဘာလီမုန့်ညက်ကို လာဒါတ်လူမျိုးတို့က ဆန်ဋ ဟုခေါ်သည်။ ထို့ထက် ပို၍ လူမျိုးများအကြား၌ ဓလေ့စရိုက်များလည်း ဆင်တူပေသည်။ ဥပမာ- အိမ်ဆောက်လျှင် နေထွက်ရာဘက်သို့ မျက်နှာမူခြင်း၊ ဆောင်းရာသီ၌ ပုံပြောခြင်းကို ရှောင်ကြဉ်ခြင်း၊ ကိုယ်ပိုင်အိမ်သုံးဆေးမြီတိုများနှင့် ရောဂါကုသနည်းများ ရှိခြင်း၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များကို လေးစား နေရာပေးတတ်ခြင်းတို့မှာ ဤလူမျိုးတို့၏ တူညီသော ဓလေ့များဖြစ်သည်။

လဒါခီလူမျိုးများသည် ယဉ်ကျေးသိမ်မွေ့ပြီး၊ မာန်မာနကင်းသူများဖြစ်သည်။ သူတစ်ပါးကို ကူညီမစရန်လည်း စိတ်အားထက်သန်ကြသည်။ ကျွန်တော်သည် လာဒါတ်သို့ ကိုယ်တိုင်မရောက်ဖူးသော်လည်း ဤစာအုပ်အရ လာဒါတ်နယ်မှ ဘာသာဓလေ့ ထုံးစံများ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့သည် ကျွန်တော်သိသော ဗိုလပိုလူမျိုးတို့နှင့် များစွာ ဆင်တူကြောင်း တွေ့ရသည်။ ကျောက်ဆောင် တောင်ကုန်းများနှင့် ပြည့်နှက်နေသော လာဒါတ်နှင့် ဗိုလပိုနယ်များတွင် ထုပါများ၊ စေတီငယ်များ၊ သာသနာ့အလံ စိုက်ထူထားသော ဆုတောင်းဝတ်ပြုရာ ကျောက်ဂူငယ်များကို ပေါများစွာ တွေ့ရသည်။ အာရှ ဝံပုလွေ၊ နှင်းကျားသစ်နှင့် သိုးပြာခေါ် ဆိတ်တစ်မျိုးကို ဤဒေသများတွင် အတွေ့ရများသည်။

လာဒါတ်ရိုးရာ ပွဲလမ်းသဘင်များတွင် တင်ဆက်လေ့ရှိသော ဇာတ်လမ်းတွဲများအနက် တစ်ချိန်က ပိုင်ဆိုင်ခဲ့ဖူးသော နီဗွာန်ဘုံ ငြိမ်သက်ချမ်းသာမှုများကို ပြန်လည် လွမ်းဆွတ်တမ်းတနေဟန် ဇာတ်လမ်းမှာ ပါဝင်စမြဲဖြစ်သည်။ လာဒါတ်လူမျိုးတို့က ဘဝ၏ သဘာဝတရားကို လက်ကိုင်ထားသူများဖြစ်ရာ လောဘရမ္မက်နည်းပြီး၊ တင်းတိမ်ရောင့်ရဲနိုင်ကြသူများဖြစ်သည်။ လဒါခီလူမျိုးတို့၏ သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများတွင် တိရစ္ဆာန်နှင့် လူအင်အားကိုသာ အဓိက အသုံးပြုကြသည်။ မြေယာ ထွန်ယက်ရာတွင် တိရစ္ဆာန်များကို အသုံးပြု၍ ကောက်ပဲသီးနှံများကို ကြိတ်ခွဲရာတွင် ရေအားသုံး ဘီး (ဒလက်) များကို အသုံးပြုကြသည်။ ထိုသို့ ရှေးကျ



www.burmeseclassic.com

www.burmeseclassic.com



သော လူ့အဖွဲ့အစည်းများသည် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်အေးချမ်းမှုကို ဖန်တီးပေးနိုင်စွမ်းရှိရုံမျှမက၊ ကမ္ဘာ့သဘာဝ သယံဇာတများကို ပိုမိုအခွန့်ရှည်စွာ ထိန်းသိမ်းပေးနိုင်သည်။ သဘာဝလောကကြီးနှင့် သဟဇာတရှိခြင်းသည်ပင် ငြိမ်းချမ်းပျော်ရွှင်မှုကို ဖန်တီးပေးခြင်းဖြစ်သည်။

ဤစာအုပ်ကို ရေးသားသူ မစ္စနော်ဘာဟော့ဂျ် သည် လက်တွေ့သမားတစ်ဦးဖြစ်ပြီး၊ သူမ၏ခံယူချက်များကို ဤသို့ ရေးသားဖော်ပြခဲ့သည်။ "ယနေ့ ဘောဂဗေဒပညာရှင်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါရဂူတို့၏ ခေတ်သစ်ဖွံ့ဖြိုးရေး စီမံကိန်းအမြင်သည် တစ်ဖက်သတ်ဆန်ပြီး၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၏ ဆိုးကျိုးများကို မျက်ကွယ်ပြုနေကြသည်။ ထိုတစ်ယူသန် တစ်ဖက်သတ်အမြင်နှင့် လုပ်ဆောင်မှုများကြောင့် ကမ္ဘာပေါ်ရှိ လူအများစုတို့၏ ဘဝအခြေအနေကို အကျိုးမပြုနိုင်ရုံမက၊ တတိယကမ္ဘာမှ ကျေးလက်နေ လူသန်းပေါင်းများစွာတို့၏ လူနေမှုအဆင့်အတန်းကို ပို၍ပင် နိမ့်ကျလာစေသည်။"

ယနေ့ ခေတ်သစ်နည်းပညာရပ်များသည် သဘာဝအရင်းအမြစ်နှင့် တွင်းထွက်လောင်စာကို အခြေခံကာ ဗဟိုချုပ်ကိုင်မှုနှင့် တစ်ခုကောင်း ကျွမ်းကျင်မှုကို ဦးတည်နေသည်။ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့် သမားရိုးကျ ကုန်ပစ္စည်းဖလှယ်မှုအစား စက်မှုကုန်ထုတ် လုပ်ငန်းနှင့် မြို့ပြလူနေမှုစနစ်သို့ ရွေ့လျား ပြောင်းလဲလာစေသည်။ စက်မှုကုန်ထုတ် လုပ်ငန်းကြောင့် လူ၏လုပ်အား ချွေတာခြင်းဟူသော ကျဉ်းမြောင်းသည့် ခံယူချက်များ ထွက်ပေါ်လာသည်။

ခေတ်သစ်စက်မှုနှင့် နည်းပညာစနစ်သည် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်မှုသက်သက်ဖြစ်သောကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ တိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေသည်။ စီးပွားရေးတွင် နိုင်ငံတကာ ကုန်သွယ်မှုစနစ်ကို ကျင့်သုံးခြင်းဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရုပ်ဝတ္ထုပစ္စည်းများနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက် (ဥပမာ-ဝတ်စားဆင်ယင်မှုနှင့် တေးဂီတ) တို့အတွက် တူညီသော ဘုံယဉ်ကျေးမှုတစ်ရပ်ကို ပေါ်ပေါက်စေသည်။ ဘုံယဉ်ကျေးမှု ရလဒ်အဖြစ် လူနည်းစု တိုင်းရင်းသား ဘာသာစကားများ တိမ်ကော ပျောက်ကွယ်သွားနိုင်ပါသည်။ တိုင်းတစ်ပါးမှ ပညာရေး ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများကို အထင်တကြီး ကျင့်သုံးလာလျှင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများကို အထင်သေး စွန့်ပစ်ခြင်းကြောင့် ယဉ်ကျေးမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။

လာဒါတ်နှင့် အခြားသော တတိယကမ္ဘာမှ နိုင်ငံများတွင် ၎င်းတို့နှင့် မဆီလျော်သော စီးပွားရေး စနစ်သစ်များကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ထွန်းလာရသည်။ စီးပွားရေးပြိုင်ဆိုင်မှုများကြောင့် အချင်းချင်း မကျေနပ်မှု၊ အငြင်းပွားမှု၊ ပဋိပက္ခနှင့် စစ်မက်များဘက်သို့ ဦးတည်လာစေသည်။ ဤနိုင်ငံများ၏ကံကြမ္မာသည် ကမ္ဘာ့ဘဏ်အပါအဝင် ဘဏ်ကြီးများနှင့် စီးပွားရေးကော်ပိုရေးရှင်းများ၏ စီမံခန့်ခွဲမှုအပေါ်တွင် မူတည်နေပေသည်။ သို့ဖြစ်သော်လည်း အနောက်တိုင်း (ဖွံ့ဖြိုးပြီး) နိုင်ငံများ၏ စီးပွားရေးစနစ်အပေါ် အခြေခံထားသော အဆိုပါအဖွဲ့အစည်းများသည် တတိယကမ္ဘာ (ဖွံ့ဖြိုးဆဲ၊ မဖွံ့ဖြိုးသေးသော) နိုင်ငံများ၏ အကျိုးစီးပွားကို မဖော်ဆောင်နိုင်ပေ။ တတိယကမ္ဘာ့နိုင်ငံများ၌ အရင်းအနှီး စီးပွားရေးစနစ် ပျက်ယွင်းလာခြင်း၏ အကျိုးဆက်အဖြစ် အဆိုပါနိုင်ငံများ၌ လူဦးရေအလွန်အမင်း တိုးပွားလာခဲ့သည်။ လူဦးရေ အလွန်အမင်း တိုးတက်များပြားလာခြင်းကြောင့် ကမ္ဘာ့အနှံ့အပြားရှိ ယဉ်ကျေးမှုများ ချိနဲ့လာခဲ့ရသည်။ မကြာသေးမီကာလများအထိ လာဒါတ်၏ လူဦးရေသည် လာဒါတ်နယ်ရှိ လယ်ယာ၊ ရေမြေနှင့် စားကျက်များမှ ထောက်ပံ့နိုင်သော အတိုင်းအတာတွင် ရှိနေခဲ့သည်။ ပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများကို မှီ၍ စီးပွားရေး ချဲ့ထွင် တိုးတက်လာသည်နှင့်အမျှ လူတို့၏ တာဝန်သိတတ်မှု လျော့နည်းလာရုံမျှမက သဘာဝသယံဇာတ ဖြုန်းတီးမှုများကိုပါ တွေ့လာရသည်။ အကောင်းမြင်ဝါဒီများကမူ သိပ္ပံပညာသည် သယံဇာတရှားပါးမှုမှ လွတ်မြောက်ရန်နှင့် အဆိုပါ သဘာဝသယံဇာတများကို နှစ်ကာလအပိုင်းအခြား မရှိဘဲ ကြာမြင့်စွာ အသုံးပြုနိုင်ရန် တီထွင် လုပ်ဆောင်လိမ့်မည်ဟု ဆိုသည်။

အမှန်မှာ တစ်စုံတစ်ရာသော အကန့်အသတ်အတွင်း၌ တည်ရှိနေသော သဘာဝသယံဇာတများကို လူသားများအနေဖြင့် တိုးပွားများပြားအောင် လုပ်ဆောင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် အကန့်အသတ်ရှိသော သဘာဝသယံဇာတ အရင်းအမြစ်များကို တရားမျှတစွာ စနစ်တကျ ခွဲဝေသုံးစွဲရန် အထူးလိုအပ်ပါသည်။ ယနေ့ခေတ်စားနေသော 'ကမ္ဘာ့အတိုင်းအတာနှင့် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲရေး' ဆိုသည်မှာ လက်တွေ့တွင် မလိုအပ်လှပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်ပိုရေးရှင်းများနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ လက်ရှိအခြေအနေများနှင့် ဆီလျော်အပ်စပ်မှု၊ ထိရောက်မှုမရှိသော မိမိတို့၏ နည်းပညာရပ်များကို ပြန်လည် ဆန်းစစ်သင့်ပေသည်။ တစ်နည်းအားဖြင့် ယခင်က ကြွေးမြီနှင့် စီးပွားရေးအမှီအခိုကင်းသော ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း ညစ်ညမ်းမှုကင်းသော နိုင်ငံများတွင် ယနေ့ခေတ်သစ် နည်းပညာရပ်များကြောင့် စီးပွားရေးကျပ်တည်းမှု၊ ကြွေးမြီတင်ရှိမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လူမှုရေးပြဿနာများ ပေါ်ပေါက်လာရခြင်းအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်ဆန်းစစ်သင့်သည်။ ဗုဒ္ဓဘာသာ လဒါခီလူမျိုးတို့ ခံယူယုံကြည်သော သဟဇာတနှင့် အညမညတရားသည် အနောက်တိုင်းနည်းပညာ လုပ်ထုံးများနှင့် လုံးဝ ကွာခြားလှပါသည်။

လဒါခီလူမျိုးတို့သည် အနောက်တိုင်းယဉ်ကျေးမှုနှင့် လုပ်ထုံးများကို ကျင့်သုံးလာသောအခါ ဗုဒ္ဓတရား၏သွန်သင်မှုများမှ သွေဖီလာကာ တည်ငြိမ်အေးချမ်းမှု၊ လိုက်လျောညီထွေရှိမှု၊ ညီညွတ်မျှတမှုများ ပျောက်ဆုံးကုန်တော့သည်။ လွန်ခဲ့သော (၁၆) နှစ်ခန့်က လာဒါတ်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိစဉ် လဒါခီလူမျိုးတို့ သုံးစွဲသော သစ်သားထောပတ်အိုးများကို တန်ဖိုးကြီးကြီး ပေးဝယ်၍ပင် မရနိုင်သော်လည်း ယခုအခါ ထိုသစ်သားအိုးများကို တန်ဖိုးအနည်းငယ်မျှနှင့် ရောင်းချနေကြပြီး၊ ၎င်းတို့ကိုယ်တိုင် သံဘူးများကို အစားထိုး သုံးစွဲလာကြသည်ကို တွေ့ရသည်။ ထုတ်ကုန်တိုးတက်မှု များလာပါက လူမှုရေးပိုင်းတွင် ပို၍ ဆုံးရှုံးနစ်နာစေပါသည်။ ဒေသဖွံ့ဖြိုးရေး၏ အခြေခံအုတ်မြစ်အဖြစ် မိသားစုကြီးများနှင့် ဖွဲ့စည်းထားသော လာဒါတ်လူ့အဖွဲ့အစည်းသည် ယခုအခါ တစ်နယ်တစ်ကျေးတွင် သွားရောက်ကာ စီးပွားရှာခြင်းဖြင့် မိသားစုအသိုက်အမြုံများ ပြိုကွဲစ ပြုလာသည်။ စီးပွားရေးကိုသာ အားသန် ဖက်တွယ်နေရခြင်းကြောင့် လူမှုဆက်ဆံရေးတွင် မပြေလည်မှုများ ရှိလာပြီး၊ ဗုဒ္ဓတရား၏ အဆုံးအမနှင့် သွေဖီဆန့်ကျင်လာသည်။ ဒေသနှင့် မညီညွတ်သော နည်းပညာဖွံ့ဖြိုးမှုများက မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကို အထင်အမြင်သေးလာစေပြီး၊ အလိုလောဘ လွန်ကျူးခြင်းကြောင့် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေသည်။

တစ်ခုကောင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့်အတူ အိမ်ထောင်စုနှင့် ကင်းကွာလျက် တစ်ရပ်တစ်ကျေးတွင် အလုပ်သွားရောက် လုပ်ကိုင်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စီးပွားဖက်များ၊ ဖောက်သည်များ၊ သူစိမ်းများနှင့်သာ ထိတွေ့မှု များလာပြီး၊ လူမှုဆက်ဆံရေးတွင် အလုပ်သဘောဆန်ကာ သားသမီး၊ မိသားစုနှင့် ရင်းနှီးမှု လျော့နည်းသွားသည်။ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုသည် အရှိန်အဟုန်ပြင်းစွာ ပြိုကွဲလာသည်။ ဖွံ့ဖြိုးတိုးတက်မှုများက လဒါခီလူမျိုးတို့အတွက် စိတ်ဝမ်းကွဲမှု၊ သွေးကွဲမှုနှင့် မညီညွတ်မှုများကို ဖြစ်ပေါ်စေသည်။ အမေရိကန်နိုင်ငံတွင် ထုတ်ဝေသော စာအုပ်တစ်အုပ်တွင် *ဝင်ဒယ်လ်ဘယ်ရီ* ဆိုသူက ဤသို့ ဖော်ပြထားသည်။

"တစ်ခုကောင်း ကျွမ်းကျင်သော အသက်မွေးဝမ်းကျောင်းမှုအောက်တွင် လူ့အဖွဲ့အစည်းသည် စုစည်းသယောင်နှင့် ပရမ်းပတာဖြစ်နေပြီး၊ လူမှုအဆောက်အဦကြီးမှာ ပြိုကွဲလာနေသည်။ ခေတ်သစ်သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှု စီမံကိန်းများ အောက်တွင် လူသားများ၏ တာဝန်သိတတ်မှုနှင့် အကျင့်စာရိတ္တများ ပျက်ပြားလာကြသည်။ ယနေ့ ပစ္စုပ္ပန်တွင် ကမ္ဘာ့သယံဇာတ အရင်းအမြစ်များကို စနစ်တကျ အသုံးချခြင်းနှင့် တာဝန်သိတတ်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကမ္ဘာကြီး၏ အနာဂတ် သာယာလှပရေးအတွက် တစ်ခုတည်းသော အာမခံချက်ဖြစ်သည်။ အနာဂတ်တွင် အသုံးပြုရမည့် အရင်းအမြစ်များကို ပစ္စုပ္ပန်တွင် စည်းစနစ်မဲ့၊ တာဝန်မဲ့ သုံးဖြုန်းပစ်ခြင်းသည် မိမိတို့အနာဂတ်ကို ဖျက်ဆီးပစ်နေခြင်းဖြစ်သည်။

သဘာဝအရင်းအမြစ်များကို စနစ်တကျ သုံးစွဲရန် ထိန်းသိမ်းစောင့်ရှောက်ရန် ကမ္ဘာ့လူ့အရင်းအမြစ် ထိန်းသိမ်းရေးအဖွဲ့အစည်းများက လမ်းညွှန်ခြင်း၊ လှုံ့ဆော် အသိပေးခြင်း ပြုနေသော်လည်း လက်တွေ့လိုက်နာကျင့်သုံးကြရန်မှု မစွမ်းဆောင်နိုင်ကြပေ။ လူသားတစ်ဦးစီ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့သယံဇာတ ပြုန်းတီးမှု ဖြစ်ပေါ်စေသကဲ့သို့ပင်၊ သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာလည်း လူ့အဖွဲ့အစည်းအတွင်းရှိ လူသားတစ်ဦးစီ၏ တာဝန်သိတတ်မှု၊ ဆင်ခြင်တိုင်းတာတတ်မှုများအပေါ်တွင် မူတည်နေပေသည်။

ဤစာအုပ်တွင် ကမ္ဘာကြီးအပေါ် အညှာအတာကင်းမဲ့ကာ တစ်ဖက်သတ်ဆန်လှသော လူသားများအား မိမိတို့လုပ်ရပ်များကို ပြန်လည်သုံးသပ်ရန်၊ ရပ်တန့်ပစ်ကြရန် *ဟယ်လင်နာ* က အလေးအနက် တိုက်တွန်းနှိုးဆော်ထားသည်။ ဟောပြောပွဲများတွင်လည်း သူမက သဘာဝအရင်းအမြစ် ကာကွယ်ထိန်းသိမ်းရေးအတွက် အရေးကြီးပုံများကို အကျိုးအကြောင်း ခိုင်လုံစွာ ဟောပြောပြီး၊ ကမ္ဘာ့သဘာဝ အရင်း



www.burmeseclassic.com

www.burmeseclassic.com



အမြဲ့ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ကြရန် လူထုပရိသတ်ကြီးအား တိုက်တွန်းနှိုးဆော်ခဲ့လေ့ရှိသည်။

ဟယ်လင်နာ သည် ရိုးသားတည်ကြည်ပြီး၊ ဉာဏ်ပညာ ထက်မြက်သူ၊ စိတ်ခတ်ခိုင်မာသူတစ်ဦး ဖြစ်သည်။ သူမသည် နိုင်ငံ ငါးနိုင်ငံတွင် ပညာဆည်းပူးခဲ့ပြီး၊ ဘာသာစကား ခြောက်မျိုးကို ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်သည်။ လာဒါတ်သို့ ပထမဆုံးရောက်ရှိသည့် နှစ်တွင်ပင် လဒါခီဘာသာစကားကို သင်ယူ တတ်မြောက်ခဲ့သည်။ လဒါခီစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်အပ်သော လူမှုရေးပညာ၊ သိပ္ပံပညာနှင့် အခြားစွမ်းအင်ဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ လဒါခီစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် သမားရိုးကျ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဖြစ်ပေါ်လာမည့် ရေရှည်ဆိုးကျိုးအန္တရာယ်များကို ထောက်ပြခြင်း၊ သမားရိုးကျမဟုတ်သော လက်တွေ့အကျိုးပြုလုပ်ငန်းများကို သင်ကြားခြင်း၊ ကလေးများအတွက် ပညာရေးမြှင့်တင်မှု လုပ်ငန်းများ လုပ်ဆောင်ပေးခြင်းတို့ ပါဝင်သည်။ လဒါခီစီမံကိန်း စတင်ချိန်မှစ၍ ကမ္ဘာ့ပညာရှင်အများအပြား၏ ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။ ဟယ်လင်နာသည် (၁၆) နှစ်တာ ကာလအတွင်း နှစ်စဉ် (၆) လမျှ လာဒါတ်နယ်တွင် သွားရောက်နေထိုင်ကာ သူမ၏စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဤ 'ရှေးမှုမပျက် ခေတ်သစ်လှူဘောင်' စာအုပ်တွင် ဗုဒ္ဓ၏အယူဝါဒနှင့် ဗုဒ္ဓဘာသာကျင့်ထုံးများကို ရှင်းလင်းစွာ တွေ့မြင်ရသလို၊ ဗုဒ္ဓတရားနှင့်အညီ ဖွဲ့စည်းအပ်သော ရှေးခေတ် လူမှုရေးယန္တရားနှင့် လူ့အဖွဲ့အစည်းကို နားလည်လာရသည်။ တပြိုင်နက်တည်းမှာပင် အဆိုပါ သဟဇာတရှိလှသော ရှေးကျကျ လူ့အဖွဲ့အစည်းကို ပြိုကွဲလာစေမည့် ခေတ်သစ်နည်းပညာနှင့် အယူဝါဒအတွေးအခေါ်များ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို မျက်ဝါးထင်ထင် သိမြင်နိုင်ပေသည်။ သို့ဆိုသော် လဒါခီ လူ့အဖွဲ့အစည်း၏ ကြွယ်ဝမှုတို့ကို လုံးလုံး ပျက်စီးပြိုကွဲသွားပြီဟု မဆိုလိုပါ။ ယနေ့ ဖြစ်ပေါ်နေသော လူမှုရေး၊ စီးပွားရေးအခက်အခဲ ပြဿနာများအတွက် ဤစာအုပ်က အဖြေရှာနည်း လမ်းခင်းပြထားသည်။ ထိုမျှမက ခိုင်မာသော ခံယူဆုံးဖြတ်ချက်နှင့်အတူ ပြဿနာများကို လက်တွေ့ ဖြေရှင်းသွားကြရန် အနာဂတ်၏ လှုပမှုကို မျှော်လင့်လျက် လှုံ့ဆော်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လဒါခီလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများ၏ အခြေအနေများမှ ကျွန်ုပ်တို့အတွက် သင်ခန်းစာယူစရာ များစွာရှိသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းသည်လည်း မဝေးတော့သော အနာဂတ်တွင် အခက်အခဲ အကြပ်အတည်းများနှင့် ရင်ဆိုင်ရဖွယ် ရှိနေသည်။

အိန္ဒိယနိုင်ငံပိုင် ဂျမ္မူနှင့် ကက်ရှ်မီးယားပြည်နယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လာဒါတ်နယ်တွင် ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာ 'လေး' ခရိုင်နှင့် အစ္စလာမ်ဘာသာဝင် အများစုရှိသော 'ကာဂီး' ခရိုင်တို့ ပါဝင်သည်။ လာဒါတ်နယ်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင်ပေါင်း (၄၀၀၀၀) ရှိပြီး၊ လူဦးရေ တစ်သိန်း သုံးသောင်းခန့် ရှိသည်။

ဤစာအုပ်သည် 'လေး' ခရိုင်နှင့် 'ကာဂီး' ခရိုင် ဇန်စကာ ချိုင့်ဝှမ်းဒေသရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို စာရေးသူ၏အတွေ့အကြုံများအပေါ် အခြေပြု ရေးသားထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် အဆိုပါ ဒေသနှစ်ခုကို ပေါင်းစပ်ကာ လာဒါတ်ဟူ၍သာ ရည်ညွှန်း သုံးနှုန်းထားပါသည်။❑



www.burmeseclassic.com

www.burmeseclassic.com



# စကားချီး

ကျွန်ုပ်တို့ကမ္ဘာကြီးသည် ဤမဆုံးနိုင်သော အကြပ်အတည်း ဘေးဒုက္ခများကို အဘယ်ကြောင့် ရင်ဆိုင်နေရပါသနည်း။ ဤကမ္ဘာကြီးသည် ရှေးယခင်မှစ၍ ဤသို့ပင် ဖြစ်ပျက်နေခဲ့ပါသလား။ ပစ္စုပ္ပန်ထက် ကောင်းသော (သို့) ဆိုးသော ဖြစ်ရပ် အခြေအနေမျိုး အတိတ်တွင် ရှိခဲ့ပါသလား။

တိဘက်ကုန်းမြင့်ပေါ် ရှိ လာဒါတ်ကဲ့သို့သော ရှေးကျသည့် လူ့အဖွဲ့အစည်းအတွင်း (၁၆) နှစ်ကြာမျှ နေထိုင်ခဲ့သော ကျွန်မသည် ဤမေးခွန်းများအတွက် ယခင်ကနှင့် လုံးဝခြားနားသော အဖြေများ တွေ့ရှိလာခဲ့သည်။ စက်မှုထွန်းကားသော ဖွံ့ဖြိုးပြီးနိုင်ငံများကို အခြားရှုထောင့်မှ ရှုမြင်တတ်လာသည်။

ယခင်ကမူ 'တိုးတက်မှု' သည် သဘာဝတရားတစ်ခုသာ ဖြစ်သည်ဟု ကျွန်မ ခံယူခဲ့သည်။ ထို့အတွက်ကြောင့်လည်း အသစ်ခင်းထားသော ကတ္တရာလမ်းများ၊ ပန်းဥယျာဉ်များ၊ မှန်လုံ ခေတ်မီဘဏ်တိုက်နှင့် စတိုးဆိုင်ကြီးများ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ခန့်က တည်ဆောက်ခဲ့သော ဘုရားကျောင်းများနေရာမှ ခေတ်မီဘဏ်တိုက်ကြီးများနှင့် ယခင်ကထက် ပိုမိုရှုန်းကန် လုပ်ကိုင်လာရသော လုပ်ငန်းများကို မလွဲမသွေ ရင်ဆိုင်ရမည့် သဘာဝရေစီးကြောင်းတစ်ခုဟု မှတ်ယူခဲ့သည်။ သို့သော် လူ့အဖွဲ့အစည်း၏ အနာဂတ်အတွက် ဤရွေ့လျားပြောင်းလဲမှုတစ်ခုသာ ရှိသည်မဟုတ်၊ အခြား ရွေးချယ်စရာများလည်း ရှိပါသေးကြောင်းကို လာဒါတ်ဒေသရှိ လူ့အဖွဲ့အစည်းက သက်သေပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လာဒါတ်နယ်ရှိ လူ့အဖွဲ့အစည်းသည် ကျွန်မတို့၏ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများထက် လွန်စွာမှ ရိုးရှင်းကာ အေးချမ်းလှပေသည်။ ထိုသို့ဆိုသော် လူ့အဖွဲ့အစည်းတွင် ပါဝင်ရောယှက် အသက်ရှင်ရာမှ ကျွန်မတို့၏ အနောက်တိုင်း (ကိုယ်ပိုင်) ယဉ်ကျေးမှုကို ပြန်လည် သုံးသပ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုရိုးရှင်းပြီး၊ ရှေးကျသော လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ယဉ်ကျေးမှုဩဇာ လွှမ်းမိုးလာပုံကို တွေ့မြင်ခံစားခဲ့ရသည်။

လွန်ခဲ့သော ဆယ်စုနှစ်များက လာဒါတ်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့စဉ် အနောက်တိုင်းဩဇာ လွှမ်းမိုးမှုနှင့် ကင်းရှင်းနေခဲ့သော လာဒါတ်သည် မကြာမီမှာပင် ပြောင်းလဲလာသည်။ အချိန်ကာလတိုတိုအတွင်း လာဒါတ်သည် ဆန့်ကျင်ဘက် ယဉ်ကျေးမှုများနှင့် ရောယှက်ကာ အံ့ဩဖွယ်ကောင်းလောက်အောင် ရှုပ်ထွေးလာခဲ့သည်။ မတူညီသော ယဉ်ကျေးမှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း မညီညွတ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

စက်မှုထွန်းကားသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးနေသော စိတ္တဗေဒ၊ လူမှုကျင့်ဝတ်၊ လူမှုဆက်ဆံရေးနှင့် နည်းပညာဆိုင်ရာအဆောက်အဦများသာမက ရှေးကျ ရိုးရှင်းသော လာဒါတ်နယ်မှ လူ့အဖွဲ့အစည်း၏ အင်္ဂါရပ်များပါ ကျွန်မ လေ့လာခဲ့သည်။ ပထဝီမြေကြီးနှင့် လူသားတို့၏ ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုကို အခြေခံထားသော လူမှုစီးပွားရေးအဆောက်အဦကြီးကိုလည်း လေ့လာခွင့်ရခဲ့သည်။

လာဒါတ်ဒေသတွင် နေထိုင် လေ့လာခဲ့ပြီးနောက် 'မလွန်ဆန်နိုင်သော သဘာဝတရား' ဟု ကျွန်မ ထင်ခဲ့သော 'အဖျက်သဘောဆောင်သည့် တိုးတက်မှု' ဆိုသည်မှာ လွဲမှားနေမှန်း သိလာခဲ့သည်။ စင်စစ် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စက်မှု ထွန်းကားသော လူ့အဖွဲ့အစည်းယဉ်ကျေးမှုကို အခြေပြုနေခဲ့သော ကျွန်မအဖို့ လူမှန်လျှင် အတ္တဆန်သည်။ လူတို့၏ရပ်တည်မှုသည် ပြိုင်ဆိုင်ရုန်းကန် လှုပ်ရှားမှုအပေါ် တည်သည်။ လူ့အဖွဲ့အစည်းသည် သမဝါယမအဖွဲ့အစည်းသာ ဖြစ်သည်ဟု မှတ်ယူခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံ၌ မွေးဖွား ကြီးပြင်းလာပြီး၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၌သာ နေထိုင်ခဲ့သော ကျွန်မအဖို့ မဖွံ့ဖြိုးသေးသော နိုင်ငံများ၏ အခြေအနေနှင့် ဓလေ့များကို



www.burmeseclassic.com

www.burmeseclassic.com



မသိကျွမ်းခဲ့ပေ။ တစ်ဖက်စောင်းနင်းနိုင်လှသော စက်မှုနိုင်ငံ ပညာရေးစနစ်အောက်၌ ကြီးပြင်းလာခဲ့သော ကျွန်ုပ်၏ခံယူချက်၊ သမိုင်းအမြင်နှင့် တွေးခေါ် ခံယူချက်များမှာလည်း စက်မှုနိုင်ငံသားတစ်ဦး၏ ဘဝအမြင်နှင့် ခံယူချက်များသက်သက်သာ ဖြစ်သည်။

အဒမ်စမစ် နှင့် ဖရစ် မှစ၍ အနောက်တိုင်း အတွေးအခေါ်ပညာရှင်နှင့် ခေတ်သစ်နည်းပညာရှင်တို့က စက်မှုနိုင်ငံရှိ လူ့အဖွဲ့အစည်း၏ခံယူချက်နှင့် အတွေးအခေါ်များကို ကမ္ဘာလုံးဆိုင်ရာ အမှန်တရားအဖြစ် သွတ်သွင်းရန် ကြိုးစားကြသည်။ စက်မှုနိုင်ငံ၏ အတွေးအခေါ်နှင့် ယဉ်ကျေးမှုရလဒ်များကို လူ့သဘာဝစရိုက်အဖြစ်သို့ ပြောင်းလဲပစ်ရန် ကြိုးစားကြသည်။ ဤသို့ဖြင့် ဥရောပနှင့် မြောက်အမေရိက တိုက်ကဲ့သို့သော အနောက်တိုင်းယဉ်ကျေးမှုများမှာ ကမ္ဘာတစ်ဝှမ်းလုံးသို့ ပျံ့နှံ့လာတော့သည်။

လူ့အဖွဲ့အစည်းအသီးသီးတွင် မိမိ၏ကိုယ်ပိုင်အမြင်နှင့် ခံယူချက်ရှိကြပြီး၊ ထိုအမြင် ခံယူချက်များနှင့် အခြားအဖွဲ့အစည်းများကို သုံးသပ်ရှုမြင်တတ်ကြသည်။ အနောက်တိုင်းယဉ်ကျေးမှုသည် အရှိန်အဟုန်ကြီးစွာ တိုးတက်လာခဲ့ပြီးနောက် လျင်မြန်စွာ ပျံ့နှံ့သွားရာ၊ ၎င်းနှင့်ယှဉ်နိုင်သော ယဉ်ကျေးမှုတစ်စုံတစ်ခု ရှိလိမ့်မည်ဟူ၍ မထင်မှတ်ကြပေ။ ထို့ကြောင့် အနောက်တိုင်းသားတို့၏ ယဉ်ကျေးမှုကို ဘုံယဉ်ကျေးမှု (စံ) အဖြစ် ခံယူကြလေသည်။

အသိပညာ ခေါင်းပါးမှု၊ ရောဂါဘယ ထူပြောမှုနှင့် ပင်ပန်းခက်ခဲစွာ လုပ်ကိုင် စားသောက်ရခြင်းတို့သည် စက်မှုမထွန်းကားသော လူ့အဖွဲ့အစည်း၏ လက္ခဏာရပ်များ ဖြစ်သည်ဟု ယူဆကြသော အနောက်တိုင်းသားတို့၏ အဆိုကို ယနေ့ မဖွံ့ဖြိုးသေးသော (ဖွံ့ဖြိုးဆဲ) နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု၊ ရောဂါဘယ ထူပြောမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများက ထောက်ခံနေသယောင်ပင်။ သို့စေကာမူ ဤတတိယကမ္ဘာ့နိုင်ငံများ၌ ကြုံတွေ့နေရသော ပြဿနာအများစု၏ အရင်းခံမှာ အနောက်တိုင်းမှ ဝင်ရောက်လာသော ကိုလိုနီဝါဒနှင့် နည်းလမ်းမမှန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်သာ ဖြစ်သည်ကို မငြင်းဆန်နိုင်ပါ။

လွန်ခဲ့သော ဆယ်စုနှစ်ကာလများ၌ စက်မှုနိုင်ငံ ယဉ်ကျေးမှုဓလေ့များသည် အမေရိကန်နိုင်ငံ၊ အလက်စကာမှစ၍ ဩစတြေးလျနိုင်ငံများအထိ ပျံ့နှံ့



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးလာခဲ့သည်။ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ၊ ကြော်ငြာ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့မှာ ယနေ့ခေတ်၏ နယ်ချဲ့ စနစ်သစ်များ ဖြစ်သည်။ *ဒါးလာ* (Dallas) ကဲ့သို့သော အနောက်တိုင်းမှ ဖျော်ဖြေရေး အစီအစဉ်များသည် ရုပ်မြင်သံကြားမှတစ်ဆင့် ကမ္ဘာအနှံ့ရှိ နေအိမ်များသို့ ချဉ်းနင်းဝင်ရောက်လာပေပြီ။ ပင်းစထရိုက်အဆင် အနောက်တိုင်း ဝတ်စုံများကလည်း ကမ္ဘာတွင် ရေပန်းစားလျက်ရှိပေသည်။ လာဒါတ်ဒေသနှင့် စပိန်နိုင်ငံ၏ ချောင်ကျသော ကျေးလက်များ၌လည်း ကစားစရာအရုပ် စတိုးဆိုင်များက သဏ္ဌာန်တူ ပေါ်ထွက်လာပေသည်။ ထိုစတိုးဆိုင်များတွင် ဘိုမရုပ်များ၊ ရမ်ဘိုရုပ် (ခေတ်ပေါ် ကစားစရာ) များက တစ်ဆင်းတစ်သဏ္ဌာန်တည်း နေရာယူနေပေသည်။

တစ်ဖက်သတ်ဆန်သော စက်မှုနိုင်ငံယဉ်ကျေးမှုပျံ့နှံ့လာခြင်းဖြင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးတွင် ပဋိပက္ခနှင့် ဒုက္ခပြဿနာများ ထူပြောလာတော့သည်။ ယဉ်ကျေးမှုတစ်ခု အဖျက်ဆီးခံရခြင်းသည် ထိုလူမျိုးတို့ နှစ်ပေါင်းများစွာ စုဆောင်းလာခဲ့သော အသိပညာအမွေအနှစ်များကို ဖျက်ဆီးပစ်သကဲ့သို့ပင် ဖြစ်သည်။ ယဉ်ကျေးမှု ပျောက်ကွယ်သွားလျှင် လူမျိုးပါ ဆိတ်သုဉ်းသွားရပေတော့မည်။ သို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးကာ လူမှုရေးအဆောက်အဦကြီးတစ်ခုလုံးအတွက် အန္တရာယ်ဖြစ်လာပေသည်။

အနောက်တိုင်းယဉ်ကျေးမှုကို အတုယူ ကျင့်သုံးလာသော နိုင်ငံနှင့် လူဦးရေ့တိုးတက်များပြားရုံမျှမက၊ ၎င်းယဉ်ကျေးမှုကို စံအဖြစ် သတ်မှတ်လာကြသည်။ ယနေ့လူသားများသည် လောဘ၊ ဒေါသ၊ အတ္တတို့ ကြီးစိုးကာ အချင်းချင်း ပြိုင်ဆိုင်မှုများ၊ မနာလိုမှုများနှင့် ပြည့်နှက်သောသဘောကို ပင်ကိုယ်စရိုက်အဖြစ် ခံယူလာကြသည်။ ဤကား ဒါဝင်၏ လူသားဆန်ခြင်းနိယာမကို ခံယူထားသော အနောက်တိုင်းသားတို့၏ အတွေးအခေါ်လွှမ်းမိုးမှုတစ်ရပ်ပင် ဖြစ်သည်။

စင်စစ် လူ့သဘာဝနှင့်ပတ်သက်သော ကျွန်မတို့၏ ခံယူချက်များ၊ တွေးခေါ် ယူဆချက်များအပေါ်တွင် အခြေပြု၍ လူ့အဖွဲ့အစည်းကို တည်ထောင်ကြခြင်း ဖြစ်သည်။ ထိုတွေးခေါ်ယူဆချက်များမှ နိုင်ငံရေး ဝါဒများကို ဖော်ထုတ်ကြခြင်း၊ အမျိုးမျိုးသော အစိုးရနှင့် အခြားနိုင်ငံရေးအဆောက်အဦများကို ပုံဖော်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ (သို့) အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတိုင်း သူတစ်ပါးကို အပြစ်ပုံချင်သော ကျွန်ုပ်တို့၏ ပင်ကိုယ်သဘာဝစရိုက်ကြောင့်ပင် ယနေ့ 'တိုးတက်မှု' (သို့) ဖွံ့ဖြိုးရေးဟု ခေါ်ဆိုသော လူမှုရေးအဆောက်အဦ ပြောင်းလဲမှုကြီးတွင်လည်း လူပုဂ္ဂိုလ်အသီးသီး ပါဝင်နေသည်ကို မျက်ကွယ်ပြုနေကြပေသည်။ နည်းပညာ တိုးတက်မှုသည် လူသား၏ ဆင့်ကဲဖြစ်စဉ်နှင့် ဆက်စပ်နေသော ဖြစ်စဉ်တစ်ခုဟု ခံယူကြသည်။ ဆင့်ကဲဖြစ်စဉ်သဘောအရ ရှေးနှစ်သန်းပေါင်းများစွာက လူသည် တွားသွားသည်၊ လေးဘက်သွားသည်၊ ထိုမှတစ်ဆင့် မတ်တပ်ရပ် လမ်းလျှောက်တတ်လာသည်။ တစ်ဆင့်တက်ကာ စကားပြောတတ်လာသည်။ ထို့နောက် မိမိ၏ အသိဉာဏ်စွမ်းအားကို အသုံးပြုကာ လက်မှုပညာများ တီထွင်ဖန်တီးတတ်လာသည်။ ယနေ့ လူသားများက ဇီဝအတတ်ပညာများနှင့် အနုမြူဗုံးများ တီထွင်တတ်မြောက်လာခြင်းမှာ ထိုဆင့်ကဲဖြစ်စဉ်၏ ကွင်းဆက်များ ဖြစ်သည်ဟုဆိုသည်။ စင်စစ်အားဖြင့် ဆင့်ကဲဖြစ်စဉ်နှင့် သိပ္ပံပညာရပ်၊ စက်မှုတော်လှန်ရေး၏ ရလဒ်များကို ကျွန်ုပ်တို့ မခွဲခြားတတ်ကြပေ။

ဥရောပတိုက်တွင် စက်မှုတော်လှန်ရေးကြောင့် ပြောင်းလဲတိုးတက်လာစဉ် ကမ္ဘာ့အခြားနိုင်ငံများမှာ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့စရိုက်တို့နှင့် ရပ်တည်နေဆဲဖြစ်ပြီး၊ သမားရိုးကျ လက်မှုနိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေခဲ့ကြသည်။ ဤအချက်ကို ဂရုမပြုမိခြင်းကြောင့် ဆင့်ကဲဖြစ်စဉ်အရ ဥရောပနိုင်ငံများသည် ပိုမိုတိုးတက်လာသည်ဟု ခံယူခဲ့ကြသည်။ အတတ်ပညာ တိုးတက်ပြောင်းလဲမှုကို ရာသီဥတုပြောင်းလဲခြင်းထက်ပင် သဘာဝကျသည်ဟု ထင်မှတ်ကြသည်။

လူ့ဘဝတွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေသကဲ့သို့ သိပ္ပံပညာဖွံ့ဖြိုးမှုတွင်လည်း ကောင်းကျိုးရော ဆိုးကျိုးပါ ဖန်တီးပေးသည်ကို မငြင်းနိုင်ပါ။ ယနေ့တွင် တွေ့မြင်ရသော တိုးတက်ဖွံ့ဖြိုးမှုဆိုသည့် ပြောင်းလဲမှုကြောင့် ဝိသမ လောဘစိတ်၊ ရန်လိုမုန်းတီးစိတ်၊ ယှဉ်ပြိုင် အနိုင်ယူလိုစိတ်များကို ဖြစ်ပေါ်စေပြီး၊ ထိုစိတ်သဘောများကြောင့် ဆိုးကျိုးများစွာ သက်ရောက်စေကြောင်း လာဒါတ်ဒေသ၏ ဖြစ်ရပ်များက ဖော်ပြနေပေသည်။ ယနေ့ မျက်မှောက်ခေတ်တွင် ဖြစ်ပေါ်နေသော ရာသီဥတုဖောက်ပြန်မှု၊ ရေထုညစ်ညမ်း အဆိပ်သင့်မှု၊ သစ်တော ပြုန်းတီးမှု၊ တိရစ္ဆာန်များ မျိုးတုန်းခြင်းနှင့် ယဉ်ကျေးမှုများ ပျက်သုဉ်းခြင်းမျိုး ယခင်က မရှိခဲ့ဖူးချေ။ ဤမျှ

www.burmeseclassic.com



လောက် အတိုင်းအတာအထိ အရှိန်အဟုန်ကြီးမားသော အဖျက်အင်အားစုသည် အတိတ်သမိုင်းတွင် မရှိခဲ့ဖူးချေ။ ယနေ့ ထူးခြားလာသော လက်ရှိကမ္ဘာကြီး၏ အခြေအနေကို ပြုပြင်ပြောင်းလဲရန် အချိန်သိပ်မရှိတော့ပါ။

နည်းပညာနှင့် စီးပွားရေးစနစ် ပြောင်းလဲမှုတို့၏ ဆိုးကျိုးများဖြစ်သော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးမှု၊ ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့ပြဿနာ ထူပြောလာခြင်းတို့မှာ နိုင်ငံရေးစနစ်များနှင့် ဆက်စပ်နေပေရာ လက်ဝဲနိုင်ငံရေးဝါဒနှင့် လက်ယာနိုင်ငံရေးဝါဒအကြား အချင်းချင်း အပြစ်ဖို့နေ၍ အကျိုးမရှိနိုင်ပေ။

ယနေ့ ကမ္ဘာကြီးသည် သိပ္ပံပညာနှင့် နည်းပညာဖွံ့ဖြိုးမှုတစ်ခုတည်း၏ ရလဒ်ကိုသာ ရင်ဆိုင်နေရခြင်းဖြစ်သည်။ သိပ္ပံနှင့် နည်းပညာ တိုးတက်မှုတို့ကြောင့် တစ်ခုကောင်းကျွမ်းကျင်မှုနှင့် ဗဟိုချုပ်ကိုင်မှုစနစ် ထွက်ပေါ်လာပြီး၊ လူတို့၏ဘဝနှင့် လူနေမှုစနစ်များကို တစ်ဟုန်ထိုး ပြောင်းလဲသွားစေသည်။ အရင်းရှင်စနစ်နှင့် ကွန်မြူနစ် စနစ်တို့၏ ခြားနားမှုကို ထိုပြောင်းလဲမှုက မှေးမှိန်သွားစေသည်။

လာဒါတ်ဒေသရှိ လူ့အဖွဲ့အစည်းတွင် အလဟဿ ဖြုန်းတီးမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရာဇဝတ်မှုတို့ ကင်းရှင်းပြီး၊ လူတိုင်း ကျန်းမာသန်စွမ်းကြသည်။ မိဘနှင့် သားသမီးများအကြား ချစ်ခင်ရင်းနှီးပြီး၊ ပွင့်လင်းစွာ ဆက်ဆံပြောဆိုတတ်ကြသည်။ သို့သော် ခေတ်မီတိုးတက်ရေးစီမံကိန်းများနှင့် ပြောင်းလဲလာသော ယဉ်ကျေးမှုဓလေ့အောက်တွင် အဆိုပါ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ပြိုကွဲယိုယွင်းစ ပြုလာသည်ကို တွေ့ရသည်။ ထိုပြောင်းလဲမှု အခြေအနေများကို သုံးသပ်ကြည့်လျှင် လာဒါတ်ဒေသအတွက်သာမက ကမ္ဘာ့နိုင်ငံအသီးသီးအတွက် သင်ခန်းစာယူစရာဖြစ်ရပ်များပင် ဖြစ်ပါသည်။

တိဘက်ကုန်းပြင်မြင့်ပေါ်မှ ရှေးကျ. ရိုးစင်းလှသော လာဒါတ်ဒေသနှင့် လူ့အဖွဲ့အစည်းမှ သင်ခန်းစာယူကြရန်မှာ မဖြစ်နိုင်သယောင်ပင်။ သို့သော် လာဒါတ်ဒေသ၏ အခြေအနေ၊ အဖြစ်အပျက်များက ရှုပ်ထွေးလှသော စက်မှုနိုင်ငံလူ့အဖွဲ့အစည်းကို ပိုမို ရှင်းလင်း မြင်သာစေပါသည်။ စက်မှုနိုင်ငံဓလေ့နှင့် လူနေမှုစရိုက်များ ဝင်ရောက်လာသည်မှစ၍ လာဒါတ်ဒေသ လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှု ဆိတ်သုဉ်းလာသည်ကို တွေ့ရသည်။ ထို့ကြောင့် လူတစ်ဦးစီ၏ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးရာ၌ ယဉ်ကျေးမှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း ပိုမို သေချာ ခိုင်မာလာသည်။

ကျွန်မတို့၏ အမြင်ကျဉ်းမြောင်းမှုကြောင့် ယနေ့ ရင်ဆိုင်နေရသော ပြဿနာအကြပ်အတည်းအများအပြား၏ အကြောင်းရင်းကို မတွေ့မြင်ဘဲ ရှိနေ တတ်သည်။ ကျွန်မတို့သည် သစ်ပင်တစ်ပင်ချင်းကိုသာ မြင်ပြီး၊ တောအုပ်တစ်ခုလုံး ကို မမြင်တတ်ပေ။ အနောက်တိုင်း လူ့အဖွဲ့အစည်းက လက်ခံကျင့်သုံးနေသော တစ်ခုကောင်း ဗဟိုချုပ်ကိုင်မှုစနစ်သည် ရေရှည်ကာလများအတွက် အာမခံချက် မရှိပေ။ စီးပွားရေး အင်အားစုများက တစ်ခုကောင်း ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လောင်စာစွမ်းအင် သုံးစွဲမှုပမာဏကို မြင့်မားလာစေသည်။

ယနေ့ ကမ္ဘာကြီးတွင် မြို့ပြ၊ ကျေးလက်၊ ယောက်ျား၊ မိန်းမ၊ ယဉ်ကျေးမှု၊ သဘာဝတရားတို့ သဟဇာတ ရှိအောင် ပွဲကိုင်ထိန်းသိမ်းကြရန် အထူးပင် လိုအပ်လှ သည်။ လာဒါတ်ဒေသ၏ ဖြစ်ရပ်အနေအထားများကို လေ့လာခြင်းဖြင့် ယနေ့ လူ့အဖွဲ့အစည်းကို ပုံသွင်း ရုပ်လုံးဖော်ပေးနေသည့် စွမ်းအားစုများကို ပိုမို လေး နက်စွာ သိနားလည်နိုင်ပေသည်။ ထိုအသိတရားသည်ပင် ယနေ့ ကျွန်မတို့၏ လူ့ အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို ကုစားနိုင်ရန်အတွက် လိုအပ်သော အခြေခံအကြောင်း တရားတစ်ခု ဖြစ်ပေသည်။❑



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၁)

## အခန်း(၁)
## တိဘက်ပြည်ကလေး

တစ်ကမ္ဘာလုံးကို ခြုံ၍ မြင်နိုင်သော ဤနေရာကို သင် သတိပြုမိပါသလား။

'ဂေဆာဆာဂါ' မှ

ရှေးဟောင်း လာဒါတ်ကေရာဇ်နိုင်ငံ၏ မြို့တော် 'လေး' မြို့သည် ဆရင်နဂါမြို့သို့ ကွေ့ကောက် ကြမ်းတမ်းသော လမ်းဖြင့် ဆက်သွယ်ထားသည်။ အဆိုပါ လမ်းမကြီးကို ကက်ရှ်မီးယားပြည်နယ်ရှိ စိမ်းလန်းသော ထင်းရှူးတောများကို ဖြတ်ကျော်လျက် ဇော်ဂျီလာတောင်ကြားအထိ ဖောက်လုပ်ထားသည်။ ဇော်ဂျီလာတောင်၏ အရှေ့ဘက်တွင် ဟိမဝန္တာမိုးကွယ်ရပ်ဝန်း၏ လွင်တီးခေါင်ပြင်ကြီး တည်ရှိသည်။ ဤဒေသတွင် သံချေးရောင်မှ စိမ်းညို့ညို့အရောင်အထိ အရောင်မျိုးစုံနှင့် တောင်စဉ်တောင်တန်းများက ဖြန့်ကျက် နေရာယူထားသည်။ ကြီးမားကျယ်ပြန့်လှ



www.burmeseclassic.com

www.burmeseclassic.com



သော ကုန်းပြင်မြင့်ကြီးတွင် မိုးထိအောင် မြင့်မားပြီး၊ ဆီးနှင်းများ ဖုံးအုပ်နေသော တောင်ထွတ်များနှင့် အဖုအထစ် များ၍ မညီမညာသော တောင်ကြားချိုင့်ဝှမ်းများကို လည်း တွေ့ရသည်။

ဤမျှ ခြောက်သွေ့သော၊ ဝေးလံသီခေါင်သော အရပ်တွင် သက်ရှိဟူ၍ ရှိနိုင်လိမ့်မည်ပင် မထင်ပေ။ မြေတစ်လှမ်း လှမ်းတိုင်း သဲနှင့် ဖုန်များ တထောင်းထောင်း ထကာ အသက်ဝိညာဉ်ကင်းမဲ့ဟန်ရှိသည်။ သို့သော် အသေအချာ လေ့လာကြည့်သောအခါ ကန္တာရထဲမှ မြစိမ်းရောင် အိုအေစစ်ကလေးများကို ကျိုးတိုးကျဲတဲ တွေ့ရသည်။ ထိုစိုက်ခင်းများ၏အပေါ် ဘက် ကုန်းမြင့်ပိုင်းတွင်မူ ရွာငယ်ကလေး များကို လှမ်းမြင်နိုင်သည်။

လူနေအိမ်များမှာ အဖြူရောင် သုံးထပ်တိုက်ကလေးများဖြစ်ပြီး၊ ဝရန်တာ လက်ရန်းများကို လှပသော ပွတ်လုံးများနှင့် တန်ဆာဆင်ထားသည်။ အိမ်တိုင်း၏ ခေါင်မိုးပေါ်တွင် တောက်ပသော သာသနာ့အလံငယ်များ စိုက်ထူထားသည်။ ရွာ၏ အထက် ကုန်းမြင့်ပေါ်တွင် ဘုန်းတော်ကြီးကျောင်းက မားမားကြီး တည်ရှိနေပေ သည်။

စိုက်ခင်းများနှင့် အိမ်ဘေးလမ်းကြားများကို ဖြတ်လျှောက်သွားသောအခါ ရွာသားများက ပြုံးရွှင်သော မျက်နှာများနှင့် နှုတ်ဆက်လေ့ရှိကြသည်။ ဤမျှ ခက်ခဲကြမ်းတမ်း ခေါင်းပါးသော ဒေသ၌ပင် ရွာသားများသည် ကြွယ်ဝဖူလုံစွာ နေနိုင်ကြသည့်ကို အံ့သြဖွယ် တွေ့ရသည်။ ဤဒေသရှိ လူများသည် အရာရာကို ဂရုတစိုက် လုပ်ကိုင်တတ်ကြောင်း တွေ့ရသည်။ တောင်နံရံများကို လှေကားထစ် ပြုလုပ်၍ ညီညာသပ်ရပ်စွာ စိုက်ပျိုးထားသောကြောင့် စိုက်ခင်းများမှာ လှပသေသပ်လှသည်။

လူနေအိမ်များ၏ ပတ်လည်ရှိ မြေကွက်များကို ကျောက်တံတိုင်းများ ကာရံပြီး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးပင်များ စိုက်ပျိုးကြသည်။ ထိုစိုက်ခင်း နံရံများတွင် မီးဖိုချောင်သုံးလောင်စာဖြစ်သော နောက်ချေးများကို အပြားလိုက် ကပ်၍ အခြောက် လှန်းကြသည်။

အိမ်ခေါင်မိုးပြန့်များတွင် တိရစ္ဆာန်အစာဖြစ်သော ကောက်ရိုးနှင့် ပဲပင်များ ကို အထုံးလိုက် အခြောက်လှန်းကာ ဆောင်းရာသီအတွက် သိုမှီးထားတတ်ကြသည်။ ယာ့က် (ခေါ်) တိဘက်မွေးရှည် နွားအမွေးဖြင့် ရက်လုပ်သော သားမွေးစောင် (ဖွာ)



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် တရုတ်ဆီးသီးများကို အခြောက်ခံကြသည်။ အိမ်ရှေ့ ဝရန်တာများတွင် ရွှေလိမ္မော်ရောင် ထပ်တစ်ရာပန်းများကို ပန်းအိုးများနှင့် အလှစိုက်ထားကြသည်။

'လာဒါတ်' ဟူသောအမည်မှာ မူလ တိဘက်ဘာသာစကား 'လာဒါ' မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'တောင်ကြားလမ်းများ ထူပြောရာ မြေ' ဟူ၍ ဖြစ်သည်။ လာဒါတ်ဒေသသည် ဟိမဝန္တာ မိုးကွယ်ရပ်ဝန်းရှိ ကြီးမားသော တောင်တန်းကြီးများအကြား ယှက်သန်းနေသည့် ကုန်းမြင့်သဲကန္တာရတစ်ခုဖြစ်သည်။ ဤဒေသတွင် ကနဦး စတင်အခြေချသူများမှာ အာရိယန်လူမျိုးဖြစ်သော အိန္ဒိယမြောက်ပိုင်းမှ မွန် (Mons) လူမျိုးများနှင့် ဂီလ်ဂစ်ဒေသမှ ဒါတ်လူမျိုးတို့ဖြစ်သည်။ ဘီစီ (၅၀၀) ခန့်တွင် အင်အားကြီးမားသည့် တိဘက်မှ ခြေသလုံးအိမ်တိုင် မွန်ဂိုလီးယန်း လူမျိုးစုကြီးနှင့် ပူးပေါင်းမိကြသည်။ လာဒါတ်လူမျိုးများမှာ လူမျိုးစုကြီးများ၏ သွေးနှောရာမှ ဆင်းသက်လာသော လူမျိုးဖြစ်သည်။

လဒါခီလူမျိုးတို့၏ ယဉ်ကျေးမှုသည် တိဘက်ယဉ်ကျေးမှုပင်ဖြစ်ရာ ၎င်းကို တိဘက်ကလေးဟု ခေါ်သည်။ လာဒါတ်တို့၏ ဘာသာစကား၊ အနုပညာ၊ ဗိသုကာ၊ ဆေးပညာနှင့် တေးဂီတများအားလုံး တိဘက်တွင် မြစ်ဖျားခံသည်။ လာဒါတ်ဒေသသည် တိဘက်တို့၏ မဟာယနဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ပြီး၊ တိဘက် ခေါင်းဆောင် *ဒလိုင်းလားမား* သည် လာဒါတ်၏ ဘာသာရေးခေါင်းဆောင်လည်း ဖြစ်သည်။ ရှေးရာစု နှစ်များစွာကပင် လာဒါတ်မှ ဘုန်းတော်ကြီးများသည် တိဘက်ဘုန်းကြီးကျောင်းများ၌ စာဝါတက်ခဲ့ကြသည်။ ထို့ကြောင့် လာဒါတ်သည် တိဘက်ကုန်ကူးသန်း ရောင်းဝယ်ရေးနှင့် အတွေးအခေါ် အယူဝါဒချင်း ဆက်စပ်ဖလှယ်မှု တစ်သမတ်တည်း ရှိခဲ့သည်။

ယဉ်ကျေးမှုအရ တိဘက်နှင့် ဆက်စပ်မှုရှိခဲ့သော်လည်း လာဒါတ်သည် အေဒီ (၉၅၀) မှ (၁၈၃၄) ခုနှစ်အထိ သီးခြားလွတ်လပ်သော ဧကရာဇ်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ (၁၈၃၄) ခုနှစ်တွင် ဟိန္ဒူဘာသာဝင် ဒိုဂရာတို့ ဂျမ္မူနှင့် ကက်ရှ်မီးနယ်ကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် မရှေးမနှောင်းပင် လာဒါတ်နယ်သည်လည်း အိမ်နီးချင်း ပါကစ္စတန်နှင့်အတူ မဟာရာဇာ စော်ဘွား၏ ဩဇာအောက်သို့ ကျရောက်ခဲ့ရသည်။ (၁၉၄၇) ခုနှစ် အိန္ဒိယ- ပါကစ္စတန် စစ်ပွဲအပြီးတွင် ဘာတစ္စတန်နယ်သည် ပါကစ္စတန်လက်အောက်သို့ ကျရောက်သွားပြီး၊ လာဒါတ်၏ ကျန်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



များမှာ အိန္ဒိယနှင့် ပါကစ္စတန်အကြား ဆက်ဆံရေး တင်းမာလာမှုနှင့် (၁၉၆၂) ခုနှစ်တွင် လာဒါတ်အရှေ့ခြမ်း အာဆိုင်ချင်းဒေသအား တရုတ်တို့၏ သိမ်းပိုက်မှု ခံရခြင်းတို့ကြောင့် လာဒါတ်ဒေသသည် အိန္ဒိယပြည်အတွက် အရေးကြီးဆုံး ဒေသ တစ်ခု ဖြစ်လာခဲ့သည်။

လာဒါတ်သည် ကမ္ဘာပေါ်ရှိ အခြားဒေသများထက် ရာသီဥတု ပြင်းထန်သော ဒေသတစ်ခု ဖြစ်သည်။ နွေရာသီတွင် မခံမရပ်နိုင်အောင် ပူပြင်းသော်လည်း ဆောင်းဥတုတွင် အပူချိန်မှာ သုညအောက် (၄၀) ဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းသွားတတ်သည်။ လာဒါတ်တွင် ဆောင်းဥတုမှာ (၈) လ ကြာမြင့်သည်။ လေဟာပြင် သဲကန္တာရကို ဖြတ်၍ လေဆင်နှာမောင်းများ အရှိန်ပြင်းစွာ တိုက်ခတ်လေ့ရှိသည်။ မိုးကွယ်ရပ်ဝန်းအတွင်း ကျရောက်သောကြောင့် မိုးအလွန်ခေါင်သော အရပ်ဖြစ်သည်။

လဒါခီလူမျိုးများသည် ကုန်းမြင့်ဒေသန္တရအတွင်း ကျေးရွာငယ်များအဖြစ် ဖြန့်ကျက်နေထိုင်ကြသည့် လယ်သမားများဖြစ်သည်။ ဆီးနှင်းနှင့် ရေခဲတောင်များမှ ရေရရှိမှုအပေါ် မူတည်၍ ရွာများမှာ အရွယ်အစား ကွာခြားကြသည်။ ရှေးယခင် မျိုးဆက်ပေါင်းများစွာမှစ၍ တောင်ပေါ်မှ ရေခဲပျော်ရည်များကို တူးမြောင်းများဖြင့် သွယ်ယူပြီး၊ စိုက်ပျိုးခင်းများကို လုပ်ကိုင်ခဲ့ကြသည်။ အချို့ တူးမြောင်းများမှာ မိုင်ပေါင်းများစွာ ရှည်လျားပြီး၊ မတ်စောက်သော တောင်နံရံကျောက်ဆောင်များ အကြားမှ ဖြတ်သန်းဖောက်လုပ်ထားသည်။ ထိုမှတစ်ဖန် တူးမြောင်းငယ်များဖြင့် ကွန်ယက်သဖွယ် ကျေးရွာများသို့ သွယ်ယူကြသည်။

ပင်လယ် ရေမျက်နှာပြင်အထက် ပေတစ်သောင်းကျော် မြင့်မားပြီး၊ တိုတောင်းသော စိုက်ပျိုးရာသီအတွင်း ဆီလျော် ထိရောက်သော သီးနှံများကို ကျွမ်းကျင်စွာ စိုက်ပျိုးတတ်ကြသည်။ တိဘက်ကုန်းမြင့်ရှိ အခြားဒေသများကဲ့သို့ပင် လာဒါတ်ဒေသတွင်လည်း ဘာလီကို အဓိက စိုက်ပျိုးကြသည်။ ယာမြေ၏ သုံးပုံ နှစ်ပုံခန့်တွင် ဘာလီကို စိုက်ပျိုးပြီး၊ ကျန်မြေနေရာများတွင် သက်နု ဂျုံတစ်မျိုးကို စိုက်ပျိုးကြသည်။ ဒေသ၏ အဓိက အစားအစာမှာ ဘာလီမုန့်ညက်နှင့် ပြုလုပ်သော ပေါင်မုန့်ဖြစ်သည်။ ယာသမားများသည် စိုက်ခင်းငယ်များတွင် ဘိုစားပဲ၊ ပဲသီးတောင့်နှင့် နီကိုဥ စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ ပင်လယ်ရေမျက်နှာပြင်

www.burmeseclassic.com

www.burmeseclassic.com



အထက် ပေ (၁၁၀၀၀) အောက်ရှိ တောင်ကြားချိုင့်ဝှမ်းများတွင်မူ သစ်ကြားသီးနှင့် တရုတ်ဆီးသီးကဲ့သို့သော သစ်သီးခြံများ ရှိသည်။ အပင်စိုက်ပျိုးရန် မဖြစ်နိုင်သော အလွန်မြင့်မားသည့် ဒေသများတွင်မူ မွေးမြူရေးကို အဓိက လုပ်ကိုင်ကြသည်။

မိသားစုတစ်ခုချင်း လုပ်ကိုင်သော ပျမ်းမျှမြေယာ အကျယ်အဝန်းမှာ ငါးဧကခန့် ရှိပြီး၊ အချို့မှာ ဆယ်ဧကခန့်အထိ လုပ်ကိုင်ကြသည်။ မိသားစုဦးရေ ပမာဏအပေါ် မူတည်၍ ၎င်းတို့ လုပ်ကိုင်သော မြေယာပမာဏ ကွာခြားမှု ရှိသည်။ လုပ်ကိုင်နိုင်စွမ်းရှိသည့် မိသားစုဝင် တစ်ဦးလျှင် ယာမြေတစ်ဧကနှုန်း ပိုင်ဆိုင်ကြသည်။ မိမိလုပ်အားထက် ပို၍ မြေကွက်များ မရယူတတ်ကြပေ။ မြေကွက် တိုင်းတာရာတွင် တစ်ရက် ထွန်ယာ၊ နှစ်ရက် ထွန်ယာဟူ၍ လုပ်ချိန်ကာလတွင် တိုင်းတာကြသည်။

တိရစ္ဆာန်မွေးမြူရေးသည် လဒါခီတို့၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ မီးဖိုချောင်သုံး လောင်စာကို တိရစ္ဆာန်တို့၏ မစင် (နောက်ချေး) မှ အဓိက ရရှိသည်။ တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရေး၊ ထွန်ယက်စိုက်ပျိုးရေး အတွက် အသုံးပြုသည့်အပြင် အဝတ်အထည် ရက်လုပ်ရန် အမွေးကိုလည်းကောင်း၊ အသားနှင့် နို့ကိုလည်းကောင်း ထုတ်ယူ ရရှိသည်။ အဓိက အိမ်မွေးတိရစ္ဆာန်များမှာ ဆိတ်၊ သိုး၊ လား၊ မြင်း၊ နွား၊ ယာ့က် (ခေါ်) နွားနက်နှင့် ၎င်းနွားနှစ်မျိုးစပ်၍ ရသော ဇို ခေါ် လှည်းဆွဲရန် အကောင်းဆုံး နွားတစ်မျိုးတို့ ဖြစ်သည်။

ပေ (၁၅၀၀၀) မှ (၁၈၀၀၀) အထိ မြင့်မားသော ဒေသရှိ ရေခဲမြစ်များ အနီးတွင် 'ဖူ' ဟုခေါ်သော စိမ်းလန်းသည့် စားကျက်များရှိသည်။ ဤစားကျက်များတွင် တိုတောင်းသော နွေရာသီအတွင်း တောရိုင်းပင်များ တစ်မဟုတ်ချင်း ရှင်သန်ပေါက်ရောက်လေ့ရှိကြသည်။ ဤစားကျက်များကို မှီခို၍ သိုးပြာ၊ နှင်းကျားသစ်နှင့် ဝံပုလွေ အစရှိသော တောရိုင်းတိရစ္ဆာန်များ ပေါက်ဖွားကြသည်။ ဤဒေသများသည် ဇူလိုင်လမှ စက်တင်ဘာလအတွင်း တိရစ္ဆာန်များကို စားကျက်လွှတ် မွေးမြူသော ဒေသများဖြစ်သည်။

ကျွန်မသည် လာဒါတ်သို့ ရောက်ခဲ့သည့် ကနဦး နှစ်များတွင် လဒါခီ ဘာသာစကားနှင့် ရိုးရာပုံပြင်များကို လေ့လာစုဆောင်းခဲ့ပါသည်။ လဒါခီဘာသာ စကားသည် တိဘက်ဘာသာစကား အနွယ်ဝင်တစ်ခု ဖြစ်ပြီး၊ လဒါခီစာပေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂန္တဝင် တိဘက်စာဖြစ်သည်။ လဒ္ဒါခီသဒ္ဒါသည် ကမ္ဘာ့ဘာသာစကားများအနက် အရှုပ်ထွေးဆုံးသော သဒ္ဒါတစ်ရပ်ဖြစ်သည်။ လဒါခီဘာသာစကားနှင့် စာပေကို လေ့လာရာ၌ ကျွန်မအား ကူညီပေးခဲ့ကြသူများမှာ ဘုန်းတော်ကြီး *ဂျေလုံပါလဒန်* နှင့် *တာရှီရာဘ့်ဂယာ့စ်* တို့ဖြစ်သည်။

ဘုန်းတော်ကြီး *ပါလဒန်* သည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိသည်။ စကားပြော သိမ်မွေ့ကာ တည်ကြည်ပြီး၊ ဉာဏ်ပညာ ထက်မြက်သူဖြစ်သည်။ ရဟန်း ပျိုဘဝဖြင့် သီရိလင်္ကာတွင် သီတင်းသုံး နေထိုင်ခဲ့သည်။ တိဘက်ပြည်အလယ်ပိုင်း ဒေသမှ ဘုန်းတော်ကြီးကျောင်းများတွင် စာဝါတက်ခဲ့သည်ဟု ဆိုသည်။ *တာရှီ* မှာ *ပါလဒါန်* ထက် အသက် (၁၅) နှစ်ခန့် ပိုကြီးပြီး၊ လာဒါတ်ဒေသ၌ ထင်ရှားသော ပညာတတ် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ *တာရှီ* သည် အမြဲ ပြုံးရွှင် တက်ကြွနေတတ်သူလည်း ဖြစ်သည်။ *တာရှီ* သည် လဒါခီကဗျာနှင့် သီချင်းရေးစပ်ရာတွင်လည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ကျွန်မနှင့် သိကျွမ်းပြီးနောက်တွင် *တာရှီ* က လဒါခီ ဘာသာဖြင့် ကျွန်မအတွက် သီချင်းတစ်ပုဒ်ကို ရေးစပ်ပေးခဲ့သည်။

လဒါခီဘာသာစကားကို လေ့လာရာမှ လဒါခီလူမျိုးကို ကျွန်မ လေးစား ခင်တွယ်လာခဲ့သည်။ ကြမ်းတမ်းခက်ခဲသော သဘာဝ ရေမြေအနေအထားနှင့် ဆန့်ကျင်ကာ လဒါခီလူမျိုးတို့မှာ အေးချမ်းပျော်ရွှင်နေတတ်ကြပေသည်။

လေးမြို့ရှိ ပညာရေးဌာနမှ စာရေးတစ်ဦးဖြစ်သူ *ဆိုနန်* က လဒါခီရိုးရာ ဓလေ့များကို လေ့လာရာ၌ ကျွန်မကို အထူးသဖြင့် ကူညီခဲ့သည်။ သူ၏မိသားစုရှိရာ ဟဲမစ်ခ်ိရှုပါချန် ကျေးရွာသို့ သွားရောက်လည်ပတ်ရန် ကျွန်မကို ဖိတ်ခေါ်ခဲ့သည်။ ၎င်းတို့ရွာရှိ ရစ်ဒ်ဇွန်ဂ် ဘုန်းကြီးကျောင်းသို့လည်း သွားရောက် လေ့လာခွင့် ရခဲ့သည်။ (၁၆) ရာစုနှစ် ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်ကြီး *ဆွန်ဂ်ကပ်* တည်ထောင်ခဲ့ သော တိဘက် မဟာယနသာသနာ ဦးထုပ်ဝါဂိုဏ်းဝင် ဘုန်းတော်ကြီးများ သီတင်း သုံးရာ ကျောင်းတော်ကြီးဖြစ်ကြောင်းလည်း သိရသည်။

ဦးထုပ်ဝါ ဂိုဏ်းသည် ယခင် ဦးထုပ်နီ ဂိုဏ်းထက် ဝိနည်းသိက္ခာ တင်းကြပ် သည်။ ရစ်ဒ်ဇွန်ဂ် ဘုန်းကြီးကျောင်းမှာ ဦးထုပ်ဝါဂိုဏ်းတွင် ဝိနည်း အတင်းကြပ်ဆုံး ကျောင်းတစ်ခုဖြစ်သည်။ မြင့်မားလှသော တောင်တန်းကြီးများကို ကျောပေး၍ တည် ဆောက်ထားသော ဤကျောင်းတော်ကြီးမှာ ခံ့ညားထည်ဝါလှသည်။ ထိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးသို့ တက်သွားသော လမ်းတစ်လျှောက် ပျက်စီးသွားသော လမ်းများကို သက်န်းများ ရုံထားသော ရဟန်းသံဃာများကိုယ်တိုင် ပြုပြင်ဖာထေးနေကြသည်ကို တွေ့ခဲ့ရသည်။

ရစ်ဒ်ဇွန်ဂ်ဘုန်းကြီးကျောင်းမှ ဟဲမစ်ရှုပါချန်ရွာအထိ အကွေ့အကောက်များပြီး၊ သဲကျောက်များ ထူပြောသော ခရီးကို လေးနာရီကြာမျှ ခြေလျင် လျှောက်ကြရသည်။ သစ်ပင် ဝါးပင်မရှိသော ပေ (၁၃၀၀၀) အမြင့်ရှိ တောင်ကြားလမ်းမှာ နေပူပြင်းလှသည်။ လမ်းခရီးရှိ တောင်ခြေတစ်နေရာတွင်မူ စိုက်ခင်းစိမ်းစိမ်းကလေးများနှင့် ဝန်းရံနေသော တောင်ခြေရွာကလေးတစ်ခုကို ဖြတ်ကျော်ခဲ့ရသည်။ လဒါခီတို့သည် ကျောက်ဆောင်နံရံများနှင့် ဝန်းရံနေသော မတ်စောက်သည့် တောင်တက်တောင်ဆင်းလမ်းများကို အလွယ်တကူ သွားလာဖြတ်သန်းနိုင်ကြသည်ကို တွေ့ရသည်။

ဟဲမစ်ရွာအဝင်တွင် ချော်တင် ခေါ် စေတီငယ်များကို နေရာအနှံ့ လှမ်းမြင်နိုင်သည်။ စစ်တုရင်ရုပ်ကဲ့သို့ သဏ္ဍာန်ရှိသော ချော်တင် စေတီငယ်များမှာ ဉာဏ်တော် ပေ (၂၀) ခန့် မြင့်ပြီး၊ ကျောက်စိုင်ကျောက်တုံးများနှင့် တည်ဆောက်ထားသည်။ စေတီပုထိုးများကို အဖြူရောင် ထုံးသက်န်း ကပ်လှူထားသည်။ စေတီ၏ ထီးအောက်တွင် နေဝန်းနှင့် လခြမ်းကွေးတို့ကို တပ်ဆင် ချိတ်ဆွဲထားသည်။ ဤချော်တင်စေတီများမှာ ဗုဒ္ဓဘာသာတို့၏ အခြေခံယုံကြည်ချက်များကို ဖော်ညွှန်းထားသည်ဟု ဆိုသည်။ ဟဲမစ် ရွာအဝင် လမ်းတစ်လျှောက် ဖြောင့်ဖြူး မြင့်မားသော ထင်းရှူးပင်တန်းများနှင့် အစိမ်းရောင်စိုက်ခင်းများကို စိတ်ချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရသည်။

အမိုးပြာပြာနှင့် လူနေအိမ်များ၊ စိုက်ခင်းများ၊ သစ်သီးခြံများကို ဖြတ်လျှောက်လာရာ ပြေးလွှား ဆော့ကစားနေသော ကလေးများ၊ အိမ်ထဲတွင် ချည်ငင်နေသော အမျိုးသမီးများ၊ အနားယူနေကြသော အသက်အရွယ် ကြီးရင့်သည့် အဘိုးအဘွားများ စသည်ဖြင့် အရွယ်စုံ၊ အရောင်အသွေးစုံသော ရွာသားများက ပြုံးချိုသော မျက်နှာများနှင့် နှုတ်ခွန်းဆက်ကြသည်။ ကျွန်မ ထည်းခိုရမည့် ဆိုနမ်၏ အိမ်သို့ရောက်သောအခါ သူ့မိခင်နှင့် အခြားအိမ်သားများက တရင်းတနှီး နှုတ်ဆက် ဧည့်ခံကြသည်။ အိမ်ကြီးမှာ ကြီးမားကျယ်ဝန်းပြီး၊ ပြတင်းပေါက်ငယ်များမှ



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် ခပ်မှိန်မှိန်သာ ရရှိသောကြောင့် အနည်းငယ် မှောင်နေပေသည်။ မီးဖိုချောင်နံရံတွင် စင်များ ပြုလုပ်၍ ကြေးအိုးခွက်၊ ပန်းကန်များ ထားရှိသည်။

မီးဖို၏ တစ်ဘက်ထိပ်တွင် အသက်အကြီးဆုံး ပုဂ္ဂိုလ်၊ အိမ်ထောင်ဦးစီး အတွက် နေရာသီးသန့် ကန့်သတ်ထားကြသည်။ မီးဖိုခန်းထဲရှိ ကြမ်းပြင်တွင် ကော်ဇောများကို နံရံကပ်လျက် ခင်းကျင်းထားသည်။ ထိုကော်ဇော ဖျာရှေ့တွင် စားပွဲခုံပုကလေးများကို အစီအရီ ချထားသည်။ ထိုစားပွဲများပေါ်တွင် ကြေးခရား အိုးငယ်များရှိသည်။ ထိုခရားပေါ်တွင် လှပသော ခြူးပန်း၊ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားပြီး၊ ခရား၏ နှုတ်သီးနှင့် လက်ကိုင်ကိုမူ ငွေသား နဂါးရုပ်သဏ္ဌာန် ပြုလုပ်ထားသည်။ စင်စစ် လဒါခီတို့၏ နွေးထွေးမှု၊ ပျူငှာသော အပြုံးနှင့် ညော့ဝတ် ကျေပွန်မှုများကား ကျွန်မအဖို့ ခွန်အားတစ်ရပ် ဖြစ်စေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)
# လယ်ယာမြေသာပမာန

ထွန်ကြောင်းတွေပေါ်၊ ညွတ်နေအောင်၊ ကောက်နှံတွေ သန်ပါစေ။ လုလင်တစ်ရာ၊ ရိတ်မနိုင်စရာ၊ ကောက်နှံတွေ အောင်ပါစေ။ လုံမပျိုတစ်ရာ၊ မရွက်နိုင်အောင်၊ ကောက်နှံတွေ သီးပါစေ။

လဒါခီ ပျိုးကြဲတေး

အအေးဓာတ် လွန်ကဲလှသော ဆောင်းရာသီအကုန် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ကာလများသည် လဒါခီတို့ ကောက်ပဲသီးနှံ စိုက်ပျိုးရိတ်သိမ်းရာကာလဖြစ်သည်။ ထိုဆောင်းအကုန် နွေအကူး နွေဦးကာလသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်တွင် အသာယာဆုံး အချိန်ရာသီဖြစ်သည်။ လဒါခီကျေးရွာများ၏ အရှေ့ဘက်ကုန်းမြင့်မှ အရိပ်ကင်းလွတ်သော နေရာတွင် ကျောက်ခဲများကို ပိရမစ်ပုံ စုပုံထားသည်။ ဤကျောက်ပုံ၏ အရိပ်ရွေ့လျားမှုကို ကြည့်၍ ပျိုးကြဲရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊



www.burmeseclassic.com

www.burmeseclassic.com



ရေသွင်းရန်၊ သီးနှံရိတ်ရန် အချိန်ကာလကို သတ်မှတ်လေ့ရှိကြသည်။ ထိုသို့ ထွန်ယက် စိုက်ပျိုးခြင်းအမှု မစမီ ဖေဒင်မေး၍ နေ့ကောင်းရက်မြတ် ရွေးချယ်ခြင်း၊ နတ်ပူဇော်ခြင်း၊ ပရိတ်တရားများ ရွတ်ဖတ်ခြင်းလည်း ပြုလုပ်လေ့ရှိကြသည်။ ရွာအစွန် သစ်ပိုင်းတွင် နတ်စင်နှင့် ပလ္လင်များ တည်ထားပြီး၊ ထိုပလ္လင်ပေါ်တွင် နွားနို့နှင့် အခြား အစားအသောက်များကို ပူဇော်ကြသည်။ ညနေ နေဝင်ချိန်တွင် ထိုလှူဖွယ်ပစ္စည်းများကို ချောင်းထဲသို့ မျှောချပစ်လေ့ရှိသည်။ ထိုသို့ ပူဇော်သော နေ့တွင် သက်သက်လွတ် စားကြပြီး၊ ခေါင်ရည်ကိုပင် ရှောင်ကြဉ်ကြသည်။

ပျိုးကြဲချိန်မတိုင်မီကပင် မြေသြဇာများကို လှည်းများဖြင့် သယ်ယူကာ စိုက်ခင်းများဘေးတွင် စုပုံထားကြသည်။ ပျိုးကြဲမည့်နေ့ ရောက်သောအခါ အမျိုးသမီးများက မြေသြဇာများကို ထယ်ထိုးမည့် လမ်းကြောင်းတစ်လျှောက် ဖြန့်ကြဲတတ်ကြသည်။ ထို့နောက် အမျိုးသားများက ဖိုနွားတစ်ရှဉ်းစီနှင့် ထယ်ထိုးစဉ် အမျိုးသမီးများက ထယ်သွားနောက်မှ မျိုးစေ့လိုက်ချကြသည်။ ထိုသို့ ထွန်ယက် စိုက်ပျိုးရင်းရိုးရာသီချင်းများကို တပျော်တပါး သီဆိုလေ့ရှိသည်။

ပျိုးကြဲခြင်း ပြီးဆုံးသောအခါ၌ကား စိုက်ခင်းထဲသို့ အလှည့်ကျ ရေလွှတ်ရေသွင်းကြရသည်။ ထိုသို့ အလှည့်ချရာတွင် အန်စာတုံး လှိမ့်၍ အလှည့်ချကြသည်။ အဆိုပါ ရေလွှတ်ရေပေးဝေခြင်းကို ကြီးကြပ်ပေးရန်အတွက် ရွာသားများထဲမှ တစ်စုံတစ်ယောက်ကို ရွေးချယ် တာဝန်ခန့်အပ်လေ့ရှိကြသည်။ နေအိမ် ပတ်ဝန်းကျင်ရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းများသို့ ရေသွယ်နိုင်ရန်လည်း အလှည့်ကျ နေ့ရက် သတ်မှတ်ပေးထားလေ့ရှိသည်။

ကောက်ရိတ်သိမ်းချိန်သည် လဒါခီတို့အဖို့ ပျော်စရာကောင်းသော ပွဲတော်ရာသီတစ်ခုဖြစ်သည်။ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမအားလုံးက သီချင်းတကြော်ကြော်နှင့် တစ်စည်းဆွဲ၍ တပျော်တပါး ကောက်ရိတ်သိမ်းကြသည်။ ညနေစောင်းသောအခါ ရွာသူရွာသားများ စုဝေး၍ စားသောက်ကာ သီချင်း သီဆိုဖျော်ဖြေ၍ အပန်းဖြေကြသည်။

စိုက်ခင်းထဲတွင် စုပုံထားသော ကောက်နှံများကို စက်ဝိုင်းပုံ တလင်းများသို့ သယ်ယူလာကာ အစေ့ခြွေကြရသည်။ ကောက်နယ်ရာ၌ ဖိုနွားသာမက အခြားတိရစ္ဆာန်များကိုပါ အသုံးပြုလေ့ရှိသည်။ ဖိုနွားမျိုးသည် သက်လုံကောင်းပြီး၊ အကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ခံသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အဒိက အားထားရသော တိရစ္ဆာန်ဖြစ်သည်။ တိရစ္ဆာန်များ ကောက်နယ်နေစဉ် အညစ်အကြေးစွန့်လျှင် ကလေးများက နောက်မှ တောင်းဖြင့် ခံထားလေ့ရှိသည်။ ဤနည်းဖြင့် တလင်းပြင်ကို 'သန့်ရှင်းအောင် စနစ်တကျ လုပ်ဆောင်တတ်ကြပေသည်။ တိရစ္ဆာန်အားနှင့်သာမက လူအင်အားကို အသုံးပြု၍လည်း ကောက်နယ် အစေ့ခြွေလေ့ရှိသည်။ ထိုသို့ အလုပ်လုပ်ကိုင်နေစဉ် ကောက်သိမ်းသီချင်းများကိုလည်း သီဆိုတတ်ကြသည်။ ထိုနယ်ထားသော ကောက်နှံများကို ဆန်ကောနှင့် ပြာပြီးမှ ကျီမသွင်းမီ စုပုံ၍ အခြောက်ခံထားကြသည်။ ထိုကောက်ပုံပေါ်တွင် ဘုရားပုံတော်ကို တင်၍ ပူဇော်ပသခြင်းများ ပြုလုပ်ကြသည်။

ဆိုနမ်၏ ဖိတ်ခေါ်မှုကြောင့် လဒါခီတို့၏ ကောက်ရိတ်ပွဲကို ကျွန်မ သွားရောက် လေ့လာခွင့်ရခဲ့သည်။ နံနက်မိုးစင်စင် မလင်းမီကပင် စိုက်ခင်းထဲတွင် ကောက်ရိတ်သူများ၊ ကောက်လှိုင်းများ စုပုံသူများ၊ ကောက်နယ်သူများ၊ စပါးလှေ့သူ၊ စုပုံသူများနှင့် အသက်ဝင် လှုပ်ရှားလျက် ရှိနေပေပြီ။ နံနက်နေရောင်သည် ထိုစိုက်ခင်းများပေါ် ဖြာကျလာသောအခါ စိုက်ခင်းတစ်ခုလုံး ရွှေဝါရောင်များ လွှမ်းခြုံ၍သွားလေသည်။ လဒါခီတို့တွင် စိုက်ပျိုးရေးလုပ်ငန်းအဆင့်ဆင့်အတွက် သီးသန့်သီချင်းများ ရှိကြသည်မှာ အားရစရာပင်ဖြစ်သည်။

ထိုသို့ နံနက်နေရောင် ထွက်ပေါ်လာသည်နှင့် အိမ်ခေါင်မိုးပေါ်မှ ကြေးဝါခရာကို မှုတ်၍ အခမ်းအနား စတင်ကြောင်း ကြေညာလိုက်ရာ ဧည့်သည်များတဖွဲဖွဲရောက်ရှိလာကြသည်။ အမျိုးသားများနှင့် အမျိုးသမီးများကို သီးသန့်အခန်းတစ်ခန်းစီ၌ နေရာချပေးထားသည်။ နဂါးနှင့် ကြာပန်းပုံ ထွင်းထားသော စားပွဲများ အစီအရီရှိသည့် အခန်းများထဲတွင် ဧည့်သည်များက အသီးသီး နေရာယူကြသည်။ အခန်းနံရံများတွင် ရှေးဘိုးဘေးများလက်ထက်က ရေးဆွဲခဲ့သော နံရံဆေးပန်းချီကားများ ချိတ်ဆွဲထားသည်။ အခမ်းအနားသို့ လာရောက်ကြသော အမျိုးသားများသည် အညိုရောင်နှင့် နီညိုရောင်ရှိသော သင်တိုင်းရှည်များကို ဝတ်ဆင်ကြသည်။ စိမ်းပြာရောင် ကျောက်နားကွင်းကြီးများကိုလည်း ပန်ဆင်ထားပြီး၊ ဆံပင်များကို အနောက်တွင် ကျစ်ဆံမြီး ကျစ်ထားကြသည်။

အမျိုးသမီးများမှာ အပေါ်အင်္ကျီများကို လုံခြုံသေသပ်စွာ ဝတ်ဆင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်တို့ကို လှပစွာ ဆင်မြန်းထားပြီး ခေါင်းပေါ်တွင် သန္တာကျောက်တန်းများနှင့် တန်ဆာဆင်ထားသော ဦးထုပ်များကို ဆောင်းထားကြသည်။ ညှော်ညှည်များကို လက်ဖက်ရည်နှင့် ချွန်း (ရိုးရာ ခေါင်ရည်) တို့ဖြင့် ဧည့်ခံပြီး၊ ဧည့်သည်နှင့် အိမ်ရှင် အချီအချပြောဆိုရာတွင် သီချင်းများ စပ်ဆိုကြသည်ကို ကြည်နူးဖွယ် တွေ့ရှိရသည်။

ဘုရားခန်းထဲတွင်မူ ရဟန်းသံဃာတော်များက ဗုဒ္ဓသာသနာစောင့် ဓမ္မပါလ နတ်မင်းကြီးငါးပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ပသကြသည်။ မိသားစု၏ ကျန်းမာသုခအတွက်သာမက စကြာဠာတစ်ခုလုံးရှိ ဝေနေယျသတ္တဝါအစုစုတို့အတွက် ဆုတောင်းမေတ္တာပို့သကြသည်။ ကောက်ရိတ်သိမ်းခြင်း ပြီးဆုံးသည်နှင့် လယ်သမားတို့အဖို့ နှစ်သစ်ကို တစ်ဖန် အစပြုကြရသည်။

ဝေးလံသီခေါင်သော ဤဒေသတွင် နေထိုင်ကြသော လဒါခီတို့၏ အသက်ရှင်နေထိုင်မှုများကို လေ့လာရင်းမှ ချွေတာရေးဟူသော စကားလုံးကို ပို၍ နားလည်လာရသည်။ ချွေတာရေးဟုဆိုလျှင် ရိက္ခာသိုလှောင်ခန်း သော့အကြီးကြီးကို ကိုင်ထားသော အဒေါ်ကြီးများကိုသာ ကျွန်မတို့ မြင်တတ်ကြသည်။ အမှန်စင်စစ် ချွေတာရေးဆိုသည်မှာ ကုံလုံကြွယ်ဝမှုအတွက် သော့ချက်ဖြစ်ကြောင်းကို လဒါခီတို့၏ နေထိုင်မှုများက သက်သေပြနေပေသည်။ ချွေတာရေးဆိုသည်မှာ နည်းနည်းရင်းပြီး၊ များများ ရအောင် လုပ်ခြင်းပင်ဖြစ်ရာ လဒါခီတို့က ရှားပါးသော သယံဇာတများကို စနစ်တကျ အကျိုးရှိစွာ စီမံသုံးစွဲတတ်ကြသည်။

ချွန်းခေါင်ရည် တည်ပြီး အချဉ်ဖောက်ထားသော ဘာလီစေ့များကို ရေဖျော်ပြီး အခြောက်လှန်းကာ မုန့်ဖုတ်ရန် မုန့်ညက်ကို ပြန်လည် ကြိတ်ယူသည်။ ဆီညှစ်ပြီး ဆီးသီးအခွံအဖတ်များကို လုံး၍ အခြောက်လှန်းကာ ချည်ငင်ရာတွင် ဘီးလှည့်ရာ၌ ချောဆီအဖြစ် အသုံးပြုသည်။ ပန်းကန်ဆေးရာတွင် စားကြွင်းစားကျန်များနှင့် ကျင်းထားသော ရေကို စွန့်မပစ်ဘဲ တိရစ္ဆာန်များကို တိုက်ကျွေးကြသည်။

အဝတ်အထည်များကို ဖာထေး ချုပ်ဆက်၍ မရတော့အောင် ဆွေးမြေ့သည်အထိ ဝတ်ဆင်ကြသည်။ ထိုအဝတ်အဟောင်းများကို ရွှံ့နှင့် ရောနယ်၍ ရေမြောင်း၊ ရေကန်သင်းရိုး ဖာထေး ပိတ်ဆို့ရန် အသုံးချကြသည်။ လဒါခီတို့သည်



www.burmeseclassic.com

www.burmeseclassic.com



အလေ့ကျ ပေါက်ပင်များကိုပင် သူ့အမျိုးအစားအလိုက် နေရာတကျ အသုံးတည့်အောင် ဖန်တီးကြသည်။ အလေ့ကျပေါက်သော ချုံနွယ်၊ သစ်ပင်များကို တိရစ္ဆာန်အစာအဖြစ် လည်းကောင်း၊ ဆိုးဆေး ထုတ်လုပ်ရန်လည်းကောင်း အသုံးပြုသည်။ အချို့သော နွယ်ပင်မြက်ပင်များမှ ဆေးဝါး၊ ဟင်းခတ်အမွှေးအကြိုင်နှင့် တောင်းပလုံးများ ပြုလုပ်ကြသည်။

တိရစ္ဆာန်များ၏ တဲများမှ မြေဆီလွှာနှင့် လူတို့၏မစင်များကို စိုက်ပျိုးရေးမြေဩဇာအဖြစ်လည်းကောင်း၊ နွားချေး၊ မြင်းချေးတို့ကို မီးဖိုချောင် လောင်စာအဖြစ်လည်းကောင်း အကွက်စေ့အောင် အသုံးချကြသည်။ သို့ဖြစ်၍ လဒါခီတို့အတွက် အလဟဿဖြစ်စရာ (သို့) စွန့်ပစ်စရာဟူ၍ ဘာမျှမရှိပေ။ ဆား၊ လက်ဖက်ခြောက်နှင့် သတ္တုတို့ကိုသာ ပြည်ပမှ တင်သွင်းခဲ့ကြသည်။ လာဒါတ်သို့ စတင်ရောက်ရှိခဲ့စဉ်က ကျွန်မ နားမလည်ခဲ့သော 'အမှီအခို ကင်းမှု' (သို့) လွတ်လပ်မှုဆိုသော အရာနှင့် ဂေဟဗေဒသဘောတရားတို့ကို လဒါခီလူနေမှု ဘဝအတွေ့အကြုံများက ရှင်းလင်းပြသခဲ့သည်။

တိရစ္ဆာန်တို့၏ ဘူမိနက်သန်သဖွယ်ဖြစ်သော ကုန်းမြင့်စားကျက် မြက်ခင်းများသည် နွေရာသီ၌ တိရစ္ဆာန်မွေးမြူရေးစခန်းများ ဖြစ်လာသည်။ အဆိုပါ ကုန်းမြင့်စားကျက်ရှိရာ 'ဖူ' သို့သွားလျှင် ညီမာလင်ဂ်မှ တစ်ရက်ခရီး လမ်းလျှောက်ရသည်။ လမ်းတွင် ပေ (၁၇၅၀၀) ကျော် မြင့်သော ဂျွန်မားဂူးလား တောင်ကြားလမ်းသို့ ဖြတ်လျှောက်သွားရသည်။ ထိုဒေသသို့ ကျွန်မ၏မိတ်ဆွေ ဆေးရင်း(ဂ) က ကျွန်မကို လိုက်ပါ ပို့ဆောင်ပေးခဲ့သည်။ 'ဖူ' စားကျက်မြက်ခင်းတွင် တိရစ္ဆာန်များကို တစ်နွေလုံး ထားရှိပြီး၊ ဒိန်ခဲ၊ ထောပတ်အပြင် လောင်စာဖြစ်သော နောက်ချေးနှင့် ထင်းများကို စုဆောင်းကြရသည်။ ထိုကာလတစ်လျှောက် သူတို့အတွက် အစားအသောက်များ ယူဆောင်လာပေးခြင်း၊ သူတို့ ထုတ်လုပ်ရရှိထားသော ထောပတ်၊ ဒိန်ခဲနှင့် လောင်စာတို့ကို ပြန်လည် သယ်ဆောင်သွားခြင်းတို့ကို ရွာမှ အိမ်သားများက တာဝန်ယူကြသည်။

နွေဦးပေါက်လာသည်နှင့် တပြိုင်နက် စားနပ်ရိက္ခာများဖြစ်သော သကြားလုံးမုန့်၊ ဆား၊ လက်ဖက်ခြောက်နှင့် တရုတ်ဆီးသီးခြောက်များကို အိတ်နှင့်ထည့်၍ လားများပေါ် တင်ကြရသည်။ သူတို့အတွက် လိုအပ်သော စောင်၊ အမွေးထည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ထုပ်ပိုး ပြင်ဆင်ကြပြီး၊ 'ဖူ' ဒေသသို့ စတင် ထွက်ခွာသွားကြသည်။ ကျွန်မ ထိုဒေသသို့ လိုက်ပါသွားစဉ် လမ်းခရီးတစ်နေရာ၌ ရေခဲမြစ်ချောင်းနံဘေးတွင် ခေတ္တရပ်နားကြသည်၊ လမ်းခရီးမှာ ခက်ခဲကြမ်းတမ်းသည်။ ရာသီဥတုမှာ ပူပြင်း ခြောက်သွေ့လှရာ လူများ အလွန် ပင်ပန်းနွမ်းနယ်ကြသည်။ သို့သော် ခရီးတစ် ထောက် နားတိုင်း အနီးအနားမှ ထင်းစများ ရှာယူပြီး၊ မီးမွေးကာ ရေနွေးတည်၊ လက်ဖက်ရည် သောက်ပြီး အပန်းဖြေကြသည်။ လဒါခီတို့က လက်ဖက်ရည်ထဲတွင် ဆားနှင့် ထောပတ် ခတ်သောက်လေ့ရှိရာ ထိုပူပြင်းသော ရာသီဥတုအတွက် အထူး သင့်လျော်သော နည်းဖြစ်သည်။ ချွေးထွက်၍ ကုန်ခမ်းသွားသော အငန်ဓာတ်နှင့် အဆီများကို ချက်ချင်း ပြန်လည် ဖြည့်တင်းပေးသည်။

ကျွန်မအဖွဲ့ အလွန်ပင် ခဲယဉ်းသော ထိုခရီးကို လဒါခီကလေးငယ်များ မှစ၍ အားလုံးက ပေါ့ပါးသွက်လက်စွာ သွားလာနိုင်ကြသည်။ 'ဖူ' မြက်ခင်းစားကျက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်ရှုခင်းများမှာ တောင်ထွတ်တောင်စွယ်များသာ ဖြစ်ပြီး၊ ညနေခင်း နေရောင်ခြည်အောက်တွင် ရင်သပ်ရှုမောဖွယ် လှပနေတတ် သည်။ လမ်းခရီးတစ်လျှောက် တောင်ကြားလမ်း အဝင်ဝတိုင်းလိုလိုတွင် သာသနာ့ အလံငယ်များ စိုက်ထူထားသော ကျောက်ပုံများကို တွေ့ရသည်။

နွေရာသီတစ်လျှောက်လုံး တိရစ္ဆာန်များကို စားကျက် ရွှေ့ပြောင်း ထိန်း ကျောင်းခြင်းဖြင့် မြက်ခင်းများကို အခွင့်ရှည်စေသည်။ သိုးနှင့် ဆိတ်များကို အထက် အောင်စောင်းများတွင် ကျောင်းလေ့ရှိပြီး၊ တောင်ကြား မြေညီမြေပြန့်ရှိသည့် နေရာ များတွင် နွားများကို ကျောင်းကြသည်။ ဖိုနှင့် ယာ့က်နွားများမှာမူ ရေခဲမြစ်တစ် လျှောက် ပေါက်ရောက်သော မြက်နုများကို လွတ်လပ်စွာ ရှာဖွေစားသောက်ကြ သည်။ ဖိုနွားများကို အဝေးသို့ မသွားစေရန် စောင့်ကြပ် ကြည့်ရှုရလေ့ရှိသည်။ တစ်ခါတစ်ရံ အလွန်ဝေးသော တောင်ကြားလမ်းများသို့ ရောက်သွားတတ်ပြီး၊ အချို့ မှာ ရွာသို့ ပြန်ရောက်သွားတတ်ကြသည်။ ထို့ကြောင့် ဖိုနှင့် ယာ့က်နွားများကို မကြာ ခဏ လမ်းကြောင်းပေးကာ ထိန်းပေးကြရသည်။

နွေရာသီ စံအိမ်များမှာ ကျောက်တုံးများနှင့် ဆောက်ထားသော အိမ်ပု ကလေးများဖြစ်သည်။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် မီးဖိုခန်းကို တွေ့ရပြီး၊ ယင်းနှင့် ကပ်လျက် ရိက္ခာသိုလှောင်စခန်းရှိသည်။ ထိုအခန်းထဲတွင် ယူဆောင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



စားနပ်ရိက္ခာများကို ထားသိုကြသည်။ နွေရာသီ စံအိမ်များသည် စင်စစ် ကျောက်ဂူအခန်းငယ်များနှင့် တူပြီး၊ အလင်းရောင်ရရှိမှု အလွန်နည်းသည်။ ထိုအခန်းထဲတွင် ညအခါ ဆီမီးမှိန်မှိန်ကလေးများ ထွန်းညှိကာ သီချင်းများ သီဆိုကခုန်ကြသည်။ ထိုညအချိန်မျိုး၌ ဝံပုလွေများ၏အန္တရာယ်ကိုလည်း အထူးဂရုစိုက်ကြရသည်။ ကျွန်မသွားရောက် တည်းခိုသော တဲမှ ဦးနော်ဘူး၏ နွားတစ်ကောင်ကို ဝံပုလွေ ဆွဲသည်ကို ကြုံခဲ့ဖူးရသည်။ လူများ ရောက်လာ၍ နွားကို မဆွဲသွားနိုင်သော်လည်း နွား၏ ပေါင်ရင်းတွင်မူ အသားစိုင်ကြီးတစ်ခုလုံး ပဲ့ပါသွားခဲ့သည်ကို ထိတ်လန့်အံ့သြစွာ မြင်တွေ့ခဲ့ရသည်။

ထိုသို့သော အဖြစ်အပျက်များသည်လည်း လဒါခီတို့အတွက် အထူးအဆန်း မဟုတ်တော့ပေ။ ဒဏ်ရာရသော တိရစ္ဆာန်ကို ကောင်းမွန်စွာ ပြုစုပြီး ထိန်းထားကြသည်။ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်းဆိုသည်ကို သူတို့မျက်နှာပေါ်တွင် မတွေ့ရပါ။ စင်စစ် နေ့ခင်းကြောင်တောင်၌ပင် ဝံပုလွေများက သိုးများ၊ ဆိတ်များကို အလစ်ဝင်ဆွဲတတ်သဖြင့် သိုး၊ ဆိတ်ကျောင်းသူများက အထူးသတိထားကြရသည်ဟု ဆိုသည်။ ယာ့က်၊ ဇိုနှင့် အခြားတိရစ္ဆာန်ကြီးများကိုမူ ရန်မူလေ့မရှိကြောင်းကို သိရသည်။ နှင်းကျားသစ်များသည် ကိုယ်ရောင် ဖျောက်နိုင်ပြီး အတင့်ရဲလွန်းသည်ဟု ဆိုသည်။ ညအခါ သိုးခြံထဲသို့ အပေါက်ငယ်များမှ ထိုးဖောက် ဝင်ရောက်ကာ သိုးများကို ကိုက်ဖြတ် စားသောက်လေ့ရှိသည်ဟုလည်း သိရသည်။

ဘာလီနှင့် ပြုလုပ်သော အစားအစာ (၆) မျိုးခန့် ရှိပြီး၊ ဂျုံနှင့်ပြုလုပ်သော မုန့်အချို့ကို လဒါခီရိုးရာ အစားအစာအဖြစ် တွေ့ရသည်။ ထို့အပြင် ထောပတ်နှင့် ဆားခတ်ထားသော လက်ဖက်ရည်သည်လည်း လဒါခီတို့၏ ထူးခြားသော အစားတစ်မျိုးဖြစ်သည်။ ဘာလီစေ့ကို လှော်ပြီး၊ အမှုန့်ကြိတ်ကာ ငန်ဖယ်ဟုခေါ်သော မုန့်တစ်မျိုးကို ပြုလုပ်ကာ လက်ဖက်ရည်၊ ချွန်း၊ ရေတို့နှင့် တွဲဖက် စားသုံးနိုင်သည်။ ဘာလီမုန့်စိမ်းကို ထောပတ်ပူတင်းအဖြစ်လည်းကောင်း၊ စွပ်ပြုတ်တွင် ရော၍ လည်းကောင်း၊ ဘိုစားပဲ အခြောက်မှုန့်နှင့်ရော၍လည်းကောင်း မုန့်လုပ်စားကြသည်။ ဂျုံမုန့်ကို ပေါင်မုန့်ပြား (နံပြား) နှင့် ပေါင်မုန့်လုံး ပြုလုပ်ရန် အသုံးပြုသည်။ စိုက်ခင်းမှ ထွက်သော ဘာလီစေ့ သုံးပုံတစ်ပုံခန့်ကို ချွန်းခေါ်ရည် ပြုလုပ်ရန် အသုံးပြုသည်။ ဘာလီနှင့် တဆေး ရောစပ်ထားသော ခေါင်ရည်သည် ဗီတာမင် ဘီဓာတ်ကြွယ်ဝ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်ဖက်ရွက်များကို ဆိုဒါရောစ၍ တစ်နာရီခန့် ထားပြီး၊ ထိုလက်ဖက်ရည်ထဲသို့ ထောပတ်နှင့် ဆားခတ်လျှင် စိုလဂျာဟုခေါ်သော ထောပတ်လက်ဖက်ရည်ကို ရရှိသည်။ ထိုလက်ဖက်ရည်ကို သစ်သား ရေတကောင်းထဲ ထည့်ပြီး၊ တစ်နေ့လုံး သောက်သုံးကြသည်။ ယာမြေ စိုက်ခင်းထဲ အလုပ်လုပ်စဉ်တွင် ထိုရေနွေးအိုးကို မီးသွေးမီးဖိုပေါ်တွင် နွေးထားပြီး သောက်သုံးကြသည်။ လဒါခီတို့သည် တိရစ္ဆာန်များမှ ရရှိသော နို့များဖြင့် ထောပတ်ချက်ကြသည်။ အချို့ကို ဒိန်ခဲ ပြုလုပ်ပြီး၊ အခြောက်လှန်းကာ တစ်နှစ်ပတ်လုံး သိုလှောင်ထားကြသည်။ တရုတ်ဆီးသီးနှင့် အသားခြောက်များကိုလည်း တစ်နှစ်စာ သိုလှောင်ထားလေ့ရှိသည်။ အာလူး၊ နီကိုဥနှင့် အခြားအသီးအနှံများကိုမူ မြေတိုက်ခန်းထဲတွင် သိုလှောင်ကြသည်။

အလွန်ချမ်းအေးသော ဆောင်းရာသီအလိုက် အသားကို အဓိက စားသုံးကြသည်။ ဆိတ်သားအပြင် ဝိုနှင့် ယာ့က် နွား (အမဲ) သားကိုလည်း စားသုံးကြသည်။ တိရစ္ဆာန်အသက်သတ်ခြင်းကို အကုသိုလ်အလုပ်ဟု ယူဆထားသော လဒါခီတို့သည် ဆုတောင်းမေတ္တာ ပို့ပြီးမှသာ တိရစ္ဆာန်များကို သတ်လေ့ရှိသည်။

ရက်ကန်း ရက်ခြင်းကို အမျိုးသားများက အဓိက လုပ်ကိုင်ကြသည်။ သူတို့သည် နေ့စဉ် ရက်ကန်း ရက်ကြရပြီး၊ တစ်နေ့လျှင် အနည်းဆုံး တစ်ပေ အနံရှိသော အထည် (၃၅) ကိုက်ကို ပြီးအောင် ရက်နိုင်ကြသည်။ အမျိုးသမီးများက သိုးမွေး ချည်ငင်ပြီး၊ အမျိုးသားများက ယာ့က်၊ ဆိတ်မွေးနှင့် ချည်ငင်ကြသည်။ ထိုဆိတ်နှင့် နွားမွေးချည်ကို စောင်၊ ဖိနပ်၊ အိတ်နှင့် ကြိုးများ ရက်လုပ် အသုံးပြုပြီး၊ သိုးမွေးချည်ဖြင့် အဝတ်အထည်များ ရက်လုပ်သည်။ သိုးမွေးကို မိမိအိမ်မွေး တိရစ္ဆာန်များမှ အဓိက ရရှိသည်။ တချို့က သိုးမွေးကို ကောက်ပဲသီးနှံများနှင့် လဲလှယ်ယူကြသည်။ သိုးမွေးတစ်ပေါင်လျှင် ဘာလီစေ့ ဆယ်ပေါင်နှင့် လဲလှယ်ရသည်။ အမျိုးသမီးများသည် ဝန်စည်စလယ်များနှင့် ခြေလျင်ခရီးသွားစဉ် ချည်ငင်လေ့ရှိသည်။ ထိုသို့ ချည်ငင်ခြင်း၊ ဆေးဆိုးခြင်း၊ ရက်ကန်းရက်ခြင်း၊ အထည်ချုပ်လုပ်ခြင်းတို့ကို မိမိတို့ကိုယ်တိုင် လုပ်ကိုင်ကြသည်။ အချို့ရွာများတွင် အိမ်တိုင်း၌ ရက်ကန်းစင်နှင့် ရက်ကန်းသမားတစ်ဦးစီ ရှိကြသည်။ အချို့ရွာများတွင်မူ ရက်ကန်းသမား မလုံလောက်သောကြောင့် ထောပတ်၊ ဘာလီစေ့၊ ချွန်းနှင့် တစ်ခါစေ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



သိုးမွေးတို့ဖြင့် အခပေး၍ ရက်ကန်း ရက်ကြရသည်။ အမျိုးသားများအတွက် လှပသေသပ်သော သင်တိုင်းရှည်များ ရက်လုပ်ပြီး၊ အမျိုးသမီးများအတွက် ရှည်လျားသော စကတ်ပွများကို ရက်လုပ်ကြသည်။ သိုးမွေးအထည်ကို ဝတ်ဆင်ပြီး၊ သိုးသားရေဖြင့် ချုပ်လုပ်သော ဦးထုပ်များ ကို ဆောင်းလေ့ရှိကြသည်။ ယာ့က်အမွေးဖြင့် ပြုလုပ်သော ဦးကော့ဖိနပ်များ စီးကြသည်။

လက်ဝတ်ရတနာများကို ပြည်ပမှ တင်သွင်းကြသည်။ လူတိုင်းက မိမိတို့၌ ပိုလျှံသော ဘာလီ၊ သိုးမွေးတို့ဖြင့် သန္တာကျောက်၊ နီလာတို့ကို လဲလှယ်ဝယ်ယူကြသည်။ ရွှေထည်၊ ငွေထည်၊ ခရုသင်းနှင့် ကနုကမာဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများကို မိသားစုတိုင်းက များပြားစွာ ပိုင်ဆိုင် သိုမှီးနိုင်ကြသည်။

လဒါခီတို့၏ နေအိမ်များသည် အောက်ခြေတွင် ကြီးမားကျယ်ပြန့်ပြီး၊ အထက်သို့ ခပ်ပြေပြေ ချွန်တက်သွားရာ ခံတပ်ကြီးများနှင့် တူပြီး ကြည့်ကောင်းလှသည်။ အိမ်များမှ နှစ်ထပ်၊ သုံးထပ်တိုက်အိမ်များ ဖြစ်ပြီး အဖြူရောင်ထုံး သုတ်ထားကြသည်။ လဒါခီတို့၏နေအိမ် အောက်ခြေကြမ်းပြင်ဧရိယာမှာ စတုရန်းပေ (၄၀၀၀) မှအထက်တွင် ရှိသောကြောင့် အလွန်ကျယ်ဝန်းသည်။

အိမ်အသစ် မဆောက်မီ သက်တော်ဝါအကြီးဆုံး လားမား သံဃာတော်တစ်ပါး ပင့်၍ မြေကွက်တွင် နတ်များကို ပူဇော်ပသကြသည်။ ထို့နောက် ကြေးမုံတစ်ချပ်ဖြင့် မြေစောင့်နတ်ကို ရှာပြီး သေတ္တာထဲတွင် ထိုကြေးမုံကို ဒေါင်လိုက်ထည့်ထားကြသည်။ အိမ်ဆောက်နေစဉ်ကာလအတွင်း မြေစောင့်နတ်အား အထိအခိုက် မရှိစေရန် ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ဆိုသည်။ အိမ်ဆောက်ပြီးသောအခါမှသာ လားမားက ထိုသေတ္တာကို ဖွင့်၍ မြေစောင့်နတ်ကို ပြန်လွှတ်ပေးလေ့ရှိသည်။

အိမ်၏ ပထမအထပ်ကို ကျောက်ဖြင့် တည်ဆောက်ပြီး၊ ကျန်အပိုင်းများတွင် ရွှံ့အုတ်ကို အသုံးပြုသည်။ ရွှံ့အုတ် လုပ်ရာတွင် နေရာဒေသနှင့် မြေကြီးအမျိုးအစားအလိုက် လုပ်ပုံလုပ်နည်း ကွဲပြားသည်။ ကောက်ရိုးနှင့် ရွှံ့ကို ရော၍ အုတ်ပြုလုပ်သည်ကိုလည်း တွေ့ရတတ်သည်။ ဤဒေသများတွင် အုတ်စိမ်းများကိုသာ အသုံးပြုသော်လည်း မိုးခေါင်သောကြောင့် နေအိမ်များမှာ တာရှည်ခံကြသည်။ အိမ်နံရံများမှာ သုံးပေ အထူ ရှိပြီး၊ နူးညံ့သော ရွှံ့စေးတစ်မျိုးဖြင့် အင်္ဂတေကိုင်ထား

www.burmeseclassic.com



ထုံးသုတ်ကြသည်။ ရွှံ့အုတ်များကို ဝက်သစ်ချသား ပျဉ်ချောင်းများဖြင့် ထောက်မပေးပြီး၊ ခေါင်တိုင်တွင် ခြံနွယ်များမှ အကိုင်းအရွက်အချို့ကို ရွှံ့နှင့် ရောစပ် ချပ်နှောင်ကြသည်။

လဒါခီတို့သည် နေအိမ်များကို အချိန်ပေး၍ အနုစိတ် တန်ဆာဆင်လေ့ရှိကြသည်။ တံခါးနှင့် ပြတင်းပေါက်များတွင် ကြာပန်း၊ ကနုတ်ပန်းများ ထွင်းထားပြီး ရွှံ့စေးနှင့် ပြာ ရောနှောကာ အနက်ရောင် ဆေးသုတ်ထားကြသည်။ အိမ်၏အပေါ်ထပ်တွင် ပွတ်လုံးလက်ရန်းများနှင့် တန်ဆာဆင်ထားသော ဝရန်တာများရှိသည်။

အရှေ့အရပ်သည် မင်္ဂလာရှိသောအရပ်ဟု ယူဆသည့်အတွက် အိမ်တံခါးများသည် အရှေ့ဘက်သို့ မျက်နှာမူထားသည်။ မြေညီထပ်တွင် တိရစ္ဆာန်များကို ထားရှိပြီး အပေါ်တွင် လူနေအိမ်ခန်းများရှိသည်။ အပေါ်ထပ်သို့ ကျောက်လှေခါးဖြင့် ဆက်ထားပြီး တံခါးဝမှ ဝင်သွားလျှင် ကျယ်ဝန်းသော မီးဖိုခန်းနှင့် စတိုခန်းတို့ ရှိသည်။ မီးဖိုခန်းသည် လဒါခီတို့အတွက် ဧည့်ခန်းနှင့် အတူတူပင်ဖြစ်သည်။ အခန်းပတ်ပတ်လည်တွင် ကော်ဇောများ ခင်းကျင်းထားပြီး၊ စားပွဲခုံပုလေးများ ထားရှိသည်။ အခြား ပရိဘောဂများများစားစား မတွေ့ရချေ။ အိုးခွက်ပန်းကန်များကို မီးဖိုဘေး နံရံမှ ဆင့်များပေါ်တွင် အစီအရီ ထားရှိသည်။ အခန်းပတ်လည် နံရံများပေါ်တွင် ဗုဒ္ဓဘာသာနှင့်ဆိုင်သော ပန်းချီရုပ်ပုံများ ချိတ်ဆွဲထားသည်။ မီးဖိုကို ရွှံ့စေးဖြင့် ပြုလုပ်ပြီး၊ ဆိတ်သားရေဖြင့် ပြုလုပ်သော လေအိတ်ကို ဖိုထိုးရာတွင် အသုံးပြုသည်။ အိမ်မကြီး၏ အလယ်ရှိ အပေါက်မှ အလင်းရောင်ရရှိသည်။

နှစ်စဉ် ခြောက်လကျော်မျှ အလုပ်မလုပ်နိုင်သောကြောင့် ထိုကာလများအတွင်း စားသုံးရန် ရိက္ခာများကို အများအပြား စုဆောင်းသိုလှောင်ကြရသည်။ ထို့ကြောင့် ရိက္ခာသိုလှောင်ခန်းထဲတွင် ချွန်း ထည့်ထားသော သစ်သားစည်များ၊ ဒိန်ချဉ်အိုးများ၊ ဘာလီ၊ ဂျုံမှုန့်ပုံးကြီးများနှင့် ပြည့်နေပြီး အိမ်ခေါင်မိုးပေါ်တွင် နွားစာမြက်၊ ကောက်ရိုးနှင့် မီးဖိုချောင် လောင်စာတို့ကို ထားရှိရသည်။ နွေရာသီတွင် ဤနေရာ၌ တရုတ်ဆီးသီး၊ ဟင်းသီးဟင်းရွက်နှင့် ဒိန်ခဲများကို အခြောက်လှန်းကြသည်။

အပေါ်ဆုံးထပ်တွင် အလယ်ထပ်သို့ အလင်းရောင်ဝင်အောင် ဖောက်ထားသော အပေါက်ကို ရန်လျက် ဧည့်ခန်း၊ အိပ်ခန်းနှင့် ဘုရားခန်းများ ထားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းတွင် တိဘက်ကော်ဇောဖြင့် ခင်းကျင်းကာ လှပစွာ တန်ဆာဆင်ပြီး ဘုရားခန်းထဲတွင် တရားစာအုပ်နှင့် အဖိုးတန် ကျောက်မျက်ရတနာများ ထားရှိသည်။ ဘုရားစင်ကို အနုစိတ် ရုပ်လုံးပေါ်အောင် ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားပြီး စင်ပေါ်တွင် ငွေဖလားနှင့် ဆီမီးခွက်များ ထားရှိသည်။ နေ့စဉ် နံနက်ညနေပိုင်းတွင် အိမ်သားများက ဘုရားဆွမ်းတော်နှင့် ရေတော်များ ကပ်လှူခြင်း၊ ဆီမီးထွန်းညှိ ပူဇော်ခြင်း၊ ပရိတ်ရွတ် မေတ္တာပို့ခြင်း ပြုကြသည်။ အခါကြီး ရက်ကြီးများတွင် သံဃာ တော်များအား ပင့်ဖိတ်၍ ဘာသာရေးအခမ်းအနား ကျင်းပလေ့ရှိသည်။

ကြမ်းတမ်းသော ရာသီဥတုနှင့် ရှားပါးသော သယံဇာတများကို ရှေးကျသော ကုန်ထုတ်လုပ်နည်းများ အသုံးပြုကာ လဒါခီတို့ ကြွယ်ဝချမ်းသာစွာ နေထိုင်နိုင်ကြသည်။ ထွန်တုံး၊ ရက်ကန်းစင်နှင့် ဂျုံဘာလီစေ့ ကြိတ်ခွဲသော ရေရဟတ်တို့မှာ လဒါခီတို့၏ အဓိက ကုန်ထုတ်ကိရိယာများ ဖြစ်သည်။ အခြား အသုံးပြုသော ကိရိယာများမှာ ပေါက်ပြား၊ တံစဉ်၊ လွှ၊ တူ စသည့်ပစ္စည်းများ ဖြစ်သည်။ လဒါခီတို့သည် လူနှင့် တိရစ္ဆာန်အားကို အရင်းခံသော ကုန်ထုတ်လုပ်မှုအတွက် အချိန်များစွာ ပေးဆပ်ရသော်လည်း လဒါခီတို့တွင် အားလပ်ချိန်၊ အနားယူချိန်များစွာ ရရှိကြသည်။

အချိန်ကို အပေါ်ယံအားဖြင့်သာ သတ်မှတ်ထားပြီး၊ နာရီ၊ မိနစ်ဟူ၍ ရေတွက်ခြင်းမရှိပေ။ 'အရုဏ် တက်ချိန်'၊ 'နေထန်းတစ်ဖျား'၊ 'နေတောင်ထိပ်နား'၊ 'ညနေစောင်းမှ အိပ်ရာဝင်ချိန်ကြား' ဟူ၍ အချိန်ကို ခွဲခြား သတ်မှတ်ခေါ်ဝေါ်ကြသည်။ လဒါခီတို့သည် အလုပ်ကို အေးအေးဆေးဆေး လုပ်ဆောင်ကြသူများ ဖြစ်သည်။ အလုပ်နှင့် အားလပ်ချိန်ဟူ၍ ခွဲခြားလေ့မရှိပေ။ အလုပ်လုပ်ချိန် လေးလမျှသာ ရှိသော်လည်း တစ်နှစ်တာလုံးအတွက် လုံလောက် ပိုလျှံအောင် လုပ်ဆောင်နိုင်ကြသည်။ ဆောင်းရာသီတွင် ပွဲသဘင်များ ကျင်းပကာ အချိန်ကုန်လေ့ရှိသည်။ နွေရာသီ စိုက်ပျိုးရိတ်သိမ်းချိန်များ၌ပင် ပွဲသဘင်များနှင့် မကင်းကြပေ။

'မြေပြင်တွင် မြက်ပင်စိမ်းနေသမျှ ပုံပြင်မပြောရ' ဟု လဒါခီတို့၏ ဆိုရိုးစကားရှိသည်။ တိုတောင်းသော စိုက်ပျိုးရာသီတွင် အလုပ်ကိုသာ အာရုံစိုက် လုပ်ကိုင်ကြသည်။ ဆောင်းရာသီတွင်ကား မီးဖိုတွင် ပတ်လည်ဝိုင်းထိုင်ကာ ပုံပြောခြင်း၊ သီချင်းဆိုခြင်းမှာ အဓိကအလုပ်တစ်ခုနှယ်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)
# ဗိန္ဒောဆရာနှင့် နတ်ဝင်သည်

ဖျားနာမှုသည် အသိအမြင် နည်းပါးမှုကြောင့်ဖြစ်သည်။

လဒါခီ ဗိန္ဒောဆရာတစ်ဦး

ကျန်းမာသန်စွမ်းမှုနှင့် ချမ်းသာကြွယ်ဝမှုတွင် လဒါခီတို့မှာ စံပြုလောက်သူများဖြစ်သည်။ လဒါခီတို့သည် အသားအရည် ကျစ်လျစ်သန်မာပြီး၊ သက်လုံကောင်းသူများဖြစ်သည်။ အသက်ကြီးသူများပင်လျှင် လန်းဆန်းတက်ကြွကာ ဖျတ်လတ်သွက်လက်စွာ သွားလာလုပ်ကိုင်နိုင်ကြသည်။ အသက် (၈၀) ကျော်သည့်တိုင် သန်မာ ဖျတ်လတ်ဆဲရှိကြသည်။

လဒါခီတို့တွင် ဖျားနာခြင်း ကင်းသည်ဟု မဆိုလိုပေ။ အသက်ရှည်မိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် အစာအိမ်လမ်းကြောင်းတွင် ဖြစ်တတ်သော ရောဂါများ၊ အရေပြားနှင့် မျက်စိရောဂါများ အများဆုံး ဖြစ်ပွားတတ်သည်။ ဆောင်းရာသီတွင် မွေးကင်းစ ကလေးများနှင့် နို့ဖြတ်ကာစ ကလေးများ အသေအပျောက်နှုန်း အလွန်များသည်။ ထိုနို့ဖြတ်ပြီးနောက် အသက်ရှင်သော ကလေးများသည် ကျန်းမာသန်စွမ်းပြီး၊ ရောဂါ ဒဏ်ခံနိုင်ရည် ရှိကြသည်။

လဒါခီတို့တွင် စိတ်ပင်ပန်းဆင်းရဲခြင်းဟူ၍ အလွန်ရှားပါးသည်ကို တွေ့ရသည်။ ဘဝကို အကောင်းဘက်မှ ရှုမြင်တတ်ကြသည်။ သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ရပြီး၊ လွတ်လပ်စွာ လုပ်ကိုင်စားသောက်ကြသည်။ အချိန်ကြာမြင့်စွာ အလုပ် လုပ်ကိုင် လှုပ်ရှားကြပြီး၊ လတ်ဆတ်သန့်ရှင်းသော အစားအစာများကို စားသုံးကြသည်။ မိမိဒေသမှ ထွက်သော အသီးအနှံနှင့် အသားငါးများကိုသာ စားသုံးကြပြီး၊ လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ခဲ့သည်။

အနောက်တိုင်းသားတို့၏ အမြင်တွင် လဒါခီအစားအစာသည် အာဟာရဓာတ်ပါဝင်မှု အချိုးအစား မညီညွတ်ပေ။ ထောပတ်နှင့် ဆားကို အလွန်အကျွံ စားသုံးပြီး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စားသုံးမှု နည်းသော်လည်း ဆီနှင့် အငန်ဓာတ် လွန်ကဲ၍ ဖြစ်တတ်သော ရောဂါများနှင့် ကင်းဝေးကြသည်။ ကိုလက်စထရောဓာတ်ပါသော အစာကို စားသုံးသော်လည်း နှလုံးရောဂါဖြစ်ပွားခြင်း မရှိပေ။ ဤတွင် အစားအသောက်နှင့်ပတ်သက်၍ ဆေးပညာသိပ္ပံ၏ ယူဆချက်များသည် အားလုံး မမှန်ကန်ကြောင်း ပေါ်လွင်လာသည်။ ထို့အပြင် လူ၏ကျန်းမာရေးအတွက် အစားအစာအပြင် အခြားအကြောင်းတရားများလည်း ရှိကြောင်း သက်သေပြလိုက်ခြင်းလည်း ဖြစ်သည်။ ကိုယ်ကာယလှုပ်ရှားခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်းတို့သည် လူ၏ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိသည်။ လူ၏ခန္ဓာကိုယ်သည် သဘာဝပတ်ဝန်းကျင်နှင့်လျော်ညီစွာ ခန္ဓာအတွင်း ဓာတ်ဖွဲ့စည်းမှု ပြောင်းလဲလာသည်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်မှ ရရှိသော အာဟာရနှင့် သဘာဝအခြေအနေများအပေါ် သင့်တင့်စွာ တုံ့ပြန်နိုင်လာသည်။ ထို့ကြောင့်ပင် လဒါခီတို့သည် ဂျုံ ဘာလီနှင့် နို့ထွက်ပစ္စည်းများအပေါ် မှီခိုပြီး ကျန်းမာသန်စွမ်းစွာ အသက်ရှင်နိုင်ကြခြင်းဖြစ်သည်။

လဒါခီတို့၏ ကျန်းမာရေးအတွက် အလေးထား အားကိုးရသူမှာ အမ်ချီတို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော ဗိန္ဒောတိုင်းရင်း ဆေးဆရာများဖြစ်သည်။ ရွာတစ်ရွာတွင် ဆေးဆရာ နှစ်ဦး၊ သုံးဦးအထိ ရှိတတ်သည်။ တိုင်းရင်းဆေးပညာများကို သားစဉ်မြေးဆက် အမွေဆက်ခံကြရသည်။ သို့သော် ဆေးဆရာများသည် ဆေးကုသရေးတစ်ခုကိုသာ မှီ၍ အသက်မွေးခြင်းမဟုတ်ဘဲ စိုက်ပျိုးမွေးမြူရေးကို ဖောက်ချလုပ်ကိုင်ကြသည်။

အေဒီ (၈) ရာစုခန့်က စ၍ ပေါ်ထွန်းခဲ့သော တိဘက်ဆေးပညာသည် ဗုဒ္ဓဘာသာတရားနှင့် နီးနွယ်လျက်ရှိသည်။ တိဘက်ဆေးပညာတွင် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ရောဂါရှာဖွေရေးနှင့် ကုထုံးဆေးဖော်နည်းဟူ၍ လေးကျမ်းရှိသည်။ တိဘက်ဆေးကျမ်းများတွင် ရောဂါကာကွယ်နည်းကို အထူး အလေးပေး ဖော်ပြထားသည်။ ကျန်းမာအောင် နေထိုင်နည်း၊ ကိုယ်ဝန်ဆောင် မိခင်တို့အတွက် အာဟာရ မွေးကင်းစ ရင်သွေးစောင့်ရှောက်နည်း စသည့် လမ်းညွှန်ချက်များကိုလည်း တွေ့ရသည်။

ဖျားနာခြင်းသည် ခန္ဓာကိုယ်မှ ဓာတ်ကြီးလေးပါး မညီညွတ်မှုကြောင့် ဖြစ်သည်ဟု ယူဆပြီး၊ ရောဂါ ရှာဖွေစမ်းသပ်ရာတွင် လူနာ၏တစ်ကိုယ်လုံးကို ခြုံ၍ စစ်ဆေး စမ်းသပ်လေ့ရှိသည်။ ခန္ဓာကိုယ်၏ အင်္ဂါပိုင်း ဖောက်ပြန်မှုဟူသော ရုပ်၊ စိတ်၊ ဝိညာဉ်တစ်ပါးပါး ဖောက်ပြန်ခြင်းမျိုးအတွက်မူ တရားထိုင်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ယောဂီကျင့်စဉ်များ လေ့ကျင့်ခြင်းတို့ကိုလည်း ရောဂါကုနည်းများအဖြစ် အသုံးပြုကြသည်။ ရောဂါစမ်းသပ်ရာတွင် လူနာ၏ လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို စမ်းသပ်ခြင်း၊ လူနာ၏ မျက်လုံး၊ မျက်ခမ်းသား၊ လျှာတို့ကို စစ်ဆေးလေ့ရှိသည်။ လူနာ၏ မျက်နှာအမူအရာ၊ အသံအနေအထား၊ စိတ်အခြေအနေတို့ကို အကဲဖြတ်၍ ရောဂါကို သတ်မှတ်နိုင်ကြသည်။

တိုင်းရင်းဗိန္ဒောဆရာများသည် သဘာဝဆေးဖက်ဝင် ပစ္စည်းများကိုသာ အသုံးပြုကြသည်။ ၎င်းတို့ လက်ကိုင်ပြုသော ဆေးကျမ်းစာအုပ်များတွင် ဆေးဖက်ဝင် အပင်မျိုးမျိုးနှင့် ဓာတ်သတ္တုများအပြင် ရရှိနိုင်သော ပေါက်ရောက် ထွက်ရှိရာ ဒေသများကိုပါ ဖော်ပြထားသည်။ အဆိုပါ ဆေးဖက်ဝင် အပင်တို့၏ အပွင့်၊ အရွက်၊ အခေါက်၊ အသီး၊ အမြစ်နှင့် ဓာတ်သတ္တုပစ္စည်းများကို အမှုန့်ကြိတ်ကာ အမျိုးအစား အလိုက် အချိုးကျ ရောစပ်၍ ဆေးဖော်ကြသည်။ ဆေးများကိုလည်း အရည်ဖျော်၍ တစ်မျိုး၊ အမှုန့်လိုက် တစ်ဖုံ၊ ဆေးပြားများ ပြုလုပ်၍ တစ်နည်း၊ သုံးစွဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးအရည်အနှစ်များသည် လတ်တလော ရောဂါလက္ခဏာများကို ကုသရာတွင် အထိရောက်ဆုံးဖြစ်ပြီး၊ ရောဂါ၏အမြစ်ကို ပျောက်အောင် ကုသရာတွင် ဆေးမှုန့်၊ ဆေးပြားများကို အခံ့နယ် တိုက်ကျွေးရသည်။

ဆေးဝါးနှင့် သင့်တော်ပြီး ရောဂါသက်သာစေမည့် ဓာတ်စာများကို ဗိန္ဒော ဆရာများက ညွှန်ကြားပေးလေ့ရှိသည်။ ခန္ဓာကိုယ်အတွင်း အသွေးအသား ညီညွတ်မှု ရှိစေရန်အတွက် ထူးဆန်းသော ကုထုံးများဖြင့် ကုသပေးတတ်သည်ကို တွေ့ရသည်။ သံပူဖြင့် ကပ်ခြင်း၊ ပော်မုန်းအားတိုးဆေး ပေးခြင်း၊ မေထုန်မှိုဝဲစေခြင်းမျိုးကို ထိတ်လန့်အံ့ဩဖွယ် ကြားသိရသည်။ ရှေးရာစုနှစ်များစွာက လဒါခီ (၃၈) ဆက် မြောက် ဘုရင်၏ မိဖုရားအား ခွဲစိတ်ကုသစဉ် အသက်ဆုံးသွားရာမှစ၍ ခွဲစိတ်ကုသ ခြင်းကို လုံးဝ တားမြစ်ပိတ်ပင်ခဲ့သည်။ ခွဲစိတ်ကုသခြင်းကို ပိတ်ပင်သည့်နည်းတူ ဒဏ်ရာများကို ချုပ်စပ်ခြင်းလည်း မပြုကြပေ။ ကြီးမားသော ဒဏ်ရာများကို သန့်စင် အောင် ဆေးကြောပြီး၊ ဆေးမှုန့် သိပ်ကာ သွေးတိတ်ဆေးများ တိုက်ကျွေးခြင်းဖြင့် သာ ကုသကြသည်။ အရိုးကျိုးလျှင် ဆေးကျပ်စည်း၍ ကုသပေးသည်။ သို့ရာတွင် မော်တော်ယာဉ်နှင့် စက်ယန္တရားမရှိသော လာဒါတ်တွင် ထိုဒဏ်ရာမျိုး ရခဲပါသည်။ အူအတက်ရောင်ရောဂါ၊ အစာအိမ်ရောဂါကဲ့သို့သော ရောဂါမျိုးသည်လည်း ဖြစ်ခဲ ကြုံရခဲသော ရောဂါများဖြစ်သည်။

လဒါခီလူ့အဖွဲ့အစည်းတွင် စိတ်ဝေဒနာရှင် အလွန်ရှားပါးကြောင်း သိရ သည်။ တိဘက်ဆေးကျမ်းအဆိုအရ စိတ္တဇဝေဒနာ ကုသရာတွင် ဆေးဝါးနည်းထက် ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်ပညာနှင့် ကုသခြင်းနည်းကို အလေးပေး ဖော်ပြသည်ကို တွေ့ရသည်။

လဒါခီလူ့အဖွဲ့အစည်းတွင် ဆေးကုသမှုဆိုင်ရာ အရေးပါသူ အခြားလူများ မှာ နတ်ဝင်သည် (အောက်လမ်း ပညာ) နှင့် ဗေဒင်ဆရာတို့ဖြစ်သည်။ အများအား ဖြင့် ဗိန္ဒောဆရာနှင့်သာ ကုသခံယူလေ့ရှိကြပြီး၊ ကလေးမရခြင်းကဲ့သို့သော ကိစ္စ ရပ်များတွင် အခြားဆေးဆရာများနှင့် တိုင်ပင်လေ့ရှိကြသည်။ ရွာသားများ အိမ် ဆောက်ရန် မြေနေရာနှင့် စိုက်ပျိုးရေးအတွက် နေ့ကောင်းရက်မြတ် ရွေးချယ်ခြင်း၊ မင်္ဂလာဆောင်မည့် သတို့သားသတို့သမီးတို့၏ ကံဇာတာ တွက်ချက်ခြင်း၊ ကွယ်လွန် သူအတွက် အန္တိမစျာပနာ အချိန်သတ်မှတ်ခြင်းတို့အတွက် ဗေဒင်ဆရာထံ ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ လူတို့၏ကံဇာတာကို တွက်ချက်ရုံမက နက္ခတ်အခြေအနေပြ ဇယားကို ကြည့်၍ လူနာများကို ရောဂါရှာဖွေပေးခြင်း၊ ဆေးအညွှန်းများ ညွှန်ကြားပေးခြင်း တို့ကိုလည်း ပြုလုပ်သည်။ ပရိတ်ရွတ်ခြင်း၊ ဂါထာဖတ်ခြင်းဖြင့် ဆေးကုလေ့ရှိသည်။ ကြွေအန် ပစ်၍ ဟောကိန်းထုတ်တတ်ကြသည်။

နတ်ဝင်သည် ခေါ် အောက်လမ်းဆရာများသည် နတ်ပူးသောအခါ ရှေး ဟောင်းနှောင်းဖြစ်များ ဟောခြင်း၊ ရောဂါကုသခြင်းတို့ကို ပြုလုပ်သည်။ အနောက် တိုင်း ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များကို နတ်ဝင်သည်နှင့် တွေ့ဆုံပေးရင်း နတ်ဝင်ချိန် တွင် ရုပ်ရှင်ရိုက်ကူးခွင့်ပေးရန် မေတ္တာရပ်ခံရာမှ နတ်ဝင်သည်တစ်ဦးကို ကျွန်မကိုယ် တိုင် လေ့လာခွင့်ရခဲ့ပါသည်။

နတ်ဝင်သည် ပြင်ဆင်ထားသော အခန်းထဲတွင် ဘုရားစင်ပေါ်၌ ပူဇော် ပသဖွယ်ရာ အလှူဝတ္ထုများကို နေရာတကျ စီစဉ်ထားသည်။ ထိုအခန်းထဲသို့ ဝင် သောအခါ နတ်ဆရာက မျက်နှာကို အဝတ်ဖြူနှင့် ဖုံးအုပ်၍ ဦးခေါင်းတွင် ထောင့် ငါးခုပါသော သရဖူကို ဆောင်းထားသည်။ လက်ထဲတွင် ကြေးစည်မောင်းတစ်ခုကို ကိုင်ထားသည်။ ထိုကြေးစည်ကို လှုပ်ကာ ထုရင်း ဂါထာမန္တန်များကို ရွတ်ဖတ် သရဇ္ဈာယ်သည်။ တဖြည်းဖြည်းနှင့် ဂါထာရွတ်ဆိုသံ ကျယ်ပြီး မြန်လာသည်။ ကြေး စည်သံ စည်းချက်ကလည်း မြန်လာသည်။ ထို့နောက်တွင် အခြားဝိညာဉ်တစ်ခုခု ဝင်ရောက်လာပုံရသည်။ ခက်ထန် ပြတ်သားသော အသံနှင့် လူနာများ၊ အမှုသည် များကို မြေဆို ညွှန်ကြားလေတော့သည်။

လူနာများ၏ ရင်ဘတ်နားသို့ ခေါင်းကို ကပ်ပြီး၊ ခဏအကြာတွင် ရောဂါပိုး ရှိသည်ဟု ဆိုသော မဲညစ်ညစ်အရည်များကို ထွေးထုတ်ကာ ရောဂါများကို ကုသပေး တတ်သည်။ အချို့ကို ဂါထာရွတ်ဆိုရန် သင်ပေးသည်။ အချို့ကို သိဒ္ဓိတင်ထား သော ဆန်စေ့များကို ပေးသည်။ ကုသမှု ပြီးဆုံးသောအခါ နတ်ဆရာသည် ဘုရား စင်ရှေ့မှာပင် ဝုန်းကနဲ လဲကျ ငြိမ်သက်သွားတော့သည်။ ခဏကြာသောအခါ နတ် ဆရာသည် လူကောင်းပကတိ ပြန်ဖြစ်သွားတော့သည်။ နတ်ဝင်နေစဉ် အလွန် ကြမ်းတမ်းခက်ထန်သောအသွင် ရှိသည်။ ထိုသို့ နတ်ဝင်စဉ်တွင် ပြောသော စကား မှာ ဝင်ပူးနေသော နတ်၏စကားများသာ ဖြစ်သည်ဟု လမ်းပြသူက ရှင်းပြသည်။ ဤကား လဒါခီတို့၏ အံ့ဩစိတ်လှုပ်ရှားဖွယ်ရာ ပညာတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)
# အေးအတူ ပူအမျှ

မြစ်ပေါင်းတစ်ရာကို ပိုင်ဆိုင်သော်လည်း သူတစ်ပါးထံမှ ကြာပွတ်တစ်ချောင်းကို တောင်းခံရတတ်သည်။

လဒါခီ စကားပုံ

(၁၉၈၃) ခုနှစ်၊ နွေရာသီတွင် ကျွန်မနှင့် လူမှုဂေဟဗေဒ ပညာရပ်ဆိုင်ရာ ပါမောက္ခတစ်သိုက်သည် ဇန်စကာဒေသရှိ တွန်ဂဒေးကျေးရွာသို့ ရောက်ရှိခဲ့သည်။ ကျွန်မတို့လေ့လာရေးအဖွဲ့သည် ပတ်ဝန်းကျင်ဒေသများကို လေ့လာရင်း တစ်လခန့်အကြာတွင် စာရေးစာဖတ် ပြုလုပ်နိုင်ရန်အတွက် တိတ်ဆိတ်အေးဆေးသော အခန်းတစ်ခန်း လိုအပ်လာသည်။ သို့နှင့် ကျွန်မတို့ တည်းခိုလျက်ရှိသော အိမ်နှင့်ကပ်လျက် အိမ်နီးချင်းထံမှ အခန်းတစ်ခန်းကို ငှားရမ်းသောအခါ အိမ်ရှင်များက ခါးခါးသီးသီး ငြင်းဆိုကြသည်။ သူတို့၏အဖြေမှာ "တသက်လုံး အတူနေသွားရမည့် အိမ်နီးချင်းများနှင့် စိတ်အနှောင့်အယှက် မဖြစ်စေလို" ဟူ၍ဖြစ်သည်။ လဒါခီတို့က လူ့အသိုင်းအဝိုင်းနှင့်အတူ ယှဉ်တွဲနေထိုင်ရေးကို အရေးအကြီးဆုံးဟု ယူဆထားပုံ ရသည်။ အပိုဝင်ငွေ အနည်းငယ် ရရန်အတွက်ထက် အိမ်နီးချင်းများနှင့် သင့်မြတ်စွာ နေထိုင်ဆက်ဆံနိုင်ရေးကို ပို၍ တန်ဖိုးထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လဒါခီလူ့အဖွဲ့အစည်းတွင် သူတစ်ပါးနှင့် ခိုက်ရန်မဖြစ်အောင် ထိခိုက်ဆုံးရှုံးမှု မရှိစေရန်၊ သူတစ်ပါးကို မစော်ကားမိစေရန်၊ စိတ်ဆင်းရဲမှု မဖြစ်စေရန် အထူး သတိထား စောင့်စည်းတတ်ကြသည်။ အချင်းချင်း ခိုက်ရန်ဖြစ် အငြင်းပွားရမည့် အခြေအနေများကိုလည်း သတိနှင့် ရှောင်ကြဉ်တတ်ကြသည်။ ပေထက်တွင် အကွာရာမတင်သော အမှုမျိုးအတွက် အချင်းချင်း သည်းခံတုံ့ပြန်တတ်ကြသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး အကျိုးကို အလေးထားရာတွင် လူတစ်ဦးချင်း၏ အခွင့်အရေးကို ထိခိုက်ချုပ်ခြယ်ခြင်း မရှိပေ။

လဒါခီလူ့အဖွဲ့အစည်းတွင် ခိုက်ရန်ဖြစ်ပွားရန် မဆိုထားနှင့်။ အချင်းချင်း အငြင်းပွားမှုမျိုးကိုပင် ကြုံရခဲလှသည်။ ပြဿနာ (သို့မဟုတ်) အချေအတင် အတိုက်အခံ ပြောဆိုစရာ ကြုံလာလျှင် တစ်စုံတစ်ဦးက ကြားဝင် ဖျန်ဖြေ စေ့စပ်ပေးခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းတတ်ကြသည်။ ထိုသို့ ကြားလူ ဝင်ရောက် ဖျန်ဖြေခြင်းကိုလည်း လေးစားစွာ ကျေနပ်လက်ခံတတ်ကြသည်။ ထိုသို့ ကြားဝင် ညှိနှိုင်း ဖျန်ဖြေခြင်းကို ကလေးသူငယ်များကပင် ကျင့်သုံးတတ်ကြသည်ကို တွေ့ရသည်။ လူသားအချင်းချင်း သင့်မြတ်ချစ်ကြည်ရေးကို တန်ဖိုးထား မြတ်နိုးကြသော လဒါခီတို့က ဆွေးနွေးဖြေရှင်းခြင်းနှင့် တတိယပုဂ္ဂိုလ်၏ ညှိနှိုင်းပေးမှုကို လိုလားစွာ လက်ခံတတ်ကြသည်။

ထို့ကြောင့်လည်း လဒါခီလူမျိုးများအကြား ပြဿနာကြီးငယ် ပေါ်ပေါက်ခြင်းကို အထူးသဖြင့် ကာကွယ်ဖြေရှင်းနိုင်ကြသည်။ အမှုသည်များအကြား ၎င်းတို့နှင့် မစပ်ဆိုင်သူ၊ မသိကျွမ်းသူများကပင် ပါဝင် ညှိနှိုင်းပေးနိုင်ခွင့်ရှိကြောင်း တွေ့ရသည်။ **ထိုသို့ စည်းလုံးညီညွတ်မှု ရှိသောကြောင့် လဒါခီလူ့အဖွဲ့အစည်းတွင် လူတစ်ဦးစီ၏အသက်တာ လုံခြုံစိတ်ချရမှု ပိုများသည်။ စင်စစ် လဒါခီကျေးရွာများသည် ဒီမိုကရေစီနည်းကျကျ အုပ်ချုပ်သော ဒေသများဖြစ်သည်။**

မိသားစုအနည်းငယ်မှလွဲ၍ မိသားစုများအားလုံးလိုလို ကိုယ်ပိုင်မြေယာများ ပိုင်ဆိုင်ကြသည်။ လူလတ်တန်းစားမှာ စုစုပေါင်း လူဦးရေ၏ (၉၅) ရာခိုင်နှုန်းရှိပြီး၊ ကျန် (၅) ရာခိုင်နှုန်းမှာ လူကုံထံနှင့် ဆင်းရဲသားများ ဖြစ်ကြသည်။ ဆင်းရဲသားလူတန်းစားမှာ လက်သမားပညာ၊ ပန်းပဲပညာတို့ဖြင့် အသက်မွေးကြသူများ ဖြစ်ပြီး အများစုမှာ 'မွန်' လူမျိုးများဖြစ်ကြသည်။ လူတန်းစား ကွဲပြားမှုရှိသော်လည်း သူ့မှု



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးတွင် ခွဲခြားကွာဟခြင်း မရှိပေ။

မြေယာပိုင်ဆိုင်သူ များသောကြောင့် မြေယာစိုက်ပျိုးလုပ်ကိုင်ရာတွင် ကိုယ်ပိုင်ပစ္စည်းကိရိယာများနှင့် လွတ်လပ်စွာ လုပ်ကိုင်ကြသည်။ ရပ်ရွာကိစ္စများ၊ ဘာသာရေးနှင့် ပွဲလမ်းသဘင်ကိစ္စများကို တစ်ရွာလုံး စုပေါင်းတိုင်ပင် လုပ်ဆောင်ကြသည်။ ကျေးရွာကြီးများတွင် ဆယ်အိမ်စုများ ဖွဲ့၍၊ ဆယ်အိမ်မှူးများ ခန့်အပ်ထားရှိကာ ထိုဆယ်အိမ်မှူးများနှင့် ကျေးရွာကောင်စီတို့ ဖွဲ့စည်းကြသည်။ ရွာကောင်စီအစည်းအဝေးကို တစ်နှစ်ပတ်လုံး ပုံမှန် ကျင်းပလေ့ရှိပြီး၊ အစည်းအဝေးတွင် ရွာသူကြီးက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရွာသူကြီးကို တစ်နှစ်လျှင် တစ်ကြိမ် ရွေးချယ်ခန့်အပ်လေ့ရှိသည်။ ရွာသားများ နှစ်သက်သဘောကျသော ရွာသူကြီးကိုမူ နှစ်စဉ်ဆက်တိုက် ပြန်လည် ရွေးချယ်ခန့်အပ်ကြသည်။ ရွာသူကြီးသည် တရားသူကြီးအဖြစ်လည်း တာဝန်ယူရသည်။ သဘောထားကွဲလွဲမှုများ ရှိလာပါက ရွာသူကြီးထံတွင် အဆုံးအဖြတ်ကို ခံယူကြသည်။ ထိုသို့ အဆုံးအဖြတ်ယူရာတွင် တရားခွင်ပုံစံနှင့် မဖြေရှင်းဘဲ၊ မိတ်ဆွေရင်းမိသားစုများကဲ့သို့ပင် လက်ဖက်ရည် သို့မဟုတ် ချွန်းသောက်ရင်း ဝိုင်းဖွဲ့ကာ ဆွေးနွေးတိုင်ပင်ခြင်း ပြုကြသည်။

လာဒါတ်သို့ မရောက်ဖူးခင်က တရားစီရင်ရာတွင် မှန်ကန်တိကျစေရန် အမှုသည်များနှင့် လုံးဝ သိကျွမ်းပတ်သက်ခြင်း မရှိသော တရားသူကြီး ဖြစ်ရမည်ဟု ထင်ခဲ့သည်။ လာဒါတ်ဒေသတွင် ရောက်ရှိ နေထိုင် လေ့လာပြီးမှ အကွင်းမဲ့ မှန်ကန်ကောင်းမွန်သော စီရင်ချက်ဟူ၍ မရှိကြောင်း သဘောပေါက်လာခဲ့သည်။ သို့သော် လာဒါတ်ဒေသရှိ ကျစ်လျစ်ညီညွတ်သော လူ့အဖွဲ့အစည်း၌ ကျင့်သုံးသော အချင်းချင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်းသည် အကောင်းဆုံးနှင့် အထိရောက်ဆုံး တရားရေးစနစ် ဖြစ်ပြီး၊ အမှုသည်များနှင့် ရင်းနှီးကျွမ်းဝင်သူ တရားသူကြီးသည်လည်း မည်သူ့ကိုမျှ အားမနာဘဲ တရားနည်းလမ်းအတိုင်း စီရင် ဆုံးဖြတ်ပေးနိုင်သည်ကို တွေ့ရသည်။

လဒါခီတို့၏ လူ့အဖွဲ့အစည်းပမာဏသည် သေးငယ်ပြီး၊ ကျစ်လျစ်မှုရှိခြင်းနှင့် ဘာသာတရားကိုင်းရှိုင်း လိုက်နာမှုတို့သည် သာယာအေးချမ်း ပျော်ရွှင်သော လူ့အဖွဲ့အစည်းကို ဖန်တီးပေးသည့် အဓိက အကြောင်းတရားများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းတရားများကပင် လူတစ်ဦးစီ၏ ဘာသာရေးကိုင်းရှိုင်းမှုနှင့် လူ့ကျင့်ဝတ်တို့ကို ခိုင်မြဲစေသည်။

အိမ်ခြေတစ်ရာထက် မပိုသော လဒါခီကျေးရွာများတွင် ရွာသားများအချင်းချင်း အမှီသဟဲပြုနေခြင်းကြောင့် လူ့အဖွဲ့အစည်းအပေါ်တွင် တာဝန်သိတတ်ပြီး၊ ရပ်ရွာအကျိုး ပျက်စီးစေမည့် အလုပ်များကို အထူးသဖြင့် ရှောင်ကြဉ်ကြသည်။ အခွင့်အရေးနှင့် အာဏာအလွဲသုံးစားခြင်းလည်း မရှိဘဲ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များကို လူချင်းတွေ့ဆုံကာ ဆောင်ရွက်လုပ်ကိုင်ကြသည်။ သေးငယ်သော လူ့အဖွဲ့အစည်း၏အာဏာကို တစ်စုံတစ်ယောက်အား လွှဲအပ်ထားခြင်းမျိုးလည်း မရှိပေ။ နိုင်ငံတစ်နိုင်ငံ၏သမ္မတသည် သူ မသိကျွမ်းနားမလည်သော လူမျိုးများစွာကို အုပ်ချုပ်နေချိန်တွင် လဒါခီရွာသူကြီးကမူ သူနှင့်နေ့စဉ်ထိတွေ့ ဆက်ဆံနေရသော လူအနည်းငယ်၏ အမှုအရေးကို စီရင်အုပ်ချုပ်ကြရသည်။

လဒါခီကျေးလက်နေလူများသည် မိမိဘဝကို မိမိပိုင်ဆိုင်ကြသည်။ မိမိ၏ အရေးကိစ္စများ၊ ရောင်းဝယ်ဖောက်ကားခြင်းအမှုများကို မိမိဘာသာ လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြသည်။ ရပ်ဝေးမှ ဗျူရိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ကုန်သည်ကြီးများ၏ ဈေးကွက်လှည့်ပတ်မှုများအပေါ် အမှီအခိုပြုမှု အလွန်နည်းသည်။ အခြေအနေက တောင်းဆိုလာသော လိုအပ်ချက်များအတွက် လူထု၏ဆုံးဖြတ်ချက်များကို လျင်မြန်စွာ ရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြသည်။ မည်သည့်အမှုကိစ္စမျိုးဖြစ်ပွားစေ တရားသေဥပဒေ သတ်မှတ်ချက်မရှိဘဲ အခြေအနေအလျောက် အသင့်တော်ဆုံး ညှိနှိုင်းဆောင်ရွက် ဆုံးဖြတ်ချက်ချလေ့ရှိသည်။

လဒါခီတို့၏ စီးပွားရေးစနစ်တွင် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်လုပ်ကိုင်ခြင်း မရှိဘဲ အပြန်အလှန် အကူအညီပေးခြင်းသည် အဓိက တွန်းအားတစ်ခုဖြစ်သည်။ ပုဂ္ဂလိကအကျိုးသည် လူ့အဖွဲ့အစည်းအကျိုးကို ဘယ်သောအခါမျှ မထိခိုက်စေပါ။ တစ်နည်းအားဖြင့် လူအချင်းချင်း သဟဇာတရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ လဒါခီလူ့အဖွဲ့အစည်း၏ ပုံသဏ္ဍာန်ကို ပေါ်လွင်စေသောအဖွဲ့မှာ ပါစပွန်ခေါ် သာရေးနာရေး အသင်းအဖွဲ့များဖြစ်သည်။ ဤအသင်းတစ်သင်းတွင် အိမ်ထောင်စု လေးစုမှ ဆယ်စုအထိ ပါဝင်သည်။ အချို့အသင်းများမှာ အခြားရွာများမှ မိသားစုများ ပါဝင်ဖွဲ့စည်းထားသည်။ ဤပါစပွန်အသင်းက အသုဘကိစ္စများ၊



www.burmeseclassic.com

www.burmeseclassic.com



မီးဖွားခြင်း၊ မင်္ဂလာဆောင်ခြင်းကိစ္စများတွင် တစ်သင်းလုံး ပါဝင်လုပ်အားပေးကြသည်။ အသင်းဝင်တစ်ဦး ကွယ်လွန်ပါက အလောင်းကို ရေချိုးပြင်ဆင်ခြင်းမှအစ အလောင်းကို မီးသင်္ဂြိုလ်ပြီးသည်အထိ တစ်ပတ်မှ တစ်ပတ်ကျော်အထိ နာရေးအိမ်တွင် အမှုကိစ္စများကို ခွဲဝေစီမံပေးကြသည်။

ဈာပနာ ချမည့်နေ့တွင် ရွာသားများက ရိုးရာပုံစံအလိုက် ပေါင်မုန့်နှင့် ဘာလီမုန့်ညက်တို့ကို လက်ဆောင်ပါလျက် လာရောက်ကြပါသည်။ ကွယ်လွန်သူ၏ ဆွေမျိုးအမျိုးသမီးများက မီးဖိုဘေးတွင် ဝိုင်းဖွဲ့၍ ငိုချင်းတစ်ပုဒ်ကို အဆက်မပြတ် ဆိုညည်းကြစဉ် ရွာသားများနှင့် မိတ်ဆွေများက နှစ်သိမ့်အားပေးစကား ပြောလေ့ရှိသည်။ ရဟန်းတော်တစ်ပါးက လာရောက်ပြီး တရားစာများကို အဆက်မပြတ် ရွတ်ဖတ်ပေးသည်။

အလောင်းကို မီးမသင်္ဂြိုလ်မီ ရဟန်းတော်တစ်ပါးက တိဘက်တရားစာကို ရွတ်ဖတ်ကာ ကွယ်လွန်သူ၏ဝိညာဉ်ကို နိဗ္ဗာန်တရားတော်လမ်းသို့ ပြည့်နှင့်ပေးသည်။ ဈာပနာ ချရာတွင် အိမ်ရှင်အမျိုးသမီးများ လိုက်လေ့မရှိချေ။ အသုဘ ပို့ဆောင်ရာလမ်းတွင် ဗုံများကို အဆက်မပြတ် တီးသွားကြသည်။ ရဟန်းတော်များသည် မျက်နှာကို ပုဝါဖြင့် ဖုံးအုပ်ကာ ကက်ဦးထုပ်ကို ဆောင်းထားကြသည်။ ရဟန်းများနောက်မှ ဗုံတီးသူများ၊ ထို့နောက် အလောင်းထမ်းစင်ကို ရွက်သောသူများနှင့် မီးသင်္ဂြိုလ်ရန် ထင်းသယ်သူ ပါစပွန်အသင်းသားများ၊ ၎င်းတို့နောက်မှ ကွယ်လွန်သူ၏ ဆွေမျိုးသားချင်း အမျိုးသားများနှင့် မိတ်ဆွေများ တန်းစီ၍ သွားကြရသည်။ ရဟန်းတော်များက ပူဇော်ဖွယ်ပစ္စည်းများကို မြေမီးဖိုထဲ ထည့်၍ မီးနတ်အား ပူဇော်ပေးသည်။

ပါစပွန်အဖွဲ့သည် ရာသက်ပန် စည်းလုံးညီညွတ်သော အဖွဲ့ဖြစ်သည်။ ၎င်းတို့သည် အိမ်စောင့်နတ်ကို ကိုးကွယ်ကြသည်။ မိမိတို့အသင်းအဖွဲ့ကို အလွန်ခင်တွယ်ကြသည်။ ဘုံလူမှုရေး လုပ်ငန်းများအတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်တတ်ကြသည်။ မိမိ၏ မိသားစုနှင့် အိမ်နီးချင်းများအပြင် ဝေးလံသော အရပ်မှ လူများနှင့်လည်း ရင်းနှီးသော ဆက်ဆံရေးကို ထားရှိကြသည်။

သေးငယ်သော လူ့အဖွဲ့အစည်းအတွင်း အခြေအနေအလိုက် ပံ့ပိုး ကူညီမှုများကိုလည်း တွေ့ရသည်။ ဥပမာ- ပါစပွန်အသင်းဝင်တစ်ဦး ကွယ်လွန်ချိန်သည် ထိုအသင်းမှ အသင်းသားတစ်ဦး ကောက်ရိတ်ချိန်နှင့် ကြုံပါက အခြားသော ပါစပွန်



www.burmeseclassic.com

www.burmeseclassic.com



အသင်းဝင်များနှင့် တိုင်ပင်ပြီး လှူစားပို့ပေးတတ်ကြသည်။

လယ်ယာလုပ်ငန်းခွင်အများစုကို တစ်ရွာလုံးသော်လည်းကောင်း၊ ဆယ်အိမ်စု အလိုက်သော်လည်းကောင်း၊ လက်စားလိုက်စနစ်ဖြင့် ဝိုင်းဝန်း ကူညီလုပ်ကိုင်ပေးကြသည်။ ထိုသို့ အလှည့်ကျ လက်စားလိုက် လုပ်ကိုင်ခြင်းဖြင့် ယာခင်းများတွင် အလုပ်ကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ကြသည်။ လက်စားအငှားလိုက်ခြင်းသည် တစ်ခါတစ်ရံ ကျေးရွာတစ်ရွာထက် ပို၍အကျိုးဝင်သည်။ မည်သည့်အခါမျှ တစ်မိသားစုတည်း ကောက်ရိတ်သိမ်းသည်ဟု မရှိပေ။ အပြန်အလှန် လုပ်အားပေးကာ တပျော်တပါး စုပေါင်းလုပ်ကိုင်တတ်ကြသည်။

စုပေါင်း ဘုံဆိတ်ကျောင်းခြင်းကိုလည်း လုပ်ကိုင်ရာတွင် မိသားစုတစ်စုလျှင် တစ်ဦးမှ နှစ်ဦးစီ အလှည့်ကျ ထိန်းကျောင်းရသောကြောင့် အလှည့်မကျသေးသူများသည် အခြားအလုပ်များကို ကောင်းစွာ လုပ်ကိုင်သွားနိုင်ကြသည်။ ပုဂ္ဂလိကပိုင် ပစ္စည်းများကိုလည်း ခွဲဝေအသုံးပြုတတ်ကြသည်။

ဖူဒေသရှိ တဲအိမ်များတွင် လုပ်အား၊ နို့၊ ဒိန်ခဲပေး၍ ငှားရမ်းနေထိုင်ခြင်း၊ တစ်ဦးတစ်ယောက်ပိုင် ရေရဟတ်ကို အလှည့်ကျ ခွဲဝေအသုံးပြုခြင်းမျိုးကို တွေ့ရသည်။ ရေရှားသော ဆောင်းဦးရာသီတွင် ဂျုံကြိတ်ရန် အရေးတကြီး လိုနေသူသည် ဂျုံစက်ပိုင်ရှင်ထံ ဂျုံမှုန့်အချို့ကို အခပေး၍ ဂျုံကြိတ်နိုင်သည်။

အလုပ်အများဆုံးဖြစ်သော ထယ်ထိုး ပျိုးချသည့်အချိန်တွင်ပင် ကျွဲ၊ နွားနှင့် လယ်ယာသုံးကိရိယာများကို ခွဲဝေငှားရမ်း အသုံးပြုလေ့ရှိသည်။ ဆောင်းရာသီအကုန် နှင်းငွေ့နှင့် မြေစိုနေစဉ် ပျိုးကြဲရန် အကောင်းဆုံးဖြစ်သည်။ ဤအခါရာသီမျိုး၌ လယ်သမားမိသားစုအားလုံးက လိုအပ်သည့် ပစ္စည်းကိရိယာများကို အချင်းချင်း ပံ့ပိုးဖြည့်တင်းပေးကြသည်။ ဤစနစ်ကို အလေးထား လိုက်နာကြသော်လည်း အခြေအနေအလျောက် အလျှော့အတင်း ပြုလုပ်လေ့ရှိသည်။ ဆိုလိုသည်မှာ မိမိတို့နှင့် လုပ်အား စုပေါင်းပါဝင်ခြင်းမရှိသော ရွာသားများ၏လုပ်ငန်းခွင် အခက်အခဲများကိုလည်း အချိန်ပေး၍ ရက်ရောစွာ ကူညီဖြေရှင်းပေးတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)
# အကာမတိုက်သောယိမ်း

လဒါခီမိသားစုများတွင် ဇနီးသည်တို့သည် အိမ်ထောင်တွင် အာဏာအရှိဆုံးဖြစ်ပြီး၊ အမျိုးသားများသည် ဇနီးသည်တို့၏ အုပ်ချုပ်မှုကို ရိုကျိုးစွာ ခံယူကြသည်။ အမျိုးသမီးများသည် အရောင်းအဝယ်လုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်ပြီး ကိုယ်ပိုင်ဝင်ငွေရှိသူဖြစ်သည်။ အမျိုးသမီးများ၏စကားသည် သူတို့အိမ်သားများအတွက် ဥပဒေတစ်ရပ်ဖြစ်သည်။

မေဂျာအမ်အယ်လ်အေ၊
ဂွမ်ပါတ်ဇ်၏ 'မက်ဂျစ်လာဒါတ်' ၁၉၂၈ မှ

လဒါခီတို့၏ အိမ်ထောင်ရေးမှာ လင်အများ တစ်မယားစနစ်ဖြစ်သည်။ လာဒါတ်တွင် အမျိုးသားနှင့် အမျိုးသမီးလူဦးရေ မတိမ်းမယိမ်းသာ ရှိသော်လည်း လင်အများ တစ်မယားစနစ်ကြောင့် လူဦးရေထိန်းချုပ်မှုကို အလွန်အကျိုးပြုပေသည်။ အများအားဖြင့် နှစ်လင် တစ်မယားစနစ်ကို ကျင့်သုံးပြီး၊ အိမ်ထောင်အတွင်း၌ ပြဿနာဖြစ်ပွားမှု မရှိအောင် ထိန်းသိမ်းနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လဒါခီတို့သည် လင်မယားချင်း ချစ်ခင်ကြင်နာမှုကို လူအများရှေ့တွင် ပေါ်လွင်အောင် ပြသလေ့ မရှိပေ။ သို့သော် ၎င်းတို့သည် ကာမဂုဏ်၌ အလွန်အမင်း လိုက်စားသူများ မဟုတ်သလို၊ ချုပ်တည်းလွန်းသူများလည်း မဟုတ်ပါ။ လင်မယား အကြားတွင် ဖောက်ပြန်ခြင်းကို လက်မခံသော်လည်း ထိုသို့သော ဖြစ်ရပ်များနှင့် ကြုံလာလျှင် သဘောထားကြီးကြီး ထားကာ ခွင့်လွှတ်နိုင်ကြသည်။ အိမ်ထောင်မရှိသော မိန်းမပျိုတစ်ဦးတွင် ဖခင်မပေါ်သော ကိုယ်ဝန်ရှိလာလျှင် ထိုမိန်းကလေးကို ချိုးနှိမ် ပစ်ပယ်ခြင်းမျိုး လာဒါတ်တွင် မတွေ့ရပေ။ လဒါခီတို့အတွက် အယုတ်ညံ့ဆုံး အမူအကျင့်မှာ 'ဒေါသထွက်ခြင်း' ဖြစ်သည်။ ဒေါသကြီးခြင်းကို လင်မယား ဖောက်ပြန်မှုထက် ပို၍ကြီးလေးသော အပြစ်ဟု သတ်မှတ်ကြသည်။

မည်သို့ဆိုစေ လဒါခီတို့၏ လင်အများ တစ်မယားစနစ်ကြောင့် လူဦးရေ တိုးတက်မှုနှုန်း တည်ငြိမ်နေခဲ့သည်။ သယံဇာတ ရှားပါးသော ဤဒေသမျိုးတွင် လူဦးရေနှင့် သဘာဝပတ်ဝန်းကျင် ဟန်ချက်ညီရေးအတွက် လူဦးရေထိန်းချုပ်မှုသည် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ရရှိအသုံးပြုနိုင်သော သယံဇာတ ပမာဏနှင့် သုံးစွဲမည့် လူဦးရေပမာဏ အချိုးညီနေလျှင် လူဦးရေအကြပ်အတည်းများနှင့် စီးပွားရေးပြဿနာများကို ထိန်းချုပ်နိုင်ပေမည်။ ဤသည်မှာ လာဒတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသယံဇာတ ရရှိမှုအတွက် အဓိကအကြောင်းရင်းပင်ဖြစ်သည်။

ယောက်ျားအများနှင့် တစ်မယားစနစ်ကို ကျင့်သုံးနေခြင်းကြောင့် လာဒါတ်တွင် အိမ်ထောင်မပြုသော အမျိုးသမီးဦးရေ များပြားပြီး၊ ထိုအမျိုးသမီးများမှာ သာသနာ့ဘောင်သို့ ဝင်၍ သီလရှင် ဝတ်ကြသည်။ အချို့သော အမျိုးသားများမှာလည်း အိမ်ထောင်မပြုဘဲ ရဟန်းဘောင် ဝင်ကြသည်။ ထို့ကြောင့် လာဒါတ်တွင် လင်အများ တစ်မယားစနစ်နှင့်အပြိုင် တိဘက်ဗုဒ္ဓသာသနာ သံဃာတော်အဖွဲ့အစည်းများ ထွန်းကားလာခဲ့သည်။

(၁၉၄၇) ခုနှစ်တွင် လင်အများ တစ်မယားစနစ်ကို တရားဝင်ဥပဒေ ထုတ်ပြန် တားမြစ်ခဲ့သည်။ ထူးခြားချက်မှာ လာဒါတ်တွင် လင်အများ တစ်မယား စနစ်သာမက တစ်လင် တစ်မယားစနစ်၊ တစ်လင် နှစ်မယားစနစ်တို့ကိုလည်း ကျယ်ပြန့်စွာ လက်ခံကြခြင်းပင်ဖြစ်သည်။ ရှားပါးသော သယံဇာတနှင့် လိုက်လျော ညီထွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ညှိနှိုင်းနေထိုင်ကြပါသည်။ မိသားစုပမာဏနှင့် မြေယာပိုင်ဆိုင်မှုတို့ မျှတမှု ရရှိစေရန် မိမိပိုင်ဆိုင်သည့် မြေယာပမာဏနှင့် သင့်လျော်သော အိမ်ထောင်ရေးစနစ်ကို ရွေးချယ်ကျင့်သုံးကြသည်ကို တွေ့ရသည်။

ဇနီးဖြစ်သူက သားသမီးမထွန်းကားလျှင် အခြားအမျိုးသမီးတစ်ယောက်ကို လက်ထပ်ယူခွင့် ရှိကြသည်။ ထိုသို့ ဒုတိယဇနီးကို ရွေးချယ်ရာတွင် အများအားဖြင့် ပထမဇနီး၏ နှမ (ခယ်မ) ကိုသာ ရွေးချယ်လေ့ရှိသော်လည်း အခြားမိသားစုမှ ပြန်လည် ရွေးချယ်ခြင်းမျိုးကိုပါ တွေ့ရသည်။ အခြား အကြောင်းခြင်းရာ အခြေအနေများအရ အိမ်ထောင်နှစ်ဆက်ပြုသူများလည်း ရှိသည်။ ထိုသို့ ဒုတိယ အိမ်ထောင်ပြုခြင်းကြောင့် မိသားစုအတွင်း စိတ်အနှောင့်အယှက်ဖြစ်လေ့ရှိသော်လည်း ပြဿနာကြီးမားစွာ ပေါ်ပေါက်လေ့မရှိကြောင်း တွေ့ရသည်။

လဒါခီရိုးရာ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အဆင့်အတန်း အလွန် မြင့်မား ခိုင်ခံ့ကြောင်း တွေ့ရသည်။ တစ်လင် နှစ်မယား (သို့) နှစ်လင်တစ်မယားစနစ်ကြောင့် ဇနီးသည်ချင်း (သို့) ခင်ပွန်းသည်နှစ်ဦး အချင်းများ ရသည်ဟူ၍ မရှိကြောင်း သိရသည်။ မည်သို့သော အိမ်ထောင်ရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ မိသားစု၏မြေယာနှင့် လုပ်ငန်းကို ခွဲဝေစိတ်ဖြာခြင်း မပြုကြပေ။ လဒါခီ ထုံးစံအရ မြေယာကို ခွဲခြင်းမပြုဘဲ တစ်ပေါင်းတစ်စည်းတည်း စုပေါင်း အမွေဆက်ခံကြရသည်။ မည်သည့်အခြေအနေမျိုးမှာမဆို သားသမီး မည်မျှပင် ရှိစေကာမူ တစ်ဦးတည်းကိုသာ အမွေလွှဲပြောင်းပေးလေ့ရှိပြီး၊ သားဦး (အကြီးဆုံးသော သားယောကျ်ား) သာ အမွေဆက်ခံခွင့် ရှိကြသည်။ သားသမီး မထွန်းကားသော အိမ်ထောင်များက အမွေစား အမွေခံအဖြစ် ကလေးများကို မွေးစားလေ့ရှိသည်။ လဒါခ်တွင် မြေယာရောင်းဝယ်ခြင်းကို ခွင့်မပြုသလို ပုဂ္ဂလိက မြေယာပိုင်ဆိုင်ခြင်း မရှိပေ။ အမွေဆက်ခံရာတွင် မြေပိုင်မဟုတ်ဘဲ၊ မြေယာဦးစီးအဖြစ်သာ ဆက်ခံကြရသည်။ မိသားစုတွင် အမွေဆက်ခံမည့် သားယောကျ်ားမရှိလျှင် (သို့) ဆုံးပါးသွားလျှင် သမီးဦးက အမွေဆက်ခံရသည်။ ထိုသမီး၏ ခင်ပွန်းသည်ပင် မိသားစုပိုင် မြေယာနှင့်ပတ်သက်၍ အကျိုးခံစားခွင့်၊ ပါဝင်ပတ်သက်ခွင့် မရှိပေ။

မင်္ဂလာလက်ဖွဲ့အဖြစ် အိမ်မြေယာများကို အမွေပေးလျှင်မူ ထိုအမွေဆက်ခံသူသည် လက်ထပ်ထိမ်းမြားပြီးသည့်နောက် အိမ်ထောင်ဦးစီးအဖြစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ရပ်ရွာလူမှုရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း ရပ်တည်ဆောင်ရွက်ပေးရသည်။ ထိုသူ၏မိဘများသည် အိမ်မကြီးမှ ရွှေ့ပြောင်းကာ ဘေးဖက်တွင်နေထိုင်ရသည်။ အခြားအိမ်သားများအနက် အချို့သောအိမ်မကြီးတွင် ဆက်လက်နေထိုင်ကြပြီး၊ ဘေးဖက် ခန်ဂူ ခေါ် အိမ်ငယ်မှ မိသားစုဝင်များနှင့် ကူးလူးဆက်ဆံမှုပူးပေါင်းဆောင်ရွက်မှုများ ရှိသော်လည်း သီးခြား ရပ်တည်လေ့ရှိသည်။

ရှည်လျားသော အားလပ်ရက်များရှိသည့် ဆောင်းရာသီတွင် မင်္ဂလာပွဲကို အများဆုံး ကျင်းပလေ့ရှိသည်။ သတို့သား၊ သတို့သမီး ရွေးချယ်ရာတွင် ဆွေမျိုးမိတ်ဆွေများက ပိုင်းဝန်း အကြံပြု ရွေးချယ်ပေးလေ့ရှိသည်။ သတို့သမီး တောင်းရမ်းခြင်းအတွက် သတို့သားဘက်မှ သင့်တော်သော အသက်ကြီးပုဂ္ဂိုလ်ကို ကိုယ်စားလှယ်အဖြစ် စေလွှတ်ကြသည်။ ထိုကိုယ်စားလှယ်သည် လက်ဆောင်ဘဏ္ဍာများ၊ ချွန်းတို့ဖြင့် သတို့သမီးရှင်ထံသို့ ချဉ်းကပ်ရသည်။ သမီးရှင်များက ထိုလက်ဆောင်များကိုလက်ခံပါက ဆက်လက်၍ လုပ်ဆောင်ရမည့် မင်္ဂလာအခမ်းအနားကိစ္စများကို နှစ်ဦးနှစ်ဘက်မှ ဆွေမျိုးများ၊ သာရေးနာရေး (ပါစပွန်) အဖွဲ့ဝင်များနှင့် တိုင်ပင် စီစဉ်ရသည်။ မင်္ဂလာနေ့ရက်ကိုမူ ဗေဒင်ဆရာက တွက်ချက် သတ်မှတ်ပေးလေ့ရှိသည်။

မင်္ဂလာပွဲမကျင်းပမီ တစ်ရက်အလိုတွင် သတို့သမီးကို ခေါ်ဆောင်မည့်အဆိုအက ကျွမ်းကျင်သူများက သတို့သား၏အိမ်တွင် စုဝေးကြသည်။ သတို့သမီးကိုသွားရောက် ခေါ်ဆောင်သောအခါ ထိုအဖွဲ့သားများက ထိပ်ချွန်ဦးထုပ်နှင့် ပိုးသားထည်အင်္ကျီရှည်များကို ကိုယ်စီ ဝတ်ဆင်ကြရသည်။ သတို့သမီးအိမ်သို့ သွားသောအခါ မြင်းတစ်စင်းနှင့် ဆိတ် သို့မဟုတ် သိုးခြေကျင်းဝတ် အရိုးတစ်ချောင်းစီ ယူဆောင်သွားရသည်။ မြင်းသည် သတို့သမီးနေထိုင်ရမည့် အိမ်စောင့်နတ်ကို ကိုယ်စားပြု၍ ဆိတ်/သိုးခြေကျင်းဝတ်မှာ ကြွယ်ဝမှုကို ဖော်ညွှန်းသည်။

သတို့သမီး၏အိမ်တွင် ဧည့်သည်များကို ချွန်းနှင့် လက်ဖက်ရည်ဖြင့် ဧည့်ခံထားပြီး၊ သတို့သမီးခေါ်ဆောင်သူများက အိမ်တံခါးဝမှနေ၍ သတို့သမီးကို အော်ဟစ် ခေါ်ထုတ်ယူကြသည်။ မင်္ဂလာဧည့်ခံပွဲကို သုံးရက်တိုင်တိုင် ဆင်နွှဲပျော်ပါးလေ့ရှိကြသည်။ သတို့သမီးမှာ သူမ၏မိခင် လက်ထပ်စဉ်က ဆင်မြန်းခဲ့သော စိမ်းပြာရောင် ကျောက်စီထားသည့် ပိရာခေါ် ဦးထုပ်ကို ဆောင်းရသည်။ ဤဦးထုပ်မှာမိသားစု၏ အဖိုးထိုက်သော ရတနာအမွေအနှစ် ဖြစ်ပြီး၊ အမျိုးသမီးများ၏ ခြေတော



www.burmeseclassic.com

www.burmeseclassic.com



အရှိန် ကြီးမြတ်မှုကို ဖော်ပြသည်။

လူပျိုရန်နှင့် အဖွဲ့သားများသည် သတို့သမီးကို ခြံရံလျက် ကိုက် (၄၀၀) ကျော် ဝေးသော အိမ်ဘက်သို့ လမ်းလျှောက် ခေါ်ဆောင်လာရပြီး၊ လမ်းခရီးတွင် လေးကြိမ် နားရသည်။ နားသည့် နေရာတွင် ချွန်းခွက်များကို မြှောက်၍ ဆုတောင်း မေတ္တာပို့ပြီး၊ ဝိုင်းပတ် ကခုန်ခြင်းများ ပြုလုပ်ကြသည်။ လမ်းတစ်လျှောက်တွင် ဒေါ်ဂျီက ငွေစက္ကူစများ၊ အကြွေစေ့များ ကြဲဖြန့်ရာ အလုအယက် ကောက်ယူတတ်ကြသည်။ အိမ်နားသို့ ရောက်သော် ရဟန်းတော်တစ်ပါးက မကောင်းဆိုးဝါးများကို နှင်ထုတ်သည့်အနေဖြင့် မြေအိုးတစ်လုံးကို ခွဲရသည်။ အိုးခြမ်းစ သေးလေ၊ မင်္ဂလာ မောင်နှံအတွက် အတိတ်နိမိတ် ကောင်းလေဖြစ်သည်ဟု ကောက်ချက်ချ ယုံကြည်ကြသည်။

မင်္ဂလာအခမ်းအနား အစီအစဉ်များကို ကောက်ရိတ်သိမ်းပြီး၊ နှင်းရည် စိုစွတ်နေသော ယာခင်းပြင်ပေါ်တွင် ကျင်းပတတ်ကြသည်။ အများအားဖြင့် နေဝင်စ ညနေ (၃) နာရီမှစ၍ ည (၉) နာရီခန့်အထိ ပျော်ရွှင်စွာ သီဆို ကခုန်လေ့ရှိကြသည်။ ကွင်းပြင်ရှိ စားပွဲများပေါ်တွင် ချွန်းအိုး (၁၂) လုံး စီတန်း ချထားပြီး၊ ဧည့်သည် များအား ချွန်းနှင့် အဆက်မပြတ် ဧည့်ခံကြသည်။ အလွန်အေးချမ်းသော ဆောင်း ရာသီကြောင့် ခွက်ထဲမှ ချွန်းများ တစ်ခါတစ်ရံ အေးခဲသွားတတ်ပြန်သည်။

လဒါခီထုံးစံအရ ဧည့်သည်များကို ဆပ်ပြာ၊ ရေနွေးနှင့် မျက်နှာသုတ်ပဝါ ကမ်းပေးရသည်။ ပါစပွန်အသင်းသားများက တစ်နေကုန် မနားတမ်း ချက်ပြုတ်ပေး ကြသည်။ ရေနွေးကိုလည်း မပြတ်ရအောင် စီမံပေးကြသည်။ နံနက်စာကို ပေါင်မုန့် ကြမ်းနှင့် ထောပတ် လက်ဖက်ရည်တို့ဖြင့် ဧည့်ခံပြီး၊ နေ့လည်စာနှင့် ညစာကို ထမင်း၊ ဟင်းသီးဟင်းရွက်နှင့် အသားတို့ဖြင့် အထူးစီမံ ချက်ပြုတ်ပေးလေ့ရှိသည်။ ဤသို့ ခမ်းနားလှပသော ပွဲလမ်းသဘင် ဖြစ်မြောက်စေရန် အားလုံးက တက်ညီလက်ညီနှင့် ဝိုင်းဝန်းဆောင်ရွက်တတ်ကြသည်။ အနောက်တိုင်းထက် ရိုးစင်းသော ဤမင်္ဂလာပွဲ တွင် သတို့သားနှင့် သတို့သမီးတို့ အကြင်လင်မယား မြောက်ချိန်ကိုပင် မခန့်မှန်းနိုင် ချေ။ သတို့သားနှင့် သတို့သမီးထိုင်ရာ စားပွဲကို ဘာလီစေ့များဖြင့် စကြာပုံများ ဆင်ယင်ထားသည်။

ထို့နောက် တိုင်းရင်းဆေးဆရာဖြစ် စာမေးပွဲ ဖြေဆိုပုံကိုလည်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာခဲ့သည်။ ဆေးဆရာများရှေ့တွင် ထင်ရှားသော တိုင်းရင်းဆေးကျမ်းတစ်စောင်ကို အလွတ်ရွတ်ဆို ပြောပြရသည်။ ထို့နောက် ကော်ဖောပေါ်တွင် ကျောက်စရစ်ခဲများဖြင့် ဇီဝဖြစ်စဉ် ဖြစ်ပေါ်တတ်သော ရောဂါများကို ဖော်ထုတ်ရသည်။ ထို့နောက် လာရောက် ကြည့်ရှုသူများထံမှ တစ်ဦးစီကို ခေါ်ယူ၍ လက်ကောက်ဝတ်တွင် သွေးခုန်နှုန်း စမ်းသပ်ပြီး ရောဂါရှာဖွေပြသည်။ သူ၏ ထုတ်ဖော် တွေ့ရှိချက်များကို ဆေးဆရာများက လက်တွေ့ ပြန်လည် စမ်းသပ်စစ်ဆေးကြသည်။ ထိုစစ်ဆေးချက်များအားလုံး မှန်ကန်မှသာ တိုင်းရင်းဆေးဆရာတစ်ယောက်အဖြစ် သတ်မှတ်ခြင်း ခံရသည်။ အများအားဖြင့်မူ ဤတိုင်းရင်းဆေးပညာကို တရားဝင် စာမေးပွဲ ဖြေဆိုရန် မလိုဘဲ သားစဉ်မြေးဆက် အမွေဆက်ခံကြရခြင်းဖြစ်သည်။

ပူနွေးသော နွေရာသီများတွင် ကလေးမွေးဖွားမှုနှုန်း အများဆုံးဖြစ်သည်။ မီးဖွားပြီး တစ်ပတ်ခန့် ခင်ပွန်းသည်များ ယာမလုပ်ဘဲ နေလေ့ရှိသည်။ သူတို့၏ အယူအရ ယာမြေ လုပ်ကိုင်ရင်း ရေစောင့် မြေစောင့် နတ်များကို ထိခိုက်မိမည်စိုး၍ ဖြစ်သည်ဟု ဆိုသည်။ မီးဖွားပြီးနောက် အိမ်သားများက လက်ဆတ်သော နွားနို့ ထောပတ်တို့ကို ယူဆောင်လာပေးတတ်ကြသည်။ အခန်းထဲရှိ မျက်နှာကျက်တွင် လာဘ်လာဘ ကောင်းစေရန် မြားတစ်စင်းကို ချိတ်ဆွဲထားလေ့ရှိသည်။

ကလေးငယ် တစ်လပြည့်သောအခါတွင်မူ တစ်ရွာလုံးက လာရောက်ကြည့်ရှုပြီး ပျော်ရွှင်စွာ နှုတ်ဆက်လေ့ရှိသည်။ အရာရာတိုင်းတွင် လွဲမှား ချွတ်ချော်မှုမရှိစေရန် ဗေဒင်ဆရာထံ မေးမြန်းပြီးမှ ဆောင်ရွက်တတ်ကြသည်။ ကလေးငယ်၏ ဦးခေါင်းတွင် ထောပတ်လူးပေးခြင်းဖြင့် ကံဇာတာကောင်းစေသည်ဟု ဆိုသည်။ အမှောင့်ပယောဂမှ လွတ်ကင်းအောင် ကြိုးခိုးနှင့် ဆီရော၍ ကလေး၏နဖူးပေါ်တွင် တို့လိမ်းပေးရသည်။ အိမ်သား (မိဘ) များသည် အိမ်တွင်းချုပ် သင်တိုင်းရှည်နှင့် ငွေသားတံဆိပ် တပ်ဆင်ထားသော သိုးမွေးဦးထုပ်ကို ဆောင်းကြရသည်။

ကလေးငယ် နှစ်လ (သို့) သုံးလ ပြည့်သောအခါ ဘုန်းကြီးကျောင်းတွင် ဆုတောင်းဝတ်ဖြည့်ပေးပြီး၊ အန္တရာယ်ကင်းအောင် ဆုတောင်းစာကို ပေးအပ်ကာ ဆရာတော်မှ ကလေးကို ကင်ပွန်းတပ် အမည်မှည့်ပေးကြသည်။ အမည်မှည့်ရာတွင် ဗုဒ္ဓဘာသာအယူအဆနှင့် တိဘက်ကျမ်းဂန်အလိုက် အမည်မှည့်ပေးလေ့ရှိသည်။ ဥပမာ- အန်ဂ်ချွတ်= မောင်စွမ်းအင်၊ ဝမ်နဂယားလ်= မောင်အောင်မြင်ဟု အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

လဒါခီတို့၏ ဒုတိယအမည်သည် မိသားစုနှင့် အလုပ်အကိုင်ကို ဖော်ပြသည်။ ဖခင်အရွယ်ရှိသူတိုင်းကို 'အဘ' လို့ ခေါ်လေ့ရှိသည်။ အမေတူ ဖအေကွဲ ကလေးများက ဖခင်နှစ်ဦးစလုံးကို 'အဘ' ဟုခေါ်သည်။ ဖခင်များ (သို့) မိခင်များကလည်း ကလေးများကို ခွဲခြားခြင်းမရှိဘဲ၊ မျှတစွာ ချစ်ခင်ကြင်နာတတ်ကြသည်။ ကလေးများကို ရင်အုပ်မကွာ ပြုစုစောင့်ရှောက်လေ့ရှိသည်။ ညအခါ ကလေးငယ်များကို ရင်ခွင်တွင် ထွေးသိပ်တတ်ပြီး၊ နေ့အချိန် အလုပ်ခွင်သို့ပင် ကလေးငယ်ကို ခေါ်ဆောင်သွားကြသည်။ မိခင်များသာမက အခြားကလေး၊ လူကြီးအရွယ်အားလုံးကပင် ကလေးငယ်များကို ချစ်ခင်တတ်ကြပြီး၊ ပြုစုစောင့်ရှောက်ပေးလေ့ရှိသည်။ လူကြီးများ၏ ဆွေးနွေးပွဲများ၊ ပွဲလမ်းသဘင်များတွင် ကလေးများ လွတ်လပ်စွာ ပါဝင်ခွင့်ရှိကြသည်။

လဒါခီတို့သည် ကလေးများအပေါ် ကြင်နာရက်ရောစွာ ဆက်ဆံတတ်ကြသည်။ အလွန်ပူဆာတတ်သော ကလေးများကိုပင် စိတ်ရှည်သည်းခံပြီး၊ အလေးအနက် တုံ့ပြန်ပေးလေ့ရှိသည်။ ကလေးများ အနှောင့်အယှက်ပေးခြင်းအတွက် စိတ်ဆိုးခြင်း၊ အော်ဟစ် ငေါက်ငမ်းခြင်းမျိုး မရှိချေ။ ကလေးများ တစ်စုံတစ်ခု မှားယွင်း၍ ရိုက်နှက်မိလျှင် ချက်ချင်း ပြန်လည် ချော့မြူနှစ်သိမ့်ကာ မေတ္တာပြလေ့ရှိသည်။

လဒါခီကလေးငယ်များသည် ပတ်ဝန်းကျင်မှ လူသားများ၏မေတ္တာကို အပြည့်အဝ ခံယူရရှိကြသည်။ လာဒါတ်တွင် ငါးနှစ်သားကလေးငယ်သည် သူတစ်ပါးအပေါ် တာဝန်သိတတ်စ ပြုနေပြီး၊ မိမိထက် ငယ်သော ရင်သွေးငယ်များကို ချီပိုးထိန်းကျောင်းပေးတတ်ကြသည်။ ကလေးလူကြီးဟူ၍ ခွဲခြားမှုမရှိဘဲ အဘိုးအဘွားအိုများအထိ ရောနှောလျက် မျှတစွာ ဆက်ဆံတတ်ကြသည်။

လဒါခီကလေးတစ်ယောက်သည် ဘီစကွတ်တစ်ချပ်ကို သူတစ်ပါးနှင့် ခွဲဝေ စားသုံးရန် ဝန်မလေးပါ။ ထိုသို့ အပိုင်းပိုင်း ချိုးဖဲ့ဝေငှရခြင်းကို ဝတ္တရားအရ လုပ်ပြခြင်းမဟုတ်သလို၊ တမင် ကြွားဝါပြခြင်းမဟုတ်ဘဲ စိတ်ရင်းသဘောအတိုင်း အလိုအလျောက် ဆောင်ရွက်သွားခြင်းသာ ဖြစ်သည်။ အရွယ်ရောက်လာသော ကလေးငယ်တစ်ယောက်သည် အခြားသူများအပေါ် တာဝန်သိစိတ်ရှိလာခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည်။ အထူးသဖြင့် သူတစ်ပါးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



အန္တတာခံ ကူညီစောင့်ရှောက်ပေးခြင်းဖြင့် ယောက်ျားလေးများ၏ စိတ်ဓာတ်စွမ်းရည်ကို ပိုမိုမြင့်မားစေပါသည်။

လဒါခီလူ့အဖွဲ့အစည်းတွင် ကျွမ်းကျင်မှုအတတ်ပညာနှင့် အဆင့်အတန်း၊ လူတန်းစား ခွဲခြားခြင်းမရှိပေ။ အများစုမှာ အသက်မွေးဝမ်းကျောင်းမှုအတွက် ဘက်စုံကျွမ်းကျင်သူများဖြစ်သည်။ လယ်ထွန်ခြင်းမှအပ ကျန်အလုပ်များကို ယောက်ျားမိန်းမ ခွဲခြားခြင်းမရှိဘဲ ပူးပေါင်းလုပ်ဆောင်ကြသည်။ လုပ်ငန်းအများစုကို မိသားစုဝင်များကလည်းကောင်း၊ ရွာသားများနှင့် ပူးပေါင်း၍လည်းကောင်း လုပ်ကိုင်ကြသည်။

လာဒါတ်တွင် အလုပ်တာဝန်များကို လုပ်ဆောင်ရန် တာဝန်ခွဲခန့်ထားခြင်း၊ ကြိုတင် ညှိနှိုင်းတိုင်ပင်ခြင်း မရှိပေ။ ထို့အပြင် တရားသေ လုပ်နည်းလုပ်ဟန်ဟူ၍ သတ်မှတ်ထားခြင်းမရှိပေ။ ကလေးထိန်းခြင်း၊ ချက်ပြုတ်ခြင်း၊ လျှော်ဖွတ်ခြင်း၊ ရေခပ်ခြင်းမှစ၍ မည်သည့်အလုပ်ကိုမဆို အလျဉ်းသင့်သလို စီစဉ်လုပ်ဆောင်သွားရာ သူတို့၏လှုပ်ရှားမှုများမှာ အကမတိုက်ထားသော ယိမ်းအကနှင့် တူပေတော့သည်။ ထိုသို့ လှုပ်ရှားလုပ်ကိုင်နေရင်းပင် ဓမ္မပုတီးကို ယူ၍ မီးဖိုဘေးတွင် ထိုင်ကာ ဘုရားစာရွတ်နေတတ်ပေသေးသည်။

လဒါခီလူ့အဖွဲ့အစည်းတွင် သက်ကြီးရွယ်အိုများ၏ဘဝ အထီးကျန်ဆန်ခြင်း မရှိပါ။ ဘဝ၏ လုပ်ငန်းဆောင်တာအသီးသီးတွင် အသက်ကြီးသူများ ပါဝင်လှုပ်ရှားကြသည်။ အသက်ကြီးသူများထံမှ ဘဝအတွေ့အကြုံနှင့် ပညာအမြော်အမြင်ကို တလေးတစား တန်ဖိုးထား နာယူကြသည်။ ခန္ဓာကိုယ် အားနည်းလာသော်လည်း လူ့အသိုင်းအဝိုင်းကြားတွင် အရေးပါသူများအဖြစ် ဆက်လက် ရပ်တည်ကြပြီး၊ ပျမ်းမျှအားဖြင့် အသက်ရှစ်ဆယ်ကျော်အထိ အသက်ရှည်ကြသည်။ အဘိုးအဘွားများနှင့် သားသမီး မြေးများမှာ ရွယ်တူမိတ်ဆွေများပမာ ရင်းနှီးချစ်ခင်ကြသည်။ ထို့ကြောင့်လည်း အသက်ရွယ် ကြီးရင့်သည့်တိုင် လန်းဆန်းတက်ကြွပြီး၊ ကျန်းမာကြသည်။

မိဘများ၏ ဆူပူရိုက်ပုတ်ခြင်း ခံရသော ကလေးငယ်များကို အဘိုးအဘွားတို့က နှစ်သိမ့်ပြီး၊ ၎င်းတို့နှင့်အတူ ဆော့ကစားကာ အာရုံပြောင်းပေးတတ်ကြသည်။ အဘိုးအဘွားများသည် ကလေးများနှင့် မိဘများအကြား ကြားခံကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ကူညီပေးကြသည်။ အဘွားအိုများက ကလေးငယ်များအတွက် မြင်းရုပ် ဒိန်ခဲများ ပြုလုပ်ကာ လည်ပင်းတွင် ဆွဲပေးလျှင် ကလေးများက လျက်စားပစ်လေ့ ရှိသည်။

အသက်ကြီးသော အဘိုးအဘွားများ၏ သွားလာရေးတွင် ကလေးများက အစွမ်းကုန် အထောက်အကူပြုသည်။ ခန္ဓာကိုယ်အင်အား ချိနဲ့လာသော အဘိုး အဘွားများကို တွဲကူ ဖေးမခြင်း၊ လမ်းတွင် ဦးဆောင်ခေါ်ယူ ပို့ပေးခြင်းဖြင့် ကလေး များက အဘိုးအဘွားများကို တန်ပြန် ကူမပေးကြသည်။ လဒါခီအမျိုးသမီးများသည် လည်း ဟန်ဆောင်မှုကင်းပြီး၊ ပွင့်လင်းဖော်ရွေတတ်ကြသည်။ သူတို့သည် ပျော်ပျော် နေတတ်ပြီး၊ ယောကျာ်းများနှင့် လွတ်လပ်စွာ ပြောဆိုဆက်ဆံ ရယ်မောတတ်ကြ သည်။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိပြီး၊ ဣန္ဒြေနှင့် သိက္ခာစောင့်စည်းနိုင်ကြ သည်။ လဒါခီအမျိုးသမီးများ၏ လူမှုရေးအဆင့်အတန်း မြင့်မားပုံကို လာဒါတ်သို့ ရောက်ဖူးသူတိုင်း အသိအမှတ်ပြုကြရသည်။

အစိုးရ ရာထူးတာဝန်ကို ထမ်းဆောင်သူများမှာ လဒါခီအမျိုးသားများ ဖြစ်သည်။ ပွဲလမ်းသဘင်များတွင် အမျိုးသားနှင့် အမျိုးသမီးများကို နေရာခွဲခြား သတ်မှတ်လေ့ရှိသော်လည်း အမျိုးသားများနှင့် အခွင့်အရေး ကွဲပြားမှုမရှိပေ။ လဒါခီ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အလွန်အရေးပါသော ကဏ္ဍမှ ပါဝင် သည်။ အမျိုးသားများနှင့် လုပ်ငန်းတာဝန် ခွဲဝေမှုရှိသော်လည်း တူညီသော အခွင့် အရေးနှင့် မျှတမွန်မြတ်သော ဆက်ဆံရေးကို တွေ့ရှိရသည်။ အမျိုးသားများနှင့် အမျိုးသမီးအကြား ဩဇာကွာဟမှု နည်းပါးသည်။ အမည်မှည့်ခေါ်ရာတွင် ယောကျာ်း နှင့် မိန်းမ သီးသန့် မှည့်နိုင်သော အမည်ရှိသလို၊ နှစ်မျိုးစလုံး မှည့်ခေါ်နိုင်သော အမည်များကို တွေ့ရသည်။ နာမ်စားသုံးရာတွင် ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ အပြောခံနာမ်စားအဖြစ် 'ခို' ဟုသာ အသုံးပြုသည်။

အချို့အမျိုးသမီးများက အိမ်ထောင်သည်ဘဝကို စွန့်လွှတ်၍ သာသနာ့ ဘောင် ဝင်ကာ သီလရှင်ဝတ်ကြသည်။ အချို့က သာသနာ့ဘောင်မှ ထွက်၍ အိမ်ထောင်ပြုကြသည်။ စင်စစ် လဒါခီအဖွဲ့အစည်းတွင် သီလရှင်များအတွက် တင်း ကြပ်သော တရားဝိနည်း မရှိပေ။ သီလရှင်အများစုမှာ အိမ်တွင်ပင် နေထိုင်ပြီး၊ တရားထိုင်ခြင်း၊ ဘုရားဝတ်ပြုခြင်း၌သာ အချိန်ပိုကုန်လေ့ရှိသည်။ နေအိမ်မှ သားစု



www.burmeseclassic.com

www.burmeseclassic.com



၏ ကလေးများကိုလည်း ကူညီထိန်းကျောင်းပေးခြင်းဖြင့် ကလေးများနှင့် ရင်းနှီးချစ်ခင်မှုကို ရယူကြသည်။ မိသားစုများကလည်း သီလရှင်များကို ရိုသေလေးစား မြတ်နိုးကြသည်။

ဗုဒ္ဓဘာသာတွင် ရဟန်းများသည် သီလရှင်များထက် ဝိနည်း တင်းကြပ်ပြီး ဘုန်းအဆင့်မြင့်သူများဖြစ်သည်။ သို့သော် အမျိုးသားနှင့် အမျိုးသမီးအခွင့်အရေးအရ ခွဲခြားထားခြင်း မရှိပေ။ ဗုဒ္ဓရဟန်းတော်တစ်ပါးက ဤသို့ဟောကြားခဲ့ဖူးသည်။
"ယောက်ျားဟာ မေတ္တာရဲ့ပြယုဂ်၊ မိန်းမတွေကတော့ ပညာရဲ့အဆင်းဖြစ်တယ်၊ ဒီမေတ္တာနဲ့ ပညာ ပေါင်းစပ်မိတဲ့အခါကျမှ မဂ်ဖိုလ်အဆင့်ကို ရနိုင်တယ်၊ ငှက်တစ်ကောင်ဟာ အတောင်ပံနှစ်ဘက်နဲ့မှ ပျံသန်းလို့ ရသလို လူမှာ အမြိုက်တရားရဖို့ မေတ္တာနဲ့ ပညာနှစ်ခု ပေါင်းစပ်ဖို့ လိုတယ်။ သည်မေတ္တာနဲ့ ပညာပေါင်းစပ်မှုဟာ ဘာသာတရားရဲ့အနှစ်သာရဖြစ်တယ်။"

လဒါခီလူမျိုးတို့၏ စီးပွားရေး၊ လူမှုရေးလောကတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍမှာ အလွန်ကျယ်ဝန်းပါသည်။ လူမှုရေးနှင့် စီးပွားရေး အခြေခံလိုအပ်ချက်များကို မိသားစုအဆင့်တွင်သာ ဆုံးဖြတ်သတ်မှတ်ကြသည်။ ထို့ကြောင့် မိသားစုသည် စီးပွားရေး၏ အဓိက မဏ္ဍိုင်ပင်ဖြစ်သည်။ အမျိုးသမီးများသည် အိမ်ထောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သားသမီးများကို ပြုစုပျိုးထောင်ခြင်း၌သာမက လူမှုရေး၊ ရပ်ရေးရွာရေး ကိစ္စရပ်များတွင်လည်း ပါဝင်ဆွေးနွေးနိုင်ခွင့်ရှိသည်။ လူထုဆန္ဒခံယူရသည့် ကိစ္စမျိုး နည်းပါးသော လာဒါတ်တွင် အမျိုးသားဦးဆောင်သည့် လူ့အဖွဲ့အစည်း တာဝန်ဟူ၍ ပြောပလောက်စရာ မရှိပေ။

အမျိုးသားများနှင့် အမျိုးသမီးများ ခွဲခြားမှုမရှိသော်လည်း လဒါခီအမျိုးသမီးများက လုပ်ငန်းခွင်တွင် ပိုမိုအားစိုက် လုပ်ကိုင်ကြသည်။ ထိုသို့ ကြိုးစား လုပ်ဆောင်မှုအတွက်လည်း ပြည့်ဝသော အသိအမှတ်ပြုမှုကို ခံယူရရှိကြသည်။ စိုက်ပျိုးရေးကို အခြေခံသော လူ့အဖွဲ့အစည်းအတွင်း မြေယာနှင့် တိရစ္ဆာန်ကို အသုံးချလုပ်ကိုင်ရာတွင် ပညာဉာဏ်ရှိရန်နှင့် မိသားစုနှင့် ပတ်ဝန်းကျင်ဆက်ဆံရေးကို ထိန်းသိမ်းတတ်ရန် အရေးကြီးပါသည်။ ထိုပညာကို လဒါခီအမျိုးသမီးများက ကောင်းစွာတတ်မြောက်ထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက လဒါခီတို့၏ အိမ်ထောင်ဘက် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အမျိုးသမီးငယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ၊

စာရေးသူ - မင်္ဂလာပွဲတွေကို လူကြီးတွေက စီစဉ်ပေးကြသလား။

တိုင်းရင်းသူ - ဟုတ်ကဲ့၊ နှစ်ဘက်မိသားစုရဲ့ အတွေ့အကြုံ ဗဟုသုတတွေကို အခြေခံပြီး၊ လူကြီးတွေကပဲ စီစဉ်ပေးကြပါတယ်။ အားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြရတာပေါ့။

စာရေးသူ - သတို့သမီးရွေးချယ်ရာမှာ ဘယ်လိုအရည်အချင်း သတ်မှတ်လေ့ရှိသလဲ။

တိုင်းရင်းသူ - အဓိကအားဖြင့် လူအားလုံးနဲ့ သင့်မြတ်အောင် ပေါင်းသင်းတတ်တဲ့ တရားမျှတပြီး သည်းခံတတ်တဲ့ လူမျိုးကို ရွေးချယ်ကြပါတယ်။

စာရေးသူ - တခြား အရေးကြီးတဲ့ အရည်အချင်းတွေ ရှိသေးလား။

တိုင်းရင်းသူ - ဟုတ်ကဲ့၊ အလုပ်ကျွမ်းကျင်မှုနဲ့ လုံ့လဝီရိယ ရှိမှုတွေကိုလည်း အလေးထားကြပါတယ်။

စာရေးသူ - သတို့သမီးရဲ့ ရုပ်ရည်ကိုရော မရွေးကြဘူးလား။

တိုင်းရင်းသူ - မရွေးကြပါဘူး။ အပေါ်ယံ အလှထက် အတွင်းစာတ်ခံ စိတ်သဘော ကောင်းမကောင်းက ပိုအရေးကြီးပါတယ်။ ကျွန်မတို့ လဒါခီစကားပုံလိုပေါ့။ "ကျားစင်းကြောင်းက အပေါ်ယံ၊ လူ့အစင်းကြောင်းက အတွင်းသဏ္ဌာန်တဲ့" ဟူ၍ ရှင်းပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)
# ဗုဒ္ဓဝါဒနှင့် ဘဝလမ်းစဉ်

သင်သိသမျှသော အရာများသည် အိမ်မက်တွင် မြင်ရသော တိမ်နန်းတော်ကဲ့သို့ တံလျှပ်ရောင်မျှသာ ဖြစ်ပြီး၊ အိမ်မက်မှ နိုးလာသောအခါ ရုတ်ချည်းကွယ်ပျောက်သွားရသည်။ အနှစ်သာရ မရှိသောအရာပင်တည်း။

သင် သိထားသောအရာများသည် ရေကန်ထဲမှ လမင်းကြီး၏ အရိပ်ကဲ့သို့ပင် တရွေ့ရွေ့နှင့် မကြာမီ ကွယ်ပျောက်သွားရပေမည်။

သာယာ ငြိမ့်ညောင်းသော တေးသံဟု သင်သိထားသောအရာသည်လည်း သင်၏အာရုံတွင် အမြဲ နားဝင်ပီယံမဖြစ်နိုင်ပါ။

သင် ထိတွေ့သိမြင်နေရသော မြင်း၊ နွား၊ လှည်းနှင့် ခပ်သိမ်းသောအရာများတို့သည်လည်း မျက်လှည့်ဆရာ၏ လှည့်ကွက်ပမာ အကျောင်အထည်မရှိသော ပြယုဂ်မျှသာဖြစ်သည်။

သမာဓိ ရာဇသုတ်

www.burmeseclassic.com

www.burmeseclassic.com



လာဒါတ်တွင် တွေ့မြင်ရသမျှအရာများသည် ဘာသာရေးအမွေအနှစ်များနှင့် ဆက်စပ်နေပေသည်။ ဘာသာရေးအထိမ်းအမှတ် သာသနာ့အလံများနှင့် စေတီငယ်များကို နေရာအနှံ့ တွေ့ရသည်။ ထို့အတူ မြင့်မားသော အုတ်တံတိုင်းဖြူများနှင့် ကာရံထားသော ဘုန်းကြီးကျောင်းအများအပြားကိုလည်း တွေ့ရသည်။ ဘီစီ (၂၀၀၀) ခန့်က လာဒါတ်သို့ ဝင်ရောက်လာသော အိန္ဒိယဗုဒ္ဓဘာသာသည် လဒါခီတို့၏ အဓိက ကိုးကွယ်ယုံကြည်သော ဘာသာဖြစ်သည်။ ယခုအခါ တိဘက်မဟာယန ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံကို ဘုန်းတော်ကြီး *ဒလိုင်းလားမား* က ဦးဆောင်လျက်ရှိသည်။

လာဒါတ်၏ကျေးရွာအများစုတွင် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ လေးမြို့တော်၏ လူဦးရေထက်ဝက်မှာ မွတ်စလင်ဘာသာဝင်များဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်အချို့ရှိသည်။ လွန်ခဲ့သော (၁၆) နှစ်က လာဒါတ်တွင် ဘာသာရေးကွဲလွဲမှု သွေးခွဲမှုများ မရှိခဲ့ဘဲ အချင်းချင်း လိုက်လျောညီထွေ သင့်မြတ်စွာ ဆက်ဆံခဲ့ကြသည်။ ဘာသာကွဲ လက်ထပ်မှုများဖြင့် ဘာသာကြီး (၃) ခုအကြား ချစ်ကြည်မှုကို ခိုင်မြဲစေခဲ့သည်။ ယနေ့ လာဒါတ်တွင် ဘာသာရေးသွေးကွဲမှုများ နေရာယူလာသည်ကို တွေ့ရသည်။

ဗုဒ္ဓအယူဝါဒသည် 'အညမည' နှင့် 'နတ္ထိ' သဘောကို အခြေခံသည်။ ဤနတ္ထိသဘောကို *တာရှီရာဂယားစ်* က ကျွန်မအား အချိန်အတော်ကြာ ရှင်းပြခဲ့သည်။

"ဒီသဘောတရားကို ဝေါဟာရစကားလုံးတွေနဲ့ နားလည်အောင် ရှင်းပြဖို့ မလွယ်ပါဘူး။ တကယ့် လက်တွေ့ ခံစားတွေ့ကြုံရမှပဲ အသေအချာ နားလည်နိုင်မှာပါ။ ဥပမာ သစ်ပင်လို့ ခင်ဗျားက သတ်မှတ်ထားတဲ့ အပင်ဟာ ကိုယ်ပိုင် ကြန်အင်လက္ခဏာတွေနဲ့ အတိုင်းအတာတစ်ခုထိတော့ သီးခြား ဖြစ်တည်နိုင်ပါတယ်။ ဒါပေမယ့် သည်သစ်ပင်ဟာ အခြားအရာတွေနဲ့ ဆက်စပ်ဖွဲ့နှောင်နေပါတယ်။ သစ်ပင်ပေါ် ရွာကျလာတဲ့ မိုးရေ၊ သစ်ကိုင်းတွေကို လှုပ်ခတ်စေတဲ့ လေထုနဲ့ သည်သစ်ပင်ကို သယ်ပိုးထားတဲ့ မြေကြီးတွေဟာ သစ်ပင်ရဲ့သဘာဝကို ရုပ်လုံးပေါ်အောင် ပံ့ပိုးပေးတဲ့ အရာတွေပဲဖြစ်တယ်။ သည့်ထက်ပိုပြီး အသေးစိတ် လေ့လာကြည့်ရင် သစ်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ရဲ့ ဖြစ်တည်မှုအတွက် စကြဝဠာမှာရှိတဲ့အားလုံးက ပံ့ပိုးတည်ဆောက်ပေးထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သစ်ပင်ဟာ သူ့ဘာသာ သီးခြား ဖြစ်တည်နေခြင်း မဟုတ်ဘူးဆိုတဲ့ အညမညသဘောကို ဆောင်ပါတယ်။ စကြဝဠာမှာရှိတဲ့ အရာတွေဟာလည်း အချိန်တိုင်းမှာ ရွေ့လျားပြောင်းလဲနေတဲ့အတွက် အဲဒီပြောင်းလဲနေတဲ့ အရာတွေကို နတ္ထိလို့ ခေါ်ပါတယ်။"

'နတ္ထိ' ကို 'ဟင်းလင်း ဗလာဖြစ်ခြင်း'၊ 'ဘာမျှမရှိခြင်း' ဟု အနက်ဖွင့်ကြသော အနောက်တိုင်းသားများက ဗုဒ္ဓဝါဒသည် ကံ- ကံ၏အကျိုးကို ယုံကြည်သောဝါဒဟု လွဲမှားစွာ ဖွင့်ဆိုကြသည်။ ဗုဒ္ဓဘာသာဝင်တို့သည် နေခြင်း၊ သေခြင်းကို အလေးမထားကြသူများဟု ခရစ်ယာန်တို့က ယူဆကြသည်။ တာရှီက ဤသို့ ရှင်းပြသည်။

"အရာရာကို ဘုရားက ချုပ်ကိုင်ထားတယ်လို့ ယူဆကြတော့ ခရစ်ယာန်တွေက ကိုယ့်အားကိုယ်မကိုးကြတော့ဘဲ၊ ဘာသာရေးမှာ မိမိဘာသာ အားစိုက်မှုနဲ့ ကြီးထွား ရင့်ကျက်မှုဆိုတာကို ဟန့်တားရာရောက်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာက ကိုယ်တိုင် တရားအားထုတ်ခြင်းဖြင့် တစ်ဦးချင်းရဲ့ကြီးထွားရင့်ကျက်မှုကို လမ်းဖွင့်ပေးပါတယ်။"

အဆိုးမြင်ဝါဒကို လက်မခံသော ဗုဒ္ဓဘာသာတွင် 'လုံးဝ မရှိ' ဟူသောသဘောကို လက်မခံချေ။ ဗုဒ္ဓဝါဒသည် မည်သို့ ပြင်ပ ပယောဂမှ နှောင့်ယှက်ခြင်းငှာ မစွမ်းနိုင်သော ထာဝရပျော်ရွှင်မှုကို မျက်မှောက်ပြုနိုင်စေရန် စကြဝဠာ၏ မတည်မြဲခြင်းသဘောများကို ရှင်းလင်း သွန်သင်ပေးသည်။ အဝိဇ္ဇာဖုံးလွှမ်းသောလူသားများက 'အာရုံသိ'၊ 'သညာသိ' တို့ဖြင့် အရာရာသည် သီးခြား ဖြစ်တည်ပြီး၊ တည်မြဲသည်ဟု ထင်မှတ်ကြသည်။ ဤသို့ အဝိဇ္ဇာဖုံးလွှမ်းလျက်ရှိသော အမြင်ကြောင့်ပင် သံသရာစက်ဝိုင်းတွင် အဖန်တလဲလဲ ကျင်လည်ကြရသည်။

သို့ဆိုသော် ဗုဒ္ဓတရားတော်က ဤကမ္ဘာကြီး၏ဖြစ်တည်မှုကို မျက်ကွယ်ပြုရမည်ဟု မဆိုပါ။ စင်စစ် မျက်မြင်ရသော အရာများသည် လူတို့၏ အာရုံခံစားမှုအတိုင်းအတာတစ်ခုထိသာ တည်ရှိကြောင်း လောကအမြင်ကို ပြုပြင်ပြောင်းလဲပေးရန်သာ ရည်ရွယ်ပါသည်။ ခန္ဓာကိုယ်များသည် လေကို ရှူရှိုက်နေစဉ်သာ အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြပြီး၊ အသက်ချုပ်မှု ရုပ်ဆိုင်းသွားသည့်အခါ ခန္ဓာကိုယ်၏ ဖြစ်တည်နေမှု လည်း အဆုံးသတ်သွားပေမည်။ သို့သော် ဤမျက်မြင် လောကကမ္ဘာကြီးကို ဥပက္ခာပြုရမည်ဟု မဆိုလိုပါ။ ဤကမ္ဘာလောကကြီးကို ပညာတရားမြေနှင့် ရှုမြင်တတ်ရန်သာ ရည်ညွှန်းပါသည်။ ဗုဒ္ဓတရားတော်အရ ရုပ်သဏ္ဌာန်များအားလုံးသည် အာရုံခံစားနိုင်မှုပမာဏမှ ကျော်လွန်သွားသောအခါ အရာရာ ကွယ်ပျောက်သွားကြသည်။ ထို့ကြောင့် အခြေခံတရားဓမ္မသဘောကို ဝေါဟာရအားဖြင့် ဖော်ပြနိုင်သကဲ့သို့ အလျားအနံ နယ်နိမိတ်ကို တိုင်းတာသတ်မှတ်၍ မရနိုင်ပေ။

ရဟန်းတော်ရှင် နာဂသိန် က တည်ရှိနေခြင်းကို ယုံကြည်သူသည် နွားမိုက်နှင့် တူပြီး၊ မရှိခြင်းကို ယုံကြည်သူကား ထိုနွားမိုက်ထက် ပို၍ပင် မိုက်သေးသည်ဟု ဟောကြားလေ့ရှိသည်။ ထိုအချက်ကို တာရှီ က ကျွန်မအား ဤသို့ ရှင်းပြပါသည်။ "စကြဝဠာကြီးတစ်ခုလုံးကို အဆုံးမရှိတဲ့ မြစ်တစ်စင်းလို လူတွေက မြင်တတ်ကြသည်။ မြစ်ချောင်းဟာ ပြောင်းလဲခြင်းမရှိပါဘူး။ ဒါပေမယ့် မြစ်ထဲက ရေတွေဟာ တစ်သမတ်တည်း ရွေ့လျားနေတဲ့အတွက် ဒီမြစ်ရဲ့ ဖြစ်တည်နေမှုအကြောင်းရင်းကို မဖော်ပြနိုင်ဘူး။ ရေစီးကြောင်းကို ဟန့်တားပိတ်ပင်ပြီး၊ စစ်ဆေးယူလို့ မရဘူး။ အရာရာဟာ အဆက်မပြတ် ရွေ့လျားပြီး၊ သီးခြား ခွဲထုတ်လို့မရနိုင်အောင် ရောယှက်ဆက်နွယ်နေပါတယ်။"

"ဗုဒ္ဓအဘိဓမ္မာရဲ့ အနက်နဲဆုံးအရာက အပြန်အလှန် အမှီသဟဲပြုခြင်း (အညမည) မှာ သန္နေတည်ခြင်းဖြစ်တယ်။ အညမညသဘောအရ ဝိသေသ၊ ဂုဏ်ပုဒ်၊ ရုပ်၊ နာမ်ဆိုတဲ့ အရာတွေအားလုံး ပျောက်ကွယ်ပြီး၊ နတ္ထိဟင်းလင်း ဗလာဖြစ်သွားပါတယ်။ လူတွေရဲ့အမြင်မှာ တည်တံ့ခိုင်မြဲတယ် ထင်ရတဲ့ အရာအားလုံးဟာ နောက်ဆုံးတော့ ဗလာသက်သက် ဖြစ်သွားပြီး၊ ဒီသဘောကို ကိုယ်မှာ စွဲ မှတ်ယူသည့်အခါ ကိုယ်ဟာလည်း ပျောက်ကွယ်သွားရတယ်။ အတ္တဆိုတာဟာလည်း အဆုံးမှာတော့ အညမညသဘောနဲ့ မကင်းပါဘူး။"

"အတ္တကို အညမညက ခွဲထုတ်ပြီး ယုံတဲ့အခါ တရားအလင်း ရရန် အဟန့်အတားဖြစ်စေတယ်။ အလုံးစုံဟာ ထာဝရကာလကို ယုံကြည်တဲ့အခါ တဏှာကို ဖြစ်စေပြီး၊ ဒုက္ခသံသရာထဲမှာ ကျင်လည်ကြရတယ်။ အတ္တနှင့် အခြားဖြစ်တည်မှုများ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သီးခြားဖြစ်မှုကို အသစ်အသစ်သော ဘဝကို ရဖို့ အားထုတ်ကြတယ်။ ကိုယ်ရည်ရွယ်အားထုတ်ခဲ့တဲ့ ဘဝကို ရတဲ့အခါမှာလည်း တခဏသာ စိတ်ကျေနပ်မှုကို ရရှိပြီး၊ ကျန်ကာလတွေမှာ စိတ်ပျက်ခြင်းတွေကိုပဲ ခံစားသွားကြရတယ်။ ဒါကြောင့် ပုထုဇဉ်တို့ကို နှစ်သိမ့်ခြင်းမှတစ်ပါး ဗုဒ္ဓတရားကို ကျင့်စောင့်ရန် အခြားနည်းလမ်း မရှိပြီ။"

ဗဟုသုတ ရှိရုံနှင့် နားလည်သဘောပေါက်ရုံမျှဖြင့် မလုံလောက်ပါဟု တာရှီက ကျွန်မကို မကြာခဏ သတိပေးလေ့ရှိသည်။ ဗဟုသုတကို မေတ္တာကရုဏာနှင့် မပေါင်းစပ်ပါက အန္တရာယ်ပင်ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် *ဒလိုင်းလားမား* က ဘာသာတရားဟူသည် ကရုဏာတရားပင်ဖြစ်သည်ဟု ဆိုခဲ့သည်။ ဗုဒ္ဓဘာသာတွင် မေတ္တာဘာဝနာ ပွားများခြင်းသည် ထူးမြတ်သော လမ်းကို ရရာ နည်းလမ်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဘုရားရှိခိုးရာတွင် မိဘနှစ်ပါးနှင့် လူနတ်သတ္တဝါအားလုံးအတွက် မေတ္တာပို့ ဆုတောင်းလေ့ရှိကြသည်။ ရသေ့စာဆို *ဒီလာရီပါ* က "အနတ္တတရားကို သတိမူခြင်းသည် မေတ္တာတရားကို ထွန်းကားစေသည်" ဟု ဆိုသည်။ လူသားတစ်ဦးနှင့်တစ်ဦးအကြား ကာဆီးထားသော အကာအရံများကို ဖယ်ရှားလိုက်သောအခါ လူသားအားလုံး တစ်သွေးတစ်သားတည်း ဖြစ်လာပေသည်။

လဒါခီတို့၏ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် ဘဝတစ်ခုလုံးတွင် ဘာသာရေးသဘောတရား ရောယှက်စိမ့်ဝင်နေသည်ကို တွေ့ရသည်။ လဒါခီတို့သည် ဘာသာတရား အလွန်ကိုင်းရှိုင်းကြသည်။ အနောက်တိုင်းသားများ အမြင်တွင်မူ သူတို့၏ဘာသာတရား အားထုတ်မှုသည် အပေါ်ယံသဘောဆန်နေပေသည်။ လွန်ခဲ့သော (၁၉၇၆) ခုနှစ်တွင် *ဒလိုင်းလားမား* ဘုန်းတော်ကြီးသည် လာဒါတ်သို့ ပထမဆုံးအကြိမ် ကြွလာခဲ့သည်။ လဒါခီတို့က ဘုန်းတော်ကြီး မလာမီ လပေါင်းများစွာအချိန်ယူ၍ ပြင်ဆင်မှုများ၊ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ကြသည်။ နေအိမ်များကို ဆေးသုတ်ခြင်း၊ အဝတ်အစားသစ်များ ရက်လုပ်ခြင်း၊ လက်ဝတ်တန်ဆာများ ဆင်ယင်ပြုလုပ်ခြင်း စသည့် ပြင်ဆင်မှုများကို လုပ်ကိုင်ခဲ့ကြသည်။ *ကလချက္ကရာ* ခေါ် တရားဓမ္မသဘင်ပွဲ ကျင်းပမည့်နေရာ အိန္ဒုမြစ်ကမ်းနဖူးဆီသို့ ရက်အတန်ကြာစော၍ စုရုံးရောက်ရှိနေခဲ့ကြသည်။ ကျေးလက်ဒေသအသီးသီးမှ ဘတ်စ်ကားတုန်



www.burmeseclassic.com

www.burmeseclassic.com



တင်ကား၊ ခြေလျင်၊ မြင်းစီး၍ အနည်းနည်းအသွယ်သွယ်ဖြင့် စုရုံးရောက်ရှိလာကြသည်။

ရက်သတ္တပတ်ကြာ ကျင်းပသော ဓမ္မသဘင်အလယ်တွင် လေးသောင်းခန့်သော ပရိသတ်ကြီးမှာ သာသနာတော်ကြီးကို ကြည်ညိုလေးမြတ်စွာ ပါဝင်ဆင်နွှဲနေပြီး၊ တစ်ချိန်တည်းမှာပင် ပျော်ပွဲရွှင်ပွဲကြီးတစ်ခု၏ အရိပ်အရောင်ကို တွေ့ရသည်။ ဒလိုင်းလားမား ၏ တရားတွင် နစ်မြောလိုက်၊ မိတ်ဆွေများနှင့် စကားတီးတိုးပြောဆိုရယ်မောလိုက်၊ လူရှင်းသည့် နေရာတွင် သွား၍ တရားဘီး လှည့်လိုက်ဖြင့် အသွင်အမျိုးမျိုး ပြောင်းနေသော ပရိသတ်များကို တွေ့ရသည်။

*ဒလိုင်းလားမား* ၏ အဝေးရောက် အစိုးရ ရုံးစိုက်ရာ ဓရမ်ဓာလာ (ဓမ္မသာလာ) မြို့မှ ဗုဒ္ဓဘာသာကို လေ့လာသူ ပြင်သစ်လူငယ်တစ်ဦးက ဤဓမ္မသဘင်မြင်ကွင်းကို ကြည့်၍ အလွန်စိတ်ပျက်စွာ ညည်းတွားခဲ့သည်။ ထိုလူငယ်မှာ ဗုဒ္ဓဘာသာကို ကူးပြောင်း ခံယူခဲ့ပြီး၊ ဘာသာတရား အလွန်ကိုင်းရှိုင်းသူဖြစ်ရာ လဒါခီတို့အား ဘာသာရေးတွင် အလေးအနက်မရှိကြကြောင်း ရှုတ်ချပြောဆိုခဲ့သည်။ ဘာသာရေးနှင့် အခြား လူမှုရေးကိစ္စရပ်များကို ခွဲခြားထားသော လူ့အဖွဲ့အစည်းတွင် အသက်ရှင်ခဲ့သော ကျွန်မသည် ထိုလူ၏အဆိုကို မတုံ့ပြန်နိုင်ခဲ့ပါ။ သို့သော် ကျွန်မတို့လူ့အဖွဲ့အစည်းတွင် တွေ့ရသော လူအများစုသည်လည်း တနင်္ဂနွေတစ်ရက်သာ ဗိမာန်တော်ထဲတွင် ငြိမ်သက်အေးချမ်းစွာ၊ ရိုကျိုး ယုံကြည်စွာ လာရောက် ဝတ်ပြုပြီး၊ ကျန်ရက်များတွင် ဘာသာရေးကို ဘေးဖယ်ထားကြသည်ကို ပြန်၍ ဆင်ခြင်မိပါသည်။

လဒါခီ ရိုးရာပြက္ခဒိန်တွင် ဘာသာရေးဆိုင်ရာ ပွဲတော်နေ့များကို အစဉ်လိုက် သတ်မှတ်ထားကြသည်။ လဆန်း (၁၅) ရက်၊ လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ နေ့၊ ပရိနိဗ္ဗာန် စံတော်မူရာနေ့၊ ဘုရားအဖြစ်ကို ရသော နေ့အဖြစ် ဥပုသ်နေ့ဟု သတ်မှတ်သည်။ လဆန်း (၁၀) ရက်နေ့ကို လာဒါတ်သို့ ဗုဒ္ဓဘာသာ သာသနာ စတင်ရောက်ရှိရာ နေ့အဖြစ် ဘုရားပွဲကျင်းပကြသည်။ ရွာသားများ အိမ်တစ်အိမ်တွင် စုဝေးကာ ဓမ္မတရားစာများ ဖတ်ရွတ်ခြင်း၊ အတူတကွ စားသောက်ခြင်းနှင့် အိန္ဒိယမှ ဗုဒ္ဓသာသနာကို ယူဆောင်လာခဲ့သူ ဂုရုပဒ္မ၏မွေးနေ့ကို ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တိဘက်ပြက္ခဒိန်၏ ပထမလတွင် ဂွန်ပါစေတီများ၊ ဘုန်းကြီးကျောင်းများ၌ ဥပုသ်စောင့် တရားထိုင်ကြသည်။ ဘာသာရေး နေ့ထူးနေ့မြတ်များတွင် အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အဖြူရောင်တို့ စပ်ထားသော သာသနာ့အလံအသစ်များကို ပုံနှိပ် လွှင့်ထူကြသည်။ ထိုသို့ လွှင့်ထူရာ၌ အလံဟောင်းများကို ဖယ်ရှားပစ်ခြင်း မပြုဘဲ၊ အဟောင်းပေါ်တွင် အသစ်ကို ထပ်လောင်း ရိုက်နှိပ်ကြသည်။ အလံဟောင်းများကို အလိုအလျောက် ဆွေးမြေ့လွင့်ပြယ်သွားသည်အထိ ချိတ်ဆွဲထားကြ သည်။

လူနေအိမ်နှင့် အသုံးဆောင်ပစ္စည်းများတွင်လည်း ဗုဒ္ဓသာသနာလက်ရာ အမွေအနှစ်များကို တွေ့နိုင်သည်။ မီးဖိုတွင် ဥစ္စာစေ၏ သင်္ကေတအဖြစ် စပါလ်ဘီခေါ် အစအဆုံး မပေါ်သည့် အတုံးငယ်တစ်ခုဖြင့် တန်ဆာဆင်ထားသည်။ အိမ်ခေါင်မိုး၏ အစွန်းနှစ်ဘက်ကို သာသနာ့အလံများ ချိတ်ဆွဲထားသော ကြိုးစဖြင့် ချည်နှောင် သွယ်တန်းထားကြသည်။ အချို့က အိမ်ရှေ့တွင် သာသနာ့အလံတိုင်ကြီး ကို စိုက်ထူထားကြသည်။ အိမ်နံရံတစ်ဘက်တွင် လိမ္မော်ရောင်၊ အပြာရောင် ဘုရားပုထိုးငယ်များကို ဝရန်တာငယ်တစ်ခုတွင် တန်ဆာဆင်ထားသည်။ အိမ်အမိုးပေါ်ရှိ မီးခိုးခေါင်းတိုင်ထိပ်တွင် အိမ်စောင့်နတ်ကို ပူဇော်ရန် ဝက်သစ်ချကိုင်းများနှင့် သစ်သား မြားတံတစ်စင်းကို ပေါင်းစပ် စည်းနှောင်ထားသည်။

နှစ်သစ်ကူးသည့်အခါတိုင်း လာဘ်လာဘ တိုးတက်ရန် ပန်းအိုးတစ်အိုးတွင် ဂျုံစေ့၊ ဘာလီစေ့၊ ရေ၊ ရွှေ၊ ငွေနှင့် အဖိုးတန်သတ္တုများကို အသစ်လဲလှယ်ထည့်လေ့ရှိသည်။ အိမ်ရှင် ဇနီးမောင်နှံတို့၏ အမည်နှင့် ရုပ်ပုံတို့ကို သစ်သားဘူးတွင် ထည့်၍၊ သိုးမွေးဖြင့် ထုပ်ကာ သိုးဦးခေါင်းခွံအတွင်း ထည့်သွင်းလျက် နံရံရှိ တံခါးထိပ်တွင် ချိတ်ဆွဲထားတတ်သည်။ ဤကား အိမ်ထောင်မိသားစုကို အမှောင့်ပယောဂနှင့် ဝိညာဉ်ဆိုးများ၏ရန်မှ ကာကွယ်ရန်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ခန်ခေါ် မြင်းဖြူ စီးသည့် နတ်အား ပသသည့်အနေဖြင့် အနီရောင်အရုပ်ငယ်များ၊ အစက်အပြောက် ကျားနှင့် စကြာငယ်များ ချိတ်ဆွဲထားတတ်ပေသည်။ အဆိုပါ ခန်နတ်မင်းကို အဝတ်ဖြင့် ဖုံးအုပ်ထားလေ့ရှိသည်။ ထိုနတ်ကို စိတ်ဆိုးစေလျှင် အလွန်အကျည်းတန်သော မျက်နှာနှင့် ကိုယ်ထင်ပြတတ်ပြီး၊ ဥပဒ်သင့်စေတတ် သည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လဒါခီတို့သည် နတ်ပူဇော်ခြင်းကို မှန်မှန် ပြုလုပ်တတ်သော်လည်း ထိုနတ်များ၏ အမျက်ဒေါသကို ကြောက်ရွံ့စိတ် ကြီးစိုးနေခြင်း မရှိကြပေ။ အမှန်ဆိုလျှင် နတ်ရှိသည်ဟူသော အယူအဆအပေါ် စောဒကတက်ခြင်း မရှိသလို၊ အလွန်အမင်း စိတ်စွဲလမ်းခြင်းမျိုးလည်း မရှိပါ။ လဒါခီမိတ်ဆွေတစ်ဦးအား၊

"နတ်ရှိတယ်ဆိုတာ တကယ်ယုံသလား" လို့ မေးတဲ့အခါ "လူကြီးသူမတွေက ရှိတယ်လို့ ပြောတာပဲ၊ ကျွန်တော်ကတော့ မတွေ့ဖူးသေးပါဘူး၊ ဒါပေမယ့် မပြောနိုင်ဘူးလေ" ဟု ခပ်အေးအေး ပြန်ဖြေခဲ့သည်။

တိဘက်ယဉ်ကျေးမှုတွင် ဘုန်းတော်ကြီးကျောင်းများ၏ ပါဝင်ပတ်သက်နေမှု ကဏ္ဍများအရ ပဒေသရာဇ်ဆန်သည်ဟု အချို့က ယူဆကြသည်။ အချို့ ဘုန်းတော်ကြီးကျောင်းများသည် မြေယာအများအပြား ပိုင်ဆိုင်ကြပြီး၊ ထိုမြေယာများ၌ ရွာသားများက ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းပေးကြရသည်။ မိမိ၏ ကိုယ်ပိုင်လယ်မြေအပြင် ဘုန်းကြီးကျောင်းပိုင် လယ်မြေများတွင် သီးစားခ ယူ၍၊ လုပ်ကိုင်ပေးသူများလည်း ရှိသည်။ အပေါ်ယံအားဖြင့် ကြည့်လျှင် ဘုန်းကြီးကျောင်းများက ပြည်သူတို့အပေါ် ခြယ်လှယ် အမြတ်ထုတ်ဟန်ရှိသော်လည်း၊ လက်တွေ့တွင်မူ လဒါခီလူမှုရေး လုံခြုံမှု၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လုံခြုံမှုကို အာမခံပေးသည်မှာ ဘုန်းကြီးများသာ ဖြစ်သည်။ လဒါခီတို့၏ စီးပွားရေးပြဿနာများကို ဘုန်းကြီးကျောင်းများက တာဝန်ယူ ဖြေရှင်းပေးနိုင်စွမ်းပါသည်။ ဥပမာ- မိသားစု ကြီးမားပြီး၊ လုပ်ကိုင်နိုင်သူနည်းသော မိသားစုများမှ ငယ်ရွယ်သော သားငယ်များကို အကန့်အသတ်မရှိ၊ ရဟန်းဘောင်သို့ သွတ်သွင်းနိုင်သည်။ ဘာသာရေးလုပ်ငန်းများအတွက် ရွာသားများပေးလှူသော ဆွမ်းဆန်ရိက္ခာများဖြင့် ထိုရဟန်းတော်များအတွက် ဖူလုံမှု ရှိကြသည်။ ဤနည်းဖြင့် ဘုန်းကြီးကျောင်းနှင့် ရွာသားများ အပြန်အလှန် အကျိုးပြု အမှီသဟဲပြုခြင်းဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာ ကြီးမားလာခဲ့သည်။ အိုးအိမ်မထူထောင်လိုသူ ကျားမကြီးငယ်တို့သည်လည်း သာသနာ့ဘောင် ဝင်ကာ၊ အချိန်ပြည့် တရားအားထုတ်နိုင်ကြသည်။

ရဟန်းတော်များကို ရွာသားများက လေးစားကြည်ညိုကြသည်။ စာပေကျမ်းဂန် တတ်မြောက်သည့် ရဟန်းတော်များ ထေရ်ကြီးဝါကြီး လားမား ရဟန်းတော်

www.burmeseclassic.com



များသည် ပညာဗဟုသုတ ကြွယ်ဝခြင်း၊ တန်ခိုးက္ကဗ္ဗိပါဒ် ကြွယ်ဝခြင်းတို့ကြောင့် လူအများက အထူးကြည်ညိုလေးစားကြသည်။ ထိုသို့ စာပေကျမ်းဂန် မတတ်ကျွမ်းသော်လည်း အခြားရဟန်းတော်များမှာ ဘာသာရေးအခမ်းအနား ပွဲလမ်းသဘင်များတွင် ဦးဆောင် ဆင်ယင်ခွင့်ရှိသည်။ ကျွန်မ၏မိတ်ဆွေ အန်ဂ်ချွတ်ဂ် ၏ ညီရဟန်းသာရင်ချင်း ဆိုလျှင် သူတို့ရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာများမှ မိသားစုဘာသာရေး အခမ်းအနားများကို သွားရောက် စီရင်ပေးရလေ့ရှိပြီး၊ နေအိမ်များ၌သာ အချိန်ကုန်ရလေ့ရှိသည်။ အထူးသဖြင့် ပျိုးကြဲရန်၊ ကောက်ရိတ်ချိန်များတွင် အိမ်တိုင်းလိုလို ဘုရားပူဇော်ပွဲများ ကျင်းပကြရာ ရင်းချင်း မှာ အလွန်အလုပ်များတတ်လေသည်။ ထိုဘုရားပွဲများ ဦးဆောင်ရာမှ သူ့အတွက် လှူဖွယ်ပစ္စည်းများကိုလည်း လက်ခံရရှိလေသည်။ နောက်ပိုင်းတွင် ငွေဝတ္ထုကို လှူဒါန်းမှု ခေတ်စားလာခဲ့သည်။ ရင်ချင်း သည် တစ်ခါတစ်ရံ သူ၏အိမ်သို့ ပြန်လာ နားနေရင်း မိသားစုများနှင့် အိမ်အလုပ်တို ဝိုင်းကူ လုပ်ပေးလေ့ရှိသည်။

ဘုန်းကြီးကျောင်းများတွင် အခါကြီး ရက်ကြီး၊ ဘာသာရေးအထူးပွဲတော်အခမ်းအနားများကို တစ်နှစ်ပတ်လုံး အချိန်မှန်မှန် ဆင်နွှဲလေ့ရှိကြသည်။ အချို့ပွဲတော်အခမ်းအနားများမှာ ရက်အနည်းငယ်မှ ရက်သတ္တပတ် အနည်းငယ်အထိ ကြာညောင်းတတ်သည်။ နွေရာသီတွင် ကျရောက်လေ့ရှိသော ယာဂ်အနာခံ ကာလတွင် ရဟန်းတော်များ အပြင်သို့ အသွားအလာ နည်းပါးပြီး၊ ကျောင်းတော်ထဲတွင် သီတင်းသုံးနေလေ့ရှိသည်။ ဤရာသီတွင် ပိုးမွှားအကောင်ငယ်များ ပေါ်များလှသည်ဖြစ်ရာ ရဟန်းတော်များက ထိုပိုးမွှားများကို မနင်းသတ်မိရန် ရှောင်ရှားခြင်းဖြစ်သည် ဟု ဆိုသည်။

ချမ်းအကပွဲတော်မှာ လဒါခီတို့၏ အကြီးကျယ်ဆုံး အခမ်းနားဆုံး ပွဲတော်တစ်ရပ်ဖြစ်သည်။ မဟာယနဗုဒ္ဓဘာသာ အဆုံးအမတရားတော်များကို ဇာတ်လမ်း ဇာတ်ကွက်များ တီထွင်ကပြကြသည်။ 'အတ္တ' ကို အခမ်းအနားနှင့် သုတ်သင်ပယ်ရှင်းပုံကို အကဖြင့် သရုပ်ဖော် တင်ဆက်ရာတွင် အလွန်ပင် အနုပညာမြောက်လှသည်။ ရဟန်းသံဃာတော်များက နတ်ဘုရားများအသွင် မျက်နှာဖုံးစွပ်ကာ စိတ်ဝင်စားဖွယ် ကပြဖျော်ဖြေလေ့ရှိပြီး၊ ထိုပွဲတော်ကြီးတွင် ပရိသတ်မှာ တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဂဏန်းအထိ ရှိတတ်လေသည်။ လူတို့၏ ဂါထာမန္တန် ရွတ်ဖတ်သံ၊ တူရိယာတီးမှုတ်သံ၊ ရယ်မောပြောဆိုသံများဖြင့် ပွဲသဘင်ကျင်းပရာ နယ်တစ်ခွင် ဆူညံပျံ့လွင့်နေတတ်သည်။

အဝိဇ္ဇာ ဖုံးလွှမ်းနေသမျှကာလပတ်လုံး ဘုရားရှိခိုး ပူဇော်ပွဲများ ကျင်းပရလိမ့်မည်ဟု စတက်နာမှ ကျောင်းထိုင်ဆရာတော်တစ်ပါးက မိန့်ကြားခဲ့ဖူးပါသည်။ "ကျုပ်တို့က ဝိညာဉ်ရေးရာမှာ လှေကားထစ်တစ်ခုကို ကျော်ဖြတ်ပြီး၊ တိုးတက်သွားပြီဆိုရင် အဲဒီအစွဲအလမ်း အယူအဆဟောင်းဆိုတဲ့ လှေကားထစ်ဟောင်းကို စွန့်လွှတ်ဖို့ လိုတယ်" ဟု ဆရာတော်က ဆက်၍ ဟောကြားခဲ့ပါသည်။ ဘုရားရှိခိုး ပူဇော်ပွဲများသည် လဒါခီလူ့အဖွဲ့အစည်းတွင် အရေးကြီးသော ဘာသာရေးဝတ္တရားတစ်ခုဖြစ်သော်လည်း အခြေခံဗုဒ္ဓကျင့်စဉ်တစ်ခုတော့ မဟုတ်ပါ။ သို့ဆိုစေ လဒါခီတို့၏ အကျင့်စာရိတ္တနှင့် သဘောထားခံယူချက်များသည် လေးနက်သော ဗုဒ္ဓတရားတော်ကို ရောင်ပြန်ဟပ်နေပြီး၊ ကျွန်မအဖို့မူ ၎င်းတို့သည် စစ်မှန်သော ဗုဒ္ဓအယူဝါဒီများ ဖြစ်ကြပေသည်။

အနိစ္စတရားနှင့် သင်္ခါရတရားကို နားလည်သဘောပေါက်ပြီး၊ နှလုံးသွင်းထားကြသော လဒါခီလူမျိုးများက မျက်မှောက်ဘဝနှင့် သေခြင်းတရားတို့ကို သံဝေဂတရားဖြင့် ဆင်ခြင်ရှုမှတ်ကြသည်။ ထိုစိတ်သဘောသည် ကျွန်မ၏စိတ်ဘဝင်အပေါ် ဂယက်ရိုက်နိုင်ခဲ့သည်။ လဒါခီတို့က ဘဝတွင် ဖြစ်ချင်သည့်အရာများအပေါ် စွဲလမ်းတပ်မက်နေမည့်အစား ဖြစ်ပျက်လာသည့် အခြေအနေတိုင်းအပေါ် ကျေနပ်လက်ခံနိုင်ကြသည်။ ဥပမာ- ကောက်ရိတ်သိမ်းချိန်၌ မိုး၊ နှင်းရွာခြင်းနှင့်ကြုံရ၍ သီးနှံများ ပျက်စီးရသည့်အခါ ထိုဆုံးရှုံးမှုအပေါ် စိတ်ပျက်ညှိုးငယ်ခြင်းမရှိဘဲ၊ ထိုသို့ ဒုက္ခကြုံရ ခြင်းကိုပင် ပြက်လုံး လုပ်၍ ရယ်မောပစ်တတ်ကြသည်။

လဒါခီတို့သည် သေခြင်းတရားကို တည်ငြိမ်စွာ လက်ခံရင်ဆိုင်တတ်ကြသည်။ လာဒါတ်သို့ ရောက်ပြီး ဒုတိယနှစ်တွင် ကျွန်မ၏မိတ်ဆွေ လဒါခီအမျိုးသမီးတစ်ဦး၏ နှစ်လသားအရွယ် ရင်သွေးငယ် သေဆုံးသွားခဲ့သည်။

ထိုဆုံးရှုံးရမှုကြောင့် သူမ ဝမ်းနည်းပူဆွေးရကြောင်း ကျွန်မကို ဖွင့်ဟဝန်ခံခဲ့ပါသည်။ သို့ရာတွင် မဖြေသိမ့်နိုင်လောက်အောင်တော့ မဟုတ်ပါ။ သူမ၏ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ချက်အရ ကလေးငယ်သည် သံသရာဘဝတစ်ပါးသို့ ကူးပြောင်းသွားခြင်းသာ ဖြစ်သည်ဟု ခံယူလေသည်။ လဒါခီတို့က သံသရာအကျိုးကို ယုံကြည်ကြသည်။ သေခြင်းဆိုသည်မှာ မျက်မှောက်ဘဝ နိဂုံးဖြစ်ပြီး၊ အသစ်သော ဘဝတစ်ခု၏ အစလည်း ဖြစ်ပေသည်။ သူတို့အဖို့ မျက်မှောက်ဘဝတစ်ခု၏ အစလည်း ဖြစ်သည်။ သူတို့အဖို့ မျက်မှောက်ဘဝတစ်ခုတည်းကိုသာ တွယ်တာစုံမက်ရာဟု မမြင်ကြချေ။ သေခြင်းသည် ဘဝတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းခြင်းဖြစ်သည်။ လဒါခီတို့၏ သဘောထားသည် သမထကျင့်စဉ်သဘောနှင့် ဆက်စပ်နေပေသည်။ ရဟန်းဘုန်းတော်ကြီးများက သမထအားထုတ်ခြင်းကို အချိန်ယူ လေ့ကျင့်တတ်ကြသည်။ အသက်အရွယ်ကြီးရင့်သူများမှာ လမ်းလျှောက်၊ အလုပ်လုပ်ရင်း ဂါထာမန္တန်များ ရွတ်ဆိုတတ်ကြသည်။ တစ်ခါတစ်ရံ မိတ်ဆွေများနှင့် စကားပြောရင်းပင် ဂါထာတိုများကို ရွတ်ဆိုလေ့ရှိကြသည်။ အနောက်တိုင်းပညာရှင်များ၏ လေ့လာသုတေသနပြုချက်များအရ ထိုသို့တရားအားထုတ်ခြင်းသည် စိတ်တည်ငြိမ်မှု ရနိုင်ပြီး၊ အရာရာကို အာရုံစူးစိုက် လုပ်ကိုင်ခြင်းဖြင့် စိတ်တန်ခိုး နိုးကြားလာတတ်သည်ကို တွေ့ရသည်။ ဤသမာဓိတရားက လဒါခီတို့၏လောကကြီးအား ရှုမြင်သုံးသပ်ပုံကို လမ်းခင်းပေးသည်။ ဗုဒ္ဓတရားတော်ကို သိကျွမ်းမှုနည်းသူများ၊ မသိကျွမ်းသူများအဖို့ပင် ထင်ရှားသိသာသော လောကီအမြင်တစ်ရပ်လည်း ဖြစ်ပေသည်။

လဒါခီဘာသာစကားသည် ဗုဒ္ဓအယူဝါဒ၏ အရိပ်အငွေ့မှ မလွတ်ကင်းနိုင်ဟု အချို့က အသိအမှတ်ပြုကြသည်။ ကျွန်ုပ်မ တတ်ကျွမ်းခဲ့သော အနောက်တိုင်းဘာသာစကားများနှင့် ယှဉ်လျှင် လဒါခီဘာသာစကားသည် ကြောင်းကျိုးဆက်စပ်မှုနှင့် နှိုင်းယှဉ်မှုသဘောကို ပိုမိုအလေးပေး သုံးနှုန်းပြောဆိုကြသည်။ မိမိ ပြောလိုသည့် အကြောင်းအရာကို ပိုမိုပေါ်လွင်အောင် အကြောင်းအရင်း၏ နောက်ခံသဘောကို ဖော်ပြပြောဆိုလေ့ရှိသည်။ မိမိ ပြောဆိုသော စကားအကြောင်းအရာသည် မိမိနှင့် အကျွမ်းဝင်မှုရှိသည့် အတိုင်းအဆကို ဖော်ပြသလို၊ မိမိနှင့် ဆက်ဆံပြောဆိုနေသူအကြား ရင်းနှီးမှုပမာဏကိုလည်း ဖော်ညွှန်းသည်။ ပို၍ ထူးခြားသည်မှာ လဒါခီတို့တွင် အခြေအနေအလိုက် သုံးစွဲရသော ဖြစ်ခြင်းကြိယာပုဒ် (၂၀) ကျော် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လဒါဒ်ီတို့သည် မိမိကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသော အဖြစ်အပျက် အကြောင်းအရာ သို့မဟုတ် မိမိတို့ သေချာစွာ မသိသောအရာများကို အတည်ပေါက် အခိုင်အမာ ပြောဆိုလေ့ မရှိကြချေ။ "ကျွန်တော့်အထင်တော့ . . "၊ "သူတို့အဆို အရ. . . "၊ "ဖြစ်လိမ့်မယ် ထင်တယ်" ဟူသော မသေချာမှုကို ဖော်ပြသည့် အထူးပြုပုဒ်များ ထည့်သွင်းပြောဆိုတတ်ကြသည်။

စင်စစ် လဒါဒ်ီတို့သည် မိမိသေချာစွာ တွေ့ကြုံသိရှိထားသော အကြောင်းအရာများကိုပင် လွယ်လွယ် ပြောမထွက်တတ်ကြချေ။ အကောင်းအဆိုး၊ အနေအမြန်၊ အနီးအဝေးကို ကွဲပြားစွာ သတ်မှတ်ပြောဆိုခြင်း မရှိပေ။ ခန္ဓာနှင့် စိတ်၊ အသိတရားနှင့် ဆင်ခြင်တုံတရားတို့၏ ဆန့်ကျင်ခြားနားပုံကိုလည်း အထူးပြု တွေးခေါ်လေ့ မရှိကြချေ။ ဘဝတွင် တွေ့ကြုံရသမျှကို သစ္စာရတရားနှင့်ယှဉ်ကာ နှလုံးသွင်း ဆင်ခြင်တတ်ကြသည်။ ဤကား ပညာနှင့် မေတ္တာတို့၏ ဒွန်တွဲ တည်ရှိမှုတည်းဟူဝသော ဗုဒ္ဓတရားတော်ကို ထင်ဟပ်ပြနေခြင်းပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)
# ပျော်ပျော်နေသေခဲ

ဘယ်သူမှ ကျွန်တော်တို့လောက် ပျော်ပျော်မနေတတ်ဘူးလို့ ခင်ဗျားတို့ ဆိုလိုသလား။

ဆေးရင်း(ဂ) ဒိုလမာ

နွေရာသီအကုန်ပိုင်း ကာလတစ်ခုတွင် ကျွန်မသည် အသက် (၆၀) အရွယ် (နံရံကပ် ပန်းချီကားလိပ်) ရေးဆွဲသူ ပန်းချီဆရာ *ဝဇ်(ဂ) ပါ(လ) ဂျို* နှင့်အတူ ကက်ရှ်မီးယားပြည်နယ်၏ မြို့တော် ဆရင်နဂါသို့ ခရီးထွက်ခဲ့ပါသည်။ သူသည် ရိုးရာသိုးမွေး 'ဂွန်ချာ' ခေါ် ဝတ်ရုံ၊ ဦးထုပ်နှင့် ယာ့က်အမွေးထိုးထားသော ဖိနပ်တို့ကို ဝတ်ဆင်ထားသောကြောင့် ကက်ရှ်မီးယားလူမျိုးတို့၏ အမြင်တွင် တောကျသော လာဒါတ်မှ လာသည်မှန်း သိသာလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ သွားလေရာ လူတိုင်းက သူ့ကို နောက်ပြောင်ကြပါသည်။ တက္ကစီ မောင်းသူ၊ ဈေးဆိုင်ရှင်နှင့် အနီးအနားမှ ဖြတ်သွားဖြတ်လာများပင် သူ့ကို စနောက်သွားကြသည်။ "ပုံမလာတဲ့ ဦးထုပ်ကြီးကို ကြည့်ပါဦး"၊ "မင်းသိလား၊ ဒီတောကျတဲ့ လူတွေ ဘယ်တော့မှ ရေမချိုးဘူး။" ဤကဲ့သို့သော ပြက်ရယ်စကားကို ကြားပြီး ကျွန်မမှာ နားမလည်နိုင်အောင်ဖြစ်မိသည်။ သို့သော် ဝန်(ဂ) အဖိုးမူ ဘာမှ ထူးခြားပုံ မပြပေ။ သူသည် ခရီးထွက်လာရသည်ကို ပျော်နေသည်။ မျက်လုံးများမှာလည်း တလက်လက် တောက်ပလျက်ရှိသည်။ သူ့ကို ပြက်ရယ်ပြုနေသည်ကို သိသော်လည်း ဘာမှထူးခြားပုံမပြဘဲ၊ အပြုံးမပျက်ပင် ယဉ်ကျေးသိမ်မွေ့စွာ သူ့အား နောက်ပြောင်နေသည့် လူများကို "ဂျူလေး၊ ဂျူလေး" ဟု တုံ့ပြန်နှုတ်ဆက်ပါသည်။ "ရှင် ဘာကြောင့် ဒေါသမထွက်တာလဲ" ဟု ကျွန်မက မေးသောအခါ "ဘာ ဒေါသ ထွက်စရာရှိလို့လဲ" ဟုပင် သူက ပြန်ပြောပါသည်။

လဒါခီတို့သည် အလွန်ပျော်ပျော်နေတတ်ကြပါသည်။ သူတို့၏ပျော်ပျော်နေတတ်သော စိတ်နေသဘောထားအမူအကျင့်ကို မည်ကဲ့သို့သော အခြေအနေမျိုးကမှ ပျက်ပြယ်စေနိုင်စွမ်းမရှိပါ။ လဒါခီတို့၏ အူလှိုက်သည်းလှိုက် ရယ်မောခြင်းက သင့်ထံသို့ ခတ်ကူးလာပေလိမ့်မည်။

အစကနဦးတွင် လဒါခီတို့ တကယ်ပျော်တတ်ကြသည်ဟု ကျွန်မ မယုံကြည်ခဲ့မိပါ။ ကာလအတန်ကြာပြီးမှ လာဒါတ်တို့၏အပြုံးသည် အစစ်အမှန်ဖြစ်ကြောင်း သိလာရသည်။ ကျွန်မတို့ လူ့အဖွဲ့အစည်းများတွင် ရယ်မောနေသော မျက်လုံးများ၏ နောက်ကွယ်တွင် စိတ်ပျက်မှု၊ မနာလို ဝန်တိုဖြစ်မှု၊ ကြောင့်ကြမှုတို့ ဖုံးကွယ်နေလေ့ရှိပါသည်။ အမှန်စင်စစ် ဤအချက်ကို ကျွန်မနားမလည်ခဲ့သောကြောင့် တူညီသော လူ့အဖွဲ့အစည်းများမှ လူသားအားလုံး တန်းတူပျော်တတ်ကြသည်ဟု အမြင်မှားခဲ့ပါသည်။ ယခု လာဒါတ်တွင် တွေ့ကြုံရသော အတွေ့အကြုံကို လိုလိုလားလား တန်ဖိုးထားလာမိပါသည်။

အမှန်စင်စစ် လဒါခီတို့တွင်လည်း ဝမ်းနည်းပူဆွေးမှုနှင့် ပြဿနာများရှိကြပါသည်။ တစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်သောအခါတွင်လည်းကောင်း၊ တစ်ဦးတစ်ယောက် သေဆုံးသောအခါတွင်လည်းကောင်း သူတို့ ဝမ်းနည်းပူဆွေးတတ်ကြပါသည်။ တစ်နှစ်တစ်ခါ စက်မှုထွန်းကားသော နိုင်ငံသို့ ပြန်ရောက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုအတိုင်းအတာပမာဏ ကွာခြားချက်မှာ ကျွန်မအတွက် ပို၍ပို၍ ထင်ရှားလာပါသည်။ ကျွန်မတို့၏ ဇာတိကို လုံခြုံမှုနှင့် အာမခံချက်ကင်းမဲ့မှု၊ အမြဲတမ်း ကြောက်ရွံ့ပူပန်နေရမှုတို့ကြောင့် ကျွန်မတို့သည် စိတ်ချမ်းမြေ့မှုမရှိဘဲ အချင်းချင်းကြား လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်စွာ နေနိုင်ခြင်းမရှိပေ။ လဒါခီလူမျိုးတို့မှာမူ သူတို့ကိုယ်သူတို့ ကောင်းစွာ ပိုင်စိုးကြသည်။ ကျွန်မတို့ကြားရှိ ဂုဏ်မာနမျိုး သူတို့တွင် လုံးဝမရှိပေ။ ဤသို့ဆိုလျှင် လဒါခီတို့ မိမိတို့၏ဂုဏ်သိက္ခာကို မိမိတို့ လေးစားကြခြင်းမရှိဟု မဆိုလိုပါ။ လဒါခီတို့သည် မိမိတို့ဂုဏ်သိက္ခာကို လေးစားမြတ်နိုး တန်ဖိုးထားတတ်ကြောင်း သံသယရှိစရာ မလိုပါ။

ကျွန်မနှင့်အတူ လဒါခီလူမျိုး (၁၂) ယောက်၊ ကာလကတ္တားမှ ကျောင်းသား နှစ်ဦးတို့ ဇန်စကာ(ရ်) မှ ကျင်း၊ ချိုင့်ပေါ်များပြီး ဖုံထူသော လမ်းအတိုင်း ကုန်ကားတစ်စီးပေါ်တွင် စီးနင်းလိုက်ပါကြသည်။ ခရီးတွင်လာသည်နှင့်အမျှ လမ်းကြမ်းသဖြင့် ကျောင်းသားများမှာ မအီမသာဖြစ်လာကြပြီး ဟင်းသီးဟင်းရွက် အိတ်ပိုင်းတစ်ခုကို ဖင်ခုထိုင်၍ လိုက်ပါလာသော လူလတ်ပိုင်း လဒါခီတစ်ယောက်ကို စတင်တွန်းတော့သည်။ တအောင့်မျှကြာသောခါ ဤလဒါခီသည် ထိုင်ရာမှ ထလိုက်ပြီး၊ သူ့ထက် အသက်နှစ်ဆယ်ခန့် ငယ်သော ကျောင်းသားနှစ်ယောက်ကို ထိုင်ရန် နေရာပေးလိုက်သည်။ နှစ်နာရီခန့် ခရီးနှင်ပြီးနောက် လက်ဟန်ခြေဟန်ဖြင့် ထိုလဒါခီကို ရေခပ်ပေးရန် ပြောကြသည်။ သူ ရေခပ်ပေးသည်။ ထို့နောက် တစ်ဖန် သူ့အား မီးမွှေးပြီး၊ ရေနွေးအိုး တည်ရန် အမိန့်ပေးသလိုလို ပြောပါသည်။

သူ့အား အစေခံတစ်ယောက်ပမာ ဆက်ဆံကြသည်။ ဤကဲ့သို့ ဆက်ဆံခြင်းခံရသည်မှာ သူ့ဘဝတွင် ပထမဆုံးအကြိမ်ဖြစ်ပုံရသည်။ သို့သော် သူသည် အစေခံတစ်ယောက်ကဲ့သို့ တစ်စက်ကလေးမျှ မပြုမူဘဲ မိတ်ဆွေများအား ဧည့်ဝတ်ဖြည့်သည့်သဘောမျိုးနှင့် သူတို့ခိုင်းသမျှကို သိက္ခာရှိရှိ လုပ်ပေးသွားပါသည်။ ကျွန်မက မဆီမဆိုင် ခံပြင်းလာသော်လည်း သူနှင့်အခြားလဒါခီများက ဘယ်လိုမှ သဘောထားပုံ မရဘဲ၊ အပျော်အပျက်သဘောမျိုး ပွဲကျနေကြသည်။ ဤလဒါခီပုဂ္ဂိုလ်၏ အေးအေးလူလူနှင့် လုပ်ကိုင်ပေးသွားပုံကိုကြည့်၍ သူသည် မည်ကဲ့သို့သော လူသားဖြစ်သည်ကို အထူးသက်သေပြရန် မလိုတော့ပါ။

မေတ္တာ၊ ကရုဏာတရားထားရှိမှုတွင် လဒါခီလူမျိုးလောက် လုံခြုံသည့်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကို တစ်ခါမျှ မတွေ့ဖူးပါ။ အကြောင်းမှာ သူတို့၏ဘဝလမ်းစဉ်၊ လောကအမြင်တွင် မိမိကိုယ်ကို လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဟု ခံယူပြီး အခြားပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လည်းကောင်း ဆက်ဆံခြင်းပင် ဖြစ်ပါသည်။

လာဒါတ်တို့၏ ဒေသပတ်ဝန်းကျင်ရှိ ပထဝီမြေကြီးနှင့် ရာသီဥတုဆိုင်ရာဗဟုသုတများ၊ သူတို့၏အဖွဲ့အစည်းအတွင်း လိုအပ်ချက်နှင့် ချို့တဲ့မှုများ၊ နေ့စဉ်ဘဝ အသက်မွေးလုပ်ငန်းတာဝန်များက လဒါခီတို့ဘဝနှင့် ဆက်နွယ်လျက် ရှိနေပေသည်။ သူတို့သည် သူတို့နေထိုင်ရသော နေရာနှင့် အခြေအနေတို့ကို ကောင်းမွန်စွာ သိနားလည်ထားကြပါသည်။ နေ၊ လ၊ နက္ခတ်တာရာများ၏ အချိန်မှန် လှုပ်ရှားလှည့်ပတ်ပုံ စက်ဝိုင်းအတိုင်း သူတို့၏လုပ်ငန်းဆောင်တာများကို လုပ်ဆောင်သွားကြသည်။

လဒါခီလူမျိုးတို့၏ဆက်ဆံရေးတွင် တစ်ဦးချင်းထက်ပို၍ အများအတွက် တာဝန်သိတတ်သော စိတ်ဓာတ်ရှိကြသည်။ သူတို့သည် ဝမ်းသာစရာ၊ ဝမ်းနည်းစရာရှိသည်တို့ကို မျှဝေခံစားကြသည်။ သူတို့ဘဝလမ်းခရီး၏ အရေးကြီးသော အဆစ်အချိုးတွင် ကျင်းပရသော အခမ်းအနားများတွင် အတူတကွ အလုပ်လုပ်ကြသည်။ တစ်ဦးကိုတစ်ဦး ကူညီကြသည်။ ကျွန်မသည် သူတို့အချင်းချင်းအကြား လေးနက်မွန်မြတ်သော ဆက်ဆံရေးကို အတွင်းကျကျ လေ့လာခွင့်ရခဲ့ပါသည်။

လဒါခီတို့၏ယဉ်ကျေးမှုကို မတွေ့ကြုံမီ တစ်ဦးတစ်ယောက် ဘဝတိုးတက်ရေးအတွက် အရွယ်ရောက်သောအခါ အိမ်ရာကို စွန့်ခွာရန် လိုအပ်သည်ဟု ယူဆခဲ့ဖူးပါသည်။ သို့သော် သားသမီးအိမ်ထောင်ကျသော်လည်း အိုးအိမ်မခွဲဘဲ၊ မိဘနှင့်တစ်အိမ်တည်းပင် ဆက်လက်ပြီး စုစည်းနေထိုင်သော မိသားစုကြီးများနှင့် သေးငယ်ပြီး စည်းလုံးမှုရှိသော လူ့အဖွဲ့အစည်းများသည် အရည်အသွေးပြည့်ဝသော၊ ရင့်ကျက်သော လူသားများအတွက် အခြေခံအုတ်မြစ်သဖွယ် အကျိုးပြုကြောင်း နားလည်လာရသည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ နှောင်ဖွဲ့ထားသော၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြု မှီခိုရသော၊ တစ်ဦးတစ်ယောက်ကို အများက ဝိုင်း၍ မေတ္တာကွန်ယက် ဖြန့်မိုးပေးသော လူ့အဖွဲ့အစည်းသာလျှင် ကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်နိုင်ပေသည်။ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးသော လူ့အဖွဲ့အစည်းကြောင့်ပင် တစ်ဦးတည်း လွတ်လပ်စွာ ရပ်တည်လှုပ်ရှားနိုင်အောင် လုံလောက်သော



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှုကို ရရှိထားနိုင်ကြသည်။ ထူးခြားသည်မှာ လဒါခီတို့သည် စိတ်ခံစားမှုပိုင်းတွင် စက်မှုနိုင်ငံသားတို့ထက် ပို၍ အမှီအခိုကင်းကြသည်။ တစ်ဦးက တစ်ဦးကို ပိုင်ဆိုင်လိုခြင်းကဲ့သို့သော လွန်ကဲသည့်သဘောမရှိပေ။ တစ်ခါက မိခင်တစ်ယောက်က ရပ်ဝေးတွင် တစ်နှစ်ခန့်နေပြီးနောက် ရွာပြန်လာသော (၁၈) နှစ်အရွယ် သားငယ်အား နှုတ်ဆက်ပုံကို မြင်တွေ့ဖူးသည်။ သူမသည် သားကို သတိမရ၍ မဟုတ်သော်လည်း ထူးထူးခြားခြား တည်ငြိမ်လျက်ရှိပါသည်။

ကျွန်မ ဆောင်းရာသီတွင် တစ်နယ်တစ်ကျေးသို့ သွားရောက်ပြီး၊ ဆောင်းကုန်ချိန် လာဒါတ်သို့ ပြန်လာသောအခါ လာဒါတ်မိတ်ဆွေများ၏ ကြိုဆိုပုံကို အားမလို အားမရဖြစ်ခဲ့ဖူးပါသည်။ ကျွန်မသည် သူတို့ကြိုက်တတ်သော လက်ဆောင်ပစ္စည်းများ ယူဆောင်လာသောကြောင့်လည်း ဝမ်းသာကြမည်ဟု ထင်ခဲ့သည်။ သို့သော် သူတို့၏အမူအရာ၊ မျက်နှာပေးတို့ကို ကြည့်၍ အကဲခတ် ရသည်မှာ အဝေးသို့ သွားပုံပင် မရပေ။ လက်ဆောင်ပစ္စည်းများအတွက် ကျေးဇူးတင်စကား ပြောကြသည်။ သို့သော်လည်း ကျွန်မ မျှော်လင့်သလို ဟက်ဟက်ပက်ပက် မရှိလှပါ။ လက်ဆောင်ပစ္စည်းများကို ကြည့်ပြီး၊ စိတ်လှုပ်ရှားစွာဖြင့် ကျွန်မကို အလွန်ခင်မင်ကြောင်း ပြောကြလိမ့်မည်ဟု မျှော်လင့်ထားသလို ဖြစ်မလာသည့်အတွက် ကျွန်မ စိတ်ပျက်မိပါသည်။ ကျွန်မ တစ်ရက် ခရီးသွားသည်ဖြစ်စေ၊ ခြောက်လ ခရီးသွားသည်ဖြစ်စေ သူတို့ ဤအတိုင်းပင် ဆက်ဆံကြသည်။

အခြေအနေအမျိုးမျိုးတွင် လိုက်လျောညီထွေ နေနိုင်စွမ်းနှင့် ပျော်ရွှင်တတ်မှုတို့သည် အလွန်ကြီးမားသော အင်အားပင် ဖြစ်ပါသည်။ ကျွန်မသည် တဖြည်းဖြည်း လာဒါတ်မိတ်ဆွေတို့၏ အေးဆေးသော အမူအရာများကို သဘောကျစ ပြုလာသည်။ ကျွန်မသည် သူတို့နှင့် ခွဲခွာပြီး၊ ရပ်ဝေးသို့ တစ်ရက်မျှ မသွားခဲ့လေဟန်၊ ဘာမျှ ထူးခြားဟန်မပြဘဲ ဆက်ဆံသည်ကိုလည်း နှစ်သက်မိပါသည်။ လဒါခီတို့သည် ကျွန်မတို့ကဲ့သို့ ဘယ်အရာမျှကို စွဲလမ်းတပ်မက်ခြင်းရှိပုံ မရပေ။ စင်စစ်လုံးဝကြီး စွဲလမ်းတပ်မက်မှု ကင်းသည်ဟု မဆိုနိုင်ပါ။ သို့သော် ဤနေရာတွင်လည်း ကျွန်မတို့၏ ခံယူချက်နှင့် ကွဲပြားခြားနားမှု ရှိပါသည်။ မိတ်ဆွေတစ်ဦး ရပ်ဝေးသို့ ထွက်ခွာသွားခြင်း၊ အဖိုးတန်ပစ္စည်းတစ်ခု ပျောက်ဆုံးခြင်းတို့ကြောင့် တစ်ဦးတစ်ယောက်သည် စာဖွဲ့ရလောက်အောင် မပျော်ရွှင်နိုင်ခြင်းမျိုး မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ လဒါခီတစ်ယောက်အား ခင်ဗျား 'လေး' မြို့သို့ သွားပြီး၊ ပျော်ချင်သလား၊ ဒါမှမဟုတ် ရွာမှာပဲ နေချင်သလားဟု မေးလျှင် ကျွန်မ 'လေး' သို့ သွားရလျှင် ပျော်မိမှာပါ။ အကယ်၍ မသွားရလျှင်လည်း ကျွန်မတော့ ပျော်မှာပါဟူ၍ ဖြေတတ်ကြပါသည်။ လဒါခီတို့သည် စားပွဲသောက်ပွဲများကို နေ့စဉ် စားနေကျထမင်းထက် ပို၍ နှစ်သက်ကြသည်။ ထို့အပြင် သူတို့သည် သက်သောင့်သက်သာရှိခြင်း၊ ကျန်းမာခြင်းကို လိုလားကြပါသည်။ သို့သော် သူတို့၏ တင်းတိမ်ရောင့်ရဲမှုနှင့် စိတ်အေးချမ်းမှုတို့သည် ထိုပြင်ပအကြောင်းအရာ အခြေအနေများပေါ်တွင် မူတည်ခြင်း မရှိပေ။ ဤအရည်အချင်းများသည် သူတို့၏အတွင်းအဖွဲ့တွင်မှ လာခြင်းဖြစ်ပါသည်။ လာဒါတ်တို့၏ လူမှုဆက်ဆံရေးနှင့် ပတ်ဝန်းကျင်မှ အရာအားလုံးနှင့် ဆက်ဆံရေးက သူတို့၏တင်းတိမ်ရောင့်ရဲမှုနှင့် အတွင်းစိတ် အေးချမ်းတည်ငြိမ်မှုတို့ကို ရင့်သန်စေပါသည်။ သူတို့၏ ဘာသာတရားကလည်း သူတို့သည် ကျန်းမာသန်စွမ်းမှု၊ သက်သောင့်သက်သာရှိမှု၊ နွေးထွေးမှုနှင့် ဝလင်စွာ စားသုံးခွင့်တို့ကို ရနိုင်သော်လည်း အဝိဇ္ဇာဖုံးလွှမ်းနေသမျှ ပျော်ရွှင်မှုကို ရမည်မဟုတ်ဟု ဟောကြားသွန်သင်ထားပါသည်။

မိမိကိုယ်ကို သဘာဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သိမြင်ခံစားခြင်းဖြင့် တင်းတိမ်ရောင့်ရဲမှုကို ရင့်သန်စေပါသည်။ လှုပ်ရှားမှုနှင့် နားနေမှုသည်လည်း သဘာဝပင်ဖြစ်သည်။ သင် ခရီးထွက်ရန် အိမ်မှ ထွက်လိုက်သည်နှင့် မိုးရွာချသည်ဆိုပါက သင် စိတ်ပျက်မိပါလိမ့်မည်။ သို့သော် လဒါခီတစ်ယောက်ကမူ ဘာလို့ စိတ်ပျက်စရာဖြစ်ရမှာလဲဟု သဘောထားမည်မှာ မုချဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)

## အခန်း(၈)

## တိုးဖောက်လာသောအနောက်တိုင်းယဉ်ကျေးမှု

ဘာမဆို သိတဲ့ ဟန်နဲ့
တော်ဝင်မြင်းကြီးတွေ စီးပြီး
ပျံဝဲလာတဲ့ ရှင်ဘုရင်တွေအလား
ငှက်တွေတောင် ပျံဝဲတတ်တာ
ဒင်းတို့ မသိရှာ့သလား။

(၁၉၈၀) ခုနှစ်တွင် တာရှိရာဘာဂယား(စ်) က စပ်ဆိုသည်။

ဤစာအုပ်၏ အပိုင်း (၁) တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း (၁၉၇၅) ခုနှစ်တွင် ကျွန်ုပ်သည် လာဒါတ်သို့ ပထမဦးစွာ ရောက်ရှိခဲ့စဉ်က ကျေးရွာများသည် ရှေးရာစုနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော အခြေခံအုတ်မြစ်အပေါ် တွင် ရပ်တည်ဆဲပင် ဖြစ်ပါသည်။ ကျေးရွာများသည် ပင်ကိုယ်သဘာဝအတိုင်း ကိုယ်ပိုင် ဥပဒေများနှင့်အညီ ဆင့်ကဲ တိုးတက်လာခဲ့ပါသည်။ ဤဒေသသည် သဘာဝသယံဇာတ ရှားပါးခြင်း၊ ရာသီဥတု ကြမ်းတမ်းခြင်းနှင့် လူသူအရောက်အပေါက် နည်းခြင်း တို့ကြောင့် ကိုလိုနီစနစ်နှင့် ခေတ်အလိုက် တိုးတက်ဖွံ့ဖြိုးရေးတို့မှ ကင်းဝေးခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဤဒေသ၏ယဉ်ကျေးမှုသည် တစ်နှစ်မှ တစ်နှစ်၊ မျိုးဆက်တစ်ခုမှတစ်ခု ပြောင်းလဲမှုမပြတ် ရှိခဲ့ပါသည်။ လာဒါတ်သည် အာရှတိုက်၏ အရေးကြီးသော ကုန်သွယ်လမ်းကြောင်းတစ်ခုပေါ်တွင် တည်ရှိခဲ့ပြီး၊ အခြားသော ယဉ်ကျေးမှုများ၏ လွှမ်းမိုးမှု ရှိခဲ့ပါသည်။ သို့ရာတွင် ပြောင်းလဲမှုနှေးကွေးသော လာဒါတ်တွင် ပြင်ပမှ လာသော ယဉ်ကျေးမှုများသည် လာဒါတ်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုက လိုလားသည့်ပုံစံအတိုင်း တဖြည်းဖြည်း ပေါင်းစည်းသွားခဲ့ပါသည်။

မကြာမီနှစ်များအတွင်း ပြင်ပအင်အားစုများသည် လဒါခီတို့အပေါ်တွင် တောင်ပြိုသည့်အလား ထုနှင့်ထည်နှင့် ဆင်းသက်လာကာ လဒါခီတို့၏ယဉ်ကျေးမှုနှင့် လူမှုရေးဘဝများကို အရှိန်အဟုန်ပြင်းစွာဖြင့် ပျက်စီးစေပါသည်။ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ ကျူးကျော်မှုကို ဟန့်တားရန် (၁၉၆၂) ခုနှစ်ကတည်းက လာဒါတ်တွင် တပ်စွဲလာသော အိန္ဒိယတပ်မတော်သည် လဒါခီတို့၏ ယဉ်ကျေးမှုကို များစွာ ထိခိုက်စေပါသည်။ လာဒါတ်ကို အိန္ဒိယပြည်၏မြေပုံတွင် ပိုင်ပိုင်နိုင်နိုင် ဖော်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် (၁၉၇၄) ခုနှစ်တွင် လာဒါတ်အား ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်နိုင်ခွင့် ပေးလိုက်သည်မှစ၍ လာဒါတ်တွင် ပြောင်းလဲမှုများ စတင်ခဲ့ပါသည်။ တပြိုင်တည်းမှာပင် လာဒါတ်ခရိုင်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖောက်ချဆောင်ရွက်လာပါသည်။ ယနေ့ ကာလတွင် 'လေး' နှင့် ပတ်ဝန်းကျင်နယ်မြေ၌သာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တွင်ကျယ်စွာ အကောင်အထည်ဖော်နေပြီး၊ လဒါခီလူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်သည် အနည်းနှင့်အများ ရိုးရာစနစ်အတိုင်းပင် နေထိုင်လျက်ရှိကြဆဲ ဖြစ်ပါသည်။ သို့သော် ခေတ်မီတိုးတက်ရေးစီမံကိန်းသည် ဒေသတစ်ခုလုံးအား စိတ်ပိုင်းဆိုင်ရာဩဇာ လွှမ်းမိုးလျက်ရှိနေပါသည်။ လာဒါတ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ကက်ရှ်မီးယားပြည်နယ် အစိုးရနှင့် ဒေလီမြို့တွင် ရုံးစိုက်သော ဗဟိုအစိုးရတို့က ရေးဆွဲကြသည်။ ဒေလီမြို့တော်ရှိ ပါလီမန်လွှတ်တော်အတွက် လာဒါတ်ကို ကိုယ်စားပြုသော ပါလီမန်အမတ်တစ်ဦးကို တင်မြှောက်ထားပြီး၊ ပြည်နယ်အစိုးရတွင်လည်း လာဒါတ်ကို ကိုယ်စားပြုသော အဖွဲ့ဝင်တစ်ဦးသာ ရှိသည်။ လာဒါတ်အစိုးရ၏ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် လုပ်ကိုင်သူများမှာ လဒါခီစကားကိုပင် နားမလည်သော လူမျိုးခြား အမှုထမ်း အရာထမ်းများသာ ဖြစ်သည်။ အုပ်ချုပ်ရေး တာဝန်ခံအရာရှိဖြစ်သော ဖွံ့ဖြိုးရေးကော်မရှင်နာ



www.burmeseclassic.com

www.burmeseclassic.com



သည် အိန္ဒိယအုပ်ချုပ်ရေး ဝန်ထမ်းအဖွဲ့ဝင် အရာရှိတစ်ဦးဖြစ်ပြီး၊ လာဒါတ်တွင် (၂) နှစ်၊ (၃) နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် နယ်ပြောင်းသွားရလေ့ရှိသည်။ ကျွန်မ လာဒါတ်တွင် နေထိုင်ခဲ့သော (၁၆) နှစ်တာကာလအတွင်း ဖွံ့ဖြိုးရေးကော်မရှင်နာ (၇) ဦးထက် မနည်း ပြောင်းသွားခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ အခြားသော ဒေသများတွင်ကဲ့သို့ လာဒါတ်တွင်လည်း အနောက်တိုင်းပုံစံ တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ကြပါသည်။ ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် လမ်းဖောက်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စသော စီးပွားရေး အထောက်အကူပြု အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းတို့ အကျုံးဝင်ပါသည်။ လျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ရေးသည် ငွေကုန်ကြေးကျ အများဆုံးဖြစ်သည်။ အစိုးရဘတ်ဂျက်မှ ငွေလုံးငွေရင်းအများဆုံး မြှုပ်နှံရလေသည်။ သာဓကအားဖြင့် မကြာသေးမီက အပြီးသတ်ခဲ့သော အိန္ဒုမြစ်ပေါ်မှ (၄) မီဂါဝပ် စွမ်းအားရှိ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရာတွင် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခဲ့ပြီး၊ နှစ်ပေါင်း (၂၀) ကျော် ကြာအောင် ဆောက်လုပ်ခဲ့ရသည်။ ဝေးလံခေါင်ကျသော တောရွာများမှစ၍ အနောက်တိုင်းဆေးပညာကို အခြေခံသော ဆေးရုံ၊ ဆေးပေးခန်းများနှင့် အနောက်တိုင်းပညာရေးကို ပို့ချသော စာသင်ကျောင်းများ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအပြင်၊ အင်အား တောင့်တင်းသော ရဲတပ်ဖွဲ့၊ 'လေး' တွင် ဖွင့်လှစ်ထားသော တရားရုံး၊ ဘဏ်များ၊ ရေဒီယိုအသံလွှင့်ရုံနှင့် ရုပ်မြင်သံကြားတို့ ရောက်ရှိလာကြသည်။ (ရုပ်မြင်သံကြားအစီအစဉ်ကို ယခုလောလောဆယ် 'လေး' နှင့် အနီးတဝိုက်တွင်သာ ဖမ်းယူရရှိပါသေးသည်)

ဖွံ့ဖြိုးရေးစီမံကိန်းများ၏ စည်းမျဉ်းဥပဒေဘောင်အတွင်း ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများ လျင်မြန်စွာ ကြီးထွားလာခဲ့ပါသည်။ အဲဆင့်တိုင်းတွင် ငွေကြေးကို ဗဟိုပြုသော စီးပွားရေးကို အားပေးပြီး၊ အစိုးရက အရှုံးခံကာ ဖြန့်ချိပေးရသော သွင်းကုန်ပမာဏ တစ်နေ့တခြား များသထက် များလာသည်။ (၁၉၈၅-၈၆) ခုနှစ်တွင် 'လေး' ခရိုင်တစ်ခုတည်းအတွက် ဂျုံနှင့် ဆန်တန်ချိန် (၆၀၀၀) ကို တင်သွင်းရသည်။ တစ်နှစ်လျှင် ပျမ်းမျှ မီးသွေးတန်ချိန်* ကိုးသိန်းနှင့် ထင်းကုဗပေ ငါးသောင်းကိုပါ တင်သွင်းရသည်။ ဤသွင်းကုန်အများစုကို အစိုးရက အရှုံးခံ၍ ဖြန့်ချိပေးပါသည်။ လမ်းမကြီးပေါ်တွင် ပြေးဆွဲနေကြသော ယာဉ်ပေါ်စီးရေ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သိသိသာသာ တိုးပွားလာခဲ့သည်။ နေ့စဉ် အိန္ဒိယပြည်၏ မြေပြန့်ဒေသမှ ကုန်စည်များ သယ်ဆောင်လာသော ကုန်တင်ကား ရာနှင့်ချီ၍ လာဒါတ်သို့ ရောက်လာကြသည်။ ကမ္ဘာလှည့်ခရီးသည်အပြည့် သယ်ဆောင်လာသော ဂျစ်ကားများနှင့် ဘတ်စ်ကားအမြောက်အမြားသည် လမ်းမကြီးပေါ်တွင် ပြေးဆွဲလျက် လေးမြို့သို့ ရောက်လာလျက်ရှိရာ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို များစွာဖြစ်ပေါ်စေပါသည်။ ပြင်ပကမ္ဘာနှင့် ကူးလူးဆက်ဆံမှုများလာသော လာဒါတ်၏ လူဦးရေတိုးပွားနှုန်းသည်လည်း အိန္ဒိယတစ်နိုင်ငံလုံး၏ ပျမ်းမျှလူဦးရေတိုးပွားနှုန်းထက် ပို၍ မြင့်မားလာပါသည်။ (၁၉၇၁) ခုနှစ်တွင် 'လေး' ခရိုင်၏ လူဦးရေ (၅၁၈၉၁) ဦး ရှိရာမှ (၁၉၈၁) ခုနှစ်တွင် (၆၇၇၃၃) ဦးရေအထိ တိုးပွားလာခဲ့ရာ ဆယ်နှစ်ကျော်အတွင်း လူဦးရေ (၃၁) ရာခိုင်နှုန်း တိုးပွားလာခဲ့သည်။ (၁၉၀၁) ခုနှစ်တွင် လူဦးရေ (၃၂၆၁၄) ဦး ရှိရာမှ (၁၉၁၁) ခုနှစ်တွင် (၃၃၄၃၄) ဦးအထိ လူဦးရေ သုံးရာခိုင်နှုန်းအထိသာ ရှိခဲ့သည်ကို ကြည့်ခြင်းဖြင့် လူဦးရေတိုးနှုန်း မြင့်မားမှုကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ထို့အပြင် 'လေး' နှင့် အနီးတဝိုက်တွင် အိုးအိမ်ဆောက်လုပ်မှု အကြီးအကျယ် တိုးပွားလာခဲ့သည်။ ထို့ကြောင့် မြို့ပေါ်တွင် ဆင်းရဲသားရပ်ကွက်ကြီးများနှင့် ပြည့်နှက်လာခဲ့ပြီး၊ တတိယကမ္ဘာမှ အခြားမြို့ပြများနှင့် သဏ္ဌာန်တူလာခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီး၏ နိုင်ငံခြားငွေ အရလွယ်သော အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။ (၁၉၇၄) ခုနှစ်၊ ဆောင်းရာသီတွင် လက်ချိုး ရေတွက်နိုင်လောက်ရုံမျှသာ ရှိသော ကမ္ဘာလှည့်ခရီးသည်များသည် နှစ်စဉ် ဖွန်လမှ စက်တင်ဘာလအထိ လေးလတာကာလအတွင်း လာဒါတ်သို့ လာရောက် လည်ပတ်လေ့ရှိပြီး၊ ၎င်းတို့ တစ်ယောက်မကျန် 'လေး' သို့ ရောက်လာလေ့ရှိသည်။ တစ်ချိန်က 'လေး' တွင် ဟိုတယ်တစ်ခုမျှ မရှိခဲ့သော်လည်း ကမ္ဘာလှည့်ခရီးသည် တိုးပွားလာသည်နှင့်အမျှ ဟိုတယ် (၁၀၀) ကျော်နှင့် တည်းခိုခန်းအမြောက်အမြား ဆောက်လုပ်လာခဲ့ရသည်။ အခြားသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများလည်း တိုး၍ လုပ်ဆောင်လာကြပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကြောင့် လဒါခီတို့၏ ရုပ်ပိုင်းဘဝကို သာမက စိတ်ဓာတ်ကိုပင် အဖျက်သဘောဆောင်သော ဩဇာသက်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)
# အင်္ဂြိုဟ်မှလူသားများ

ဖြူနီကြောင်ကြား ဝတ်စုံများနှင့် ခြေလျင် တောင်တက်အဖွဲ့တစ်ဖွဲ့သည် ချိုချဉ်၊ ဖောင်တိန်များနှင့် ဓာတ်ပုံကင်မရာများ ကိုင်ဆောင်လျက် ရွာသားများထံ ချဉ်းကပ်ကာ မပြောမဆိုဘဲ ဓာတ်ပုံရိုက်ကြတော့သည်။

ကမ္ဘာလှည့်ခရီးသွားတစ်ဦး၏ ဝေဖန်ပြောကြားချက်

သင်၏ ဒေသမှ ဓလေ့စရိုက်နှင့် လုံးဝကွာခြားသော အခြားဂြိုဟ်တစ်ခုမှ လူသားများ သင့်ဒေသ၌ လာရောက်သောင်းကျန်းကြပုံကို စိတ်ကူးမှန်းဆကြည့်ပါ။ သင် နားမလည်သော ဘာသာစကား၊ သင် မသိဖူးသော ရုပ်အသွင်အပြင်၊ အနေအထိုင် ဓလေ့စရိုက်များနှင့် သင့်အတွက် ထိုသူစိမ်းများသည် တခြားဂြိုဟ်သားများသဖွယ် ဖြစ်နေပေမည်။ တစ်ဖန် ထိုသူများက အလုပ်ဟူ၍ မရှိ အစဉ် အားလပ်နေပြီး သုံးဖြုန်းနိုင်သော ဓနစွမ်းအားနှင့်လည်း ကြွယ်ဝပြည့်စုံနေပြန်သည်။ ထိုသူများကို သင့်သားသမီးများက အလွန်ပင် အားကျနေပေမည်။ ထိုဘဝ ထိုအခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို အလွန်လိုချင်တောင့်တနေသော သင့်မိသားစုများအား မိသားစုစုံစုံညီညီနှင့် အေးချမ်းသော ဘဝ၏ အရသာအကြောင်း မည်သို့ ရှင်းပြနိုင်မည်နည်း။ မိမိဘာသာ သီးခြားလွတ်လပ်စွာ ရပ်တည်လိုသော ဆယ်ကျော်သက် လူငယ်များအား လမ်းမလွဲရအောင် မည်သို့ ကာကွယ်ကြမည်နည်း။

လာဒါတ်သို့ ပထမဆုံး ခြေချခဲ့သူ အနောက်တိုင်းသားများတွင် တစ်ဦးအပါအဝင်ဖြစ်သောကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်များ၏ လည်ပတ်မှုနှင့် နယ်မြေ ဒေသခံလူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို ကျွန်မအနေဖြင့် ကောင်းစွာ သတိပြုနိုင်ခဲ့သည်။ လဒါခီစကားကို ကောင်းစွာ ပြောဆိုတတ်လာခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် လဒါခီတို့စိတ်သဘောကို ပို၍ နားလည်ခွင့်ရခဲ့သည်။ လဒါခီတစ်ဦး၏ ရှုထောင့်နှင့် အနောက်တိုင်းကမ္ဘာကြီးကို သုံးသပ်ကြည့်သောအခါ အနှစ်သာရ ခေါင်းပါးပြီး၊ အပေါ်ယံမျှသော အောင်မြင်မှုသရုပ်ဆောင်းနေသည့် သိပ္ပံပညာဖွံ့ဖြိုးပြီးနိုင်ငံများ၏ ယဉ်ကျေးမှုကို မြင်တွေ့ရသည်။

ကမ္ဘာအနှံ့အပြားမှ ဒေါ်လာငွေကို ဖောဖောသီသီ သုံးစွဲနိုင်သော လူများသည် လာဒါတ်သို့ ရုတ်ချည်း ဝင်ရောက်လာကာ တစ်နေ့လျှင် ဒေါ်လာတစ်ရာမျှ ရက်ရောစွာ သုံးစွဲပစ်ကြသည်။ လိုအပ်သမျှကို ကိုယ်တိုင် ထုတ်လုပ်သော လာဒါတ်ဒေသ၏ စီးပွားရေးစနစ်တွင် ငွေကြေးသည် အဓိကအခန်းကဏ္ဍမှ မပါဝင်ခဲ့ပါ။ ကျောက်မျက်ရတနာနှင့် လက်ဝတ်တန်ဆာများ ဝယ်ယူရာ၌သာ ငွေကြေးကို အသုံးပြုကြသည်။ စားဝတ်နေရေးနှင့် လုပ်အားဝန်ဆောင်ခ မလိုသော စုပေါင်းအင်အားသုံး လူ့အဖွဲ့အစည်းထဲတွင် ဒေါ်လာတစ်ရာသည် နိုင်ငံတွင်းမှ ငွေငါးသောင်းမျှ တန်ဖိုးရှိသည်။ ဒေါ်လာတစ်ရာသည် မိသားစုတစ်စု၏ တစ်နှစ်တာ အသုံးစရိတ်နှင့် ညီမျှပေသည်။ သို့သော် ငွေကြေးအခြေပြု အနောက်တိုင်းလူ့အဖွဲ့အစည်းမှ ငွေကြေး၏ ပါဝင်မှုအခန်းကဏ္ဍကို လဒါခီတို့ နားမလည်နိုင်ကြပါ။ အနောက်တိုင်း လူ့အဖွဲ့အစည်းတွင် ငွေသည် စားဝတ်နေရေးအတွက် အခြေခံအရင်းအမြစ်ဖြစ်သည်။ လုံးဝ ကွာခြားသော ထိုလူ့အဖွဲ့အစည်း၏ စံချိန်နှင့် ဓလေ့စရိုက်များကို ကြည့်ပြီး၊ လဒါခီတို့တွင် မိမိကိုယ်ကို သိမ်ငယ်စိတ်များ ကိန်းအောင်းလာတော့သည်။ မိမိကိုယ်ကို ဆင်းရဲနွမ်းပါးသည်ဟု ထင်မြင်လာကြသည်။

လာဒါတ်သို့ ကျွန်မ စတင် ခြေချခဲ့စဉ်က လဒါခီကလေးများသည် ငွေနိမ



www.burmeseclassic.com

www.burmeseclassic.com



အား တရုတ်ဆီးသီး ကမ်းကာ မိတ်ဖွဲ့ခဲ့ကြသည်။ ယနေ့ လဒါခီကလေးများကမူ နိုင်ငံခြားသားများကိုမြင်တိုင်း "ဖောင်တိန်တစ်ချောင်းလောက် ပေးပါ" ဟု လက်ဖြန့် တောင်းနေကြတော့သည်။ ကမ္ဘာလှည့်ခရီးသည်များကလည်း လဒါခီတို့ကို ဆင်းရဲပြီး ခေတ်နောက်ကျသူဟု ထင်မြင်တတ်ကြသည်။ ငွေကြေးအခြေပြုလူ့အဖွဲ့အစည်း အမြင်ရ တစ်နေ့လျှင် နှစ်ဒေါ်လာဝင်ငွေရှိသော လဒါခီတို့ကို တအံ့တဩနှင့် ကရုဏာသက်ပြတတ်ကြသည်။ လဒါခီမိသားစုတစ်စု၏ လှိုက်လှဲပျူငှာသော ဧည့်ခံ ကြိုဆိုခြင်းခံခဲ့ရသူတို့က သူတို့၏အလည်အပတ်ခရီးစဉ်မှ အကောင်းဆုံးအတွေ့ အကြုံအဖြစ် ဖော်ပြချီးကျူးတင်ပြကြသည်။ နိုင်ငံခြားသားများသည် ဟောင်းနွမ်း သော အဝတ်အထည်များနှင့် ကြမ်းတမ်းစွာ လယ်လုပ်အသက်မွေးနေကြသော လဒါခီတို့အား ဆင်းရဲသားဟူသော အမြင်ထက် စိတ်ချမ်းမြေ့ပျော်ရွှင်ပြီး ညီညွတ် မျှတသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း မသိနိုင်ကြပါ။ လဒါခီတို့၏ ကာယ၊ စိတ္တသုခနှင့် စည်းစိမ်ကြွယ်ဝမှုကို သူတို့ မမြင်တွေ့နိုင်ပါ။

နိုင်ငံခြားသားဧည့်သည်များ၏ ငွေကြေးအသုံးစွဲကြီးမှုကြောင့် အနောက် တိုင်းသားများအားလုံးကို ငွေကြေး ကြွယ်ဝချမ်းသာကြသည်ဟု ထင်မှတ်ကာ ၎င်းတို့ (အနောက်တိုင်းသား) အား အလုပ်လုပ်ကိုင်စရာမလိုသော လူ့အဖွဲ့အစည်းတစ်ရပ် ဟု လွဲမှားစွာ မှတ်ယူလာကြသည်။ စက်မှုအင်အားနှင့် လည်ပတ်လုပ်ကိုင်နေခြင်း ကြောင့် လူအင်အား စိုက်ထုတ်စရာမလိုဟု ထင့်ကြသည်။ စင်စစ် စက်မှုနိုင်ငံများ တွင် လက်မှုလယ်ယာလုပ်ငန်းထက် အချိန်များစွာပို၍ အလုပ်လုပ်ကြရသည်။ လမ်း လျှောက်ခြင်း၊ ပစ္စည်းများ သယ်ပိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းကဲ့သို့ ကာယခွန်အား စိုက်ထုတ်သော အလုပ်မျိုးကိုသာ အလုပ်ဟု နားလည်ခံယူသော လဒါခီတို့၏ အမြင်တွင် ကားမောင်းခြင်း၊ လက်နှိပ်စက် ရိုက်ခြင်း၊ စာရေးခြင်းတို့ကို အလုပ်ဟု မမြင်ချေ။

တစ်နေ့တွင် ကျွန်မသည် ဆယ်နာရီကြာမျှ စာထိုင်ရေးပြီးနောက် အကြော အခြင်များ တောင့်တင်းကာ ခေါင်းကိုက်လာ၍ ပင်ပန်းနေကြောင်း လဒါခီမိတ်ဆွေ အချို့ကို ပြောမိသည်။ သူတို့က စားပွဲရှေ့တွင် တစ်နေကုန် ချွေးတစ်စက်မျှ မထွက် ရဘဲ စာထိုင်ရေးနေခြင်းကို အလုပ်ဟု မမြင်ပေ။ အနောက်တိုင်းသားများ ရင်ဆိုင် ခံစားရသော စိတ်ပင်ပန်းငြီးငွေ့ခြင်း၊ စိတ်ပျက်အားလျှော့ခြင်းမျိုးကို သူတို့ နား



www.burmeseclassic.com

www.burmeseclassic.com



မလည် မခံစားတတ်ကြပါ။ စိတ်ပင်ပန်းခြင်းအကြောင်းကို ရှင်းပြရန် ကြိုးစားခဲ့သော ကျွန်မကို လာဒါတ်တို့က လုပ်စရာအလုပ်ရှိ၍ စိတ်ဆိုးဒေါသဖြစ်ခြင်းသည် စိတ်ပင်ပန်းခြင်းလောဟု မေးခွန်းထုတ်ခဲ့ဖူးသည်။

ခြားနားသော ယဉ်ကျေးမှုနှစ်ခုမှ လူအဖွဲ့အစည်းနှစ်ခုသည် မိမိ၏ခံယူချက်များနှင့် တစ်ဖက်သတ် အပေါ်ယံ ရှုမြင်သုံးသပ်ကြသည်ကို တွေ့ရသည်။ လဒါခီတို့က ပစ္စည်းများကို သယ်ပိုး၍ ကြမ်းတမ်းသော လမ်းခရီးတွင် လျှောက်လှမ်းနေခြင်းကို အလွန်ခက်ခဲကြမ်းတမ်းသော ဘဝဟု နိုင်ငံခြားသားဧည့်သည်များက သတ်မှတ်ကြသည်။ သို့သော် ငွေကြေးများစွာရင်း၍ ဤဝေးလံသောအရပ်တွင် ကျောပိုးအိတ်၊ ခရီးဆောင်ပစ္စည်း၊ ရိက္ခာများနှင့် ခြေလျင်ခရီးပြုနေရသော မိမိ၏အဖြစ်ကိုမူ အမှတ်မရကြပေ။

လုပ်ငန်းခွင်တွင် ကိုယ်ခန္ဓာလှုပ်ရှား လုပ်ကိုင်ခြင်းမရှိသောကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ လေးလံထိုင်းမှိုင်းကာ ကျန်းမာရေးထိခိုက်မှု ရှိလာကြသည်။ ထိုဒုက္ခကို ကျော်လွှန်ရန် အားလပ်ရက်များတွင် ငွေကြေးများစွာ အကုန်အကျခံကာ နယ်လှည့် တောင်တက်ခရီးထွက်ကြရသည်။ အချို့မှာ ယာဉ်အသွားအလာ ထူပြောပြီး၊ လေထုညစ်ညမ်းသော မြို့တော်ကြီး၏ အပြင်ဘက်ရှိ အားကစားရုံ မြေအောက်ခန်းတွင် အားကစားကိရိယာများနှင့် လေ့ကျင့်ခန်း ပြုလုပ်ကြရသည်။ ဤသို့သော ဘဝအခြေအနေကို အနောက်တိုင်းသားများကိုယ်တိုင် သတိမပြုမိကြချေ။

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်အတူ အနောက်တိုင်းရုပ်ရှင်၊ အိန္ဒိယရုပ်ရှင်၊ ကမ္ဘာ့ရုပ်မြင်သံကြား စသော ဖျော်ဖြေရေးအပန်းဖြေနည်းများ ပေါ်ပေါက်လာသည်။ အဆိုပါ ရုပ်ရှင်ကားများတွင် "အလွန်ချမ်းသာပြီး ချောမောလှပသော သရုပ်ဆောင်များ၊ ခမ်းနားတောက်ပြောင်ပြီး စိတ်လှုပ်ရှားစရာများနှင့် ပြည့်ဝသော ဘဝကို အားကျဖွယ်ရာ မြင်တွေ့ကြရသည်။ လဒါခီလူငယ်များသည် ရှေးကျပြီး ရိုးစင်းသော မိမိဘဝကို ပြန်လည်သုံးသပ်ကြည့်သောအခါ သိမ်ငယ်ရှက်ရွံ့စိတ်များ ခိုဝင်လာတော့သည်။ ရုပ်ရှင်ထဲမှ အနောက်တိုင်းသားတို့ဘဝကို အားကျမက်မောခြင်းနှင့်အတူ မိဘဘိုးဘေးတို့ထံမှ အမွေဆက်ခံထားရသော ဝင်ငွေအနည်းငယ်ရသော သို့တည်းမဟုတ် ဝင်ငွေမရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဘဝရပ်တည်မှုကို အဓိပ္ပာယ်မဲ့သည်ဟု ထင်မှတ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံအသွင်အားဖြင့် အထင်ကြီး မက်မောစရာကောင်းသော အနောက်တိုင်းယဉ်ကျေးမှုကို ကမ္ဘာ့ကျေးလက်နေ လူငယ်များစွာတို့က အထင်ကြီး လိုလားကြသည်။ အနောက်တိုင်းလူ့အဖွဲ့အစည်း၏ လူမှုရေးပြဿနာများဖြစ်သော စိတ်ပင်ပန်းမှု၊ အထီးကျန်ခြင်း၊ ဇရာအို ဘဝကို ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်မှု၊ ပတ်ဝန်းကျင် ဆုတ်ယုတ်ညစ်ညမ်းခြင်း၊ ငွေကြေး ဖောင်းပွခြင်း၊ အလုပ်လက်မဲ့ ပြဿနာ ထူပြောခြင်းတို့ကိုမူ ထိုလူငယ်များက နားမလည်ကြပေ။

အနောက်တိုင်းယဉ်ကျေးမှု ဩဇာ လွှမ်းမိုးမှုကြောင့် အထူးသဖြင့် လဒါခီ လူငယ်များမှာ မိမိတို့ယဉ်ကျေးမှုကို လုံးလုံးစွန့်ကာ တိုင်းတစ်ပါးယဉ်ကျေးမှုကို မက်မော နှစ်သက်လက်ခံလာကြသည်။ ယနေ့ခေတ် အဆောင်အယောင်များဖြစ်သော နေကာမျက်မှန်၊ ဂျင်းဘောင်းဘီ၊ အိတ်ဆောင်ကက်ဆက် (ယနေ့တွင်မူ အမ်ပီသရီး၊ အမ်ပီဖိုးနှင့် သင်ပုန်းကွန်ပျူတာ) ၊ ကိုယ်ကြပ်ဝတ်စုံ စသည်တို့ကို ဝတ်ဆင်ကာ ခေတ်မီသူများဟု ခံယူလာကြသည်။

ကြမ်းတမ်းသော စရိုက်၊ ရိုင်းစိုင်းသော အပြုအမူ အပြောအဆိုများ၊ ညစ်ညမ်းသော ရုပ်ရှင်ဇာတ်ကားများကို အတုယူကာ စီးကရက်သောက်ခြင်း၊ ကားကို ရမ်းကားစွာ မောင်းနှင်ခြင်း၊ လူများကို သေနတ်နှင့်ပစ်ခတ်၍ ထိခိုက်စေခြင်းတို့ကို ခေတ်ဆန်သော စရိုက်များဟု မှတ်ယူလာကြသည်။

တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံများ၏အမြင်သည် မိမိတို့၏လုပ်ဆောင်ချက် အကျိုးဆက်များကို ကျော်ခိုင်းသလို ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းချက်များက တစ်ဖက်သတ် ယဉ်ကျေးမှုသဘောကို ဖုံးကွယ်ထားသည်။ တစ်နေ့သောအခါ လေးမြို့တစ်နေရာတွင် ဂျင်းဘောင်းဘီအပြာနှင့် အမေရိကန်ရော့ခ်အဖွဲ့ တံဆိပ်ရိုက်ထားသော တီရှပ်ကို ဝတ်ကာ သတ္တုကိုင်း နေကာမျက်မှန် တပ်ထားသော လူငယ်တစ်ဦးနှင့် ဆုံမိသည်။ ထိုလူငယ်မှာ (၁၅) နှစ်အရွယ်ခန့်က ကျွန်မနှင့် သိကျွမ်းခင်မင်ခဲ့ဖူးရာ သူနှင့် နှုတ်ဆက်စကားပြောဖြစ်သည်။ ထိုအချိန်၌ ဤလူငယ်သည် လာဒါတ်ဒေသ၏ ပထမဆုံးခရီးသွား အေဂျင်စီပိုင်ရှင် ဖြစ်နေပေပြီ။ ကျွန်မက သူ့အား လာဒါတ် ဘာသာစကားနှင့် နှုတ်ဆက်ပြောဆိုသောအခါ သူက အင်္ဂလိပ်ဘာသာစကားနှင့် ပြန်လည် တုံ့ပြန်ဖြေကြားလေသည်။ စီးပွားရေးလုပ်ငန်း၌ အတော်အတန် အောင်မြင်မှု ရှိကြောင်း၊ သူ့တွင် ပုံမှန်ဖောက်သည်များရှိရာ ဝင်ငွေကောင်းကြောင်း လေး



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် တိုက်ခန်းတစ်နေရာ ဝယ်ယူထားကြောင်း ရှင်းပြရှာသည်။ ကျွန်မ သူနှင့် ဤသို့ အပြန်အလှန် စကားပြောဆိုဖြစ်ခဲ့သည်။

"မင်းကို မတွေ့ကာကြာပြီပဲ" ဟု ကျွန်မက ပြောရာ. . .

"ကျွန်တော်က ကမ္ဘာလှည့်ခရီးသည်တွေကို ဘုန်းကြီးကျောင်းတွေ လိုက်ပြ ရင်း တောင်ပေါ်ကို လိုက်ပို့ရင်းနဲ့ပဲ အချိန်ကုန်နေတာ" ဟုပြောပြသည်။

"လက်ရှိဘဝအပေါ် ကျေနပ်မှုရှိသလား" ဟု ကျွန်မ မေးသောအခါ၊

"သဘောကျတာပေါ့၊ နိုင်ငံခြားဧည့်သည်တွေအများစုက တကယ့် ဒိတ် ဒိတ်ကြတွေပဲ၊ လဒါခီတွေလို လူပျင်းဇော့မဟုတ်ကြဘူး" ဟုဆိုကာ သူ လွယ်ထား သော အိတ်တစ်လုံးကို ထုတ်ပြကာ နယူးယောက်မှ ခွဲစိတ်ပါရဂူတစ်ဦးက လက် ဆောင်ပေးသွားသည်ဟု ဆိုသည်။

"ရွာကို ပြန်ရောက်ဖြစ်သေးလား" ကျွန်မက ဆက်မေးသည်။

"လေးငါးလ တစ်ခေါက်လောက်တော့ ပြန်ဖြစ်ပါတယ်၊ အိမ်အတွက် ဆန် နဲ့ သကြားပို့ရင်းပေါ့၊ သူတို့က ကျွန်တော့်ကို ယာအလုပ်တွေ ပြန်ဝိုင်းကူလုပ်စေချင် ကြတယ်"

"မင်းက မပြန်ချင်ဘူးလား"

"ပျင်းစရာကြီးဗျာ၊ ရွာမှာက အခုထိ လျှပ်စစ်မီးလည်း မရှိ ဘာမရှိနဲ့၊ အဘွားက လျှပ်စစ်မီး မကြိုက်ပြန်ဘူး"

"သူက ရှေးရိုးစဉ်လာကိုပဲ ကြိုက်လို့ဖြစ်မှာပေါ့"

"ကောင်းပါတယ်၊ အဲဒီလို ရှေးဆန်ဆန် နေချင်ရင်လည်း နေပေါ့၊ ပြောင်း လဲ တိုးတက်လာတဲ့ လာဒါက်ကတော့ သူတို့ကို ကွက်ချန်ထားခဲ့မှာပဲ၊ ကျွန်တော် ယာထဲမှာ နှစ်အကြာကြီး ရုန်းကန်ခဲ့ရပြီးပြီပဲ၊ ရှေ့လျှောက် အလုပ်ကြမ်း မလုပ်ချင် တော့ဘူးဗျာ"

"ဘာလဲ၊ လဒါခီတွေဟာ ဘာမှတိုးတက်အောင် လုပ်ဆောင်ခြင်းမရှိတဲ့ သဘောလား"

"ရှေ့ရေး တိုးတက်အောင် ဘယ်လို လုပ်ရမယ်ဆိုတာကို သူတို့ နားမလည် ကြဘူး" ဟုဆိုရင်း၊ ထိုလူငယ်က အိတ်ထဲမှ စီးကရက်ကို မီးညှိလိုက်သည်။ ကျွန်မအား



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးသော စီးကရက်ဘူးကို ခေါင်းခါပြလိုက်သောအခါ သူက ပြန်သိမ်းပြီး စကား ဆက်ကြသည်။

"ကျွန်တော် မနက်ကပဲ ကျွန်တော့်မိန်းကလေးနဲ့ စကားများကြတယ်၊ အခု သူ့ကို ရှာရင်းနဲ့ ခင်ဗျားနဲ့ ဆုံတာပဲဗျာ"

"မင်းကောင်မလေးက ဘယ်ကလဲ"

"ကျွန်တော့်ကောင်မလေးလို့တောင် ပြောလို့မရတော့ဘူး ထင်တယ်၊ ဟော် လန်သူလေးပါ၊ ကျွန်တော့်ရဲ့အေဂျင်စီကပဲ၊ ကျွန်တော်နဲ့ နေဖို့ ကျန်နေခဲ့တာ၊ အခု တော့ ဒီမှာ မပျော်လို့ ကျွန်တော့်ကို သူနဲ့အတူ ဟော်လန်မှာ လိုက်နေဖို့ ပြောနေ တယ်"

"မင်းကရော လိုက်မှာလား"

"ကျွန်တော့်မိသားစုကို ထားခဲ့လို့ မဖြစ်ဘူးဗျာ၊ သူတို့ကို ကျွန်တော် ငွေ ရှာပေးရမယ်၊ ခွဲလည်း မခွဲနိုင်ဘူး၊ သူက ဒါတွေ နားမလည်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)
# နေရာတကာငွေသာလျှင်ပမာန

ဒီမှာ ဆင်းရဲချို့တဲ့မှုဆိုတာ မရှိပါဘူး။

ဆေးဝမ်း(ဂ)ပါ(လ)ဂျို (၁၉၇၅)

ကျွန်တော်တို့ လဒါခီတွေကို ခင်ဗျား အကူအညီပေးနိုင်မလား။
ကျွန်တော်တို့ အလွန်ဆင်းရဲပါတယ်။

ဆေးဝမ်း(ဂ)ပါ(ဂ)ဂျို (၁၉၈၃)

လဒါခီကျေးရွာများ၏ အစဉ်အလာအရ ရွာသားများ၏ အခြေခံ လိုအပ်သော ရိက္ခာပစ္စည်းများကို ငွေနှင့်ပေး၍ ဝယ်ယူရန် မလိုအပ်ခဲ့ပေ။ သူတို့သည် ပေ (၁၂၀၀၀) အမြင့်တွင် ဘာလီစိုက်ပျိုးခြင်း၊ ယာ့(က်) နှင့် အခြားတိရစ္ဆာန်များကို



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပို၍ မြင့်သောအရပ်တွင် ထိန်းကျောင်းမွေးမြူခြင်းကို ကျွမ်းကျင်စွာ လုပ်ကိုင်ကြပါသည်။ သူတို့သည် ပတ်ဝန်းကျင်မှ လွယ်လင့်တကူ ရရှိနိုင်သော ပစ္စည်းများဖြင့် မိမိတို့ လက်နှင့် အိမ်များကို ဆောက်လုပ်ခဲ့ကြသည်။ ပြင်ပမှ သွင်းကုန်မှာ ဆားဖြစ်သည်။ ဆားဝယ်ယူရန်အတွက်သာ များသောအားဖြင့် ကုန်သွယ်ကြသည်။ အထူးသဖြင့် ဇိမ်ခံပစ္စည်းများ ဝယ်ယူရန်အတွက်သာလျှင် ငွေကို သုံးစွဲကြရကာ သူတို့၏ဘဝတွင် ငွေသည် အတိုင်းအတာတစ်ခုထိသာ အသုံးဝင်ခဲ့ပါသည်။

လာဒါတ်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးစီးပွားရေးစနစ်ကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသွင်ပြောင်းလဲသွားသောအခါ လဒါခီတို့သည် အခြေခံ လိုအပ်ချက်များအတွက် ဝေးလံသော ဒေသမှ အင်အားစုများ၏ ထိန်းချုပ်မှုအောက်တွင် ရှိသော စနစ်ကြီးအပေါ် အမိက မှီခိုလာခဲ့ရပေသည်။ ယခုအခါ လာဒါတ်ဟူသော ဒေသရှိသည်ဟူ၍ပင် မသိခဲ့ရသူများ၏ လက်ခုပ်ထဲသို့ ကျဆင်းလာခဲ့ရပေသည်။ ဒေါ်လာတန်ဖိုးကို လိုက်၍ အိန္ဒိယရူပီးငွေ၏ တန်ဖိုး ပြောင်းလဲနေသောကြောင့် ဘဝရပ်တည်ရန် ငွေကြေးလိုအပ်သော လဒါခီတို့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို ခန့်ခွဲသူများ၏ ထိန်းချုပ်မှုအောက်သို့ တစ်နည်းအားဖြင့် ကျဆင်းသွားရပေတော့သည်။

ကနဦးတွင် လဒါခီတို့သည် ဤစီးပွားရေးစနစ်သစ်က သူတို့ အမှီအခိုကင်းမှုအား ဆုံးရှုံးစေခဲ့သည့်အဖြစ်ကို သဘောမပေါက်ခဲ့ကြပေ။ ငွေကြေးများများ ဝင်လာမှုကို အခွင့်အလမ်းကောင်းတစ်ခုအဖြစ် သဘောကျခဲ့ကြသည်။ အစဦးအလာအားဖြင့်လည်း ဇိမ်ခံပစ္စည်းများကို ပြင်ပမှ တင်သွင်းခြင်းကို လက်ခံခဲ့သည်ဖြစ်ရာ ယခုလို ငွေအမြောက်အမြား ရရှိလာပြီး၊ ပို၍ ဝယ်ယူတင်သွင်းနိုင်မှုကို တိုးတက်မှုအဖြစ် ခြွင်းချက်မရှိ ယူဆခဲ့ကြသည်။ ယခုအခါ လာဒါတ်တွင် သုံးမိနစ်ခေါက်ဆွဲမှစ၍ အီလက်ထရောနစ် လက်ပတ်နာရီအထိ နိုင်ငံခြားဖြစ် ဆန်းပြားသော ပစ္စည်းအမျိုးမျိုးကို ရနိုင်သည်။

ယခု လဒါခီလူမျိုးတို့သည် ခြားနားသော စီးပွားရေးစနစ်တစ်ခုကို အကြွင်းမဲ့ မှီခိုလာပြီး၊ အစိုးမရသော ငွေကြေးဖောင်းပွမှု၏ သားကောင်ဖြစ်လာရသောကြောင့် ငွေသာလျှင် အဓိကဆိုသည့်အတိုင်း ပိုက်ဆံရှာဖို့သာ အလုအယက် အားထုတ်လာကြသည်။ နှစ်ပေါင်း (၂၀၀၀) ကာလပတ်လုံး လာဒါတ်တွင် ဘာလီ(၁)



www.burmeseclassic.com

www.burmeseclassic.com



ကီလို၏ တန်ဖိုးသည် ဘာလီ (၁) ကီလိုသာ ဖြစ်ခဲ့သည်။ ယခုမူ ဤဘာလီ (၁) ကီလို၏တန်ဖိုး ဘယ်လောက်ရှိသည်ကို အတပ်မပြောနိုင်တော့ပေ။ သင်သည် ယနေ့ ရူပီးငွေ (၁၀) ကျပ်နှင့် ဘာလီကို ဝယ်နိုင်သော်လည်း မနက်ဖြန် ဘယ်ဈေး ဖြစ်မည်ကို သင် မည်သို့ ပြောနိုင်မည်နည်း။

"ကြောက်စရာပဲ၊ လူတိုင်း လောဘကြီးလာကြတယ်၊ အခုခေတ်မှာလောက် ဘယ်တုန်းကမှ ငွေဟာ အရေးမပါခဲ့ပါဘူး၊ ဒါပေမယ့် အခုတော့ လူတိုင်း ငွေစကား ပြောနေကြတယ်" ဟု လဒါခီမိတ်ဆွေများက ကျွန်မအား ပြောကြသည်။

အစဉ်အလာအားဖြင့် လဒါခီတို့သည် သယ်ဇာတရားပါးမှုနှင့် သူတို့၏ တာဝန်ဝတ္တရားတို့ကို ကောင်းစွာ နားလည်ကြပါသည်။ "မြေကို စိတ်ပိုင်းပြီး၊ ယာကွက် ဦးရေ တိုးပွားလိုက်လျှင် ဘယ်လိုများ ဖြစ်ကုန်မယ် မပြောနိုင်ဘူး၊ ဒီလို လုပ်လို့ ဘာမှအကျိုးရှိမှာ မဟုတ်ဘူး" ဟု သက်ကြီးရွယ်အိုများ၏ ညည်းညူသံများ ကြားခဲ့ရသည်။ သို့သော် စီးပွားရေးစနစ်သစ်သည် လူနှင့် မြေကြီးကို အဆက်ဖြတ် လိုက်ပါသည်။ ဘဝရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်သော မြေဆီလွှာနှင့် ရေမရှိသည့် မြို့ကြီးများတွင် လုပ်ခငွေကြေးအတွက် အလုပ်လုပ်ကြသည်။ ကျေးရွာ ဒေသတွင် လယ်ယာမြေက ပါးစပ်ပေါက်မည်မျှအား ကျွေးထားနိုင်သည်ကို သာမန် မျက်စိနှင့်ကြည့်၍ မြင်နိုင်ပါသည်။ လယ်မြေက ထုတ်လုပ်နိုင်စွမ်းသော ရိက္ခာပမာဏအပေါ် မူတည်၍ လူဦးရေတိုးနှုန်းကို ဂရုမစိုက်တော့ပေ။ ငွေများများ ရှိလေ၊ စားနပ်ရိက္ခာ များများ ဝယ်နိုင်လေဖြစ်ပါသည်။ ဂျုံ၊ ဘာလီတို့သည် သဘာဝ တရား၏ နိယာမများ၊ စည်းချက်များနှင့် အကန့်အသတ် ရှိသည်။ ငွေကြေးကတော့ ၎င်းတို့ထက် ပိုမြန်မြန် ကြီးထွားကာ ပွားများနိုင်စွမ်းရှိလေသည်။ ထိုပိုက်ဆံ၊ ငွေကြေး အတွက် ဤသို့သော သဘာဝအကန့်အသတ်များ မလိုအပ်ပေ။ ဒေသန္တရ ဂျမ္မူနှင့် ကက်ရှ်မီးယားဘဏ်က "ဤဘဏ်တွင် အပ်လျှင် သင်၏ငွေ အမြန်တိုးပွားမည်" ဟု ကြော်ငြာကြသည်။

ရာစုနှစ်ပေါင်းများစွာ လဒါခီတို့သည် တစ်ဦးနှင့်တစ်ဦး တန်းတူရည်တူ မိတ်ဆွေသူငယ်ချင်းများအဖြစ် အကူအညီပေးကာ ရပ်တည်လာခဲ့သည်။ ယခုတော့မူ ကောက်ရိတ်ရန်အတွက် လုပ်ခပေး၍ လူငှားသည်။ ငွေပေးသူက နည်းနိုင်သမျှ နည်းအောင် ပေးလိုသည်။ လုပ်အားခ ရသူက များနိုင်သမျှ များများ ရလိုသည်။

www.burmeseclassic.com



ဆက်ဆံရေး ပြောင်းလဲခဲ့ပြီ။ ငွေကား လူတစ်ဦးနှင့်တစ်ဦးကို သီးခြား ဖြစ်အောင် ကြားမှဝင်၍ သပ်လျှိုပေးလိုက်သည်။

ရိုးရာဓလေ့အတိုင်း နေထိုင်လုပ်ကိုင်စဉ်က လက်စားလိုက် လုပ်အားပေးပွဲ စတင်သောနေ့သည် ပွဲတော်တစ်ခုကဲ့သို့ စည်ကားနေလေ့ရှိခဲ့သည်။ အိမ်ရှင်သည် အားလုံးအတွက် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်လေ့ရှိပါသည်။ သို့သော် လွန်ခဲ့သော (၂) နှစ်လောက်ကမှစ၍ ဤအလေ့အထ ပျောက်ကွယ်သွားခဲ့ပြီး၊ အခစား အလုပ်သမားများကို ငှားရမ်းလာရပါသည်။ ကုန်ဈေးနှုန်းနှင့် လုပ်အားခ ကြီးမြင့်လာသည်။ ယာအလုပ်သမားများမှာ နီပေါနှင့် အိန္ဒိယ၏ မြေပြန့်ပိုင်းမှလာသော ဘာသာစကားအမျိုးမျိုး ကွဲပြားသည့် လူမျိုးခြားဖြစ်ကြသည်။

ပြောင်းလဲလာသော စီးပွားရေးစနစ်ကြောင့် လယ်ယာလုပ်ငန်းတစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းရန် ခဲယဉ်းလာသည်။ အချို့သည် တိုးမြင့်လာသော လုပ်အားခနှုန်းထားကို လိုက်မမီ၍ လယ်လုပ်ရန် တွက်ခြေမကိုက်ဖြစ်ကာ ကျေးရွာကို စွန့်ခွာ၍ မြို့တက် အလုပ်လုပ်လာရသည်။ လယ်အလုပ်တွင် ကျန်ရစ်ခဲ့သူတို့မှာလည်း ဝမ်းစာအတွက်ထက် အမြတ်အစွန်းရရှိရေးအတွက် ပို၍ အားထုတ်စိုက်ပျိုးလာရသည်။ ဈေးကွက် စီးပွားရေးစနစ်ကြောင့် ငွေရလွယ်သည့် အသီးအနှံများကို ပို၍ပို၍ စိုက်ပျိုးလာခဲ့ကြလေသည်။ ရိုးရာစီးပွားရေးစနစ်တွင် ဆင်းရဲချမ်းသာကွာဟမှု အနည်းအများ ကွဲပြားမှုတော့ ရှိခဲ့ပါသည်။ သို့သော် ဤစီးပွားရေးစနစ်တွင် အားလုံး သဘာဝကျကျ အကန့်အသတ်တစ်ခုအတွင်းသာ စီးပွားဉစ္စာရှာဖွေနိုင်ကြပါသည်။ သင့်အနေဖြင့် ယာ့(က်) များစွာ ပိုင်ဆိုင်ပြီး၊ ဘာလီ ကီလိုများစွာ သိုလှောင်ထားနိုင်ပါသည်။ အခြားတစ်ဘက်တွင်မူ ငွေကို ဘဏ်တွင် လွယ်ကူစွာ အပ်နှံထားနိုင်ပြီး၊ ချမ်းသာသူက ပို၍ ချမ်းသာလာသလောက် ဆင်းရဲသားက ပို၍ ဆင်းရဲသွားရလေသည်။

'လေး' မြို့တွင် ရွှေဟောင်းပစ္စည်းဆိုင် ဖွင့်ထားသော လို့ဘဇန်းဂ် ဆိုသူသည် အခြားလဒါခီများစွာကဲ့သို့ပင် လယ်အလုပ်ကို ပစ်ကာ၊ 'လေး' သို့ ပိုက်ဆံရှာရန် ရောက်ရှိလာခဲ့သည်။ သို့သော် သူ၏ဇနီးနှင့် ကလေးများ ရွာမှာပင် ကျန်ရစ်ခဲ့သည်။ သူသည် သားသမီးများအား အကောင်းဆုံးဆိုသည်တို့ကို ပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ 'လေး' မြို့တွင် အိမ်ဝယ်နိုင်သည်နှင့်တပြိုင်နက် ကလေးအားလုံးကို မြို့သို့ ခေါ်ကာ ပညာရေး၏အကျိုးကို ခံစားစေချင်သည်။ သူသည် ကလေးများအား အင်္ဂလိပ်စာ တတ်စေချင်သည်။

တစ်ရက်တွင် သူ့ကို နှုတ်ဆက်ရန် ခရီးသွားဟန်လွဲ သူ့ဆိုင်သို့ ဝင်ခဲ့သည်။ ထိုစဉ် လို့ဘဇန်းဂ် ၏ ရွာမှ အဘိုးအိုတစ်ဦးသည် ထောပတ်ခရားများကို ရောင်းရန် ရောက်နှင့်နေသည်ကို တွေ့ရသည်။ သူသည် ရွာမှ ခြေလျင်တစ်မျိုး၊ ဘတ်စ်ကား နှင့်တဖုံ၊ တစ်နေ့တာ ခရီးနှင်၍ ရောက်လာခြင်းဖြစ်ပါသည်။ အဘိုးအိုသည် 'လေး' မြို့တွင် သူ၏ဆွေမျိုးများနှင့် (၂) ရက်ခန့် နေပြီး၊ ထောပတ်ခရားများ ရောင်းရငွေ နှင့် လိုအပ်သော ပစ္စည်းအချို့ ဝယ်သွားမည်ဖြစ်သည်။ အဘိုးအိုအား သူ၏ရိုးရာ သိုးမွေးသင်တိုင်းနှင့် လိုက်ဖက် ခံ့ညားစွာ တွေ့ရသည်။ ကောင်တာပေါ်မှ ထောပတ် ခရားနှစ်လုံးမှာ မျိုးဆက်ပေါင်းများစွာ ဆက်ခံ သုံးစွဲလာခဲ့သောကြောင့် လက်ဆီ တက်နေကြသည်။ ဤထောပတ်ခရားများကို အကောင်းဆုံး တရုတ်ဆီးသီးပင်၏ အသားဖြင့် ပြုလုပ်ထားခြင်းဖြစ်ရာ သားနားပြီး၊ ကမ္ဘာလှည့်ခရီးသည်များ ကြိုက်မည့် ပစ္စည်းများဖြစ်ပါသည်။

"ချစ်စရာကောင်းလှချည်လား" ထိုခရားများကို ကြည့်ပြီး၊ ကျွန်မ မှတ်ချက် ချပါသည်။

"ရှင် ဒါတွေကို ရောင်းပစ်လိုက်ရင် ထောပတ် ဘယ်လို ထည့်မလဲ"

"ကျွန်တော်တို့ သုံးပြီး၊ နို့ပုံးခွံမှာ ထည့်ပါမယ်" ဟု ပြန်ပြောသည်။

အဘိုးအိုနှင့် လို့ဘဇန်းဂ် တို့ ဈေးဆိုင်ကြသည်။ လို့ဘဇန်းဂ် ယခုပေးလို သည့် ဈေးထက် ပို၍ပေးရန် လွန်ခဲ့သော သီတင်းပတ်အနည်းငယ်ခန့်က ကမ်းလှမ်း ခဲ့ကြောင်း သိရသည်။ သူသည် ထောပတ်ခရားများကို ဖင်တစ်ပြန်ခေါင်းတစ်ပြန် ကြည့်လိုက်ပြီး၊ အက်ကြောင်း ထင်နေသည့် နေရာများကို ထောက်ပြ၍ ဈေးနှိမ်နေပါ သည်။ သူ ပို၍ ရမည်ကို ကျွန်မသိပါသည်။ အဘိုးအိုသည် ကျွန်မဘက်သို့ သနား စဖွယ် ကြည့်ရှုပါသည်။ ကျွန်မ ဘာများ ပြောနိုင်မည်နည်း။ အဘိုးအိုသည် စိတ် ပျက်လက်ပျက် ခေါင်းငိုက်စိုက်ချလျက် သကြားကီလိုအနည်းငယ်မျှသာ ဝယ်နိုင် မည့် ပိုက်ဆံကို ကိုင်၍ ဆိုင်အတွင်းမှ ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ချစ်စရာကောင်းလှချည်လားလို့ ဝင်ပြောလို့ သူ့ကို ဈေးပိုပေးလိုက်ရတယ်" ဟု လို့ဘဇန်းဂ် က ကျွန်မကို ကြိမ်းမောင်းပါသည်။

"ဒါပေမယ့် သူက ရှင်တို့ ရွာကပဲ မဟုတ်လား၊ ရှင် ဒီလောက် ဈေးမနှိမ်သင့်ပါဘူး"

"ကျွန်တော်လည်း ဒီလို မလုပ်ချင်ပါဘူး၊ ဒါပေမယ့် မတတ်နိုင်ပါဘူးဗျာ၊ တခြားလူသာဆိုရင် သူ့ကို ဒီထက်တောင် ဈေးနှိမ်လိမ့်ဦးမယ်"





# အခန်း(၁၁)
# လားမားမှအင်ဂျင်နီယာသို့

ဘုန်းကြီးတွေကို ဘယ်သူ အလိုရှိသလဲ။

လဒါခီ လူငယ်တစ်ဦး (၁၉၈၄)

လာဒါတ်ဒေသမှ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များတွင် ငွေကြေးနှင့် အတတ်ပညာသည် အခြေခံအုတ်မြစ်များ ဖြစ်သည်ကို သတိပြုမိပါသည်။ လာဒါတ်သည် စက်မှုနိုင်ငံတစ်ခု မဖြစ်သေးပါ။ သို့တိုင်အောင် လက်ရှိ လည်ပတ်နေသော စက်မှုလုပ်ငန်းများမှ ဆိုးကျိုးများကို လဒါခီတို့ စတင်ရင်ဆိုင်နေရပြီဖြစ်သည်။ လေးမြို့တွင် ဂျုံစပါး ကြိတ်ခွဲစက် တည်ထောင်လိုက်သောအခါ ယခင် ရေအားကို အသုံးပြု၍ ဂျုံစပါး ကြိတ်ခွဲကြသော လာဒါတ်ဒေသနယ်များမှ ဂျုံနှင့် ဘာလီစေ့များကို



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)
# လားမားမှအင်ဂျင်နီယာသို့

ဘုန်းကြီးတွေကို ဘယ်သူ အလိုရှိသလဲ။

လဒါခီ လူငယ်တစ်ဦး (၁၉၈၄)

လာဒါတ်ဒေသမှ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များတွင် ငွေကြေးနှင့် အတတ်ပညာသည် အခြေခံအုတ်မြစ်များ ဖြစ်သည်ကို သတိပြုမိပါသည်။ လာဒါတ်သည် စက်မှုနိုင်ငံတစ်ခု မဖြစ်သေးပါ။ သို့တိုင်အောင် လက်ရှိ လည်ပတ်နေသော စက်မှုလုပ်ငန်းများမှ ဆိုးကျိုးများကို လဒါခီတို့ စတင်ရင်ဆိုင်နေရပြီဖြစ်သည်။ လေးမြို့တွင် ဂျုံစပါး ကြိတ်ခွဲစက် တည်ထောင်လိုက်သောအခါ ယခင် ရေအားကို အသုံးပြု၍ ဂျုံစပါး ကြိတ်ခွဲကြသော လာဒါတ်ဒေသနယ်များမှ ဂျုံနှင့် ဘာလီစေ့များကို

www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်ခဲခဲ သယ်ယူလာပြီး၊ ထိုစက်တွင် အခပေး၍ ကြိတ်ခွဲကြသည်။ ဒီဇယ်စက်ဖြင့် ကြိတ်ခွဲလိုက်သောအခါ ဂျုံစပါးစေ့များ တခဏအတွင်း ကြိတ်ခွဲပြီးသွားကြသည်။ သို့သော် ထိုသို့ ကြိတ်ခွဲရန် ဝေးလံသော ခရီး၌ ဝန်ကို သယ်ဆောင်ရခြင်း၊ ကြိတ်ခွဲခ ပေးရခြင်း၊ စက်၏ အပူရှိန်ကြောင့် ဂျုံနှင့် ဘာလီစေ့တို့မှ အာဟာရဓာတ်များ ကွာဟလျော့ပါးသွားရခြင်းနှင့် စက်ရုံမှထွက်သော မီးခိုးနှင့် စက်သံများကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းရခြင်း စသည့်ဆိုးကျိုးများကို သူတို့ သတိမပြုမိကြချေ။

ရှေးယခင်ကမူ လဒါခီတို့သည် လယ်ယာထွန်ယက်ရန်အတွက် သစ်သားထွန်တုံး၊ ကျောက်၊ သံ၊ ထယ်သွားတို့ကို နွားနှင့်ဆွဲ၍ ထွန်ယက်ကြသည်။ ထိုသို့ထွန်ယက်စိုက်ပျိုးရာတွင် မိမိဒေသထွက် ပစ္စည်းနှင့် စွမ်းအင်များကိုသာ အသုံးပြုခြင်းကြောင့် အခကြေးငွေပေးရန် မလို၊ ပတ်ဝန်းကျင်ကိုလည်း မညစ်ညမ်းစေဘဲ အားလုံး သဟဇာတရှိခဲ့သည်။ ထိုသို့ ရိုးရာလက်မှု စိုက်ပျိုးထွန်ယက်ခြင်းသည် အချိန်အလွန်ကုန်သည်မှာကား မှန်ပေသည်။ ထွန်စက်ဖြင့် ထွန်ယက်လျှင် အချိန်လည်း တိုသည်။ လူရော တိရစ္ဆာန်ပါ သက်သာသည်။ ဤကား စက်မှုလုပ်ငန်းရှင်တို့၏ အဆိုဖြစ်သည်။

အချိန်ကို ချွေတာနိုင်သည့် နည်းပညာကို လူတိုင်း လိုလားနှစ်သက်ကြပါသည်။ ထွန်စက်ဖြင့် တစ်နာရီ ထွန်ယက်ပြီးနိုင်သော မြေကွက်ကို နေ့တစ်ဝက်လုံး ထယ်ထိုးပြီး၊ အချိန်ဖြုန်းနေစရာ အကြောင်းမရှိ။ သို့သော် ထိုလျင်မြန်သော နည်းပညာသည် အချိန်ကို အမှန်တကယ် မချွေတာစေပါ။

ရာသီအလိုက် ကန့်သတ်ထားသော အချိန်အတွင်း ကိုယ်ပိုင်စွမ်းအားနှင့် ဖွဲလုံ့လတို့ဖြင့် လုပ်ဆောင်ကြရသော သမားရိုးကျ စီးပွားရေးစနစ်တွင် လူတို့အတွက် အချိန်သည် လုံလောက်မျှတမှု ရှိသည်။ သို့သော် ခေတ်သစ် စီးပွားရေးစနစ်တွင် အချိန်သည် ရှားပါးကုန်တစ်မျိုး ဖြစ်လာပြီး၊ အကန့်အသတ် အပိုင်းအခြားအလိုက် စျေးနှုန်းကြီးမြင့်လာသည်။ တန်ဖိုးကြီးမြင့်လာသော အချိန်ကို ချွေတာသည့် နည်းပညာရပ်များ ပေါ်ပေါက်လာသောအခါ ဘဝ၏ခြေလှမ်းများက သွက်လက် မြန်ဆန်လာလေသည်။

ခေတ်သစ် စီးပွားရေးစနစ်ကို ကျင့်သုံးလာသော လာဒါတ်ဒေသတွင် လူတစ်ဦးနှင့် တစ်ဦး အချိန်ပေးနိုင်မှု နည်းပါးလာသည်။ ကျွန်မ၏မိတ်ဆွေ ရွာသား



www.burmeseclassic.com

www.burmeseclassic.com



ထာစ်ဦး၏ ပြောပြချက်က တစ်ဦးနှင့်တစ်ဦးအကြား အချိန်ပေးနိုင်မှု နည်းပါးလာသည်ကို သက်သေပြနေပါသည်။ သူက "ကျုပ်ရဲ့အစ်မတစ်ယောက်က မြို့ပေါ်မှာ နေတယ်၊ သူ့ဆီမှာ မြန်မြန် အလုပ်လုပ်နိုင်တဲ့ ပစ္စည်းတွေအစုံ ရှိသဗျ။ ဒါပေမယ့် အပ်ချုပ်ဆိုင်မှာ သူ့အဝတ်အစားအသစ်အတွက် အလုပ်ရှုပ်နေတယ်၊ သူ့ရဲ့ဂျစ်ကား၊ တယ်လီဖုန်း၊ ဂက်စ်မီးဖိုတွေက မြန်မြန် အလုပ်ပြီးနိုင်စေပေမယ့်၊ သူ့ဆီ သွားလည်တိုင်း သူ့မှာက ကျုပ်နဲ့ စကားကောင်းကောင်း ပြောချိန်ကို မရှိရှာဘူး။ အံ့ပါရောဗျာ။"

ပတ်ဝန်းကျင်မှ ဖြစ်ပေါ်ပြောင်းလဲမှုများကို ခံစားသိရှိပြီး တုံ့ပြန်နိုင်မှု လျော့နည်းလာသည်။ ယခင်ကမူ နက္ခတ်တာရာနှင့် ရာသီဥတု ရွေ့လျားပြောင်းလဲမှုများကို မျက်ခြည်မပြတ် သတိပြုမိတတ်ကြသည်။ ယခုအခါ၌ကား အရာရာ အဆင်သင့်ရှိနေသော ဖွံ့ဖြိုးတိုးတက်မှုများကြားမှ သူတစ်ပါးအတွက် (သို့) ကိုယ်ပိုင်အချိန်ဟူ၍ ပျောက်ကွယ်သွားရတော့သည်။

ခေတ်မီစက်ပစ္စည်းကိရိယာနှင့် နည်းပညာများကို အသုံးပြုခြင်းဖြင့် လုပ်အားနှင့် အချိန်ကို များစွာသက်သာစေသော်လည်း စက်မှုအခြေခံ လူနေမှုစနစ်သစ်တွင် များစွာသော ဆိုးကျိုးများဖြစ်ပေါ်စေသည်ကို တွေ့ရသည်။ တိုးတက်ဖွံ့ဖြိုးသော၊ ခေတ်မီသော ဒေသအဖြစ် ရပ်တည်လာသည့် လာဒါတ်တွင် လဒါခီလူမျိုးတို့သည် ခေတ်သစ်စီးပွားရေးစနစ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်။ လူ့အဖွဲ့အစည်းအတွင်း အသိအမှတ်ပြုခံရေးအတွက်၊ လူတန်းစေ့နေနိုင်ရေးအတွက် အချင်းချင်းယှဉ်ပြိုင်အားထုတ်လာကြရသည်။ ရုပ်ပိုင်းဆိုင်ရာ ပြည့်ဝစုံလင်မှုမရှိပါက လူတန်းစေ့မနေနိုင်ခြင်းအတွက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ချို့နဲ့မှုကို ဖြစ်ပေါ်စေသည်။

တိုးတက်ခေတ်မီသော ပညာရပ်နှင့် လုပ်ငန်းများကို လုပ်ကိုင်လာကြသူများသည် အစဉ်သဖြင့် ပြေးလွှားလှုပ်ရှားလျက် ရှုန်းကန်နေကြရသည်။ စက်မှုဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ပြောင်းလဲတိုးတက်မှုကြောင့် ဆင်းရဲချမ်းသာကွာဟမှုကြီးထွားလာခဲ့သည်။ လာဒါတ်ဒေသတွင် ချမ်းသာသူ လဒါခီတစ်ဦးက မိမိ၏ကားကိုမောင်းသွားစဉ် ကျန်ရစ်ခဲ့သော ဖုန်လုံးကြီးက လမ်းလျှောက်နေသူ အခြား လဒါခီတစ်ဦးအဖို့ ကိုယ်ရောစိတ်ပါ ညစ်ညူးရတော့သည်။ ထို့အပြင် လုပ်ငန်းခွင်နှင့် မိသားစုအလှမ်းကွာဝေးမှုကြောင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြိုကွဲမှု၊ မိသားစုပြဿနာများနှင့် မကြာခဏ ကြုံတွေ့လာရသည်။

လာဒါတ်ဒေသရှိ အစိုးရဌာနတစ်ခုမှ ယာဉ်မောင်းဝန်ထမ်းတစ်ဦး ဖြစ်သော လို့ဘ်ဇန်းဂ် ဆိုသူသည် အလုပ်မှ အနားယူသွားသောအခါ ဂျစ်ကားတစ်စီး ဝယ်၍ ရွာသို့ မောင်းယူလာခဲ့သည်။ ထိုဂျစ်ကားဖြင့် နွေရာသီတွင် ကမ္ဘာလှည့်ခရီးသည်များအား လိုက်ပါပို့ဆောင်ပေးသည်။ ကျန်အချိန်များတွင် ရွာသားများအတွက် ရွာနှင့် လေးမြို့သို့ အခပေး ပို့ဆောင်ရေးယာဉ်အဖြစ် အသုံးပြုသည်။ ဤတွင် လို့ဘ်ဇန်းဂ် ၏ စီးပွားရေးလုပ်ငန်း၊ အသွင်ပြောင်းလဲလာသလို သူနှင့် အခြားရွာသားများ၏ ဆက်ဆံရေးပုံသဏ္ဌာန်သည်လည်း လုံးဝပြောင်းလဲသွားတော့သည်။ လို့ဘ်ဇန်းဂ် သည် လူ့အသိုင်းအဝိုင်းထဲတွင် ရှိနေသော်လည်း လူများနှင့် တူမျှသော အနေအထားတွင် မရှိတော့ချေ။

ကက်ရှ်မီးယားတက္ကသိုလ်မှ ပြန်ရောက်လာသော *ဆေးရင်းဒေါ်ဂျီ* ဆိုသူက မဝေးတော့သော အနာဂတ်တွင် မိမိအလိုရှိသော အရာဟူသမျှကို ခလုတ်နှိပ်လိုက်ရုံနှင့် ရရှိလာနိုင်တော့မည်ဖြစ်ကြောင်း သိပ္ပံပညာ၏ ထူးခြားစွာ တိုးတက်စွမ်းဆောင်နိုင်မှုကို ပြောပြခဲ့သည်။ စင်စစ် လာဒါတ်ဒေသတွင် အတွေးအခေါ်သဘောထား ပြောင်းလဲလာကြောင်းနှင့် အခြားသတ္တဝါများအပေါ်တွင် ယခင်ကထက် ပို၍ ဩဇာညောင်းလာစေသော လောကအမြင်တစ်ခု မွေးဖွား နေရာယူလာကြောင်း သတိပြုမိသည်။ လဒါခီလူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ *လားမားဘုန်းတော်ကြီး*မှာ ကြည်ညိုလေးစားမှု အခံရဆုံးဖြစ်သော်လည်း ခေတ်သစ်လူ့အဖွဲ့အစည်းတွင်မူ အင်ဂျင်နီယာများမှာ လူထု၏အထင်ကြီးလေးစားမှုကို အများဆုံး ပိုင်ဆိုင်ကြသည်။

မိသားစုတစ်ခုတွင် ဖခင်ဖြစ်သူက ဘာသာရေးကိုင်းရှိုင်းသော်လည်း မိမိ၏ သားကို ခေတ်ပညာတတ်တစ်ယောက် ဖြစ်စေချင်သည်။ အသက်ကြီးသော ဘိုးဘွားများက မြေးများကို သာသနာ့ဘောင်တွင် အသက်ရှင်စေလိုသည်။ သို့သော် ပြောင်းလဲနေသော ခေတ်ကာလရေစီးကြောင်းအရ အမိကကျနေသော ငွေကြေးပိုင်ဆိုင်မှုကို အထူးအလေးပေးလာကြသည်ကို တွေ့ရသည်။

လားမားနှင့် အင်ဂျင်နီယာတို့၏ လောကအမြင်များက လုံးဝခြားနားလှပေသည်။ ဘာသာရေးရှုထောင့်အရ လောကအမြင်သည် ဘဝအားလုံး၏ ညီညွတ်



www.burmeseclassic.com

www.burmeseclassic.com



မျှတမှုတစ်ခုတည်းအပေါ် အခြေခံသည်။ သိပ္ပံပညာက အရာအားလုံး၏ သီးခြားဖြစ်တည်မှုကို အခြေခံအမှန်တရားနိယာမဟု ယူဆသည်။ သိပ္ပံပညာက ဖန်ဆင်းခြင်းကို ငြင်းပယ်ပြီး၊ အရာရာတိုင်းကို သေးငယ်သော ဒြပ်ဝတ္ထုအပိုင်းအစများအဖြစ် ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်သည်။

လားမားမှ အင်ဂျင်နီယာသို့ ပြောင်းလဲလက်ခံလာခြင်းသည် စင်စစ်မေတ္တာကရုဏာကို အခြေခံသောကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများကို လက်ခံရာမှ ကျင့်ဝတ်တန်ဖိုးကို အခြေမခံသော ပကတိအမှန်တရားကို ပြောင်းလဲလက်ခံလာခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)
# အနောက်တိုင်းပညာရေး

သင်သိပြီးသားဆိုရင်တောင်မှ တစ်ခြားတစ်ယောက်ကို ထပ်မေးသင့်တယ်။

လဒါခီ စကားပုံ

စစ်မှန်သော ပညာရေး ဆိုသည်မှာ ကျယ်ဝန်းနက်ရှိုင်းသော အတွေးအခေါ် အမြော်အမြင်နှင့် ကြွယ်ဝသော ဗဟုသုတကို ပေးစွမ်းနိုင်သော ပညာရေးမျိုး ဖြစ်သည်။ ယနေ့ခေတ် ပညာရေးစနစ်မှာ ထိုသို့မဟုတ်။ ယနေ့ ပညာရေးစနစ်အရ ကလေးငယ်များကို ၎င်းတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် မညီညွတ်သော တစ်ခုကောင်း ကျွမ်းကျင်မှုကို ရှေးရှုလေ့ကျင့်ပေးသည်။ လဒါခီ ခေတ်သစ်ပညာရေးသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုမရှိသော အရာများကို စမ်းတဝါးဝါးနှင့် မျက်ကန်းများ သဖွယ် စမ်းသပ်လေ့လာစေသည်။ ကျောင်းမှ တတ်မြောက်လာသော ပညာရပ်များကို သူတို့ကမ္ဘာတွင် လက်တွေ့အသုံးချစရာ နေရာမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသားများတွင် ဘာသာရေးဆိုင်ရာ သဘောတရားများ သင်ကြားခြင်းသည် လဒါခီတို့၏ တစ်ခုတည်းသော ပညာသင်ကြားရေးဖြစ်ခဲ့သည်။ အခြားပညာရပ်များကိုမူ လူ့အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်တွင် ဆက်ဆံလုပ်ကိုင်ရာမှ တတ်မြောက်လာကြရသည်။ မိဘဘိုးဘွားများ၊ ဆွေမျိုးမိတ်ဆွေများထံမှ လက်ဆင့်ကမ်းယူသော စိုက်ပျိုးမွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းပညာများ၊ သဘာဝ ပထဝီအနေအထားများကို မိမိ၏အတွေ့အကြုံများမှ လက်တွေ့သင်ယူကြရသည်။ လဒါခီတို့သည် ငယ်ရွယ်သူများမှစ၍ ဘာလီအမျိုးအစားကိုခွဲခြားတတ်ရုံမက အမျိုးအစားအလိုက် အသုံးပြုရသော စိုက်ပျိုးရေးနည်းစနစ် အနေအထားများကိုပါ ကျွမ်းကျင်စွာ သိရှိတတ်မြောက်ထားကြသည်။ ၎င်းတို့ဒေသအတွင်းရှိ သဘာဝပေါက်ပင်များ၊ အလေ့ကျပေါက်ပင်များ၏ အသုံးဝင်ပုံ၊ အသုံးချပုံများကို နားလည်သိကျွမ်းကြသည်။ သဘာဝပတ်ဝန်းကျင်၏ ပြောင်းလဲမှုအခြေအနေများကိုပင် လေ့လာသိရှိတတ်ကြသည်။

ရှေးဘိုးဘေးများ လက်ထက်မှစ၍ ရိုးရာလက်မှုပညာအားဖြင့် အဝတ်အထည် ရက်လုပ်ခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ သားရေ သားမွေးများကို အသုံးပြု၍ ဖိနပ်နှင့် အထည်များ ချုပ်လုပ်ခြင်းတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြသည်။ လဒါခီတို့၏ ရိုးရာပညာသင်ကြားမှုပုံစံသည် ဒေသန္တရအခြေအနေနှင့် လိုအပ်ချက်များကို အခြေခံပြီး၊ လက်တွေ့သက်ရှိကမ္ဘာနှင့် ဆက်ဆံရေးကို လေ့ကျင့်မှုသည်။ ထိုသို့သောအားဖြင့် ကလေးများ၏ ထိုးထွင်းသိမြင်မှု၊ တီထွင်ကြံဆမှုစွမ်းအားကို မြှင့်တင်ပေးသည်။

ခေတ်သစ်ပညာရေးစနစ်အရ စာသင်ကျောင်းများတွင် လက်တွေ့ကျသော သင်ကြားပို့ချမှု မရှိပေ။ အတတ်ပညာကိုသာ တွန်းအားပေး လေ့ကျင့် သင်ကြားပေးသောကြောင့် ဂေဟဗေဒနှင့် လူမှုဆက်ဆံရေးပညာတွင် မတတ်ကျွမ်းနိုင်တော့ချေ။ ကျောင်းပညာရေးစနစ်သည် လက်တွေ့ဘဝနှင့် ကွာဟရုံမက ရိုးရာဓလေ့နှင့် အသိပညာကျွမ်းကျင်မှုစနစ်ကို အထင်သေး ကျောခိုင်းလာကြသည်။

(၁၉၇၀) ခုနှစ်များမှစ၍ လဒါခီကျေးရွာများတွင် အနောက်တိုင်းပညာရေးကို စတင်ခဲ့ရာ ယခုအခါ စာသင်ကျောင်း (၂၀၀) ခန့် ရှိနေပြီဖြစ်သည်။ သင်ရိုးညွှန်းတမ်းများအနေဖြင့် ဗြိတိသျှသင်ရိုးပုံစံအတိုင်း ထုတ်ဝေသော အိန္ဒိယနိုင်ငံပညာ



www.burmeseclassic.com

www.burmeseclassic.com



ရေး၏ သင်ရိုးညွှန်းတမ်းတွင် လာဒါတ်ဒေသ၊ လဒါခီလူမျိုးနှင့် ပတ်သက်သော အကြောင်းအရာ စိုးစဉ်းမျှ မပါရှိချေ။ လန်ဒန် (သို့) နယူးယောက်ရှိ လူနေမှုပုံစံ၊ အခန်းပြင်ဆင် ဖွဲ့စည်းပုံတို့ကို သင်ရိုးထဲတွင် တွေ့ရသည်။ ထို့မျှမက ပီဇာမျှော်စင်ကဲ့သို့ အနောက်တိုင်းမှ အဆောက်အဦ အစွယ်အစားပုံစံ၊ အချိုးတို့ကို ပုစ္ဆာထုတ် စဉ်းစား တွက်ချက်စေသည်။ စင်စစ် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၁၂၀၀၀) ကျော် မြင့်သော ဒေသမှ လူများအတွက်မဟုတ်ဘဲ အနောက်တိုင်းသားများအတွက် စီစဉ်ထုတ်ဝေထားသော ပညာရေးစာစဉ် သင်ရိုးများကို လဒါခီတို့ သင်ယူနေကြရသည်။

ကမ္ဘာတစ်ဝှမ်းလုံးရှိ ခေတ်သစ်ပညာရေးသည် ဥရောပတိုက်ကိုသာ ဗဟိုပြုသည်။ ကမ္ဘာကြီးတစ်ခုလုံး၏ ပထဝီအနေအထားနှင့် ကိန်းဂဏန်းများ၊ လက်ရှိလူနေမှုဘဝနှင့် အလှမ်းကွာဝေးသော အသိများကိုသာ ပေးစွမ်းနိုင်သည်။ ဤသို့ မိမိ၏လက်တွေ့ လူနေမှုနှင့် ကင်းကွာပြီး၊ သီးခြား ယဉ်ကျေးမှုဓလေ့နှင့် သဘာဝစရိုက်အနေအထားတို့နှင့် ဆက်စပ်မှုမရှိသော ပညာရေးကိုသာ လဒါခီကလေးများက လေ့လာသင်ယူနေကြရသည်။ စက်မှုနိုင်ငံစနစ်ကိုသာ တတ်မြောက်ထားသော လူငယ်များသည်လည်း စက်မှုနည်းပညာအားဖြင့်သာ အလုပ်လုပ်ကိုင်တတ်ကြသည်။ သိပ္ပံနှင့် နည်းပညာမှ ကင်းလွတ်သော ကိုယ်ပိုင်ပတ်ဝန်းကျင်မှ ထူးခြားသော သဘာဝသယံဇာတနှင့် လက္ခဏာများကို အသုံးမပြုတတ်တော့ဘဲ သိပ္ပံနှင့် နည်းပညာမှ တစ်ခုတည်းသော သယံဇာတကိုသာ သုံးဖြုန်းတတ်လာသည်။ ဤသို့ဖြင့် ကမ္ဘာကြီးတွင် အတုအယောင်နှင့် ဆင်းရဲမွဲတေနေမှုတို့ နေရာယူလာကြတော့သည်။

လဒါခီတို့၏ ရိုးရာစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရာတွင် ယာ့က်နွားမျိုးသည် အကောင်းဆုံးနှင့် အရေးအပါဆုံးဖြစ်သည်။ အဆိုပါ နွားများသည် အမြင့်ပေ (၁၆၀၀၀) အထက်ရှိ ရေခဲမြစ်ကမ်းတစ်လျှောက်တွင် ပေါက်ရောက်လေ့ရှိသော မြက်နုများကို စားသုံးကာ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကို ခံနိုင်ကြသည်။ တောင်စောင်း ကျောက်နံရံကို ဖြတ်ကျော်၍လည်း သွားလာနိုင်သည်။ ဝန်တင်ရန်၊ ယာမြေထွန်ယက်ရန် အသုံးဝင်ရုံမက ၎င်း၏ရှည်လျားသော အမွေးများမှာ အထည်ရက်လုပ်နိုင်သည်။ ယာ့က်နွားမျိုးသည် အသား၊ လုပ်အား၊ နို့အပြင် လောင်စာကိုပါ ပေးစွမ်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခေတ်သီပွဲနှင့် နည်းပညာ ရှုထောင့်မှ သုံးသပ်သောအခါ ယာ့က်သည် တစ်နေ့လျှင် နို့ (၃) လီတာအထိသာ ပေးစွမ်းနိုင်သောကြောင့် နို့ထွက်အား အလွန်နည်းပေသည်။ ၎င်းတို့က နို့ထွက်အား အလွန်ကောင်းသော ဂျာစီနွားများကို ပို၍ နှစ်သက်ကြသည်။ သို့သော် ဂျာစီနွားများသည် ပေ (၁၁၀၀၀) ထက် ပို မြင့်သော အရပ်တွင် မနေနိုင်ကြပေ။ ထို့အပြင် ဂျာစီနွားများသည် ရာသီဥတုဒဏ်ကိုလည်း မခံနိုင်သည်ဖြစ်ရာ တင်းကုပ်များကို စနစ်တကျ ဆောက်လုပ်ပေးရသည်။ ၎င်းတို့အတွက် မြက်ကို သီးသန့် စိုက်ပျိုးပေးရသည်။

ခေတ်သစ်ပညာရေးစနစ်အောက်တွင် ရှင်သန်ကြီးပြင်းလာသော လဒါခီကလေးများသည် မိမိတို့၏ယဉ်ကျေးမှုနှင့် ရိုးရာနည်းပညာများကို အထင်သေးကြသည်။ အနောက်တိုင်းယဉ်ကျေးမှုကို အလေးပေးလာသည်နှင့်အမျှ မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ပစ်ပယ်ကာ မိမိကိုယ်ကို တန်ဖိုးထားတတ်မှု လျော့ပါးလာတော့သည်။ (၁၉၇၄) ခုနှစ်မတိုင်မီက လာဒါတ်ကို ကမ္ဘာက မသိခဲ့သော်လည်း လာဒါတ်သည် ဒေသထွက်ကုန်များနှင့် တောင့်တင်းဖူလုံနိုင်ခဲ့သည်။ သို့သော် ဆယ်စုနှစ် တစ်စုအတွင်း၌ပင် လဒါခီလူငယ်များသည် မိခင်ဘာသာစကားထက် အင်္ဂလိပ်နှင့် ဟိန္ဒီဘာသာ သီချင်းများကို နှစ်ခြိုက်စွာ သီဆိုသုံးစွဲလာကြသည်။ ရိုးရာအဝတ်အထည်များကိုပင် မဝတ်ရဲကြတော့ဘဲ၊ အနောက်တိုင်းမှ လာသော အဝတ်အထည်များကိုသာ မက်မောစွာ ဝတ်ဆင်တတ်ကြသည်ဟု (၁၉၈၆) ခုနှစ်၊ ကျောင်းသားလူငယ်များ၏ လဒါခီအနာဂတ်ခန့်မှန်းချက် စာစီစာကုံးများတွင် ရေးသားထားသည်။

ခေတ်သစ် ပညာရေးစနစ်သည် စိုက်ပျိုးရေးကို အခြေခံသော ကျေးလက်လူနေမှုဘဝမှ လူများစွာကို ငွေကြေးအခြေခံ မြို့ပြလူနေမှုနှင့် စီးပွားရေးစနစ်သို့ ပြောင်းရွှေ့ပေးလိုက်သည်။ ယနေ့ မြို့ကြီးများတွင် လူဦးရေ အလွန်များပြားလာပြီး၊ အလုပ်လက်မဲ့ပြဿနာများ ဖြစ်ပေါ်လာသည်။

ခေတ်သစ်ပညာရေးစနစ်ကြောင့် လာဒါတ်ဒေသသည် စာတတ်မြောက်သူဦးရေ တိုးပွားလာခဲ့ပြီး၊ ပြင်ပကမ္ဘာကို မြင်တွေ့ သိကျွမ်းလာခဲ့ကြသည်။ တစ်ဘက်တွင်လည်း ခေတ်ပညာတတ်လာသော လဒါခီတို့တွင် အချင်းချင်း သွေးကွဲမှု၊ စီးပွားရေး ကျဆင်းမှု၊ လူမှုရေးပြဿနာများ ဖြစ်ပေါ်လာရသည်။ လယ်ယာမြေ လုပ်ကိုင်သူ လျော့နည်းလာသော လာဒါတ်သည် ယခုအခါ စီးပွားရေးအရ အဆင်းရဲဆုံးဒေသအဖြစ်သို့ သက်ဆင်းသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

# ဇဟိုသို့ခွဲခွာခြင်း

လဒါခီ ယဉ်ကျေးမှုပါလို့ ပြစ်ရာတောင် ကျန်တော့မည် မထင်။

အသက် (၈) နှစ်အရွယ် ဒိုလမာ ရေးသားသည့်
"ပြောင်းလဲလာသော လာဒါတ်" စာစီစာကုံးမှ၊

မကြာမီက ကျွန်မသည် လေးမြို့မှ တက်တီရွာသို့ ဘတ်စ်ကား စီးသွားစဉ် ခရီးသွားဖော် အမျိုးသမီးတစ်ဦးနှင့် အနောက်တိုင်းနိုင်ငံရှိ လူနေမှုဘဝအကြောင်း စကားဆိုဖြစ်ကြသည်။ အနောက်တိုင်း လူနေမှုဘဝတွင် အဆင်ပြေမှုများ ရှိသလို၊ လူမှုရေးပြဿနာများလည်း ရှိကြောင်းကို ကျွန်မက ရှင်းပြသည်။ မြို့ကြီးပြကြီးများတွင် လူများနှင့်ပြည့်ကျပ်ကာ လူနေအိမ်များ ပွတ်သိပ်နေစေကာမူ မိမိ၏အိမ်နီးချင်း အမည်ကိုပင် မသိနိုင်ကြကြောင်း၊ မိဘနှင့် သားသမီးအကြား စကားပြောဆိုဖို့ အချိန် မရှိကြောင်း၊ သဘာဝလေထု ညစ်ညမ်းလာကြောင်းနှင့် ပတ်ဝန်းကျင် ဆိတ်ငြိမ်မှု



www.burmeseclassic.com

www.burmeseclassic.com



မရှိကြောင်းတို့ကို ရှင်းပြခဲ့သည်။ ထိုအခါ သူမက အနောက်နိုင်ငံသည်လည်း လေးမြို့နှင့် မခြားနားဟု မှတ်ချက်ချပေတော့သည်။

ကျွန်မ လေးမြို့သို့ ပထမဆုံးအကြိမ် ရောက်ဖူးစဉ်က လေးမြို့သည် ကျေးရွာကြီးတစ်ခုနှင့်သာ ဆင်ပေသည်။ မြို့သားများအချင်းချင်း သိကျွမ်း ရင်းနှီးပြီး၊ နွေးထွေးပျူငှာစွာ ဆက်ဆံတတ်ကြသည်။ လေးမြို့ပေါ်ရှိ လမ်းမကြီးနှစ်ခုတွင် နွားများကြောင့်သာ လမ်းပိတ်ဆို့မှု ဖြစ်တတ်ခဲ့သည်။ ယာဉ်အစီးရေ အလွန်ပင် နည်းပါးသည်။ လတ်ဆတ်သန့်ရှင်းသော လေထုနှင့် ပတ်ဝန်းကျင်တွင် မိုင် (၂၀) ကျော်အကွာမှ ဆီးနှင်းများ ဖုံးနေသော တောင်တန်းများကိုပင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ခဲ့သည်။ မြို့လယ်ခေါင်မှ အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်လျှင် ဘာလီစိုက်ခင်းကြီးများထဲရှိ ယာတဲများကို ပြောက်တိပြောက်ကျား တွေ့ရသည်။

ယခုအခါတွင် ထိုစိမ်းလန်းစိုပြေနေခဲ့သော ကွင်းပြင်ကြီးပေါ်တွင် အသက်ဝိညာဉ်ကင်းမဲ့သော ကလာပ်စည်းသဏ္ဌာန် အကွက်သစ်များက နေရာယူထားကြသည်။ မြို့၏အဆုံးသည် ဖုန်ထူသော သဲကန္တာရနှင့် ထိစပ်နေသည်။ သစ်ပင်သစ်ရိပ်များနေရာတွင် ဓာတ်တိုင်ကြီးများက နေရာယူလာသည်။ နေအိမ် အဆောက်အဦများမှာလည်း ဆေးရောင်များ ကွာကျလျက် ယခင်အိမ်ဘေးပတ်လည်မှ စိုက်ခင်းများအစား သံချေးတက်နေသော သတ္တုအပိုင်းအစ၊ ဖန်စ၊ ပလတ်စတစ်ပစ္စည်း အဟောင်းအစုတ်များနှင့် အမှိုက်သရိုက်များ ဖြန့်ကျက်နေရာယူလျက်ရှိသည်။ အဝေးသို့ ငေးမျှော်ကြည့်နိုင်သော နေရာတွင် ကြော်ငြာပိုစတာကြီးများက ကာဆီးနေရာယူထားကြသည်။ ဤကား (၁၆) နှစ်အတွင်း လာဒါတ်ဒေသ၏ ပြောင်းလဲဖြစ်တည်မှုပုံစံများပင်တည်း။

ရှေးရာစုနှစ်များက လေးမြို့သည် အခြား ဒေသန္တရကျေးရွာများနှင့် သဟဇာတရှိပြီး၊ စီးပွားရေးအရ အချင်းချင်း အပြန်အလှန် အကျိုးပြုခဲ့ကြသည်။ ယနေ့ တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်များအရ လေးမြို့ကို စီးပွားရေး ဗဟိုအချက်အချာဒေသအဖြစ် သတ်မှတ်ကာ၊ ပြည်ပနိုင်ငံများနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး တံခါးဖွင့်ပေးလိုက်သောအခါ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများ လေးမြို့တွင် စုစည်းမိလာခဲ့သည်။ ခေတ်မီ စီးပွားရေးအဆောက်အဦနှင့်အတူ ခေတ်မီသော လူနေမှုစနစ်များ နေရာယူလာတော့သည်။ စာသင်ကျောင်းများ၊ ဘဏ်တိုက်နှင့် ဆေးရုံရ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းလုပ်ငန်းများ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားကွင်း၊ ခေတ်ဆီဆိုင် စသည့် ယခင်က မရှိခဲ့ဖူးသော အလုပ်ဌာနများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လေးမြို့ပေါ်တွင် ဖြစ်တည်လာသည်။ အခြား ရွာများမှ လူငယ်များသည် ပညာသင်ရန်နှင့် အလုပ်ခွင်ဝင်ရန် မြို့ပေါ်သို့ ရောက်ရှိလာရာ မြို့ပြလူဦးရေ အလွန်အမင်း များပြားလာပြီး၊ ကျေးလက်နေ လူဦးရေ ကျဆင်းသွားသည်။ လွန်ခဲ့သော (၁၆) နှစ်အတွင်း လေးမြို့၏ လူဦးရေ နှစ်ဆ တိုးတက်ခဲ့သည်ဟု သိရသည်။

လေးမြို့တွင် လူဦးရေ အလွန်အမင်း များပြားခြင်းကြောင့် ပြဿနာများစွာ ကြုံတွေ့လာရသည်။ နွေရာသီ၌ မြို့၏လမ်းများပေါ်တွင် လူများ ကြိတ်ကြိတ်တိုး စည်ကားနေတတ်ပြီး၊ အချင်းချင်း တိုးဝှေ့ပြေးလွှားနေရသောကြောင့် ယခင်က ရှိခဲ့ဖူးသော ဂါရဝတရားဆိုသည်မှာ ကွယ်ပျောက်သွားရသည်။ မြို့၏ လေထုပတ်ဝန်းကျင်မှာလည်း စက်ရုံများမှ မီးခိုးများနှင့် ဒီဇယ်နံ့တို့ဖြင့် ညစ်ညမ်း ထိုင်းမှိုင်းလာသည်။ လူသားများ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ အသက်ရှင် နေထိုင်သော်လည်း ကွာဟမှု ကြီးထွားလာသည်။ တစ်ချိန်က အချင်းချင်း အပြန်အလှန် အမှီသဟဲပြုနေခဲ့သော စီးပွားရေးစနစ် ပျက်သုဉ်းခဲ့ရသည်။ ကြပ်တည်း ကျဉ်းမြောင်းသော အခန်းငယ်များတွင် မိသားစု စုပြုံနေထိုင်ကြရသည်။

ယခင်က ကျေးလက်ဒေသများတွင် ကျယ်ဝန်းသပ်ရပ် လှပသော နေအိမ်များ၌ အေးချမ်းစွာ နေထိုင်ကြီးပြင်းခဲ့ကြသော လဒါခီများသည် ယခုအခါ ကျဉ်းကြပ်ညစ်ညမ်းပြီး၊ ရုပ်ထွေး ဆူညံနေသော မြို့ပြတိုက်ခန်းများတွင် နေထိုင် ရုန်းကန်လျက် ရှိနေကြသည်ကို တွေ့ရသည်။ အမှန်မှာ ခေတ်သစ်ပညာရေးနှင့် စီးပွားရေးစနစ်များက ကျေးလက်နေ လူထုကို ဗဟိုအချက်အချာကျသော မြို့ပြများသို့ ခေါ်ယူ ပို့ဆောင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

မျက်မှောက်ခေတ် ဗဟို ဦးစီး စနစ်ဆန်သော စီးပွားရေးလုပ်ငန်းများသည် လောင်စာစွမ်းအားများစွာကို အသုံးပြုရခြင်းကြောင့် သဘာဝသယံဇာတများကို ဖျက်ဆီး ဝါးမြိုပစ်တော့သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ် သုံးစွဲလိုက်ခြင်းဖြင့် ရပ်ဝေးမှ သွင်းကုန်များအပေါ် မှီခိုအားထားလာကြသည်။ ပြည်ပမှ စားနပ်ရိက္ခာနှင့် အခြား အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်သွင်းလာကြသည်။ ကျေးလက်ဒေသများတွင် ရေသွယ်ယူရန်



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲရှိပြီး၊ ရေပြဿနာ ပေါ်ပေါက်လာသည်။

လာဒါတ်ဒေသတွင် အခြား (အိန္ဒိယ) နိုင်ငံများက ပိတ်ပင် တားမြစ်ထားသော ပိုးသတ်ဆေးအမျိုးအစားများအပါအဝင် ဓာတုဓာတ်ပစ္စည်းများစွာ ပါဝင်သော ပိုးသတ်ဆေးများစွာကို အသုံးပြုလျက်ရှိကြသည်။ ထိုပိုးသတ်ဆေးဘူးအလွတ် (အခွံ) များဖြင့် ဆားကြိတ်ကြသည်။ မီးခံပြားအပိုင်းအစများပေါ်တွင် မုန့်ဖုတ်ကြသည်။ တစ်ခါက လဒါခီမိတ်ဆွေအချို့အား ၎င်းတို့ စားသော ထောပတ်တွင် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသော ဖော်မယ်ဒီဟိုက် (ဖော်မလင် ရရှိရန် ရေနှင့်ရောစပ်ရသော အနံ့ပြင်းဓာတ်တစ်မျိုး) ပါရှိကြောင်း ပြောပြသောအခါ မယုံကြည်နိုင်ဘဲ ရှိကြသည်။

လဒါခီလူမျိုးတို့၏ ရိုးရာဓလေ့စရိုက်များတွင် ဖြုန်းတီးခြင်းဆိုသည်ကို မကြုံခဲ့ရသော်လည်း ယနေ့ လေးမြို့ပေါ်တွင် လူတို့ စွန့်ပစ်ပစ္စည်းများဖြစ်သော စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်၊ ဖန်၊ စက္ကူ စသည့် အမှိုက်များ စုပုံလျက် ရှိသည်ကို တွေ့ရသည်။ ရှေးအခါက လူ၏ မစင်မှုစ၍ အရာရာကို နေရာတကျ စီစဉ်အသုံးချတတ်ခဲ့သော်လည်း သဘာဝမြေသြဇာကို အသုံးမပြုရတော့သည့် ခေတ်သစ် စီးပွားရေးစနစ်အောက်တွင် အညစ်အကြေး၊ အမှိုက်များမှာ ပြဿနာတစ်ရပ် ဖြစ်လာသည်။ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန် ရေအမြောက်အမြား သုံးစွဲလာရသည်။ မသန့်စင်သော ရေများကို အသုံးပြုလာရသောကြောင့် အသည်းရောင်အသားဝါကဲ့သို့သော ရောဂါများ ဖြစ်ပွားလာသည်။ ထို့အပြင် စက်မှုစွမ်းအားကို ပိုမိုအသုံးချလာခြင်းကြောင့် ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊ ပင်ပန်း နွမ်းရိခြင်း၊ စိတ်မကြည်လင်ခြင်း၊ အဆီနှင့် သကြားဓာတ်များစွာ ပါဝင်သည့် စည်သွတ်အစားအစာများကို စားသုံးမှုများလာခြင်းတို့ကြောင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် လေဖြတ်ခြင်း စသည့် ရောဂါဆိုးများကို ခံစားလာရသည်။

ဆေးဝါး ကုသရာတွင်လည်း လာဒါတ်ဒေသတစ်ခုလုံးအတွက် တစ်ခုတည်းသော ဆေးရုံသည် လေးမြို့၌သာ တည်ရှိရာ ဆေးကုသမှု ခံယူရန် အခက်အခဲများစွာ ရှိပေသည်။ ခေတ်မီ ဆေးကုသရေးစနစ်အတွက် လုံလောက်သော ကိရိယာနှင့် ဆေးဝါးမရှိချေ။ အနောက်တိုင်း ဆေးရုံတစ်ရုံကဲ့သို့ ဖန်တီးနိုင်ရန်အတွက် လော



www.burmeseclassic.com

www.burmeseclassic.com



ဒါတ်၌ လုံလောက်သော အရင်းအနှီး မရှိပါ။ ဆေးရုံ၏ လူနာဆောင်များတွင် လူနာများနှင့် ပြည့်ကြပ်လျက်ရှိပြီး၊ ဆရာဝန်အင်အားလည်း လုံလောက်ခြင်းမရှိပါ။ ရေနှင့် သန့်ရှင်းရေးလုပ်ဆောင်မှု မထိရောက်နိုင်သောကြောင့် ဆေးရုံ ဆေးဝါးကုသမှုသည်လည်း မထိရောက်နိုင်ပေ။

ခေတ်မီ သိပ္ပံနည်းပညာနှင့် ဆေးသိပ္ပံ ဖွံ့ဖြိုးလာသောအခါ လဒါခီတို့၏ ရိုးရာတိုင်းရင်းဆေးဝါးကုသမှု ပညာရပ်များ တိမ်မြုပ်သွားသည်။ တိုင်းရင်းဆေးဆရာများ အလွန်ရှားပါးသွားပြီး၊ ပညာသင်ယူသူများ မရှိသလောက် ဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေးတွင် အထောက်အပံ့ပြုနိုင်စွမ်း မရှိတော့ပေ။

ဘိုးဘေးတို့၏ လက်ငုပ် စီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူ အလွန်နည်းပြီး၊ အစိုးရ၏ ပံ့ပိုးအားပေးမှုလည်း နည်းပါးသောကြောင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အရည်အသွေး ကျဆင်းလာသည်။ ပန်ဂျပ်ပြည်နယ်မှ လျှော့ဈေးနှင့် သွင်းလာသော ဂျုံမှုန့်များက ဈေးကွက်တွင် စားသုံးသူပိုများနေရာ ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်မရှိတော့ချေ။

ခေတ်မီ စီးပွားရေးစနစ်က လူတို့၏ဆင်ခြင်တုံတရားသည် ပြောင်းလဲပစ်စေသည်။ သဘာဝတရားနှင့် ဆန့်ကျင်သော စီးပွားရေးစနစ်သည် အဓိပ္ပာယ်မရှိပါ။ လေးမြို့တွင် ရွှံ့စေးဖြင့် အိမ်ဆောက်ရန် မလွယ်ကူသော်လည်း ဘိလပ်မြေများကို အလွယ်တကူ ရရှိနိုင်ကြသည်။ အလွန်ဝေးလံသော ဒေသများမှ ဝန်ဆောင်မှုအဆင့်ဆင့်ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများသည် ပြည်တွင်းထွက်ကုန်ပစ္စည်းများအပေါ် လွှမ်းမိုးလာနေသည်။ ဤသည်မှာ အနောက်တိုင်း စီးပွားရေးစနစ်၏ ဝါးမြိုခြင်းခံရသော ဒေသန္တရ စီးပွားရေးအခြေအနေများပင် ဖြစ်သည်။

ခေတ်မီ စီးပွားရေးစနစ်အရ မြေသည် အလွန်အဖိုးထိုက်သော ရောင်းကုန်တစ်မျိုး ဖြစ်လာသည်။ လူအများစု နေထိုင်ရာ မြို့ပြဒေသများတွင် လူတစ်ဦးစီအတွက် မြေနေရာ အလွန်သေးငယ် ကျဉ်းမြောင်းသွားရုံမက၊ မြေကွက်တန်ဖိုးများအဆမတန် တိုးမြင့်လာခဲ့သည်။ အုတ်ဖုတ်ရန် ရွှံ့စေးကို မြို့နှင့် ကွာဝေးသောနေရာများမှ ဝယ်ယူကြရသည်။ ဝန်ဆောင်ခ၊ အတင်အချ လုပ်အားနှင့် ဖြတ်သန်းခစရိတ် များပါ ပေးဆောင်လာရသည်။ အုတ်ဖုတ်ရန် အချိန်ကြာညောင်းသောကြောင့် ပေးဆပ်ရသော အချိန်၏ တန်ဖိုးအတွက် အိမ်ဆောက်စရိတ် တိုးမြင့်လာပြီသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပညာတတ် အင်ဂျင်နီယာများက ဘိလပ်မြေနှင့် သံမဏိများဖြင့်သာ တည်ဆောက်ကြသည်။ လဒါခီရိုးရာ ရွှံ့အုတ်နှင့် အိမ်ဆောက်တတ်သူ ရှားပါးလာခြင်းကြောင့်လည်း ရွှံ့အုတ်နှင့် အိမ်ဆောက်စရိတ် ပို၍ ကြီးမြင့်လာသည်။

ခေတ်သစ် လူ့အဖွဲ့အစည်းထဲတွင် အတွေးအခေါ်နှင့် ခံယူချက်များပါ ပြောင်းလဲလာသည်။ ရိုးရာ ပညာရပ်များ၊ ယဉ်ကျေးမှုများကို ခေတ်နှင့် မလျော်ညီသောကြောင့် ခံယူကျင့်သုံးရန်အတွက် ရှက်ကြောက်လာကြသည်။ လဒါခီရိုးရာ ရွှံ့အုတ်နှင့် ဆောက်လုပ်သော အိမ်များငါက် ခေတ်မီ တိုက်တာကြီးများတွင် နေထိုင်ကြသည်။ ပြည်တွင်းထွက် သိုးမွေးချည်ထည်များထက် ပြည်ပမှလာသော နိုင်လွန်၊ တက်ထရွန်စများကို အခကြီးစွာ ပေး၍ ဝယ်ယူဝတ်ဆင်ကြသည်။

မိမိတို့၏ ကိုယ်ပိုင်သယံဇာတများနှင့် ကင်းကွာသွားသော လဒါခီလူမျိုးတို့၏ အနေအထားကို လေ့လာကြည့်သောအခါ အလွန်ရှုပ်ထွေးသော အကြောင်းတရားနှင့် အင်အားစုများ ပါဝင်နေကြသည်ကို တွေ့ရသည်။ ကမ္ဘာ့ဒေသအသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် အနောက်တိုင်း အင်အားစုများ၏ ဖိအားနှင့် အရင်းအနှီးများစွာ မြှုပ်နှံပြီး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လာသော အစိုးရ၏ စီမံကိန်းများအောက်တွင် ဗဟိုချုပ်ကိုင်မှုစနစ်နှင့် လူမှုအဖွဲ့အစည်းအသစ် ပေါ်ပေါက်လာသည်။ ဗဟိုချုပ်ကိုင်မှု စနစ်အောက်မှ စီးပွားရေးအထောက်အကူပြု စီမံကိန်းများ၏ ရလဒ်ပြဿနာများမှာလည်း အတူတူပင် ဖြစ်ကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)
# ပြည်သူများသွေးကွဲလာခြင်း

ဖက်ရှင်ကျကျ ခေတ်ဆန်ဆန် ဝတ်စားတတ်လာသည်နှင့် မာနတက်လာပြီး၊ အချင်းချင်း ခင်တွယ်မှု လျော့နည်းလာကြသည်။

နော်ဘူး (၈) နှစ်၏ 'ပြောင်းလဲလာသော လာဒါတ်' စာစီစာကုံးမှ၊

ကျွန်မ လာဒါတ်သို့ စတင်ရောက်ရှိခဲ့သည့် နှစ်တွင် လဒါခီမိတ်ဆွေတစ်ဦးနှင့်အတူ ချီလင်ဂ်မှ မာရ်ခါသို့ တောင်တက်ခရီးထွက်ဖြစ်ခဲ့သည်။ မြစ်ချောင်းတစ်ခု၏အထက် မြင့်မားမတ်စောက်လှသော တောင်ကမ်းပါးကြီးကို ခဲရာခဲဆစ် ဖြတ်ကျော်ကြရသည်။ ထိုသို့ ကြိုးစားတက်သွားကြစဉ် ကျွန်မတို့နှင့် မျက်နှာချင်းဆိုင်မှ အဘိုးအိုတစ်ဦးသည် တောင်ဝှေးတစ်ချောင်းကို အားပြုလျက် လျှောက်လှမ်းလာသည်ကို တွေ့ရသည်။ ကျွန်မတို့နှင့် ဆုံမိသောအခါ အဘိုးအိုက ကျွန်မတို့ကို နှုတ်ဆက်စကား ပြောဆိုပြီး ဆက်လျှောက်သွားသည်။ ဆယ်မိနစ်ခန့်အကြာတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ခေါ်သံကြား၍ လှည့်ကြည့်သောအခါ ထိုအဘိုးအိုသည် လမ်းကျဉ်းကလေး တစ်ဘက်ကမ်းမှ ပြန်ကူးလာနေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့အနားရောက်သောအခါ ပြုံး၍ရွှင်သော မျက်နှာနှင့် သူ၏တောင်ဝှေးကို ကျွန်ုပ်ထံ ကမ်းပေးပြီး၊

"ခင်ဗျားက တောင်ဝှေးကို ကျုပ်ထက် ပိုလိုနေသလားလို့ပါ" ဟု ဆိုသည်။ ယခုအခါတွင်ကား လူများသည် လေးမြို့ပေါ်ရှိ ဘတ်စ်ကားမှတ်တိုင်တွင် လိုင်းကားပေါ်သို့ တိုးဝှေ့တက်နေကြရပေပြီ။ အဘိုးအိုများပင် လူအုပ်ကြီးထဲမှ လုယက် တိုးဝှေ့ရင်း ဘတ်စ်ကားပေါ် ရောက်သွားကြပေသည်။

ရိုးရာစီးပွားရေးစနစ်သည် အခြားလူများထံမှ လုပ်အားပံ့ပိုးမှုကို မှီခိုကြရသောကြောင့် လူ့အဖွဲ့အစည်းအပေါ် အလေးထား ဂရုစိုက်လေ့ရှိကြသည်။ ခေတ်သစ် စီးပွားရေးစနစ်မှာ သီးခြား ရပ်တည်မှုများ ရှိလာပြီး၊ အခြားသူများအား မှီခိုအားထားမှု လျော့နည်းလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းနှင့် ကင်းကွာလာတော့သည်။ နိုင်ငံရေးနှင့် စီးပွားရေးတွင် ဗဟိုချုပ်ကိုင်မှုရှိကရေစီယန္တရားအောက်သို့ ကျရောက်လာခဲ့သည်။ ရိုးရာအစဉ်အလာအတိုင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အမှီသဟဲပြုမှုနှင့် သည်းခံနားလည်မှုတို့ကို ဖြိုကွဲ ပျက်စီးသွားခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း လေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ညီညွတ် သိပ်သည်းသော မိသားစုများ၊ လူ့အဖွဲ့အစည်းများအကြား ခါးသီးသော အငြင်းပွားမှုများ တိုးပွားလာခဲ့သည်။ ဥပမာ- တာကရာကျေးရွာမှ ဆည်မြောင်း ရေခွဲဝေမှုနှင့်ပတ်သက်သော အငြင်းပွားမှုမျိုးသည် ယခင် လဒါခီအဖွဲ့အစည်းတွင် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပြေလည်စွာ ဖြေရှင်းနိုင်ခဲ့သော ကိစ္စရပ်များဖြစ်သည်။ အချင်းချင်း အပြန်အလှန် မှီခိုအားထားမှုအစား ရပ်ဝေးမှ အင်အားစုများအပေါ် အားကိုးမှီခိုလာကြသည်။ ထို့ကြောင့် မိမိတို့ဘဝရှင်သန်မှုအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက် မချနိုင်ကြတော့ပေ။ အခြေအနေတိုင်းကို အရှုံးပေး လက်မှိုင်ချကာ မိမိကိုယ်ကို တာဝန်ယူတတ်သော စိတ်ဓာတ်များ ပျောက်ပျက်သွားသည်။ ယခင်ရိုးရာလူ့အဖွဲ့အစည်းတွင် ဆည်မြောင်းများ ပျက်စီးလျှင်၊ ရေယိုလျှင် ရွာသားများအားလုံး စုပေါင်းကာ ဝိုင်းဝန်းပြုပြင်လေ့ရှိကြသည်။ ယခုအခါ ရေလှောင်ဆည် ပျက်စီးခြင်းသည် အစိုးရ၏တာဝန်ဟု သတ်မှတ်ကာ အစိုးရ တာဝန်ယူ ပြုပြင်ချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ငံ့လင့်နေကြသည်။ ပြည်သူလူထု၏ အကျိုးကို အစိုးရက ဖန်တီးဆောင်ရွက်ပေးနေချိန်တွင် လူထု၏ တာဝန်ယူတတ်မှု၊ အကျိုးပြုလိုမှုသဘောများ ဆုတ်ယုတ်လျော့ပါးသွားသည်။

မျက်မှောက်ခေတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကို ကြီးမားသည့် စီးပွားရေးနှင့် နိုင်ငံရေးယူနစ်များအဖြစ် အသွင်ပြောင်းခဲ့သည်။ သေးငယ်သော လူ့အဖွဲ့အစည်းအတွင်း ကိုယ်ပိုင်အခွင့်အရေးနှင့် ဩဇာအာဏာကို ပိုင်ဆိုင်ခဲ့ကြပြီး အခြားအဖွဲ့ဝင်၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်ဆံမှုရှိခဲ့သော လဒါခီတို့သည် ယခုအခါ ကမ္ဘာ့ဖွံ့ဖြိုးရေးစနစ်နှင့်အတူ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွင် အခြားနိုင်ငံသား သန်းပေါင်းများစွာတွင် တစ်ဦးတစ်ယောက်သာ ဝင်ဆံ့လုပ်ကိုင်နိုင်တော့သည်။

သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များက ဗဟိုချုပ်ကိုင်မှုစနစ်ကို၊ ပျံ့နှံ့စေခြင်းဖြင့် လူသန်းပေါင်းများစွာတို့၏ ဘဝတွင် လုံခြုံမှုကင်းမဲ့ကာ တွေဝေမှု၊ မရေရာမှုများဖြစ်ပေါ်စေသည်။ ယခင်က ရွာသူရွာသားများ၊ လူကြီး၊ လူငယ် အရွယ်မရွေး ပါဝင်ဆင်နွှဲခဲ့သော ရိုးရာပွဲလမ်းသဘင်များအစား ရုပ်/သံလွှင့် အစီအစဉ်များကို သီးသန့်ရွေးချယ် နားဆင်လာကြသည်။ မိသားစုအတွင်း ပုံပြောခြင်း၊ ဆွေးနွေးပြောဆိုခြင်းထက် ရုပ်/သံ မှထုတ်လွှင့်သော ပုံပြင်နှင့် သီချင်းများ ကခုန်ဖြေဖျော်မှုများကို ကြည့်ရှုနားဆင်လာကြသည်။ အကျိုးဆက်အနေနှင့် လူ့အဖွဲ့အစည်းအတွင်း ရင်းနှီးချစ်ခင်မှု၊ စည်းလုံးညီညွတ်မှု လျော့ရဲလာသည်။

လေးမြို့လေဆိပ်တွင် လေယာဉ်ဆိုက်ချိန်ကို စောင့်နေခဲ့သော နေ့တစ်နေ့၌ ကျွန်မသည် လဒါခီကမ္ဘာလှည့်ခရီးသွား အေဂျင်စီပိုင်ရှင် *ဒါဝါး* နှင့် ဆုံတွေ့ခဲ့ကြသည်။ *ဒါဝါး* နှင့် အတူပါလာသော မိတ်ဆွေနှစ်ဦးကိုပါ သိကျွမ်းခွင့်ရခဲ့သည်။ တစ်ဦးမှာ တည်းခိုခန်းပိုင်ရှင်ဖြစ်ပြီး၊ ကျန်တစ်ဦးမှာ ခြေလျင်တောင်တက် လမ်းပြဖြစ်သည်။ သူတို့က လာဒါတ်တွင် ဟိန္ဒီဇာတ်ကား လာရောက် ရိုက်ကူးသွားခဲ့ကြသော ရုပ်ရှင်သရုပ်ဆောင်များနှင့် သိကျွမ်းခဲ့ပုံ၊ သူတို့အား အော်တိုမှတ်တမ်း ရေးပေးခဲ့ပုံများကို ပြန်ပြောင်း၍ ပြောပြကြသည်။ စင်စစ် သူတို့သုံးဦးစလုံး သရုပ်ဆောင်များ၏ ဟန်ပန်အမူအရာ၊ ပြောဆိုသည့် လေသံ၊ ဝတ်စားဆင်ယင်ပုံများကို အသေးစိတ် မှတ်သားထားကာ အတုယူနေကြသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ကျွန်မက လဒါခီမိတ်ဆွေ *ပေါလ်ဂျီ* (လဒါခီ တေးကဗျာများကို ဘာသာပြန်ရာ၌ ကူညီသူ) အား ပြောပြရာ *ပေါလ်ဂျီ* က. . .

"ကျွန်တော့်သား အငယ်ကောင်လည်း အဲဒီအတိုင်းပါပဲဗျာ" ဟု ဆိုသည်။ လဒါခီတို့၏ လေးနက်ခိုင်မြဲသော ဆက်ဆံရေးနှင့် အမျိုးသားရေးလက္ခဏာများ တိမ်မြုပ်လာခြင်းနှင့်အတူ ဘဝလုံခြုံမှုလည်း ဆုံးရှုံးကြရသည်။ မိမိ၏ဘဝ အနေအထားအပေါ် သံသယစိတ်နှင့် တွေဝေနေသော လဒါခီတို့၏အာရုံတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများက ဘဝ၏ လမ်းညွှန်များသဖွယ် နေရာယူလာကြသည်။ ယဉ်ကျေးပြီး အဆင့်အတန်းမြင့်မားသော လူနေမှုဘဝဆိုသည်မှာ အနောက်တိုင်းသားတို့၏ များပြားရှုပ်ထွေးသော အသုံးအဆောင် ပရိဘောဂများ၊ အစားအစာများနှင့် အခန်းဖွဲ့စည်း ပြင်ဆင်မှုမျိုးကို ပိုင်ဆိုင်ခြင်း ဖြစ်သည်ဟု လွဲမှားစွာ ထင်မြင်လာကြသည်။

ခေတ်မီလာခြင်းက လူတစ်ဦးစီ၏ ပင်ကိုယ်အရည်အသွေးကို အံ့ဩဖွယ်ရာ ပျောက်ကွယ်စေခဲ့သည်။ ပင်ကိုယ် လုံခြုံစိတ်ချမှု၊ မိမိကိုယ်ကို ယုံကြည်မှု အားနည်းလာသောကြောင့် အထင်ကြီးစရာဟု ထင်မြင်ယူဆသော အမူအကျင့် စရိုက်လက္ခဏာများကို အလိုအလျောက် အတုယူ ကျင့်သုံးလာတော့သည်။ ယခင်ကဆိုလျှင် လဒါခီလူမျိုးတို့၏ ရိုးရာအဝတ်အစားများမှာ အဆင်တူညီသောကြောင့် အသွင်ကွဲပြားခြင်းမရှိသယောင် ထင်ရသည်။ ထိုသို့ ဝတ်စားနေထိုင်ကြသူများတွင် စိတ်ဖိစီးမှု၊ မတူညီမှု ဟူသည်ကို မတွေ့ရဘဲ ပင်ကိုယ်သဘာဝနှင့် လွတ်လပ်ပျော်ရွှင်သော လူ့အဖွဲ့အစည်းအတွင်း ပါဝင်နေခြင်းဖြင့် စိတ်၏လုံခြုံမှုကို အားလုံးက ပိုင်ဆိုင်ခဲ့ကြသည်။

ဒေသန္တရ စီးပွားရေးနှင့် နိုင်ငံရေးအဆောက်အအုံ ပြိုကွဲသွားသောအခါ အနီးစပ်ဆုံး ပတ်ဝန်းကျင်မှ လူပုဂ္ဂိုလ်များပင် စိမ်းကား ဝေးကွာသွားကြသည်။ လုပ်ငန်းလည်ပတ်မှု မြန်ဆန်လာပြီး၊ ပြေးလွှားလှုပ်ရှားနေရမှုကြောင့် လူလူချင်း အချိန်ပေးကာ လေးနက်သော ဆက်ဆံရေးကို မဖန်တီးနိုင်ကြတော့ချေ။ လူတို့၏ အရည်အချင်းထက် ရုပ်ဝတ္ထုပစ္စည်း ပိုင်ဆိုင်မှုကို ဦးစားပေးလာကြသည်။ အပေါ်ယံ ဆက်ဆံရေးလောကတွင် လူတို့၏ပင်ကိုယ်အရည်အသွေးကို အဝတ်အစား အဆောင်အယောင်များက လွှမ်းမိုးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝလုံးခြုံမှု ကင်းမဲ့လာသော လဒါခီလူ့အဖွဲ့အစည်းနှင့် မိသားစုများအတွင်း သွေးစည်း ညီညွတ်မှု ပြိုကွဲလာခြင်းသည် ဝမ်းနည်းဖွယ်ရာ အကောင်းဆုံး ရလဒ်များဖြစ်သည်။ မိမိကိုယ်ကို တန်ဖိုးထားလေးစားမှုကင်းမဲ့ကာ ရုပ်ဝတ္ထုပစ္စည်း ဝယ်ယူသုံးစွဲရေးကို အဓိက အခန်းကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်လာသည်။လူ့အဖွဲ့အစည်းအတွင်း အသိအမှတ်ပြုခြင်းခံရရန်အတွက် လူကုံထံတို့၏ အသုံးအဆောင်၊ ဇိမ်ခံပစ္စည်းများကို ဝယ်ယူသုံးစွဲလာကြသည်။ သို့သော် ရုပ်ဝတ္ထုပစ္စည်း ပိုင်ဆိုင်လာသောအခါ လူအများနှင့် ပိုမိုကင်းကွာသွားပြီး အထီးကျန်လာကြသည်။ ထို့ကြောင့် လူလူချင်း ဆက်ဆံရေး၌သာမက မိမိ၏အတွေးအခေါ်များ၌ပင် အဆင်မပြေမှုများ ကြီးထွားလာသည်။

လူ့အဖွဲ့အစည်းအတွင်း အသက်အရွယ် ကွာဟမှု၊ ဆင်းရဲချမ်းသာ ကွာဟမှု၊ ဘာသာရေး ကွဲပြားမှု၊ ဘာသာများအကြား လူမှုရေးပြဿနာနှင့် ယောကျ်ားမိန်းမ ခွဲခြားမှုအပြင် ခေတ်ပညာတတ်နှင့် ပညာမဲ့ (စာမတတ်) သူ လယ်သမား လူတန်းစားတို့ ကြီးမားစွာ ဖြစ်တည်လာခဲ့သည်။ မြို့ပြနေ လူတန်းစားများက ကျေးလက်နေ လူထုအပေါ် အထင်သေးပြီး ဒေလီ၊ ကာလကတ္တားကဲ့သို့ မြို့ကြီးများကို စံပြု အတုယူကြသည်။ ခေတ်မီရပ်ကွက်များမှ ကလေးများသည် မိဘဘိုးဘွားများနှင့် ကင်းကွာလာရုံမက မိမိတို့၏ မိခင်ဘာသာစကားကိုပင် ကျွမ်းကျင်စွာ မပြောနိုင်တော့ချေ။

လုပ်ငန်းခွင်တွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှု ပိုမိုကြီးမားလာသည်။ ကမ္ဘာ့စက်မှုလုပ်ငန်းများ ထူထောင်လာသောအခါ အမျိုးသားများက စက်ရုံတည်ရှိရာ ရပ်ဝေးဒေသများတွင် စက်မှုဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အမျိုးသားများမှာ စက်မှုအတတ်ပညာ၏ အစိတ်အပိုင်းတစ်ခုနှင့် မိသားစု၏ တစ်ဦးတည်းသော ဝင်ငွေရှာဖွေသူ ဖြစ်လာခဲ့သည်။ ကျေးလက်ဒေသနေသူများမှာ မိသားစုနှင့်ကင်းကွာကြရပြီး၊ မိသားစုနှင့် အတူနေထိုင်သူများအဖို့မှာလည်း လုပ်ငန်းခွင်တွင် အချိန်နာရီပေါင်းများစွာ ပေးဆပ်ရသောကြောင့် မိသားစုအတွက် အချိန်မပေးနိုင်ကြချေ။

အမျိုးသမီးများမှာ အကောင်အထည်မရှိသော အရိပ်များဖြစ်လာကြသည်။ ဝင်ငွေမရသော အမျိုးသမီးတို့၏ အလုပ်ကို 'စီးပွားရေးလုပ်ငန်း' ၏ အစိတ်



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းတွင် ထည့်သွင်းခြင်းမပြုရုံမက အမျိုးသမီးလုပ်အားကို 'အမျိုးသားထွက်ကုန် တန်ဖိုး' အဖြစ် အသိအမှတ်ပြုခြင်း မရှိပေ။ အလုပ်လုပ်နိုင်သော လဒါခီလူဦးရေ၏ တစ်ဆယ်ရာခိုင်နှုန်းသည် ခေတ်မီစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်ပြီး၊ ၎င်းတို့ကို အလုပ်သမားများဟု သတ်မှတ်သည်။ ကျန်အလုပ်လုပ်သူ (၉၀) ရာခိုင်နှုန်းမှာ လယ်သမားများ၊ အိမ်ရှင်မအမျိုးသမီးများဖြစ်ပြီး ၎င်းတို့ကို အလုပ်သမားဟု မသတ်မှတ်ချေ။ ထိုသို့ သတ်မှတ်ခြင်းခံရသူများမှာ စိတ်ပိုင်းဆိုင်ရာ လျော့ရဲခြင်းများနှင့် ရင်ဆိုင်ကြရသည်။ ရိုးရာလယ်သမားများနှင့် အမျိုးသမီးများမှာ အဆင့်အတန်း နိမ့်သူ အပယ်ခံလူတန်းစား ဖြစ်လာသည်။

ယခင်က လဒါခီအမျိုးသမီးများသည် ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်ရေးရာ ရင့်သန်ကြသည်။ စိတ်ရှည်သည်းခံတတ်ပြီး လူမှုဆက်ဆံရေး ကောင်းမွန်ကြသည်။ ယနေ့ လဒါခီအမျိုးသမီးများမှာ စိတ်ဓာတ်ပျော့ညံ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ကြောင့်ကျစိတ်များနှင့် ခံနိုင်ရည်မဲ့သူများ ဖြစ်လာကြသည်။ အရာရာပြည့်စုံကြွယ်ဝသော သဘာဝအနေအထားတွင် ခေတ်မီအသုံးအဆောင် ပရိဘောဂများကို ခံစားကြရသည်။ အမျိုးသမီးများလုပ်ကိုင်စရာ လုပ်ငန်းခွင်ရှားပါးခြင်းကြောင့် လှုပ်ရှားမှု ကင်းမဲ့ကာ ပတ်ဝန်းကျင်လောကနှင့် ကင်းကွာပြီး တွေဝေမှုများ၊ လေးလံထိုင်းမှိုင်းမှုများ နေရာယူလာသည်။

အိမ်ထောင်သည် အမျိုးသားမှာ မိသားစုနှင့်လူ့အဖွဲ့အစည်းအတွင်း ဩဇာရှိသော်လည်း စိတ်ဖိစီးမှု၊ ပင်ပန်းနွမ်းနယ်မှုနှင့် သောကများ ခံစားကြရသည်။ မိသားစုနှင့်ကင်းကွာပြီး အလုပ်လုပ်ကိုင်ကြရသောကြောင့် ကိုယ်တွင်းစိတ်ပြဿနာများစွာခံစားကြရသည်။ သားသမီးများမှာလည်း ခေတ်ပညာရပ်များကို သင်ယူရာတွင် မိဘများနှင့်ခွဲခွာပြီး ပညာသင်ယူကြသောကြောင့် မိသားစုအတွင်း ရင်းနှီးကျွမ်းဝင်မှု ကင်းမဲ့လာခဲ့သည်။ ယခင်က မိဘမောင်နှမ ဆွေမျိုးများနှင့် နီးကပ်စွာ အသက်ရှင် ကြီးပြင်းလာခဲ့ပြီး လူ့အဖွဲ့အစည်းတွင် အသိအမှတ်ပြုခံခဲ့ရသော တာဝန်ယူတတ်သော ကလေးများသည် အသွင်ကွဲ အနောက်တိုင်းပညာရေးစနစ်အောက်၌ အသွင် ပြောင်းလာကြတော့သည်။ ခေတ်ပညာရေးမှာ အသက်အရွယ်အလိုက် ခွဲခြားမှုရှိပြီး၊ အချင်းချင်း ပြိုင်ဆိုင်လုပ်ဆောင် အားထုတ်မှုသဘောကို မွေးမြူပေးသည်။ ထိုအခါ ခေတ်ပညာတတ်ကလေးများအကြား အချင်းချင်း ရိုင်းပင်းကူညီမှု၊



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန် အသိအမှတ်ပြုလေးစားမှုကို ပျောက်ကွယ်သွားပြီး ပြိုင်ဆိုင်မှုသဘောများ ကြီးထွားလာသည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် အသက်အရွယ်အလိုက် အုပ်စုဖွဲ့ နေထိုင်ဆက်ဆံမှုစနစ် ခေတ်စားလာပြီး၊ လူကြီးနှင့် လူငယ်များအကြား ကင်းကွာလာကာ မြတ်နိုးလေးစားမှု ကင်းမဲ့လာကြသည်။ ခေတ်သစ်လူနေမှုစနစ်၏ တွန်းအားများကြောင့် ရိုးရာလူနေမှုနစ်နှင့် မိသားစုများ ပြိုကွဲလာသည်။ ယခုအခါ လာဒါတ်တွင် တစ်လင်တစ်မယားစနစ်နှင့် ကိုယ်ထူကိုယ်ထစနစ်ကို ကျင့်သုံးလာကြသည်။ ဘာသာရေးကို အလေးထားမှု လျော့နည်းလာသည်နှင့်အမျှ သာသနာ့ဘောင်သို့ ဝင်လိုသူဦးရေ နည်းပါးသွားသည်။ အကျိုးဆက်အနေဖြင့် အိမ်ထောင်သည်ဦးရေ တိုးလာပြီး၊ လူဦးရေတိုးတက်မှုနှုန်း အလွန်မြင့်မားလာခဲ့သည်။

ထိုသို့ လူဦးရေတိုးနှုန်း မြင့်မားလာခြင်းသည် ခေတ်သစ်ဒီမိုကရေစီစနစ်၏ ရလဒ်တစ်ခုဖြစ်သည်ဟု လဒါခီအများစုက ဖော်ပြကြသည်။ အာဏာရရှိရေး၊ အလုပ်အကိုင်ရရှိရေးအတွက် အလုအယက် အပြိုင်အဆိုင် လုပ်ဆောင်လာကြပြီး လူမှုဆက်ဆံရေးတွင် အက်ကြောင်းထင်လာခဲ့သည်။ လူမျိုးရေးနှင့် ဘာသာရေး ကွဲပြားမှုမှသည် နိုင်ငံရေးသွေးကွဲမှုများ၊ ခါးသီးဖွယ်ရာများ ဖြစ်ပေါ်လာသည်။ ဘာသာရေးရှိသေကိုင်းရှိုင်းမှု လျော့ပါးလာသည်နှင့်အမျှ ဘာသာရေးကို ကြားခံကာ လူမှုရေးသွေးကွဲမှု ပိုမိုကြီးထွားလာခဲ့သည်။ ဗုဒ္ဓဘာသာနှင့် မွတ်စလင်ဘာသာအကြား ပဋိပက္ခဖြစ်မှု၊ လူမှုရေးတင်းမာမှုများ ဖြစ်ပေါ်လာသည်။ လူ့အဖွဲ့အစည်းတွင် ကိုးကွယ်ယုံကြည်မှုအလိုက် ဗုဒ္ဓဘာသာဝင်၊ မွတ်စလင်ဘာသာဝင်ဟူ၍ အုပ်စုကွဲလာသည်။ အဆိုပါ လူမှုရေးသွေးကွဲမှုကြောင့် (၁၉၈၃) တွင် ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဘာသာဝင်တို့အကြား အကြမ်းဖက်မှု၊ ဆူပူမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုအကြမ်းဖက်မှုကို ပုလိပ်အဖွဲ့က ပစ်ခတ်ထိန်းသိမ်းခဲ့ရပြီး၊ မာရှယ်လောခေါ် စစ်အမိန့် ထုတ်ပြန်ခဲ့ရသည်။

အဆိုပါ အကြမ်းဖက်မှု ပြီးဆုံးသွားခဲ့သော်လည်း ဘာသာရေးအုပ်စုများအကြား သံသယစိတ် ပိုမိုကြီးထွားလာပြီး၊ ဆက်ဆံရေး တင်းမာပျက်ပြားခဲ့ရသည်။ အချို့သော ဘာသာကွဲမိသားစု အိမ်ထောင်ရှင်များမှာ မိသားစုပဋိပက္ခများ ထပ်ခါဖြစ်ပေါ်လာတော့သည်။ မွတ်စလင်ဘာသာဝင် ကြီးစိုးသော ပြည်နယ်အစိုးရပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဖြစ်သူများက အမြင့်လွဲမှားလာသည်။ အုပ်ချုပ်သူ လူနည်းစု မွတ်စလင်တို့ကလည်း မိမိတို့၏ အခွင့်အာဏာ တည်မြဲရေးကို အလေးပေး ဆောင်ရွက်လာကြသည်။ အဆိုပါ အလားတူပြဿနာများကို ကမ္ဘာတစ်ဝှမ်းလုံးတွင် တွေ့ရှိနိုင်ပြီး၊ ပြဿနာအားလုံး၏ အခြေခံသဘောတရားမှာ အတူတူပင်ဖြစ်သည်။ ခေတ်မီတိုးတက်မှု စီမံကိန်းအရ ကျေးလက်ဒေသအနှံ့အပြားမှ ပြည်သူများကို ဗဟိုရှိ လူနည်းစုက ချုပ်ကိုင်ထားသည်။ မြို့ပြဒေသများတွင် အလုပ်အကိုင်ရှားပါးမှု၊ စည်းလုံးညီညွတ်မှု ပြိုကွဲခြင်း၊ လူသားအချင်းချင်း ပြိုင်ဆိုင်မှုတို့ ကြီးမားလာသည်။ ခေတ်ပညာတတ်လူငယ်များမှာ ခေတ်သစ်စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းတွင် နေရာရရှိရန် အလွန်အမင်း ကြိုးစားလာကြသည်။ လူမျိုးရေး၊ ဘာသာရေးခွဲခြားမှု ပိုမိုပြင်းထန်ကာ သွေးခွဲအုပ်ချုပ်မှု၊ မတရားအုပ်ချုပ်မှုတို့ နေရာယူလာခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ကား ယနေ့ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းသည် လူမှုရေးအရ ပြိုင်ဆိုင်မှု၊ အကြမ်းဖက်မှု၊ ရန်လိုမှုများကိုသာ ဖြစ်ပွား ကြီးထွားလာစေကြောင်း သိသာထင်ရှားပေသည်။ သို့ဖြစ်သော်လည်း အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်း၏ ဆိုးကျိုးများကို ထိုနိုင်ငံသားများက သတိမပြုမိတတ်ကြချေ။ ဘာသာရေးနှင့် နိုင်ငံရေးခွဲခြားစီမံခြင်းသည် လူမျိုးရေးနှင့် ဘာသာရေးပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းဖြစ်သည်ဟု ယူဆကြသည်။ တစ်ဖက်တွင်မူ အနောက်တိုင်း၏ ဒီမိုကရေစီနည်းသစ်များကြောင့် လူမျိုးခြားများအကြား နာကျည်းမှုများ နာလန်ထူလာပြီး၊ လူမျိုးရေးနှင့် နိုင်ငံရေးပြဿနာများကို ပိုမိုကြီးထွားစေခဲ့သည်။

ယခင်က ရိုးရာ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့်သာ လာဒါတ်တွင် ငြိမ်းချမ်းမှု ရှိခဲ့သည်ဟုပင် နားလည်ခံယူလာကြသည်။ ယနေ့ခေတ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုဆိုသည်မှာ စင်စစ် ယဉ်ကျေးမှုနှင့် ဘာသာရေးကွဲပြားခြားနားမှုကြောင့် ဖြစ်သည်ဟုဆိုသည်။ ရှေးယခင် ကိုလိုနီခေတ်မတိုင်မီကတည်းက လာဒါတ်တွင် အမြစ်တွယ်လာခဲ့သော လူမျိုးရေးတင်းမာမှုကို ပဋိပက္ခနှင့် အကြမ်းဖက် အဓိကရုဏ်းဖြစ်ပွားမှုသို့ အသွင်ကူးပြောင်းလာစေသည်မှာ ယနေ့ခေတ်မီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကြီးပင် ဖြစ်သည်။ ထိုသို့ အကြမ်းဖက်မှုကို ဖြစ်ပွားစေရုံမျှမက အသစ်သော လူမှုရေးပြဿနာများကိုပါ လာဒါတ်သို့ ယူဆောင်လာခဲ့ကြောင်း ကျွန်မ၏ (၁၆) နှစ်တာ လာဒါတ်ဒေသအတွေ့အကြုံများက သက်သေထူ



www.burmeseclassic.com

www.burmeseclassic.com



နေပေသည်။ ယခုအခါ လာဒါတ်တွင် 'ကမ္ဘာလုံးဆိုင်ရာကျေးရွာ' စနစ်အရ အနောက်တိုင်းမှ လူနေမှုနှင့် ဝတ်စားဆင်ယင်မှုများကို စံနမူနာယူကာ ကျင့်သုံးလာကြသည်။ ထိုသို့ အနောက်တိုင်းမှ ခေတ်မီအသုံးအဆောင်များကို အစားထိုးလာရာတွင် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် အခြားအခက်အခဲများကို ပေါ်ပေါက်စေသည်။

စံပြုလူနေမှုဘဝကို လက်ခံကျင့်သုံးရန်အတွက် မိမိတို့၏ကိုယ်ပိုင် ယဉ်ကျေးမှုအမွေအနှစ်များကို စွန့်လွှတ်လာရုံမက မိမိတို့၏အမျိုးသားရေးလက္ခဏာများကိုပါ ငြင်းပယ်လာကြသည်။ ထိုသို့ အခြေအမြစ်နှင့် အနှစ်သာရ ကင်းမဲ့လာသောလူနေမှုဘဝတွင် သွေးကွဲခြင်း၊ အုပ်စုကွဲခြင်းနှင့် မကျေနပ်မှု၊ ရန်ငြိုးဖွဲ့မှုတို့ကို ဖြစ်ပွားစေသည်။ ဤသည်ကား လာဒါတ်သာမက ကမ္ဘာ့လူမှုရေးအကြမ်းဖက်မှုနှင့် အယူသည်းမှုတို့၏ အကြောင်းတရားများပင်ဖြစ်သည်။

စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ၌ပင် လူထုအပေါ် ဩဇာလွှမ်းမိုးလေ့ရှိသောသတင်းစာ၊ ရေဒီယိုတို့မှ ဝါဒဖြန့်မှုနှင့် သတင်းအချက်အလက်များသည် ဖွံ့ဖြိုးဆဲတတိယနိုင်ငံများအတွက် မခံမရပ်နိုင်ရာ ဩဇာသက်ရောက်နေပေသည်။ ထိုသို့ဝါဒဖြန့်မှု၏ ရလဒ်အနေဖြင့် တတိယကမ္ဘာနိုင်ငံသားများတွင် စိတ်ပျက်ခြင်း၊ အားငယ်ခြင်းနှင့် ပဋိပက္ခပေါင်းစုံတို့ စုပြုံဝင်ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၅)

# ဥယျာဉ်တော်ကပေးသောသင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)
# ဘယ်အရာမှမဖြူသလို ဘယ်အရာမှမမည်းပါ

မစ္စတာဂန္ဒီဟာ လာဒါတ်ကို ရောက်ခဲ့ဖူးပုံ မရဘူး။ သူသာ ရောက်ဖူးခဲ့တယ်ဆိုရင် သူ့ရင်ထဲက လိုအင်ဆန္ဒတွေအားလုံး ပြည့်စုံနိုင်တဲ့နေရာကို သူသိသွားခဲ့မှာပဲ။

"မေဂျာအမ်အယ်လ်အေဒွန်ပါတ်" ၏ မဲဂျစ်လာဒါတ် (၁၉၂၈) မှ

လဒါခီရိုးရာလူနေမှုဘဝနှင့် မျက်မှောက်ခေတ်ကာလ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အင်အားစုများအကြောင်းကို အရှေ့ပိုင်းတွင် တစ်ခုစီ ချိုင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ရှေးကျသော လဒါခီလူနေမှုဘဝမှ ပျော်ရွှင်ချမ်းမြေ့မှု၊ အချင်းချင်း ညီး



www.burmeseclassic.com

www.burmeseclassic.com



လုံး ညီညွတ်ပြီး ရိုင်းပင်းကူညီတတ်မှု၊ သဘာဝ ပထဝီမြေကြီးနှင့် သဟဇာတဖြစ်မှု များကို ဖော်ပြခဲ့ပြီးနောက် မျက်မှောက်ခေတ် လဒါခီလူ့အဖွဲ့အစည်း၏ အချင်းချင်း သွေးကွဲမှု၊ လူမှုရေးချွတ်ခြုံကျမှု၊ ပတ်ဝန်းကျင် လေထု ရေထု ညစ်ညမ်းမှု စသည်တို့ ကို စုစည်းဖော်ပြခဲ့သည်။ ထိုသို့ တင်ပြရာတွင် ရိုးရာလူနေမှုဘဝကို အကောင်းမြင် ပြီး၊ မျက်မှောက်ခေတ် လူနေမှုဘဝအပေါ် အဆိုးမြင်ရာ ရောက်နေပေမည်။ အကြောင်းမှာ ကျွန်မသည် လူမှုဆက်ဆံရေး၊ လူနှင့် သဘာဝပတ်ဝန်းကျင် ဆက်ဆံ ရေးကို အဓိက အခြေပြုထားသောကြောင့်ဖြစ်သည်။

လဒါခီရိုးရာ လူ့အဖွဲ့အစည်း၏ အင်္ဂါရပ်များသည် စံပြလူ့အဖွဲ့အစည်း၏ လက္ခဏာများ မဟုတ်ပေ။ ရှေးရိုးရာ လူနေမှုစနစ်တွင် အလွန်အေးသော ဆောင်း ရာသီ၌ အမှုပေးစက် မရှိခဲ့ပါ။ ပညာတတ် လူတန်းစားဟူ၍ မရှိခဲ့သလို၊ ပြင်ပကမ္ဘာ မှ လူသားတို့၏စံနှုန်းနှင့် မတိုင်းတာဘဲ၊ လဒါခီလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်အနေနှင့် ဤအားနည်းချက်များကို သုံးသပ်သင့်သည်။

လဒါခီရိုးရာ လူ့အဖွဲ့အစည်းအတွင်း ကျေးလက်နေ ပြည်သူများသည် ချောင်းမှ ရေခပ်ခြင်း၊ နောက်ချေး (နွားချေး) မီးဖြင့် ချက်ပြုတ်ခြင်းတို့သည် အခက် အခဲမဟုတ်ပါ။ ဆောင်းရာသီ၏ အအေးဒဏ်ကိုလည်း သူတို့က မကြောက်ကြပါ။ တစ်ခါက ကျွန်မသည် လဒါခီ သီလရှင်တစ်ပါးနှင့် ခရီးပြုရာလမ်းတွင် ချောင်းတစ်ခု ကို ဖြတ်လျှောက်ကြရသည်။ ဆောင်းရာသီ၌ ချောင်းရေသည် သွေးခဲမတတ် အေး သောကြောင့် ကျွန်မမှာ အထိတ်တလန့်ဖြစ်သွားရသော်လည်း သီလရှင်မှာ ချောင်း ရေကို ဖိနပ်ဖြင့် နင်းလျှောက်ကာ အေးဆေးစွာ တစ်ဘက်ကမ်းသို့ ကူးသွားလေ သည်။ "မအေးဘူးလား" ဟု ကျွန်မက မေးသောအခါ သီလရှင်က စိတ်အနှောင့် အယှက်ဖြစ်ဟန်နှင့် ကျွန်မကို တုံ့ပြန်ကြည့်လာပါသည်။

ထိုသို့ ပြင်ပကမ္ဘာနှင့် အဆက်သွယ်ရှားပါးခြင်းနှင့်ပတ်သက်၍ လာဒါတ် အပေါ် ထားရှိသော ကျွန်မအမြင်နှင့် ယူဆချက်မှာ အများနှင့်မတူနိုင်ပါ။ လဒါခီ တို့အနေဖြင့် ထိုခက်ခဲကြမ်းတမ်းပြီး၊ ဝေးလံသီခေါင်သော အရပ်ဒေသ၌ပင် ဘဝကို အားတက်သရော ရင်ဆိုင်နိုင်ကြပြီး၊ အစဉ်ဝမ်းမြောက် ပျော်ရွှင်နေတတ်ကြသည်။ လဒါခီတို့က မိမိကိုယ်ကို ကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်း၌ တည်ရှိသည်ဟု ခံယူကြ သည်။ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှ ကမ္ဘာ့အစိတ်အပိုင်းအသီးသီးနှင့် ထည့်ချွန်



www.burmeseclassic.com

www.burmeseclassic.com



သူ အကျော်အမော်များကို ရှုစားနေရုံဖြင့် လောကကြီးအတွင်း ပါဝင်နေသည် ဟူသော စိတ်ကျေနပ်မှုမျိုး မရနိုင်ပါ။ ထိုဖန်သားပြင်ပေါ်မှ ထူးချွန်သူများ၏ စွမ်းဆောင်မှု၊ သရုပ်ပြမှုများကြောင့် မိမိတွင် သိမ်ငယ်ကြောက်ရွံ့မှု ရှိလာမည်မှာကား မလွဲပေ။ ဝေးလံသော ဒေသမှ မိမိလက်ရှိ ဘဝနှင့် ကွာခြားသော အခြေအနေများ၊ စိတ်တက်ကြွ အားရဖွယ်ရာ မြင်ကွင်းများကို ကြည့်ပြီး၊ မိမိ ရပ်တည်နေသော လက်ရှိ ပတ်ဝန်းကျင်အပေါ် စိတ်ပျက်အားလျော့ကာ အထင်သေးလာစေသည်။ တစ်ဖန် ထိုပတ်ဝန်းကျင်မှ မိမိ၏အရေးပါမှုနှင့် ပင်ကိုယ်အရည်အသွေးများပါ မှေးမှိန်လာရသည်။

လာဒါတ်တွင် စာတတ်မြောက်ရေး လိုအပ်ချက်ကို ကျွန်ုပ် မပိတ်ပင်၊ မငြင်းဆန်လိုပါ။ လဒါခီလူမျိုးများ စာဖတ်တတ်ရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းတွင် စာမတတ်လျှင် လူရာမဝင်ပါ။ ပိုမိုကျယ်ပြန့်သော နိုင်ငံရေး နယ်ပယ်အတွင်း လူထုဆက်ဆံရေးသည် စာပေကို အထူး အလေးပေး အားပြုလာရသည်။ ယခင် လဒါခီလူ့အဖွဲ့အစည်းအတွင်း၌မူ ဘာသာစကားကို ကောင်းစွာ နားလည်တတ်ကျွမ်းလျှင် လူ့အဖွဲ့အစည်း၏ ကိစ္စရပ်များအပေါ် သုံးသပ်ဆုံးဖြတ်ပေးနိုင်သော ဩဇာရှိခဲ့သည်။ စာမတတ်သော်လည်း မိမိ၏ဘဝ ရှင်သန်ရပ်တည်ရေးအတွက် ခိုင်မာစွာ ဆုံးဖြတ်ရွေးချယ်နိုင်ကြသည်။ ဤကား သာမန်အနောက်တိုင်းသားတစ်ဦးထက် သာလွန်သော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မည်သို့ဆိုစေ၊ ရှေးရိုးရာလူ့အဖွဲ့အစည်း၏ စာမတတ်ခြင်းသည် ခေတ်သစ်လူ့အဖွဲ့အစည်းနှင့် မည်သို့မျှ ဆက်စပ်မှုမရှိပေ။

ခေတ်မီ လူ့အဖွဲ့အစည်းနှင့် ရှေးရိုးရာ လူ့အဖွဲ့အစည်းကို နှိုင်းယှဉ်ရာတွင် လူထုကျန်းမာရေး၊ လူ့သက်တမ်းကာလတို့ကို အဓိက တိုင်းတာသည့် အနောက်တိုင်း (ဖွံ့ဖြိုးပြီး) နိုင်ငံများတွင် ကုသပျောက်ကင်းနိုင်သော ရောဂါများသည် လဒါခီလူ့အဖွဲ့အစည်းအတွက် သေစေလောက်သော ရောဂါဆိုးများ ဖြစ်စေခဲ့သည်။ လဒါခီ မွေးကင်းစ ကလေး သေပျောက်နှုန်းမှာ (၁၅) ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ထို့ကြောင့် ရောဂါပိုးများ တိုက်ဖျက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အဓိက အရေးကြီးဦးတည်ချက်အဖြစ် သတ်မှတ် လုပ်ဆောင်လာရသည်။

သို့သော် အနောက်တိုင်း သိပ္ပံဆေးပညာသည် တတိယကမ္ဘာ့နိုင်ငံများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ထိရောက်စွာ အကျိုးမပြုနိုင်ပေ။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ဒေသအတွင်း ဖြစ်ပွားသော ရောဂါများကို စမ်းသပ်ကုသမှု ပြုလာခဲ့သော ရိုးရာတိုင်းရင်းဆေးပညာကို ပစ်ပယ်၍မရပါ။ တစ်ဘက်မှလည်း အနောက်တိုင်း ဆေးပညာနှင့် ဆေးဝါးများကို ဒေသခံလူထုအတွက် ဖူလုံ လုံလောက်အောင် ပံ့ပိုးပေးနိုင်ခြင်း မရှိပါ။ ထို့အပြင် ခေတ်မီအနောက်တိုင်း သိပ္ပံဆေးပညာနှင့် ဆေးဝါးကုသမှုသည် အကုန်အကျ မြင့်မားကာ ဒေသအတွင်းရှိ လူအများစုအတွက် အကျိုးမပြုနိုင်ပေ။ ပြဿနာအရပ်ရပ်ကို အဘက်ဘက်မှ ရှုမြင်သုံးသပ်ပြီးမှ ဖြေရှင်းတတ်ရန် အရေးကြီးပါသည်။ ယခုအခါ တစ်လမ်းသွားစနစ်ဖြင့် လတ်တလော ပြဿနာတစ်ခုချင်းကိုသာ ဖြေရှင်းခြင်းသည် ရေရှည်တွင် ကောင်းသောအကျိုးသက်ရောက်မှုကို မဖန်တီးနိုင်ချေ။ ဥပမာ- မွေးကင်းစ ကလေး သေပျောက်နှုန်းလျှော့ချရေးကိုသာ အာရုံစိုက် လုပ်ဆောင်သောအခါ အရှိန်အဟုန်မြင့်မားလာသော လူဦးရေတိုးတက်မှုနှုန်းကို မထိန်းချုပ်နိုင်သဖြင့် စီးပွားရေးနှင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေသည်။ သိပ္ပံဆေးပညာအားဖြင့် လူ့ဘဝသက်တမ်းကို ပိုမို ဆွဲဆန့်ထားနိုင်သော်လည်း အသက်ကြီးသူတို့၏ အထီးကျန်မှု၊ အားနည်းချိနဲ့မှုများကို မဖြေရှင်းပေးနိုင်ပါ။ ခန္ဓာကိုယ် အားနည်းပြီး၊ အထောက်အကူပြုမည့်သူ မရှိလျှင် အသက်ရှည်ခြင်းသည် သင့်အတွက် အကျိုးမရှိနိုင်ပါ။

အသက်ကြီးရင့်လာခြင်းနှင့် သေခြင်းတရားအပေါ် ရှုမြင်သုံးသပ် ခံယူတွက်ချက်မှုသည် အလွန်အရေးကြီးပါသည်။ သဘာဝသဘောကို လက်ကိုင်ထားသော လဒါခီတို့က အသက်ကြီးရင့် အိုမင်းခြင်း၊ သေခြင်းဆိုသည်ကို ဘဝ၏သံသရာဖြစ်စဉ် မျှတာဟုသာ သဘောထားကြသည်။ လဒါခီတို့က အသက်ကြီးရင့် အိုမင်းခြင်းကို မကြောက်ကြပေ။ ဘဝ၏အစိတ်အပိုင်း အချိုးအဆစ်တိုင်းက သူ့နေရာနှင့်သူ တန်ဖိုးရှိသည်ဟု သူတို့ နားလည်ထားကြသည်။

လဒါခီတို့သည် သံသရာအကျိုးကို ယုံကြည်တတ်ကြသည်။ မျက်မှောက်ဘဝတစ်ခုတည်းကို မကြည့်ဘဲ သေခြင်းနှင့် ရှင်ခြင်းဟူသော သံသရာဖြစ်စဉ်ကို နှလုံးသွင်းတတ်ကြသည်။ လဒါခီယဉ်ကျေးမှုနှင့် အယူအဆများမှာ သေခြင်းတရားနှင့် သဘာဝပြောင်းလဲမှုဖြစ်စဉ်များအပေါ် လေးနက်စွာ ခံယူထားသည်။ မွေးကင်းစကလေးငယ်တစ်ဦး သေဆုံး၍ လဒါခီတို့ အလွန်အမင်း ကြေကွဲရသည်ဟူ၍ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြောင့် လာဒါတ်လူ့အဖွဲ့အစည်း အတွင်းရှိ အခက်အခဲအချို့ကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့သည်။ စက်မှုနည်းပညာ၊ ခေတ်မီ ဓာတုဆေးဝါးနှင့် ငွေကြေးအသုံးပြုမှုတို့ကြောင့် လဒါခီအများ၏ဘဝကို ပိုမိုပြေလည်ချောမွေ့လာစေခဲ့သည်။ ခရီးသွားခြင်း၊ ပြည်ပမှ စားသုံးကုန်နှင့် လူသုံးကုန်များကို လက်ခံ စားသုံးလာခြင်းဖြင့် ပြင်ပကမ္ဘာနှင့် ပိုနီးစပ်မှု ရှိလာခဲ့သည်။ ယခင်က သကြားနှင့် ဆန်ကို ဇိမ်ခံ ပွဲသုံးအစားအစာအဖြစ် အသုံးပြုခဲ့သည်။

ခေတ်သစ်ပညာရေးစနစ်က လူအချို့အတွက် အားကျနှစ်သက်ဖွယ်ရာ လုပ်ငန်းအခွင့်အရေးများ ဖန်တီးပေးသည်။ လဒါခီရိုးရာလူ့အဖွဲ့အစည်းမှ ဆင်းရဲသား ပန်းပဲဆရာများကို ခေတ်သစ်လူ့အဖွဲ့အစည်းတွင် လူကုံထံများအဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။ လဒါခီလူငယ်များအဖို့ မက်မောအားကျဖွယ်ရာ ခေတ်သစ်လူနေမှုဘဝနှင့် အမြင်ကို ဖော်ထုတ်ပေးခဲ့သည်။ ထိုအတွေးအမြင်သစ်များကြောင့် ရိုးရာလူ့အဖွဲ့အစည်းအတွေးအခေါ်များမှ ရုန်းထွက်ကာ ပြင်ပကမ္ဘာမှ လူသားနှင့် ပတ်ဝန်းကျင်အပေါ် မှီခိုအားပြုလာကြသည်။ လူငယ်တို့၏ စံထားရာသည် မိဘ၊ ဘိုးဘွားနှင့် ပတ်ဝန်းကျင်မဟုတ်ဘဲ နိုးကြားတက်ကြွပြီး၊ လွတ်လပ်ပေါ့ပါးနေသော အမျိုးသား၊ လူသားတစ်ယောက် ဖြစ်လာခဲ့သည်။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများက လဒါခီရိုးရာလူ့အဖွဲ့အစည်း၏ အားနည်းချက်အချို့ကို ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း လူမှုနှင့် သဘာဝပတ်ဝန်းကျင် ဆက်ဆံရေးသဘောတရားများ၊ လူတစ်ဦးစီ၏ အတွေးအခေါ် အယူအဆများကိုမူ တိုးတက်ကောင်းမွန်စေနိုင်စွမ်း မရှိခဲ့ပေ။ လဒါခီတို့၏ လူမှုနှင့် ပတ်ဝန်းကျင်ဆက်ဆံရေးသည် ယခင်ကနှင့် လုံးဝကွာခြားသွားသည်ကို စိတ်ပျက်ဖွယ် တွေ့မြင်ရသည်။ ချို့ယွင်းအားနည်းချက်များစွာနှင့် ရှေးရိုးရာ လူ့အဖွဲ့အစည်းသည် လူမှုရေးနှင့် ဂေဟဗေဒသဘောအရ ပိုမို ခိုင်မြဲတည်ကြည်သည်ကိုသာ တွေ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း ကြုံတွေ့လာခဲ့သော ပြဿနာအခက်အခဲများ၊ အမှားများအပေါ် ဆင်ခြင်ပြုပြင်လာခဲ့သော ရိုးရာလူ့အဖွဲ့အစည်း၏ အမြင်နှင့် ခံယူချက်များက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေခဲ့သည်။ ဗုဒ္ဓတရားတော်ကို အခြေခံသော လဒါခီတို့၏ပြောင်းလဲမှုအမြင်သည် မေတ္တာ၊ ကရုဏာတရားများအောက်၌ တည်ရှိပြီး၊ အချင်းချင်း အပြန်အလှန် ဆက်စပ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်း ယဉ်ကျေးမှုအောက်တွင် လူတို့သည် သဘာဝ၏ အကန့်အသတ် နယ်နိမိတ်အတွင်း အသက်ရှင်ပြီး၊ အခြေခံလိုအပ်ချက်များကို ရောင့်ရဲပြန်ဟပ်စေသည်။ ထိုသို့သော ယဉ်ကျေးမှုအရ လူတို့၏ဆက်ဆံရေးနယ်ပယ်များတွင် အပြန်အလှန် မှီခိုထောက်မပေးထားသောကြောင့် အချင်းချင်း သဟဇာတဖြစ်ကာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပါသည်။ လွန်ခဲ့သော (၁၆) နှစ်တာ ကာလအတွင်း လဒါခီတို့၏ဘဝနှင့် အတွေးအခေါ်များ ပြောင်းလဲလာကြပုံကို မြင်တွေ့ရသည်။ ထိုအခါ ယခင်က မေတ္တာနှင့် ဖွဲ့နှောင်ထားသော လဒါခီလူ့အဖွဲ့အစည်းမှာ တာဝန်ဝတ္တရား ကျေပွန်မှု၊ စာနာ နားလည်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ရောင့်ရဲတင်းတိမ်မှုနှင့် သောကကင်းဝေးမှုတို့ကို အထင်အရှား တွေ့ရသည်။ ထိုစဉ်က လဒါခီလူမျိုးများသည် ယခု မျက်မှောက်ခေတ်မှာထက် ပို၍ ပျော်ရွှင်နိုင်ခဲ့ကြသည်။ ထို့အတူ လူမှုရေး မျှတကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်သော သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲမှုတို့သည် လူ့အဖွဲ့အစည်းတစ်ခု၏ စံချိန်စံနှုန်းများ ဖြစ်သင့်ပါသည်။

အဆိုပါ စံနှုန်းနှင့် တိုင်းတာမည်ဆိုပါက ယနေ့ခေတ် လာဒါတ်ဒေသသည် အလွန်နိမ့်ကျသော ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်နေပေသည်။ ခေတ်သစ်ယဉ်ကျေးမှုနှင့် အတွေးအခေါ်များက လာဒါတ်တွင် ဂေဟဗေဒဆိုင်ရာပြဿနာများကို ပေါ်ပေါက်လာစေသည်။

အဆိုပါ ပြဿနာများ အချိန်မီ မဖြေရှင်းနိုင်လျှင် ပြုပြင်၍မရနိုင်သော ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ဖွယ်ရှိသည်။ လူမှုရေးလောကတွင်လည်း လက်ရှိလဒါခီလူ့အဖွဲ့အစည်းသည် ညီညွတ်မှုအစီးပြေကာ လူတစ်ဦးစီ၏ ပင်ကိုယ်အစွမ်းအစ စရိုက်လက္ခဏာများ ဆုတ်ယုတ်လျက်ရှိပေသည်။

အနောက်တိုင်းသားများက ၎င်းတို့၏ယဉ်ကျေးမှုကို စံအဖြစ် သတ်မှတ်ကာ အခြားနိုင်ငံနှင့် လူမျိုးတို့၏ ယဉ်ကျေးမှုကို အထင်အမြင်သေးတတ်ကြသည်။ စင်စစ် ၎င်းတို့သည် လူ့အဖွဲ့အစည်းများ၏ လက်တွေ့ဘဝအခြေအနေများကို ဆက်စပ်ခြင်းမပြုဘဲ မိမိတို့၏ စံပြချက်များနှင့် တိုင်းတာလေ့ရှိသည်။ ဥပမာ- မနုဿဗေဒပညာရှင်များက လဒါခီရိုးရာလူ့အဖွဲ့အစည်းမှ လူတန်းစားကွဲပြားမှု တိုင်းတာရာတွင် မိမိတို့၏ စံပြလူ့အဖွဲ့အစည်း၏အင်္ဂါရပ်များနှင့် နှိုင်းယှဉ်ကြသည်။ စင်စစ်အားဖြင့် အနောက်တိုင်းဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဆင်းရဲချမ်းသာ လူတန်းစားကွာဟချက်သည်



www.burmeseclassic.com

www.burmeseclassic.com



လဒါခီရိုးရာ လူတန်းစား ကွဲပြားမှုထက် ပို၍ကြီးမားသည်ကိုမူ လျစ်လျူရှုတတ်ကြသည်။ ခေတ်မီ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးများကို စံပြုထားသော အနောက်တိုင်းသားများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကို ချိုးနှိမ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ ဆိုးကျိုးများကို မျက်ကွယ်ပြုထားကြသည်။

မြောက်အမေရိကနှင့် ဥရောပနိုင်ငံများတွင် လှည့်လည်ဟောပြောခဲ့စဉ်က တူညီသော မေးခွန်းတစ်ခုကို ကျွန်မ ဖြေခဲ့ရသည်။ လဒါခီတို့၏ လှိုက်လှဲ ဖော်ရွေသော အပြုံးများ၊ လှပသော အနုပညာလက်ရာများ၊ ဗိသုကာ လက်ရာများ၊ လာဒါတ်၏ သဘာဝပတ်ဝန်းကျင်အနေအထားတို့ကို ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားရာ ပရိသတ်များက ငေးမောကြည့်ရှုရင်း မိမိတို့၏ယဉ်ကျေးမှုနှင့် နှိုင်းယှဉ်ကာ ဤသို့ သုံးသပ်ပြလေ့ရှိသည်။

"လဒါခီတို့သည် အဘယ်ကြောင့် ဤမွန်မြတ်လှသော ယဉ်ကျေးမှုကို စွန့်လွှတ်လိုကြရသနည်း။ ၎င်းတို့၏ယဉ်ကျေးမှုသည် ချွတ်ယွင်းချက်များ ရှိနေ၍သာ ဖြစ်ပေလိမ့်မည်" ဟုလည်းကောင်း၊ "လဒါခီယဉ်ကျေးမှုသည် ကောင်းလှပုံမပေါ်" ဟုလည်းကောင်း ဝေဖန်ကြသည်။ ကျွန်မသည် လာဒါတ်ဒေသ၌ ဖွံ့ဖြိုးရေးစီမံကိန်းများ မစတင်မီကပင် ရောက်ရှိခဲ့ပြီး၊ လဒါခီတို့၏ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို အကျွမ်းတဝင်ရှိခဲ့သည်။ ထိုသို့ ကျွန်မနှင့် ရင်းနှီးခဲ့သော လဒါခီတို့မှာ စင်စစ် အလွန်တင်းတိမ် ရောင့်ရဲတတ်ပြီး၊ မိမိတို့ဘဝကို ကျေနပ်စွာ ခံယူအသက်ရှင်တတ်ကြသည်။ စိတ်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်းကို မခံစားဖူးသော လဒါခီတို့အား အနောက်နိုင်ငံများတွင် စိတ်ဓာတ်ကျဆင်းခြင်းကို ဆရာဝန်နှင့် ကုသရကြောင်း ရှင်းပြသောအခါ အံ့ဩထူးဆန်းစွာ နားထောင်ခဲ့ကြသည်။

အမှန်မှာ 'လေး' မြို့သည် ရှေးရာစုနှစ်ပေါင်းများစွာမှစ၍ အာရှအရှေ့ပိုင်းနှင့် အနောက်ပိုင်း ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာအဒေသတစ်ခု ဖြစ်ခဲ့သည်။ လဒါခီတို့သည် ဘုရားဖူးရန်နှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ပြည်ပနိုင်ငံများသို့ ခရီးပြုလေ့ရှိခဲ့သည်။ ထို့ကြောင့် အမျိုးမျိုးသော နိုင်ငံခြားသားများနှင့် ဆက်ဆံမှုရှိခဲ့ရုံမျှမက ထိုနိုင်ငံခြားသားများ၏ ဓလေ့စရိုက်များနှင့် ရင်းနှီးမှုရှိခဲ့သည်။ အများအားဖြင့် လဒါခီတို့သည် နိုင်ငံခြားယဉ်ကျေးမှုအချို့ကို မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ပေါင်းစပ်ကာ ယဉ်ကျေးမှုကြွယ်ဝစွာ ပိုင်ဆိုင်ကြသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားယဉ်ကျေးမှုတစ်ခုကို မိမိတို့ကိုယ်ပိုင်အဖြစ် လုံးဝ ခံယူကျင့်သုံးခြင်း မရှိပေ။ ဥပမာ- လေးမြို့သို့ တရုတ်ဧည့်သည်တစ်ဦး ရောက်ရှိလာသောကြောင့် တရုတ်အစားအစာနှင့် အဝတ်အစားများကို တုပ ဝတ်ဆင်စားသုံးခြင်းမျိုး မပြုကြချေ။

ဤစာအုပ်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ယဉ်ကျေးမှုကို ပြိုကွဲစေသော၊ ဖရိုဖရဲဖြစ်စေသော တွန်းအားစုများနှင့် ပမာဏအမျိုးမျိုး ရှိပေသည်။ သို့သော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ယန္တရားအောက်မှ လဒါခီတို့သည် ၎င်းတို့အပေါ် သက်ရောက်လျက်ရှိသော ဩဇာလွှမ်းမိုးမှုများကို ခြုံငုံ၍ နားမလည်တတ်ချေ။ ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းသည် မိမိတို့၏ယဉ်ကျေးမှုကို ခြိမ်းခြောက်နေကြောင်းနှင့် လူတစ်ဦးစီ၏ ပြောင်းလဲတိုးတက်မှုဟု ထင်ရသောအရာက အနာဂတ်တွင်ဖြစ်ပေါ်စေမည့် ရေရှည်ဆိုးကျိုးပြဿနာများကို ဖိတ်ခေါ်နေကြောင်း သတိမမူမိကြပါ။ ဤဖွံ့ဖြိုးရေးဖြစ်စဉ်၏ လမ်းကြောင်းပေါ်မှ နောက်ပြန် လှည့်ကြည့်သောအခါတွင်ကား ၎င်းတို့အတွက် ဆိုးကျိုးနှင့် ကောင်းကျိုးများကို ခွဲခြားသိမြင်နိုင်ပေသည်။

ပြင်ပကမ္ဘာနှင့် လွတ်လပ်စွာ ကူးလူးဆက်ဆံလာသောအခါ လဒါခီတို့၏ စိတ်တွင် မိမိတို့ဘဝကို နိမ့်ကျသည်ဟု မြင်လာပြီး၊ သိမ်ငယ်စိတ်ဝင်လာကြသည်။ ဤကား လဒါခီယဉ်ကျေးမှု ပြိုကွဲရခြင်း၏ အရေးကြီးသော အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ယခင်က လဒါခီတို့သည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ဖူလုံမှု ရှိခဲ့ကြသည်။ ထိုစဉ်က 'ခေတ်မီ ပြုပြင်ပြောင်းလဲရေး' ဆိုသည်ကို သူတို့ စိတ်မဝင်စားခဲ့ကြပေ။ ဝေးလံပြီး ချောင်ကျသော အရပ်တွင် လမ်းဖောက်မည်ဟု ဆိုသောအခါ ထိုဒေသခံလူများက လုပ်ငန်း၏ရလဒ်အပေါ် သံသယရှိခဲ့ကြသည်။ (၁၉၇၅) ခုနှစ် စတတ်မိုကျေးရွာနှင့် ပတ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတပ်ဆင်ရေးစီမံကိန်းထွက်ပေါ်လာရာ ရွာသားများက လှောင်ပြောင် ရယ်မောခဲ့ကြသည်။ ဤမီးသီးတစ်လုံး လင်းလက်စေရန် ငွေကြေးအင်အား၊ လူအင်အား စိုက်ထုတ်ရပုံကို ရယ်စရာဟု သဘောထားခဲ့ကြသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က စတတ်မိုကျေးရွာသို့ ကျွန်မ ပြန်ရောက်ခဲ့သည်။ ကျွန်မနှင့် တွေ့သောအခါ ရွာလူကြီးများက "မီးမရှိဘဲ မှောင်မည်းနေတဲ့ တောကျကျ ကျုပ်တို့ရွာကိုမှ ခင်ဗျား လာရသလား" ဟု ဆီးကြိုနှုတ်ဆက်ခဲ့သည်။ သူတို့စိတ်ထဲတွင် လျှပ်စစ်မီးပင် မရှိသည့် သူတို့၏အခြေအနေအတွက် ရှက်ရွံ့အားငယ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

ယခင်က မီမိကိုယ်ကို တန်ဖိုးထား လေးစားတတ်ခဲ့စဉ် လျှပ်စစ်မီးသည် ခေတ်မီယဉ်ကျေးမှု၏ လက္ခဏာတစ်ရပ် မဟုတ်ခဲ့ပေ။ သို့သော် ယခုအခါ မိမိကိုယ်ကို လေးစားမြတ်နိုးမှု လျော့ပါးသွားပြီး၊ ရုပ်ဝတ္ထုအဆောင်အယောင်များကို အားပြုလာကြသည်။ လျှပ်စစ်မီးအပြင် ဆံနှ်၊ ပလတ်စတစ် အသုံးအဆောင် ပရိဘောဂနှင့် လက်ပတ်နာရီကို ဝတ်ဆင်လာကြသည်။ အချို့ နာရီမကြည့်တတ်သူများပင် ဝါကြွားဟန်ဖြင့် လက်ပတ်နာရီကို ဝတ်ဆင်လာကြသည်။ လဒါခီတို့သည် ခေတ်မီသူများဖြစ်ကြောင်း ပြသရန်အတွက် မိမိတို့ယဉ်ကျေးမှုကိုပင် ပစ်ပယ်လာကြသည်။ ရိုးရာအစားအသောက်များကို မြတ်နိုးခုံမင်ခြင်း မရှိတော့ချေ။ ယခုအခါ ရွာတစ်ရွာတွင် ဧည့်သည်လာလျှင် နှစ်မိနစ်ခေါက်ဆွဲ မရှိ၍ ငန်ဖယ်နှင့် ဧည့်ခံရသည်ကို ရှက်ရွံ့အားနာတတ်လာသည်။

ထိုမျှမကသေးပါ။ လဒါခီတို့သည် မိမိတို့ သမိုင်းကြောင်းအပေါ် အမြင်နှင့် သဘောထား ပြောင်းလဲလာကြသည်။ ယခင်က လာဒါတ်တွင် ငတ်မွတ်ခေါင်းပါးခြင်းမရှိကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောခဲ့ကြသည်။ လဒါခီတို့တွင် စားစရာ၊ ဝတ်စရာ လုံလောက်မှုရှိကြောင်း ပြောခဲ့သူများက ယခုအခါ တိုးတက်ဖွံ့ဖြိုးရေး၏ အရေးပါပုံ၊ လိုအပ်ပုံကို ပြောရင်း ယခင်ကဆိုလျှင် ဝမ်းစာအတွက် အလျှင်မီအောင် မနည်း ရုန်းကန်ခဲ့ရသည်ဟုပင် ပြောလာကြသည်။

ဖော်ပြခဲ့ပြီးသော အကြောင်းအရာများကြောင့် လဒါခီအများစုက ဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်သည်ဟု ယူဆကြသည်။ ကျွန်မအနေဖြင့် လဒါခီတို့၏ တိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသည် နှစ်ပေါင်းများစွာက ထိန်းသိမ်းလာခဲ့သော လူမှုရေးနှင့် ဂေဟဗေဒ ညီညွတ်မျှတမှုကို မထိခိုက်စေလိုပါ။ သို့ဖြစ်လျှင် လဒါခီတို့သည် မိမိတို့၏ရိုးရာယဉ်ကျေးမှု အခြေခံအုတ်မြစ်ကို ခိုင်မြဲစေပြီးမှ တိုးတက်ဖွံ့ဖြိုးရေးကို ထပ်ဆင့် တည်ဆောက်သင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)
# ဖွံ့ဖြိုးရေးစီမံကိန်း၏ လှည့်ကွက်

လာဒါတ်ဒေသကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်မယ်ဆိုရင်တော့ လဒါခီတွေကို လောဘကြီးအောင် လုပ်ဖို့ နည်းလမ်းရှာရလိမ့်မယ်။ တခြားနည်းနဲ့တော့ သူတို့ကို လှုံ့ဆော်လို့ မရနိုင်ဘူး။

လာဒါတ်ဒေသ ဖွံ့ဖြိုးရေးကော်မရှင် နာယက (၁၉၈၁)

ကျွန်မသည် လာဒါတ်သို့ စတင်ရောက်ရှိခဲ့စဉ်က လဒါခီတို့၏ လောဘ၊ မာန်မာနကင်းပုံကို အထင်အရှား မှတ်မိခဲ့သည်။ လဒါခီတို့သည် ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ် ရရှိရန်အတွက် မိမိတို့၏အားလပ်ချိန်နှင့် ပျော်ရွှင်မှုတို့ကို မစွန့်လွှတ်တတ်ကြချေ။ ထိုစဉ်က လဒါခီရိုးရာအသုံးအဆောင်ပစ္စည်းများကို ငွေကြေးမည်မျှပင် ပေးသော်လည်း ဝယ်ယူ၍မရသောကြောင့် ကမ္ဘာလှည့်ခရီးသည်များ အလွန်စိတ်ပျက်ခဲ့ရသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အခြေချပြီး နှစ်အတန်ကြာလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ လဒါခီတို့အတွက် ငွေရရှိရေးသာ အဓိကဖြစ်လာခဲ့ပေပြီ။ ၎င်းတို့ဘဝတွင် အသစ်သော လိုအပ်ချက်များ ရှိလာခဲ့ပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ကမ္ဘာလှည့်ခရီးသည်များ၊ ခေတ်မီ လူသုံးကုန်ပစ္စည်းများ၊ ကြော်ငြာနှင့် ရုပ်ရှင်လုပ်ငန်းများက လဒါခီတို့၏ ရိုးရာစီးပွားရေးလုပ်ငန်း၏ နှောင့်နှေးကြန့်ကြာမှု၊ အခက်အခဲများကို ထောက်ပြရုံမက သိပ္ပံနည်းပညာအားဖြင့် သယံဇာတပစ္စည်းများမှ ကုန်ချောထုတ်လုပ်မှု၊ လျင်မြန်ကောင်းမွန်ပြီး သက်သာလွယ်ကူမှုတို့ကို မက်မောဖွယ်ရာ တင်ဆက်ပြကြသည်။ လဒါခီတို့၏ စိတ်တွင် ကျေနပ်ရောင့်ရဲမှု ပပျောက်သွားပြီး အလိုလောဘစိတ်များ ရှင်သန်ကြီးထွားလာစေသည်။ ဤနည်းဖြင့် ရှေးနှစ်ပေါင်း တစ်ထောင်ကျော်မှစ၍ လဒါခီတို့ မှီခိုအားထားခဲ့သော ရိုးရာစီးပွားရေးစနစ်ကို ဖျက်ဆီးပစ်တော့သည်။ အစဉ်အလာအရ လဒါခီတို့သည် ပတ်ဝန်းကျင် သယံဇာတများကို ကျွမ်းကျင်စွာ အသုံးချတတ်ပြီး၊ မိမိတို့၏ ဘဝလိုအပ်ချက်များကို လုံလောက်စွာ ဖြည့်စွမ်းနိုင်ခဲ့ကြသည်။ မိမိတို့အတွက် လိုအပ်သော ကုန်ပစ္စည်းများကို ကိုယ်တိုင် ထုတ်လုပ် အသုံးပြုခဲ့သည်။ ယခု လဒါခီတို့ဘဝတွင် ရသမျှနှင့် မလုံလောက်နိုင်တော့ချေ။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း စတင်အကောင်အထည်ဖော်သည့်အချိန်မှစ၍ (၁၆) နှစ်တာကာလအတွင်း လာဒါတ်တွင် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခဲ့သည်။ အမျိုးသမီးများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ဩဇာအရှိန် ကျဆင်းလာခဲ့သည်။ ထို့အပြင် အလုပ်လက်မဲ့ပြဿနာ၊ ငွေကြေးဖောင်းပွမှုနှင့် ရာဇဝတ်မှုများ တိုးတက်များပြားလာသည်။ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားများနှင့်အတူ လူဦးရေတိုးပွားမှုနှုန်း မြင့်မားလာခဲ့သည်။ မိသားစုနှင့် လူ့အဖွဲ့အစည်း ပြိုကွဲလာသည်။ ပြင်ပကမ္ဘာကို မှီခိုသော စီးပွားရေးစနစ်ကြောင့် မြေယာလုပ်ငန်းများနှင့် ကင်းကွာသွားသည်။

ကြေးဝါအိုးများ၏ နေရာတွင် ပလတ်စတစ်ပုံးနှင့် အစားထိုးလာကြပြီး၊ ယာ့(က်) သားမွေးဖိနပ်အစား အပေါစားရှူးဖိနပ်များကို အသုံးပြုလာကြသည်။ ဤပြောင်းလဲမှုအတွက် ကျွန်မစိတ်မကောင်းဖြစ်ရသော်လည်း အနုပညာနှင့် ရှေးဟောင်း ပစ္စည်းများကို တန်ဖိုးထားကြစေရန် ကျွန်မအနေဖြင့် မည်သို့မျှ မစွမ်းဆောင်နိုင်ပါချေ။ ကမ္ဘာ့ခေတ်မီနည်းပညာများ တိုးဖောက်ဝင်ရောက်မှုကြောင့် ရုပ်ပိုင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာ အကျိုးကျေးဇူးအချို့ ရှိသည်ကို တွေ့ရသည်။ သို့သော် ထိုနည်းပညာများ ထိုးဖောက် ဝင်ရောက်မှုသည် လဒါခီယဉ်ကျေးမှုကို ချေဖျက်အစားထိုးရန် ရည်ရွယ်နေကြောင်း သတိပြုမိလာသည်။ လဒါခီတို့၏ နေ့စဉ်ဘဝတွင် အသုံးပြုလာကြသော ရှူးဖိနပ်၊ ကွန်ကရစ်တိုက် စသည်တို့မှာ စင်စစ်အားဖြင့် ပြင်ပစီးပွားရေးကို မှီခိုလာရခြင်း၊ ယဉ်ကျေးမှုပျက်သုဉ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းတို့၏ ပြယုဂ်များသာ ဖြစ်ပေသည်။

ဤသို့ အကျိုးအကြောင်းများ ဆက်စပ် ဆင်ခြင်သုံးသပ်လိုက်သောအခါ ယနေ့ လူတို့ခေါ် ဝေါ်သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်ကို ကျွန်မအနေဖြင့် သံသယစိတ် ဝင်လာမိသည်။ ပြုပြင်ပြောင်းလဲရေးစီမံကိန်းများအရ စက်မှုထုတ်ကုန်လုပ်ငန်းနှင့် စက်မှုစီးပွားရေးစနစ်များဖြင့် လဒါခီလူမျိုး၏လူနေမှုဘဝကို မြှင့်တင်ဆောင်ရွက်ရာတွင် ကောင်းကျိုးထက် ဆိုးကျိုးရလဒ်များက ပိုမိုတာရှည်ကြီးမားနေသည်ကို တွေ့ရသည်။ ပြုပြင်ပြောင်းလဲရေးစီမံကိန်းထဲတွင် လောဘစိတ်ကို မွေးဖွားလှုံ့ဆော်ပေးခြင်းလည်း ပါဝင်နေပေသည်။ ကမ္ဘာ့ဖွံ့ဖြိုးရေးနိုင်ငံများနည်းတူ လာဒါတ်တွင် ကူးသန်းရောင်းဝယ်ရေးအတွက် လမ်းဖောက်လုပ်ခြင်း၊ အနောက်တိုင်းဆေးဝါးနှင့် နည်းပညာသုံး ဆေးရုံနှင့် စာသင်ကျောင်းများ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်း၊ တည်းခိုခန်းများ တည်ဆောက်ခြင်းအပြင် အဓိက စွမ်းအားစုဖြစ်သော လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း စသည့် အခြေခံ စီးပွားရေးအဆောက်အဦများကို အရင်းအနှီးပမာဏ ထုထည်ကြီးမားစွာ စိုက်ထုတ်တည်ဆောက်ကြသည်။ အဆိုပါ ခေတ်မီစီးပွားရေးစနစ်သစ်နှင့် လျော်ညီသော လူမှုရေးအဆောက်အဦများကိုပါ အသစ်တဖန် ပြုပြင်တည်ဆောက်ကြရသည်။ သို့ရာတွင် ဤပြုပြင်ရေး လုပ်ငန်းကြီး၏ ရလဒ်သည် ယခင်လဒါခီတို့၏ ပြည်တွင်းစီးပွားရေးနှင့် လူမှုရေးအခြေအနေထက် ပိုမိုကောင်းမွန်စေမည်ဟု အာမခံချက် မရှိသလို စောဒကတက်ခြင်းလည်း မရှိခဲ့ပေ။

ယနေ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လာဒါတ်ဒေသသည် လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အဦများ ကင်းမဲ့သကဲ့သို့ အမြစ်မှစ၍ ပြန်လည်ထူထောင်ကြသည်။ လာဒါတ်တွင်ရှိခဲ့သော တိုင်းရင်းဆေးကုသမှုပညာ၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို



www.burmeseclassic.com

www.burmeseclassic.com



အလေးမထားဘဲ အနောက်တိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အင်္ဂါရပ်နှင့်အညီ ကတ္တရာ၊ ကွန်ကရစ်နှင့် သံမဏိတို့ဖြင့် တည်ဆောက်အပ်သော ရှုပ်ထွေးများပြားသည့် လမ်းမကြီးများ၊ ကုန်သွယ်မှုအဆောက်အဦများ၊ ဆည်မြောင်းတာတမံကြီးများကို အစားထိုးလာကြသည်။

ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို လေ့လာရာတွင် မိမိ၏ပြည်တွင်း စီးပွားရေးစနစ်ဖြင့်သာ ရပ်တည်နေခဲ့သော လာဒါတ်ဒေသမှာ အပီပြင်ဆုံးဖြစ်သည်။ လာဒါတ်၏ ပြည်တွင်းစီးပွားရေးစနစ်သည် ခေတ်မီကမ္ဘာ့စီးပွားရေးလောကထဲသို့ ရုတ်တရက်ဝင်ရောက်လာသောအခါ အလွန်မြန်ဆန်စွာ ပြောင်းလဲလာခဲ့သည်။ လာဒါတ်ဒေသ၏ ထူးခြားသော အသွင်ပြောင်းလဲမှုသည် ကမ္ဘာ့ဒေသအနှံ့အပြားမှ ပြောင်းလဲမှုများတွင် တစ်ခုအပါအဝင်ပင်ဖြစ်သည်။

ကျွန်မအနေဖြင့် လာဒါတ်ဒေသတွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများကို ကမ္ဘာတစ်ဝှမ်းရှိ အလားတူ ပြောင်းလဲမှုများနှင့်ဆက်စပ်၍ ခြုံငုံသုံးသပ်ပြခြင်းသာ ဖြစ်သည်။ စင်စစ် 'တိုးတက်ရေး စီမံကိန်း' သည်ပင် ကြီးမားကျယ်ပြန့်သော ခြုံငုံဆက်စပ်မှု ဖြစ်စဉ်တစ်ရပ်ဖြစ်ရာ ကျွန်မ၏ သုံးသပ်ချက်အပေါ် သံသယဖြစ်စရာရှိလိမ့်မည် မဟုတ်ပါ။ ခြုံငုံဆက်စပ်မှုသဘောအရ ကမ္ဘာ့ဒေသအသီးသီးတွင် တစ်ခုတည်းသော ယဉ်ကျေးမှု၊ လူနေမှုစီးပွားရေးစနစ်တို့ကို အစားထိုးခြင်းသည် ယနေ့ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်ပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးသဘောအရ ငွေကြေးသုံးစွဲမှု စံအဖြစ် သတ်မှတ်ကာ ငွေကြေးပိုင်ဆိုင်မှုကို ဦးစားပေးလာကြသည်။ ငွေကြေးအဓိက အသုံးပြုမှုသည် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ပင်မစီးပွားရေးစနစ်အပေါ် မှီခိုနေသူများအဖို့ အဓိကကျသော်လည်း ကိုယ်ပိုင်လယ်ယာစီးပွား လုပ်ကိုင်သူများအဖို့မူ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အိုးအိမ်များကို ဒေသထွက်ကုန်များမှ ရရှိသည်ဖြစ်၍ ငွေကြေးလည်ပတ် စီးဆင်းမှုသည် အဓိကမကျတော့ချေ။ ထိုသို့ ကိုယ်ပိုင်လယ်ယာစီးပွားရေး လုပ်ငန်းများနှင့် ယဉ်ကျေးမှုကို စွန့်လွှတ်ကာ တည်ငြိမ်မှုမရှိသော 'ငွေကြေး' ကို အားပြုလာကြသောကြောင့် ဘဝအာမခံချက် လျော့နည်းခဲ့ရပြီး၊ ဘဝ၏အနှစ်သာရပါ ပျက်စီးပျောက်ကွယ်ခဲ့ရပါသည်။

လာဒါတ်၏ အိမ်နီးချင်း ဘူတန်နိုင်ငံသည်လည်း လာဒါတ်ကဲ့သို့ပင်

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအခြေပြု စီးပွားရေးတည်ဆောက်လာခြင်းကြောင့် ပြည်သူတို့ဘဝ သာယာအေးချမ်းမှု ဆုံးရှုံးခဲ့ရပေသည်။ ယခင်က လာဒါတ်နှင့် ဘူလ်တန်တို့မှာ ကိုယ်ပိုင်ဧကရာဇ်နိုင်ငံများ ဖြစ်ပြီး၊ တတိယကမ္ဘာနိုင်ငံအများစုနှင့်ယှဉ်လျှင် အဆင့်အတန်းမြင့်မားခဲ့သည်။ ဒေသ၏ အခြေခံ လူမှုရေးလိုအပ်ချက်များကို ပြည်တွင်း၌ပင် ဖူလုံစွာ ထုတ်လုပ်နိုင်ခဲ့ကြသည်။ ဒေသခံ ပြည်သူတို့၏ ရိုးရာဂီတ၊ ပန်းချီ၊ သုခုမအနုပညာများမှာ အဆင့်အတန်းမြင့်မားခဲ့သည်။ ၎င်းတို့တွင် ကိုယ်ပိုင်အားလပ်ချိန်များစွာရှိခဲ့ပြီး၊ မိသားစုမိတ်ဆွေများအတွက် အချိန်လုံလောက် ပိုလျှံခဲ့ကြသည်။ ကမ္ဘာ့ဘဏ်စာရင်းတွင်မူ ဘူလ်တန်နိုင်ငံကို ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အကြောင်းမှာ ဘူလ်တန်နိုင်ငံတွင် အမျိုးသားထုတ်ကုန်တန်ဖိုး လုံးဝမရှိသောကြောင့် စီးပွားရေးထုတ်ကုန်ပမာဏအလိုက် နိုင်ငံများကို စိစစ်ခွေချယ်ရာတွင် ဘူလ်တန်သည် နောက်ဆုံးမှ ပါဝင်နေသည်။ တစ်နည်းအားဖြင့် ဘူလ်တန်ပြည်သူလူထု သို့မဟုတ် လဒါခီလူမျိုးကို အနောက်တိုင်း နယူးယောက်မြို့ပေါ်မှ အဆင်းရဲဆုံး အိုးအိမ်အခြေမဲ့ လူတန်းစားများကဲ့သို့ သတ်မှတ်လိုက်ခြင်းပင် ဖြစ်သည်။ အဆိုပါ လူတန်းစားနှစ်ရပ်တွင် ဝင်ငွေမရှိမှု တူညီသော်လည်း ဘဝလူနေမှုအဆင့်အတန်းနှင့် ပိုင်ဆိုင်မှုအခြေအနေမှာ မိုးနှင့် မြေပမာကွာခြားလျက်ရှိပေသည်။

ဤနေရာတွင် ဒေသတစ်ခု၏ ပြည်တွင်းကိုယ်ပိုင် စီးပွားရေးစနစ်ကိုသော်လည်းကောင်း၊ ခေတ်မီ စက်မှုနိုင်ငံများ၏ ပင်မစီးပွားရေးစနစ်ကိုသော်လည်းကောင်း၊ 'အမျိုးသား ဝင်ငွေ' ပမာဏဖြင့် သတ်မှတ် တန်ဖိုးမဖြတ်နိုင်ကြောင်း တွေ့ရသည်။ အမျိုးသားဝင်ငွေနှင့် လူထု၏ လူမှုရေးဘဝ သာယာဝပြောမှုသည် တိုက်ရိုက်ပတ်သက်ခြင်း မရှိပေ။ အကြောင်းမှာ ဝင်ငွေသည် အစဉ်ရွေ့လျား စီးဆင်းနေသောကြောင့် ဖြစ်သည်။ ယာဉ်တိုက်မှု လျော်ပြစ်ငွေမှစ၍ ခရမ်းချဉ်သီး ရောင်းရငွေအထိ ငွေကြေးပမာဏအားလုံးကို အမျိုးသားဝင်ငွေတွင် ထည့်သွင်းဖော်ပြကာ မိမိတို့စီးပွား တိုးတက်ချမ်းသာလာသည်ဟု ထင်မှတ်ကြသည်။ အမျိုးသားဝင်ငွေ တိုးတက်မြင့်မားရေးပေါ် လစီများ ချမှတ်အကောင်အထည်ဖော်ရာတွင် တစ်ဘက်မှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဥပေက္ခာပြုထားလေ့ရှိသည်။ နိုင်ငံတော် သစ်တောများ ခုတ်လှဲ ရောင်းချရာမှ တိုးဝင်လာသော အမျိုးသား

www.burmeseclassic.com



ဝင်ငွေကို နိုင်ငံတော်ဘဏ္ဍာရေး အစမ်းရှင်းတမ်းတွင် ဖော်ပြကာ စီးပွားရေးတိုးတက်မှု ရှိကြောင်း ဖော်ပြကြသည်။ သစ်တောပြုန်းတီးမှုနှင့် ၎င်း၏အကျိုးဆက်ဖြစ်သော ရာသီဥတုဖောက်ပြန်မှုများကိုမူ ထည့်သွင်း စဉ်းစားခြင်း မပြုကြချေ။ ရာဇဝတ်မှု တိုးပွားလာခြင်းကြောင့် လျော်ပြစ်ငွေ တိုးလာသည်။ ခိုးဝှက်မှုများကြောင့် လစ်လပ်သွားသော ရေဒီယို၊ ကက်ဆက်၊ ဗီဒီယို စသည့်ပစ္စည်းများ အစားဝယ်ယူမှု များပြားလာရသည်။ နာမကျန်းသူများအတွက် အဖိုးအခ ကြီးလေးသော ဆေးရုံဆေးပေးခန်းများ တိုးပွားလာပြီး၊ ဆေးကုသမှု ခံယူသူ များလာခြင်း၊ စိတ်ဖိစီးမှု သောကဝေဒနာများအတွက် စိတ်ပိုင်းဆိုင်ရာ အတိုင်ပင်ခံ ဆရာဝန်များထံ ချဉ်းကပ်လာရခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းမှုများကြောင့် သောက်ရေသန့်ပုလင်းများ ဝယ်ယူသုံးစွဲလာရခြင်း စသည့်အကြောင်းအရင်းများမှာ အမျိုးသားထုတ်ကုန် တန်ဖိုးကို မြှင့်တင်ပေးသည့် ဝင်ငွေရ လုပ်ငန်းများဖြစ်သည်။

ယခင်က မိမိခြံထဲမှ လတ်ဆတ်သော အာလူးများကို တူးယူ စားသုံးခဲ့ရာမှ ယခုအခါ ခေတ်မီနည်းပညာများဖြင့် တီထွင်ထုတ်လုပ်လိုက်သည့် အာလူးခြောက်များကို ပြည်ပမှ ဝယ်ယူစားသုံးလာကြသည်။ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းလာသောအခါ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တွင်းထွက် လောင်စာ အသုံးချမှုနှုန်း မြင့်မားလာပြီး၊ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ တစ်ဘက်တွင်လည်း စားသုံးကုန်ပစ္စည်းများ တာရှည်ခံစေရန် ဓာတုဗေဒပစ္စည်းများကို ပိုမို သုံးစွဲလာရကာ အစားအစာတွင် ဓာတုဓာတ်ပစ္စည်းပါဝင်မှု များလာသည်။ စားသုံးသူနှင့် ထုတ်လုပ်သူတို့အကြား မမျှတမှု ကြီးထွားလာသည်။ သို့သော် အမျိုးသားထုတ်ကုန် တန်ဖိုးမှာ တရိပ်ရိပ် တက်နေသည်ဖြစ်၍ ဤစီးပွားရေးထုတ်လုပ်မှုစနစ်ကို အထူးအားပေးကြသည်။ အဓိပ္ပာယ်မဲ့သော စီးပွားရေး၏ အစွန်းထွက် ရလဒ်များကို သတိမမူကြချေ။

စီးပွားရေးပါရဂူများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကျွမ်းကျင်သူများ၏ တစ်ဖက်သတ်ကျသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဆိုးကျိုးများကို မျက်ကွယ်ပြုထားကြသည်။ ဒေသခံ ပြည်သူလူထုသည်လည်း ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း၏ ကောင်းကျိုးများကို မမြင်နိုင်အောင် လှည့်စားခံကြရသည်။ ဤနည်းအားဖြင့် ကမ္ဘာ့ကျေးလက်နေ ပြည်သူတို့အား မိမိတို့၏ ပင်ကိုယ်ဘဝ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မှန်အပေါ် အမြင်တိမ်းစောင်း လွဲချော်စေသည်။ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် လာဒါတ်ကဲ့သို့ ကျေးလက်နေ ပြည်သူများ၏ဘဝကို မတိုးတက်စေရုံမျှမက ပင်ကိုယ် အခြေအနေမှပင် နိမ့်ကျစေသော အခြေအနေများကို တွေ့ရသည်။

ကမ္ဘာ့ခေတ်မီ စီးပွားရေးစနစ်အရ ယခင်က တစ်နိုင်စိုက်ပျိုးရေး မွေးမြူရေးကို ကိုယ်စီလုပ်ကိုင်လာခဲ့ကြသော လယ်သမားများသည် ဝင်ငွေရလွယ်သော၊ ဈေးကွက်ကောင်းသော သီးနှံတစ်မျိုးစီသာ ဦးစားပေး စိုက်ပျိုးရောင်းချလာကြသည်။ ဤနည်းဖြင့် လယ်သမားများမှာ ၎င်းတို့ချုပ်ကိုင်နိုင်စွမ်းမရှိသော သယ်ယူပို့ဆောင်ရေး၊ ရေနံ၊ ကမ္ဘာ့ကုန်စည်နှင့် ငွေကြေးဈေးကွက် စသည့် ပြင်ပစွမ်းအားစုများ၏ ခြယ်လှယ်မှုကို ခံကြရသည်။ ငွေကြေးဖောင်းပွမှု၊ ဈေးကွက်ပြောင်းလဲမှုများကြောင့် စိုက်ပျိုးထုတ်ကုန်အင်အား တိုးမြှင့်ရန် ကြိုးစားကြသည်။ သီးနှံတစ်မျိုးတည်းကို ဇောက်ချ စိုက်ပျိုးသောစနစ်ကြောင့် မိမိတို့အတွက် အခြေခံလိုအပ်သော စားသုံးကုန်များကို ပြန်လည် တင်သွင်း ဝယ်ယူလာကြရသည်။

ငွေကြေးအခြေပြုစီးပွားရေးစနစ်တွင် အနည်းငယ်မျှသော လစာငွေနှင့် လုပ်အားခသည်ပင် စီးပွားရေးတိုးတက်မှု၏ ရလဒ်သဖွယ် ယူဆကြသည်။ ဈေးကွက်ဝင် သီးနှံစိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာ အလွန်ထိရောက်၍ အကျိုးရှိသော စီးပွားရေးလုပ်ငန်း ရလဒ်များဖြစ်လာသည်။ လက်တွေ့တွင်မူ အဆိုပါ ငွေကြေးအခြေပြု စီးပွားရေးစနစ်ကြောင့် ဆင်းရဲသားဦးရေ တိုးပွားလာသည်။ ကျေးလက်နေ ပြည်သူများသည် မြို့ပြဒေသများသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့လာပြီး ကျူးကျော်ရပ်ကွက်များ ဖြစ်တည်လာသည်။ စက်မှုထွန်းကားရာ မြို့ပြဒေသများ၌ ကျေးလက်နေပြည်သူများ စုစည်းမိလာပြီး ဗဟိုသို့ စုစည်းခေါ်ယူသော ဗဟိုစီးပွားရေးစနစ်တွင် ချောင်ပိတ်မိလာကြသည်။ ကျေးလက် ဒေသများမှ ထုတ်လုပ်လိုက်သော ကုန်ကြမ်းပစ္စည်းများကို ပြည်ပတွင် ကုန်ချော အဖြစ် ထုတ်လုပ်ပြုပြင် ထုပ်ပိုးပြီးသောအခါ ကြီးမြင့်သော တန်ဖိုးများဖြင့် မူရင်း ဒေသသို့ ပြန်လည် တင်ပို့လာသည်။ တစ်ခါတစ်ရံတွင် ထိုကုန်ပစ္စည်းများ၏ တန်ဖိုးကို ဒေသခံပြည်သူအများက လိုက်မမီနိုင်ကြပေ။

ထို့အတူ ဧရာမစီမံကိန်းကြီးများတွင် ငွေကြေးများ အတားအဆီးမရှိ မြှုပ်နှံလိုက်ခြင်းဖြင့် ဈေးကွက်တွင် ငွေကြေးလည်ပတ်မှုပမာဏ ကြီးမားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတံတား၊ ရေကာတာနှင့် ဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်ရာတွင် ပြည်သူတို့ မသိမမြင်လိုက်ရသော ငွေကြေးဒေါ်လာသန်းပေါင်းများစွာကို ရင်းနှီးမြှုပ်နှံကာ ဗဟိုစီးပွားရေးအပေါ် မှီခိုအားထားမှု ပိုမိုခိုင်မာလာစေသည်။ ဗဟိုဦးပိုင်စီးပွားရေးစနစ်ကို မှီခိုမှုနှင့်အတူ လောင်စာစွမ်းအင် သုံးစွဲမှုနှုန်း မြင့်မားလာခဲ့သည်။ ကျေးလက်ဒေသမှ ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး မီးဖိုနှင့် အပူပေးစက်ကဲ့သို့သော အသေးစား အိမ်တွင်းစက်မှုလုပ်ငန်းများ ရပ်တည်ရေးကိုမူ အုပ်ချုပ်သူများက သံသယမေးခွန်းထုတ်ကာ ဖြစ်နိုင်ဖွယ်မရှိဟု ယူဆကြသည်။ သို့သော် ကြီးမားသော အနုမြူ ဓာတ်ပေါင်းဖိုကြီးများ၊ ရေကာတာကြီးများ တည်ဆောက်ရာတွင် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံကြသည်။ အရင်းအနှီးများ စိုက်ထုတ် ထည့်ဝင်ကြသည်။ ရေရှည်သုံး သဘာဝလောင်စာ အသုံးပြုသည့် အသေးစား စက်မှုလုပ်ငန်းများအတွက် ရင်းနှီးစရိတ်ထုတ်ပေးသည့် ဘဏ္ဍာရေးအဖွဲ့ တစ်ခုမျှ မပေါ် ပေါက်သေးပါ။ ထိုသို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပေါများပြည့်လျှံစွာ ရရှိသော နေရောင်ခြည်စွမ်းအင်ကို အသုံးချသော ပုဂ္ဂလိက ကိုယ်ပိုင်အသေးစား စက်မှုလုပ်ငန်းများ တိုးတက် အကောင်အထည်ဖော်ပေးရန် ပျက်ကွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အားနည်းချက်တစ်ရပ်ပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ကမ္ဘာတစ်ဝှမ်းရှိ လွတ်လပ်သော ဒေသန္တရစီးပွားရေးလုပ်ငန်းများကို ပျက်စီးစေရုံမက တစ်နိုင်စိုက်ပျိုးရေးလုပ်ကိုင်သူ လယ်သမားများ၏ ဘဝကို ပျက်စီးစေပါသည်။ စက်မှုလုပ်ငန်းထွန်းကားသော ဒေသများတွင် လူဦးရေ (၉၀) ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးရေးလုပ်ငန်းကို စွန့်လွှတ်ခဲ့ကြသည်။ ယနေ့ တတိယကမ္ဘာနိုင်ငံများရှိ ကျေးလက်နေ ပြည်သူတို့မှာလည်း ကိုယ်ပိုင်တစ်နိုင်စီးပွားရေးဖြစ်စဉ် ပျက်သဉ်းကာ ခေတ်မီစီးပွားရေးစနစ်များအောက်၌ အရှိန်အဟုန်နှင့် ပြောင်းလဲလာကြသည်ကို တွေ့ရသည်။

လူ့စွမ်းအားကို အသုံးပြုခဲ့သော လယ်ယာစိုက်ပျိုးရေးစနစ်ကို ဖြိုခွင်းလိုက်သော ခေတ်သစ်နည်းပညာအရ ငွေကြေးအရင်းအနှီးများစွာ မတည်၍စက်မှု စိုက်ပျိုးရေးလုပ်ငန်းကို အစားထိုးလာသည်။ တိုးတက်လာသော လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် တစ်နိုင်စိုက်ပျိုးရေးစနစ်မှ ဈေးကွက်စိုက်ပျိုးရေးစနစ်နှင့် သိပ္ပံနည်းကျစနစ်တွင် လောင်စာ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို အသုံးပြုရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရေနှင့် မြေဆီလွှာခမ်းခြောက်ပြီး အဆိပ်သင့်မှု ဖြစ်ပေါ်စေသည်။ သိပ္ပံနည်းကျ စိုက်ပျိုးရေးကြောင့် အစပိုင်းနှစ်များတွင် သီးနှံအထွက်ကောင်းလာသော်လည်း တာရှည်မခံပေ။ မြေဆီလွှာလောင်ကျွမ်းမှုကြောင့် သီးနှံအထွက်နှုန်း ပြန်လည် ကျဆင်းသွားသည်။ ပိုးသတ်ဆေးများကို ရေရှည်အသုံးပြုခြင်းကြောင့် သဘာဝ ပိုးသတ်သော နည်းများ ပျောက်ကွယ်သွားသည်။ လဒါခီလယ်သမားများသည် ဓာတုဗေဒ ပိုးသတ်ဆေးများ စတင်အသုံးပြုလာချိန်မှစ၍ သီးနှံများအပေါ် ပိုးမွှား ကျရောက်မှု ပိုမိုများပြားလာသည်ကို တွေ့ရသည်။

စက်မှုစိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာမှုနှင့်အတူ ခြားနားသော ရေမြေသဘာဝအသီးသီးတွင် သင့်လျော်သော သီးနှံများ စိုက်ပျိုးမှုစနစ် ဖြစ်ပေါ်လာသည်။ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၏ ရေနံနှင့် ဓာတုဗေဒပစ္စည်းများသည် တတိယကမ္ဘာများမှ သဘာဝမျိုးစေ့များကို တိမ်ကောစေပြီး၊ ရောစပ်မျိုးစေ့များ၊ သီးနှံမျိုးသစ်များဖြင့် အစားထိုးလာသည်။ ဒေသတစ်ခုအတွင်း နှစ်ထောင်ပေါင်းများစွာက အသုံးပြုလာခဲ့သည့် သဘာဝမြေဆီလွှာနှင့် ညီညွတ်သင့်မြတ်သော မျိုးစေ့များကို သိပ္ပံပညာနှင့် ဓာတ်ခွဲစမ်းသပ်ကာ မျိုးရိုးဗီဇများပေါင်းစပ်၍ ရရှိလာသော ကပြားမျိုးစေ့များဖြင့် အစားထိုးလာသည်။ အဆိုပါ ကပြားမျိုးစေ့နှင့်အတူ သီးနှံများရှင်သန်ထွားကျိုင်းပြီး အထွက်တိုးစေမည့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို တတိယကမ္ဘာနိုင်ငံများသို့ တင်ပို့လာကြသည်။ ပေါင်းစပ်မျိုးစေ့များကို နောက်တစ်ကြိမ်ပျိုးထောင်ရာ၌ မအောင်မြင်သောအခါ ပြည်ပမှ မျိုးစေ့နှင့် ဓာတ်မြေသြဇာ ပိုးသတ်ဆေးတို့ကို တစ်ဖန် မှာယူတင်သွင်းလာရပြန်သည်။ ဤနည်းအားဖြင့် တတိယကမ္ဘာနိုင်ငံများမှ လယ်သမားများသည် အနောက်တိုင်းမှ ရေနံနှင့် ဓာတုဗေဒပစ္စည်းထုတ်လုပ်မှု ကုမ္ပဏီကြီးများ၊ နိုင်ငံတကာ စီးပွားရေးကော်ပိုရေးရှင်းများအပေါ် တစ်သမတ်တည်း မှီခိုနေရပေသည်။

စက်မှုသိပ္ပံနည်းကျ စိုက်ပျိုးရေးလုပ်ငန်း၏ ရလဒ်ဆိုးများမှာ တစ်နေ့တခြား ထင်ရှားသိသာလာသည်။ ဇီဝသိပ္ပံပညာတိုးတက်လာမှုနှင့်အတူ မိမိ သဘောကျ ကိုယ်အင်္ဂါအစားထိုး စမ်းသပ်အောင်မြင်မှုများက သိပ္ပံပညာ၏လှည့်စားမှုကို ရုပ်လုံးပေါ်စေခဲ့သည်။ သဘာဝတရားကို သိပ္ပံနည်းပညာက လွှမ်းမိုးချုပ်ကိုင်လာရာ ဇီဝသက်ရှိများအားလုံး တစ်ညီတစ်သဏ္ဍာန်တည်းဖြစ်လာပြီး၊ သဘာဝဇီဇကို



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ရည် လျော့ကျ အားနည်းလာတော့သည်။

စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဈေးကွက်အမြတ်အစွန်း ရရှိရေးကိုသာ အဓိကဦးတည်လုပ်ဆောင်ကြရာ လူသားထု၏ ကောင်းကျိုးကို ရှုမြင်ခြင်း မရှိကြတော့ချေ။ ပြည်သူပိုင် ဘဏ္ဍာငွေဖြင့် လုပ်ဆောင်လျက်ရှိကြသော သိပ္ပံသုတေသနလုပ်ငန်းအများအပြားကို နိုင်ငံတကာစီးပွားရေးကော်ပိုရေးရှင်းများက ချုပ်ကိုင်ထားကြသည်။ ယနေ့ ဇီဝနှင့် ဇီဖြစ်စဉ်များကို ဓာတ်ခွဲခန်းတွင် စမ်းသပ် တီထွင်ကာ ဓာတ်ဖွဲ့စည်းပုံ ဖော်မြူလာများ၊ ထုတ်လုပ်မှုနည်းပညာများကို ဈေးကွက်တွင် မှတ်ပုံတင် ရောင်းချလာကြသည်။

မျိုးကောင်းမျိုးသန့်များကို ဖော်ထုတ်ဖန်တီးခြင်းကို ရှေးလူ့သမိုင်းမှတ်တမ်းများမှ စတင်ခဲ့ပါသည်။ လဒါခီတို့ပင် 'ဇို' ခေါ် နွားမျိုးကောင်းကို မိမိတို့ဒေသနှင့် လျော်ညီအောင် မျိုးစပ်မွေးထုတ်ခဲ့ကြသည်။ ယနေ့ သိပ္ပံဓာတ်ခွဲခန်းမှ ပေါင်းစပ်မွေးထုတ်ပေးသော မျိုးစပ်ကပြား တိရစ္ဆာန်များမှာမူ ဒေသန္တရအနေအထား၊ ရာသီဥတုတို့နှင့် လျော်ညီသင့်မြတ်ခြင်း မရှိကြပေ။

ဇီဝသိပ္ပံပညာဖြင့် သားစပ်ထုတ်လုပ်ထားသော မျိုးစေ့များမှာ သာမန်သဘာဝမျိုးစေ့ သားမျိုးထက် သဘာဝဒဏ်၊ ပိုးမွှားဒဏ်၊ မိုးလေဝသနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည်ဟု ဆိုသည်။ သို့သော် ဓာတုဗေဒဓာတ်များနှင့် ပေါင်းစပ်ထားသော ပြောင်းဖူးများသည် နှစ်မည်မျှကြာကြာ သန်မာကြီးထွားပြီး တောက်ပဝင်းလဲ့သော ပြောင်းစေ့များကို ပေးနိုင်မည်နည်း။ မြေသြဇာ ခန်းခြောက်လာနေသော၊ မြေဆီလွှာ ကုန်ခမ်းနေသော ပထဝီမြေကြီးက သန်မာထွားကျိုင်းသော အပင်များကို မည်သည့်အံချိန်တိုင် မွေးဖွားပေးနိုင်ပါမည်နည်း။ စက်မှုနှင့် သိပ္ပံနည်းပညာအပေါ် အစွမ်းကုန် အားထား ယုံကြည်သူများကမူ ဤအခြေအနေအကြောင်း ဖြစ်ရပ်များအပေါ် စိုးရိမ်ပူပန်ခြင်း မရှိကြချေ။ ရေနံကုမ္ပဏီကြီးတစ်ခုမှ အမှုဆောင်မန်နေဂျာတစ်ဦးနှင့် တွေ့ဆုံခဲ့စဉ်က ကျွန်မက မြေဆီလွှာပြုန်းတီးမှုနှင့်ပတ်သက်၍ သူ၏သဘောထားကို မေးခဲ့သည်။ ထိုအခါ သူက "စိတ်ပျက်စရာ မဟုတ်ပါဘူးဗျာ၊ အခု ကျွန်တော်တို့ မျိုးကောင်းမျိုးသန့်အသစ်တွေ စမ်းသပ်ကြည့်နေတာပဲ၊ နောင်ဆို မြေကြီးပေါ် မှာတောင် စိုက်ဖို့ လိုတော့မယ်မဟုတ်ဘူး" ဟု ပြန်ဖြေခဲ့သည်။

သိပ္ပံပညာအပေါ် အစွမ်းမဲ့ ယုံကြည်မှုကြောင့် ကျွန်မတို့၏အမြင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်များ ကျဉ်းမြောင်းကာ တစ်ဖက်သတ် တစ်ယူသန်လာကြသည်။ သဘာဝလောကကြီးမှာလည်း ပျက်စီးယိုယွင်းမှု ပိုမိုကြီးမားလာတော့သည်။ ဤသို့သော အကျိုးဆက်များကို အထူးချွန်ဆုံး သိပ္ပံပညာရှင်များကပင် ကြိုတင်မခန့်မှန်းခဲ့ဖူးပါ။ ယနေ့ ကြုံတွေ့နေရမှုများအပေါ် ပိုမို သတိပြုလာရမည့်အစား အသစ်သော သိပ္ပံနည်းပညာ တွေ့ရှိချက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် မျိုးသစ်ရရှိရန် အတွက်သာ ဈေးကွက်သို့ တင်ပို့ရောင်းချကြလေသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ စူးစမ်းရှာဖွေမှုများ၊ အသစ်သော နည်းပညာများကို အသုံးမဝင်ဟု မသတ်မှတ်ပါ။ သို့သော် အဆိုပါ နည်းပညာများကို တစ်ပွဲထိုးစနစ်ဖြင့် လတ်တလော ပြဿနာဖြေရှင်းရန်အတွက် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများမှာ လက်ခံနိုင်ဖွယ်မရှိပေ။ အကျိုးဆက်အနေဖြင့် လူသားတို့၏ ကျင့်ဝတ်သိက္ခာနှင့် လူ့တန်ဖိုးကို မျက်ကွယ်ပြုလာသည့် အန္တရာယ်နှင့် ရင်ဆိုင်လာကြရသည်။

'ဖွံ့ဖြိုးရေး'၊ 'ခေတ်မီ ပြုပြင်ပြောင်းလဲရေး'၊ 'စက်မှုလုပ်ငန်း အသွင်ပြောင်းခြင်း'၊ 'အနောက်တိုင်းပုံစံ ပြုပြင်ပြောင်းလဲရေး' စသည့် ဝေါဟာရများမှာ အရင်းခံအားဖြင့် တစ်ခုတည်းသော စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ရှာဖွေတွေ့ရှိချက်များကို အဆက်မပြတ် ဒွန်တွဲပေးနေခြင်းဟူသော အဓိပ္ပာယ်ကို ဆောင်ပါသည်။ လွန်ခဲ့သော ရာစုနှစ်များစွာက ဥရောပမှ စတင်ခဲ့သော ကိုလိုနီစနစ်နှင့် စက်မှုတော်လှန်ရေးတို့၏ အကျိုးဆက်ဖြစ်သည့် ဤဗဟို (ဘုံ) စီးပွားရေးစနစ်ကို စက်မှုထွန်းကားသော ဖွံ့ဖြိုးပြီး နိုင်ငံများ၊ နိုင်ငံတကာ ကော်ပိုရေးရှင်းများနှင့် တတိယကမ္ဘာမှ လူကုံထံများက ချုပ်ကိုင်ထားသည်။ ဗဟိုစီးပွားရေးစနစ်၏ မူဝါဒအရ တတိယကမ္ဘာနိုင်ငံများသည်လည်း ဖွံ့ဖြိုးပြီး နိုင်ငံကြီးများကို မှီး၍ ဖွံ့ဖြိုးတိုးတက်ကာ ကြွယ်ဝလာစေရန်၊ ဆင်းရဲနွမ်းပါးမှုနှင့် လူဦးရေ ထူထပ်မှု၊ သဘာဝဘေးဒဏ်တို့မှ လွတ်မြောက်စေရန် မျှော်လင့်ချက်ပေးကြသည်။

ရုတ်တရက်အားဖြင့်မူ ဤအဆိုသည် လျောက်ပတ် လျော်ညီဟန်ရှိသည်။ လက်တွေ့တွင်ကား ဤစနစ်၏ သန္ဓေပါ ချွတ်ယွင်းချက်၊ အားနည်းချက်များ ရှိနေပေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက စက်မှုကုန်ကြမ်းအများအပြားကို ဝါးမြိုပစ်သောကြောင့် တတိယကမ္ဘာ့နိုင်ငံများအနေဖြင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းကို အနောက်တိုင်းနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ရင်ဘောင်တန်းအောင် မစွမ်းဆောင်နိုင်တော့ချေ။ ကမ္ဘာ့သယံဇာတပစ္စည်း သုံးပုံနှစ်ပုံကို လက်ဝါးကြီးအုပ် ဝါးမြိုပစ်ပြီးမှ ကျန်သုံးပုံတစ်ပုံသော သယံဇာတကို ရင်း၍ မိမိတို့နှင့် တစ်တန်းတည်းဖြစ်အောင် စွမ်းဆောင်နိုင်လိမ့်မည် ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ ဖွံ့ဖြိုးရေးဆိုသည်မှာ အဆုံးတွင်ကား ကိုလိုနီလက်သစ်ဝါဒတစ်ခု၏ ယဉ်ကျေးသော အမည်ဝေါဟာရတစ်ခုသာ ဖြစ်သည်ကို တွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်ရေး အင်အားစုများက ကမ္ဘာ့လူဦးရေအများစုကို ဖူလုံကြွယ်ဝသော ကိုယ်ပိုင်စီးပွားရေးနှင့် လူနေမှုဘဝမှ အကောင်အထည်မဲ့ပြီး၊ ရေရာမှုမရှိသော လောကနိဗ္ဗာန်ကို ရေတွင် ထင်သည့် တံလျှပ်ပမာ ဆုပ်ကိုင်ခြင်းငှာ မစွမ်းဆောင်နိုင်သော အခြေအနေမဲ့ ဘဝသို့ တွန်းပို့နေခြပသည်။ လူအများစုမှာ မိမိတို့၏အိမ်ယာမြေနှင့် စီးပွားကို လက်လွှတ်ဆုံးရှုံးကြရပြီး၊ ရုပ်ပိုင်းဆိုင်ရာ မွဲပြာကျကြရသည်။ မြို့ပြဒေသများရှိ ကျူးကျော်ရပ်ကွက်များ၌ ဘဝနိဂုံး အဆုံးသတ်သွားကြရသည်။ ထိုသို့ ရုပ်ပိုင်းဆိုင်ရာ ကျဆင်းမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှု၊ စိတ်ဓာတ်ကျဆင်းမှု၊ စိတ်ဖိစီးမှုတို့ကို အလူးအလိမ့် ခံစားလာကြရသည်။

ဤဖွံ့ဖြိုးရေး လှည့်ကွက်များ ဆက်လက်ရှင်သန်နေသည်မှာ စင်စစ် အံ့ဩဖွယ်ရာပင်ဖြစ်သည်။ လဒါခီတို့အမြင်တွင် ဤဖွံ့ဖြိုးရေးစီမံကိန်းများသည် မိမိတို့အရင်းအနှီး မစိုက်ထုတ်ရဘဲ အကျိုးအမြတ်များစွာကို ဖန်တီးပေးသည်ဟု ယူဆကြသည်။ မိမိတွင် ငွေကြေးအများအပြား သို့မဟုတ် မော်တော်ကားတစ်စီး ပိုင်ဆိုင်လာလျှင် မိမိနှင့် အဘိုးအဘွားများ၏ ဆက်ဆံရေး မည်မျှပြောင်းလဲသွားလိမ့်မည်ကို လဒါခီတို့ မမှန်းဆတတ်ခဲ့ပါ။ သို့သော် ကမ္ဘာတစ်ဝှမ်းရှိ ဖွံ့ဖြိုးရေး၏ ရလဒ်အကျိုးဆက်များကို ကောင်းစွာ သိကျွမ်းနားလည်ထားသည့် ကျွန်မတို့အနေဖြင့် လူတိုင်းအမေရိကန် လူနေမှုစနစ်တွင် ကျင်လည်ခွင့်ရှိသည်ဟု အဘယ့်ကြောင့် လိမ်လည်လှည့်စားနေကြရပါသနည်း။

ဤဆိုးကျိုးရလဒ်များကြားမှ အကျိုးခံစားနေကြရသော လူတန်းစားများသည်ပင် အသေအချာ အနီးစပ်ဆုံးအဖြေ ဖြစ်ပေမည်။ ဖွံ့ဖြိုးရေးစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ထုတ်ကုန်နှင့် နည်းပညာများကို တတိယကမ္ဘာတွင် ရောင်းချနိုင်ရန် ဈေးကွက်ဖန်တီးရေးဖြစ်သည်။ ဤစီမံကိန်းတွင် တိုက်ရိုက် အကျိုးခံစားသူများမှာ တတိယကမ္ဘာ၏ လူကုံထံများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ ဖွံ့ဖြိုးရေးကို ချုပ်ကိုင်သူများသည် အမြင်ကျဉ်းမြောင်းသော တစ်ယူသန်သမားများသာ မဟုတ်ပေ။ လူသားများအားလုံးအတွက် သင့်တင့်မျှတသော သဘာဝပတ်ဝန်းကျင်နှင့် ပို၍သင့်လျော်သော ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်လိုသည့် ဖွံ့ဖြိုးရေးပညာရှင်များလည်း ရှိပေသည်။ သို့ပင်ဖြစ်လင့်ကစား ဖွံ့ဖြိုးရေးသည် မူလဦးတည်ချက်များဖြစ်သော ကိုယ်ထူကိုယ်ထ စနစ်၊ အမှီအခိုကင်းပြီး လွတ်လပ်သော ဘဝ ရေရှည်တည်တံ့ခိုင်မြဲရေး စသည့် ဝေါဟာရများမှ သွေဖီကာ ငွေကြေးဖောင်းပွမှု၊ ကြွေးမြီတင်ရှိမှု၊ စီးပွားရေး မှီခိုမှုတို့ ပိုမို ကြီးထွားလာစေခဲ့သည်။ လူမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် ဧရာမစီမံကိန်းကြီးများတွင် ငွေကြေး အရင်းအနှီးများကို ဆက်လက်မြှုပ်နှံနေကြသည်။

သဘာဝသယံဇာတ အကန့်အသတ်ရှိသည်ကို မျက်ကွယ်ပြုထားကြသော ဖွံ့ဖြိုးရေးပညာရှင်များက ကမ္ဘာ့လူသားတိုင်း နယူးယောက် လူနေမှုဘဝမျိုး ပိုင်ဆိုင်နိုင်ကြသည်ဟု လှည့်ဖြားပြောဆိုနိုင်ပေမည်။ သဘာဝသယံဇာတ ပြဿနာအပေါ် ဂေဟဗေဒပညာရှင်များနှင့် ဘောဂဗေဒပညာရှင်များ ကာလအတန်ကြာ အငြင်းပွားခဲ့ကြသည်။ ဘောဂဗေဒပညာရှင်များနှင့် နည်းပညာဆိုင်ရာ အကောင်းမြင်ဝါဒီများက သယံဇာတ ရှားပါးမှုကို ဖြေရှင်းရန် နည်းလမ်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု စောဒကတက်ကြသည်။ သိပ္ပံပညာရှင်များကလည်း လက်ရှိ သယံဇာတပစ္စည်းများကို ရေရှည်အတွက် ချွေတာ သုံးစွဲနိုင်မည့် နည်းလမ်းသစ်များ ကြံဆတီထွင်နိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ သို့သော် သဘာဝသယံဇာတများသည် ကန့်သတ်ချက် အတိုင်းအတာ ရှိကြောင်းနှင့် ထိုအကန့်အသတ်ကို ပြောင်းလဲပစ်ရန် လူတို့၌ စွမ်းအားလုံလောက်မှု မရှိကြောင်းကို သူတို့ မျက်ကွယ်ပြု ငြင်းပယ်ကြသည်။ တစ်ပြိုင်တည်းမှာပင် ဓနအင်အား ခွဲဝေသုံးစွဲရေးကို ရှောင်လွှဲရန် ကြိုးစားကြသည်။ လူတိုင်း မိမိလိုအပ်သမျှ အမှန်တကယ် ရနိုင်သည်ဟု သေချာစွာ ယုံကြည်ထားလျှင် ကမ္ဘာ့စီးပွားရေးစနစ်ကြီးကို ပြောင်းလဲပစ်စရာအကြောင်း မရှိပါ။ ယခုမူ တတိယကမ္ဘာ့နိုင်ငံသားများသည် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများနှင့် ရင်ဘောင်တန်းနိုင်ရန်အလို့ငှာ ခေတ်ပညာရပ်များကို ကြိုးစားသင်ယူနေကြရပေတော့သည်။

ကမ္ဘာ့စီးပွားရေး ပညာရှင်များနှင့် ဖွံ့ဖြိုးရေးပညာရှင်တို့က လက်ရှိကမ္ဘာ့လူဦးရေတိုးပွားမှုနှင့် ဆင်းရဲနွမ်းပါးမှုပြဿနာများကို အကောင်းဆုံး ဖြေရှင်းနိုင်မည့်



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသာ ဖြစ်သည်ဟု ဆိုပါသည်။ သို့ရာတွင် ဖော်ပြပါ ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ရပ်လုံးသည် ဘုံစီးပွားရေး၏ ရလဒ်များပင် ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

မြို့ပြနှင့် စက်မှုကုန်ထုတ်လုပ်ငန်း ထူထောင်ရေးကိုသာ အလေးပေးသော ဤဖွံ့ဖြိုးရေးစီမံကိန်းများက လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရိုးရာ စီးပွားရေး လုပ်ငန်းများကို အသိအမှတ်မပြုဘဲ ကြီးမားသော လူမှုရေးနှင့် စီးပွားရေးပြဿနာ များကို ပေါ်ပေါက်လာစေသည်။ လာဒါတ်ဒေသမှ တွေ့ရှိချက်များအရ စီးပွားရေး နှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားများသည် လူဦးရေတိုးပွားမှုအပေါ် တိုက်ရိုက် အကျိုး သက်ရောက်မှု ရှိပေသည်။ လူဦးရေ တိုးပွားနှုန်း မြင့်မားလာခြင်းကြောင့် သဘာဝ သယံဇာတ အသုံးပြုမှုတွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ လာဒါတ်သည် ခေတ်မီကမ္ဘာကြီးနှင့် ဆက်ဆံလာချိန်မှစ၍ လူဦးရေ တစ်ဟုန်ထိုး တိုးတက်များပြား လာခဲ့သည်ဟု ကမ္ဘာ့လူဦးရေစစ်တမ်းအရာရှိများက ပြောကြားကြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ကြီးထွားလာခြင်း၊ တတိယ ကမ္ဘာ့နိုင်ငံများ ကြွေးမြီထူပြောလာခြင်း၊ အငတ်ဘေး ကျရောက်လာခြင်းတို့မှာ လက် ရှိ စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းစု၏ အားနည်းချို့ယွင်းချက်များကို ထောက်ပြနေခြင်း ပင်ဖြစ်သည်။ ဖော်ပြပါ အကျိုးသက်ရောက်မှုများနှင့်စပ်ဆိုင်သော အငြင်းပွားမှုများ ရှိခဲ့သော်လည်း ပြောင်းလဲမှု မရှိခဲ့ချေ။ ရေမြေသဘာဝအနေအထားများနှင့် လျော်ညီ ပြီး သဘာဝသယံဇာတများကို ရေရှည်အသုံးပြုနိုင်မည့် စီမံကိန်းနှင့် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်ကြရန် အောက်ခြေလူ့အဖွဲ့အစည်းမှစ၍ နိုင်ငံတကာမှ လုပ် ငန်းအေဂျင်စီကြီးများတွင် တာဝန်ရှိကြောင်း ဆွေးနွေးတင်ပြကြသည်။ သို့ရာတွင် အလွန်ကျယ်ပြန့်ပြီး စနစ်ကျသော ဖွံ့ဖြိုးရေးဖြစ်စဉ်၏ အစွန်းရောက်ဆိုးကျိုးများကို ပင် သဘာဝကျသော သာမန်ဘေးထွက်ဆိုးကျိုး သက်ရောက်မှုများအသွင် ခံယူ ထားကြသည်။ တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်သော စာပေများ တွင်လည်း လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ထိရောက်စွာ ဖြေရှင်းလမ်းညွှန်ပေးနိုင်ခြင်း မရှိပေ။

စုစည်း ကျစ်လျစ်သော လူ့အဖွဲ့အစည်းများပင် လွတ်လပ်ပြီး၊ ညီညွတ်မှုတ သော ဒေသဆိုင်ရာ လုပ်ငန်းခွဲဝေမှုအစား၊ ဧရာမ စီးပွားရေးစနစ်ကို မှီခိုအားထား



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ ၎င်းတို့က လက်ရှိပညာရေးစနစ်နှင့် ဖွံ့ဖြိုးရေးစနစ်၏ ဦးတည်ချက်များကို အခြေခံမှစ၍ ပြောင်းလဲပစ်သင့်ကြောင်းကို သဘောမပေါက်ကြချေ။ အနောက်တိုင်းလူနေမှုစနစ်သို့ ဦးတည်ပေးနေသော ပညာရေးစနစ်ကို လိုလားထောက်ခံနေကြပေသည်။

ပြန်လည် အသုံးချနိုင်သော လောင်စာသုံး အသေးစား စက်မှုလုပ်ငန်းများကို ကျေးလက်နေ ဆင်းရဲသားတို့အတွက်ဟု သတ်မှတ်ထားပြီး၊ ကြီးမားသော စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများကိုမူ အစိုးရက အရင်းအနှီး စိုက်ထုတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်သည်ဟု အချို့က ဖော်ပြကြသည်။ ဆီလျော်သော နည်းပညာများကို အသုံးချသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ကျယ်ပြန့်သော လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ စီးပွားရေးအခြေအနေများနှင့် ဆီလျော် အပ်စပ်မှု မရှိသောကြောင့် အောင်မြင်မှုအခွင့်အလမ်း အလွန်နည်းပါးပေသည်။ အဆိုပါ သဘာဝနည်းပညာများကို မှန်ကန်ကောင်းမွန်အောင် ပြုပြင်ထူထောင်ခြင်းမရှိနိုင်လျှင် သဘာဝပတ်ဝန်းကျင်နှင့် လူ့ယဉ်ကျေးမှုကို မပျက်စီးအောင် ထိန်းသိမ်းနိုင်စွမ်း မရှိနိုင်ပါ။ နိုင်ငံတော်သည် ပြည်ပမှ နည်းပညာများနှင့် နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် အချင်းချင်း ပြိုင်ဆိုင်လုပ်ကိုင်ကြရာမှ တတိယကမ္ဘာ့နိုင်ငံများတွင် ကြွေးမြီတင်ရှိမှုပမာဏ ပိုမြင့်မားလာခဲ့သည်။

အနောက်တိုင်း ဥရောပနိုင်ငံသားများမှ ဖော်ထုတ်ပေးလိုက်သော ဖွံ့ဖြိုးရေးလုပ်ငန်းကို လူကုံထံများက ဦးစီးအကောင်အထည်ဖော်ရာတွင် ဥရောပ ဗဟိုပြုစနစ်အောက်၌ ကမ္ဘာ့ဒေသများစွာမှ ယဉ်ကျေးမှုပေါင်းစုံကို တန်ဖိုးလျှော့ချကာ တိမ်ကော ပပျောက်သွားစေသည်။ ကမ္ဘာ့လူသားများအားလုံးတွင် လိုအပ်ချက်နှင့် ပိုင်ဆိုင်မှု အခြေအနေများ တူညီရမည်ဟု ဆိုကာ အဆောက်အဦ၊ လူနေမှုစနစ်၊ ဝတ်စားဆင်ယင်ပုံအားလုံးကို တူညီအောင် ညှိနှိုင်းခေါ်ယူလာသည်။ ထို့ကြောင့် ဘီလပ်မြေ၊ အုတ်တိုက်များ၊ ကစားစရာပစ္စည်း၊ ဇိမ်ခံပစ္စည်း၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအစီအစဉ်များပင် တစ်ပုံစံတည်း အစားဝင်လာပြီး၊ အလွန်ဝေးလံ ခေါင်ကျသော အရပ်များသို့ ပျံ့နှံ့နေရာယူလာသည်။ နိုင်ငံတကာဆက်ဆံရေးအတွက် ဘုံဘာသာစကားကို သတ်မှတ်ပြောဆိုလာကြသည်။ ယခုအခါ အင်္ဂလိပ်ဘာသာစကားကို ကမ္ဘာ့ဒေသအနှံ့အပြားတွင် တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဥရောပသားများ ကျင့်သုံးခဲ့သော စံချိန်များသည် ယခုမူ ကမ္ဘာ့စံချိန်များ ဖြစ်လာခဲ့သည်။ ကလေးသူငယ်များ အသက်အရွယ်နှင့် ကိုယ်အလေးချိန် စံသတ်မှတ်မှု၊ အိမ်ခန်းအတွင်း ရှိသင့်သည့် သာမန်အပူချိန်၊ လူတို့အတွက် အာဟာရပြည့်ဝသော အစာအမျိုးအစားတို့ကို ကမ္ဘာတစ်ဝှမ်းလုံးက လက်ခံကျင့်သုံးလာကြသည်။

ဥရောပမှ လေ့လာသူ ပါရဂူများက လဒါခီလူမျိုးနှင့် တိရစ္ဆာန်တို့မှာ အနောက်တိုင်းတွင် သတ်မှတ်ထားသော ကမ္ဘာ့စံနှုန်းကို မမီကြောင်း မှတ်ချက်ချကြသည်။ ဥရောပသားတစ်ဦးအတွက် သတ်မှတ်ထားသော ဖွံ့ဖြိုးကြီးထွားမှုနှင့် ကြံ့ခိုင်မှုစံချိန်ကို တစ်ကမ္ဘာလုံးအတွက် စံချိန်အဖြစ် တရားသေ သတ်မှတ်ကြသည်။ အချို့ပါရဂူများ၏ တစ်ဖက်သတ် အမြင်ကျဉ်းမှုများကြောင့် ၎င်းတို့၏လုပ်ငန်း အကျိုးသက်ရောက်မှုများနှင့် ပြဿနာဖြေရှင်းမှုများက အခြားသော လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူနေမှုဘဝအပေါ် ထိခိုက်နစ်နာစေသော အကြောင်းများ ရှိနိုင်ကြောင်း မျက်ကွယ်ပြုထားကြသည်။ မကြာသေးမီက ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ပညာရှင်များ နှီးနှောဖလှယ်ပွဲတစ်ခုတွင် ဆွီဒင်နိုင်ငံသား စိုက်ပျိုးရေးပါရဂူ တစ်ဦးနှင့် စကားပြောဆိုခဲ့သည်။ ကျွန်မက အာဖရိကတိုက်တွင် ရှေးယခင်က ဟင်းသီးဟင်းရွက် စိုက်ပျိုးစားသုံးမှုအခြေအနေကို မေးမြန်းရာ ထိုပါရဂူက "အာဖရိကန်တွေမှာ ကျွန်တော်တို့ဆီက မျိုးစေ့တွေ မတင်ပို့မီအထိ ဟင်းသီးဟင်းရွက်ဟူ၍ မရှိခဲ့ကြောင်း၊ ၎င်းတို့သည် ဒေသအတွင်း ပေါက်ရောက်သော အလေ့ကျ ပေါက်ပင်များကိုသာ မှီဝဲစားသုံးခဲ့ကြောင်း" ရှင်းပြပါသည်။ အာဖရိကတိုက်သားများ စားသုံးသော အပင်အရွက်များသည် ဥရောပသားတို့ အသိအမှတ်ပြုထားသော ဟင်းသီးဟင်းရွက်စာရင်းတွင် မပါဝင်ချေ။

လာဒါတ်ဒေသမှ ကျွန်မအတွေ့အကြုံများအရ လဒါခီတို့၏ ပြဿနာတိုးပွားများပြားမှုများကို စက်မှုယဉ်ကျေးမှု၏ ဆိုးကျိုးရလဒ်အဖြစ် သတ်မှတ်နိုင်သည်။ လဒါခီလူမျိုးတို့ လောဘစိတ် လွှမ်းမိုးလာခြင်း၊ တစ်ကိုယ်ကောင်းစိတ် များလာခြင်း၊ ကြည်လင် သန့်ရှင်းသော မြစ်ချောင်းများထဲသို့ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်လာခြင်းမှာ လူသားသဘာဝ ဖြစ်သည်ဟု လက်ခံနိုင်ဖွယ် ဖြစ်လာသည်။ ထိုသို့သော လူ့စိတ်သဘောသဘာဝကို ပြောင်းလဲစေခဲ့သည်မှာ ခေတ်မီသိပ္ပံနှင့်



www.burmeseclassic.com

www.burmeseclassic.com



စက်မှုနည်းပညာ အခြေပြု စီးပွားရေးစနစ် ထိုးဖောက် ဝင်ရောက်လာခြင်းကြောင့်ပင် ဖြစ်သည်။ အဆိုပါ နည်းပညာသစ်များကြောင့် လူသားအချင်းချင်း ရင်းနှီးမှု လျော့ကျကာ သဘာဝပတ်ဝန်းကျင် ရေမြေသဘာဝအပေါ် မှီတွယ်မှု ပပျောက်လာစေသည်။

ခေတ်မီလာသော လာဒါတ်ဒေသရှိ 'လေး' မြို့တွင် ကြုံတွေ့ရသော အန္တရာယ်နှင့် ပြဿနာများမှ အိန္ဒိယနိုင်ငံ မြို့ပြဒေသများရှိ ပြဿနာများနှင့် တူညီပေသည်။ လုပသော ရေကန်ကြီးဘေးမှ ဆရင်နဂါမြို့သည် ယခုအခါ ရောင်းဝယ်ဖောက်ကားမှု၏ အချက်အချာဖြစ်လာပြီး၊ လေထုနှင့် ရေထုညစ်ညမ်းမှု၊ လူမှုရေးမငြိမ်မသက်မှု၊ ဘဝလုံခြုံမှုကင်းမဲ့ခြင်းတို့နှင့် ပြည့်ဝနေပေသည်။ လွန်ခဲ့သော (၂) နှစ်ခန့်မှစ၍ အိန္ဒိယအစိုးရ၏ အာဏာဖီဆန်ရေး၊ သီးခြား ခွဲထွက်ရေးစစ်ပွဲ၏ စစ်တလင်းပြင် ဖြစ်လာခဲ့သည်။ ထို့အတူ ဒေလီမြို့သည်လည်း ယာဉ်အသွားအလာ ထူထပ်များပြားခြင်းကြောင့် လေထုညစ်ညမ်းမှု မြင့်မားလာပြီး၊ ချောင်းဆိုးရောဂါ ထူပြောလာသည်။ တံတိုင်းမြို့ရိုးအတွင်း ကွန်ကရစ်အဆောက်အဦများ၊ စက်မှုဇုန်များ ပေါ်များစွာ ပေါ်ထွက်လာသည်။ မြို့အတွင်း ပေးဝေသော ရေကို သောက်သုံး၍ မသင့်တော်နိုင်တော့သလို၊ လမ်းများပေါ်တွင် ဖြတ်သန်းသွားလာရာ၌ လုံခြုံမှုကင်းမဲ့လာသည်။ အကြမ်းဖက်မှု၊ စိတ်ပျက်အားငယ်မှု၊ အမျိုးသမီးငယ်များအား ဖိနှိပ်အကြမ်းဖက်မှု၊ လူမျိုးရေးနှင့် ဘာသာရေးအဓိကရုဏ်းကြီးများမှာ ဒေလီမြို့တော်၏ နာတာရှည်ရောဂါဆိုးသဖွယ် အမြစ်တွယ်လာတော့သည်။

အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေး ရရှိချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ် အကောင်အထည်ဖော်လာခဲ့ရာ အနှစ် (၄၀) အတွင်း လူဦးရေနှစ်ဆကျော် တိုးပွားလာခဲ့သည်။ လူဦးရေ များပြားမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှု၊ သဘာဝပတ်ဝန်းကျင်ကို အလွဲသုံးစားပြုမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာခဲ့သည်။ ဖွံ့ဖြိုးရေးစီမံကိန်းမှ လူဦးရေ (၁၅) ရာခိုင်နှုန်းနှင့် (၂၀) ရာခိုင်နှုန်းအထိသာ အကျိုးအမြတ် ခံစားခွင့်ရကြပြီး၊ ကျန်လူထုကြီးမှာ စီးပွားရေးအချိုးနှိမ်ခံရမှုကြောင့် ဆင်းရဲတွင်း ပိုနက်လာခဲ့သည်။

ကျွန်မသည် နှစ်စဉ် မိမိတိုင်းပြည်သို့ ပြန်ရောက်လာသောအခါတိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပြောင်းလဲမှုများက ကျွန်မတို့အနောက်တိုင်းသားများအပေါ်

www.burmeseclassic.com



၌လည်း ဂယက်ရိုက်ခတ်မှုရှိကြောင်း တွေ့ရသည်။ အနောက်တိုင်းသားများသည်လည်း ဖွံ့ဖြိုးရေးစီမံကိန်း၏ ထိန်းချုပ်မှုအောက်၌ အသက်ရှင်နေကြရသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ နှစ်ရာခိုင်နှုန်း (သို့) သုံးရာခိုင်နှုန်းတို့၏ ဘဝသည်လည်း ယခုတိုင်အောင် စက်မှုလုပ်ငန်း ထိုးဖောက်မှု၏ လှိုင်းဂယက် ရိုက်ပုတ်မှုဒဏ်ကို ခံစားရဆဲဖြစ်သည်။ စက်မှုစီးပွားရေးစနစ်က လယ်သမားဦးရေကို ဆက်လက် စစ်ချနေပေသည်။ အတတ်ပညာ တိုးတက်မှုကြောင့် လူနေမှုဘဝကို လျင်မြန်စွာ ပြောင်းလဲစေသည်။ လူတို့၏ ကိုယ်ပိုင်အားလပ်ချိန်များကို ဆုံးရှုံးစေသည်။ ကုန်သွယ်မှုအရှိန်အဟုန် တိုးတက်မြင့်မားလာပြီး၊ လူများ ရုန်းကန်လှုပ်ရှားမှု ပိုမိုလာရာ ဘဝတည်ငြိမ်မှု ပျက်ပြားလာသည်။ လူမှုရေးအနှောင်အဖွဲ့မှ ပြုတ်တောက်သွားသည်။ ဤပြောင်းလဲမှုကို အနောက်နိုင်ငံများက တိုးတက်မှုဟု သတ်မှတ်သည်။ မည်သို့ဆိုစေ တိုးတက်မှု (သို့) စက်မှုစီးပွားရေးစနစ် ဇာတ်သွင်းခြင်း၏ ရလဒ်များသည်ကား ဗဟိုဦးစီးစနစ် ဖြစ်တည်လာခြင်း၊ လူမှုရေးနှင့် စီးပွားရေးဆုတ်ယုတ် ကျဆင်းမှု၊ သဘာဝသယံဇာတများ ပြုန်းတီးဆုံးရှုံးရခြင်းတို့ပင် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ အလွန်မြင့်မားသော စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများကို ပြန်လည်လေ့လာကြည့်သောအခါ လုပ်ငန်းခွင်တွင် စက်များက လူတို့၏ကိုယ်စား နေရာယူလုပ်ကိုင်လာကြသည်။ ဒေသတစ်ခုအတွင်း အပြန်အလှန် မှီခိုမှုအစား ကမ္ဘာ့ဈေးကွက်များ ဝင်ရောက်လာသည်။ မြေနီလမ်းမများပေါ်တွင် ကွန်ကရစ်အဝေးပြေးလမ်းမကြီးများ ရပ်တည်လာသည်။ လမ်းဘေး၊ လမ်းထောင့်မှ အိမ်ဆိုင်ငယ်များအစား ကုန်ပဒေသာ စတိုးဆိုင်ကြီးများ ဦးမော့လာကြသည်။ စင်စစ် ကွန်မြူနစ်နှင့် အရင်းရှင်စနစ်သည် မည်သို့မျှ မကွာခြားကြတော့ပေ။ ဖန်ဆင်းခြင်းသဘောမှ ခွဲထုတ်လိုက်သော သိပ္ပံပညာကို အခြေပြု ပေါ်ထွက်လာသော ထိုဝါဒနှစ်ရပ်သည် သဘာဝသယံဇာတများကို အကန့်အသတ်မဲ့ ထုတ်ယူသုံးစွဲနိုင်သည်ဟု ယုံကြည်သော်လည်း အဆိုပါ သယံဇာတများ ခွဲဝေအသုံးပြုမှုပုံစံအပေါ် ယူဆချက် မတူညီကြချေ။

နိုင်ငံရေးဝါဒအမျိုးမျိုး ကွဲပြားသော အစိုးရများက ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်း ကြီးထွားမှုကို ထောက်ခံသော ဗဟိုဈေးကွက်စီးပွားရေးစနစ်ကိုသာ ကျင့်သုံးအကောင်အထည်ဖော်နေကြသည်။ ကုန်သွယ်မှုစနစ် မြင့်မားရေးအတွက် သယ်ယူ



www.burmeseclassic.com

www.burmeseclassic.com



ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ငွေကြေးပမာဏများစွာကို သုံးစွဲကြသည်။ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ကုန်ပစ္စည်းများကို ဓာတုဗေဒနည်းပညာရပ်များနှင့် ပေါင်းစပ် ထုတ်လုပ်ကြသည်။ အကျိုးဆက်ဖြစ်သော လေထုညစ်ညမ်းမှုနှင့် လောင်စာဆုံးရှုံးမှုကိုမူ စာရင်းမပြုစုကြချေ။ ထို့မျှမက ဈေးကွက်ရရှိရေးအတွက် ကုန်ထုတ်လုပ်မှုကို နိုင်ငံတော်ဘဏ္ဍာမှ လျှို့ဝှက်ရင်းနှီး ဖာထေးပေးကြသည်။

'လွတ်လပ်စွာ ရောင်းဝယ်ရေး' ဆောင်ပုဒ်နှင့် ချီတက်နေသော ကမ္ဘာ့စီးပွားရေးကို အကျိုးရှိသည်ဟု တစ်ကမ္ဘာလုံးက ယူဆထားကြသည်။ ဥရောပဘုံဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းလိမ့်မည်ဟု ဆွီဒင်နိုင်ငံက ထုတ်ဖော်ပြောကြားပြီး၊ မက္ကဆီကို ပြည်သူများကလည်း အမေရိကန်နှင့် လွတ်လပ်စွာ ကုန်သွယ်ခြင်းဖြင့် အကျိုးရှိလိမ့်မည်ဟု တထစ်ချ ယုံကြည်ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာ အထွေထွေ သဘောတူညီချက်ရရှိရေးအတွက် ဥရုဂွေးနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးညီလာခံကြီးက အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုကို ပိုမိုချောမွေ့စေလိမ့်မည်ဟု ဖော်ပြသည်။ တစ်ဘက်မှ အဆိုပါသဘောတူညီချက်၏ မမျှတမှု၊ အားနည်းချက်များကိုမူ ထုတ်ပြန်ကြေညာခြင်း မပြုချေ။ ဤသဘောတူညီချက်အရ အင်အားကြီးမားသော နိုင်ငံပေါင်းစုံ ကုမ္ပဏီကြီးများက ကမ္ဘာ့စီးပွားရေးဈေးကွက်ကို ချုပ်ကိုင်ခွင့် ရလာပြီး၊ တတိယကမ္ဘာ့နိုင်ငံများမှ စီးပွားရေးအခွင့်အလမ်းနှင့် အဆင့်အတန်း ပိုမိုလျော့ကျသွားရသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်ကြောင့် ဖြစ်ပေါ်လာသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုတ်ယုတ်မှုများကို ပညာပေးခြင်း၊ အဆိုပါ စီးပွားရေးစနစ်ကို ဆန့်ကျင်ခြင်းများမှာ အလွန်ရှားပါးသည်ကို တွေ့ရသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်က ဖော်ပြသော ညီညွတ်မျှတရေးဟူသော သဘောတရားကြောင့် လူကြိုက်များခဲ့သည်။ စင်စစ် ကမ္ဘာပေါ်ရှိ ဘာသာတရားအားလုံးက တစ်ကမ္ဘာလုံးရှိ လူသားများ သဟဇာတဖြစ်ပြီး၊ ညီညွတ်ခြင်းကို လူသားများ၏ အမြင့်ဆုံးပန်းတိုင်အဖြစ် သွန်သင်ကြသည်။ ဘုံဈေးကွက် စီးပွားရေးမှာ 'ကမ္ဘာ့မိသားစုကြီး' နှင့်ဆိုင်ပေါင်း ဆောင်ရွက်ရေးကို ရည်ညွှန်းသည်။ ကမ္ဘာ့ကျေးရွာကြီးဟူသော စကားအရ

www.burmeseclassic.com



လူသားများအချင်းချင်း သည်းခံရိုင်းပင်းတတ်သော၊ သဟဇာတရှိသော အရပ်ဟု ဆိုလိုဟန်ရှိသည်။ စီးပွားရေး ပေါင်းစည်းမှုနှင့် စက်မှုအတတ်ပညာ ခွဲဝေအသုံးပြုမှု ကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှု၊ မိသားစုနှင့် လူသားအသိုက်အမြုံ ပြိုကွဲရမှုများကိုမူ သတိပြုမိသူ အလွန်နည်းပေသည်။ အလွန်ကျယ်ပြန့်သော စီးပွား ရေးနှင့် နိုင်ငံရေးနယ်ပယ်များမှ ဗဟိုချုပ်ကိုင်မှုအသွင်သို့ ကူးပြောင်းလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ အုပ်ချုပ်ရေးကဏ္ဍနှင့် တာဝန်များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက တဖြည်းဖြည်း လွှဲပြောင်း ရယူလာကြသည်။ ပြည်သူတို့ကို ကိုယ်စားပြုသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပြည်သူလူထု နှင့် အလှမ်းကွာဝေးနေကြပြီး၊ လူထု၏ အထွေထွေ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်စွမ်း မရှိကြပေ။

နိုင်ငံတကာမှ အာဏာပိုင် အစိုးရများကို နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းကြီး က လွှမ်းမိုးချုပ်ကိုင်လာမည့်အလားအလာ ရှိသည်။ ဒီမိုကရေစီနည်းကျ အုပ်ချုပ် မှု၏ ပြင်ပမှ ဤနိုင်ငံပေါင်းစုံအဖွဲ့ကြီးက ကြီးစိုးလာမည်ဆိုပါက စိုးရိမ်စရာရှိလာ သည်။ အလုပ်သမားသမဂ္ဂများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များက အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် ပတ်ဝန်းကျင်အဆိပ်သင့်စေ သော ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်အသုံးချမှုကို တားမြစ်သည့် ဥပဒေများ ပြဋ္ဌာန်းရန် ကြိုးစားကြသည်။ သို့သော် အရင်းအနှီးများစွာနှင့် ကုမ္ပဏီကြီးများက ဥပဒေကန့်သတ် ထိန်းချုပ်မှု လျော့ရဲသော အခြား ပြည်ပနိုင်ငံများတွင် လုပ်ငန်း ရွှေ့ပြောင်း အခြေချ လုပ်ကိုင်ကြမည်သာဖြစ်သည်။ နိုင်ငံတကာအဖွဲ့ကြီးများ၊ စီးပွား ရေးလုပ်ငန်းရှင်များ ခေါ်ဆိုသည့် 'လွတ်လပ်သော ဈေးကွက်စီးပွားရေး' ဆိုသည်မှာ အဆုံးတွင် အကျိုးကန့်သတ်ထိန်းချုပ်မှု ဥပဒေအားလုံးမှ ကင်းလွတ်သော စီးပွားရေး အကျိုးအမြတ် ဖော်ထုတ်ရေးသာဖြစ်သည်။

သဘာဝသယံဇာတများကို အတိုးချ သုံးစွဲခြင်း၊ အသစ်သော နည်းပညာ အတတ်များကို ဖော်ထုတ်ခြင်း၊ ဈေးကွက်များ တိုးချဲ့လာခြင်း၊ အမြတ်အစွန်း တိုး တက် ရှာဖွေခြင်းတို့နှင့် ကမ္ဘာ့ဈေးကွက် စီးပွားရေးမှာ ပိုမို တောင့်တင်းခိုင်မာလာပါ သည်။ တတိယကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးပြီး နိုင်ငံများနည်းတူ အပိုဇိမ်ခံပစ္စည်းများ ပိုမို ဝယ်ယူသုံးစွဲလာကြသည်။ ထိုသို့နှင့်အညီ လူမှုရေး စီးပွားရေးဆိုင်ရာ ဖိအားများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်စေသော စိတ်ဖိစီးမှုနှင့် ငွေကြေးပြဿနာများနှင့် ရင်ဆိုင်လာကြရသည်။

သတင်းစာ၊ မဂ္ဂဇင်းများနှင့် ကုန်ပစ္စည်းကြော်ငြာများက လူတို့၏ဘဝကို ခေတ်မီ အဆင့်အတန်း မြင့်မားလိုစိတ် ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ပေးနေကြသည်။ တတိယကမ္ဘာ့နိုင်ငံသား၊ ကျေးလက်နေ ပြည်သူများက ခေတ်မီ လူနေမှုဘဝ၏ စည်းစိမ်ပစ္စည်းများ၊ သာယာလှပမှုများ၊ သေသပ် လှပသော ကား၊ မီးဖို၊ ရုပ်မြင်သံကြား စက် စသည့်အရာများကိုသာ မြင်ပြီး၊ ထိုခေတ်မီ လူ့အဖွဲ့အစည်း၏ အခြေအနေမှန် အနှစ်သာရကို နားမလည်ကြချေ။ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်စဉ်များက ကမ္ဘာတစ်ဝှမ်းလုံးသို့ အလိုအလျောက် ပုံကိုင်မှုပုံစံဖြင့် ရွေ့လျား ထိုးဖောက်လာနေသည်။ စီမံကိန်းတွင် မပါဝင်ခဲ့သော ဒေသများ၌ပင် ဖွံ့ဖြိုးရေးစီမံကိန်းက တစ်လမ်းသွား ခေတ်မီ လူနေမှုဘဝပုံစံကို ပံ့ပိုးပေးနေဆဲဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ စိတ်ဆင်းရဲပင်ပန်းမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှု စသည့် ခေတ်မီ တိုးတက်သော ဘဝ၏ ဘေးထွက်ဆိုးကျိုးများကို မတွေ့မြင်ရဘဲ၊ ဖွံ့ဖြိုးမှု၏ ကောင်းကျိုးများကိုသာ မြင်တွေ့နေရသော ပြည်သူများက ခေတ်မီပြုပြင်ပြောင်းလဲရေးကို လိုလား ထောက်ခံနေကြဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)
# တန်ပြန်ဖွံ့ဖြိုးရေး

ကျွန်တော်တို့က မိုးကောင်းကင်ကို မီအောင် တက်လှမ်းနေကြဆဲပါ။ ဖွံ့ဖြိုးပြီး နိုင်ငံသားများကတော့ ကောင်းကင်မှာ ဘာမှ မရှိမှန်း သိပြီး၊ ပြန်ဆင်းလာနေကြပါတယ်။

(၁၉၉၀) ခုနှစ် တက်တီရှာအစည်းအဝေးတစ်ခု၌
'ဂျေလောင်ပါလ်ဒါန်' ၏ ပြောကြားချက်

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကြောင့် ပြောင်းလဲသွားသော လာဒါတ်ဒေသ၏ အနေအထားကို လေ့လာကြည့်သောအခါ လူ့ဘဝကို ပုံသွင်းနေသော ဖွံ့ဖြိုးရေးအင်အားစုများနှင့်ပတ်သက်သော ဗဟုသုတ အလွန်နည်းပါးကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၈၇) ခုနှစ်တွင် ဖြစ်သည်။ လာဒါတ် စိုက်ပျိုးရေးဌာန အကြီးအကဲ တစ်ဦးနှင့် တွေ့ဆုံကာ ပတ်ဝန်းကျင် ရေထု၊ လေထုညစ်ညမ်းမှုအကြောင်းကို ဆွေးနွေးခဲ့ရာ ဥရောပတိုက်မှ သစ်တောပြုန်းတီးမှုများအကြောင်းကို တစ်ခါမျှ မကြားခဲ့ဖူးကြောင်း သိခဲ့ရသည်။ ကျွန်မက ဂျာမနီနိုင်ငံတွင် အက်ဆစ်မိုး ရွာသွန်းမှုကြောင့် နိုင်ငံတော်ရှိ သစ်တောတစ်ဝက်ခန့် သေကြေပျက်စီးခဲ့ရကြောင်း ပြောပြသောအခါ ထိုအကြီးအကဲမှာ အလွန် အံ့ဩတုန်လှုပ်သွားခဲ့သည်။

"ရှင်တို့ နိုင်ငံမှာ ဗုံးတွေအများကြီး ရှိတယ်လို့ ကြားလိုက်ရတယ်၊ ရှင်ပြန်တဲ့အခါ အဲဒီဗုံးတွေ ဆက်ပြီး မထုတ်လုပ်ကြဖို့ မသုံးကြဖို့ သွားပြောပေးပါ၊ ကျွန်မတို့ ဗုံးတွေကို မလိုချင်ဘူးဆိုတာကို ကျေးဇူးပြုပြီး ပြောပေးပါ" ဟု ကျွန်မ၏ မိတ်ဆွေဖြစ်သူ ယန်ဂ်စကစ် က ကျွန်မအား မျက်ရည်ဝဲလျက် ပြောခဲ့ဖူးသည်။

လေးမြို့တွင် ကက်ရှ်မီးယားလူမျိုး ကုန်သည်တစ်ဦးနှင့် စကားဆိုဖြစ်ခဲ့ရာ "ကျွန်တော်တို့ဆီက ထွက်တဲ့ ဟင်းသီးဟင်းရွက်တွေက ဒီက အသီးအရွက်တွေထက် အများကြီး သာပါတယ်၊ ကျွန်တော်တို့ဆီမှာ ဓာတုပစ္စည်း (၇) မျိုးလောက်သုံးပြီး စိုက်ကြတယ်" ဟု ကျွန်မကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကျွန်မထံသို့ လဒါခီအင်ဂျင်နီယာတစ်ဦး ရောက်ရှိလာခဲ့သည်။ ထိုသူက "ကျွန်တော်တို့ရဲ့ မှန်လုံအိမ်ပျိုးခင်းတွေကို ဆက်မသုံးတော့မှဘဲ ကောင်းမယ်၊ တော်တော် အန္တရာယ်ပေးမယ့် အရာတွေပဲဗျ၊ တလောကမှ ဒီမှန်လုံအိမ်ပျိုးခင်း ပြဿနာတွေနဲ့ပတ်သက်တဲ့ နိုင်ငံတကာဆွေးနွေးပွဲတစ်ခု လုပ်သွားကြသေးတယ်" ဟု စိတ်ပူပန်စွာ ပြောပြခဲ့သည်။

ဤလူမျိုးများသည် ဉာဏ်ပညာမရှိသူများ မဟုတ်ကြပါ။ စက်မှုဖွံ့ဖြိုးမှုအကြောင်း အသိအမြင် ဗဟုသုတခေါင်းပါးကြခြင်းသာ ဖြစ်သည်။ ကျွန်မသည် အနောက်တိုင်းလူ့အဖွဲ့အစည်းအတွင်း၌ ပြောရေးဆိုခွင့်မရှိသူ၊ ကျွန်မ၏စကားကို အသိအမှတ်ပြုလိမ့်မည် မဟုတ်ကြောင်းကို လဒါခီအဖွဲ့အစည်းအတွင်း အသိအမှတ်ပြုခြင်းခံရသူ၊ ပြောဆိုပိုင်ခွင့်ရှိသူ ယန်ဂ်စကစ် သည် နားမလည်နိုင်ပါ။ ထို့အတူ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၏ ကောင်းကျိုးကိုသာ ဖော်ပြတွေ့မြင်နေရသော ကက်ရှ်မီးယားကုန်သည် မိတ်ဆွေအား ပိုးသတ်ဆေးများ၏ ဆိုးကျိုးအာနိသင်ကို ရှင်းပြရန် မလွယ်ကူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးနို့မှုန့်မှုစ၍ တွင်းထွက်လောင်စာ သုံးစွဲမှုတိုင်အောင် စက်မှုကုန်ထုတ်လုပ်ငန်း၏ ရေရှည်ဆိုးကျိုးများကို ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများတွင် ဗဟုသုတအဖြစ် ပညာပေးခြင်းမရှိသလို လူထုများကလည်း နားမလည်ကြပေ။ စက်မှုထုတ်ကုန်ပစ္စည်း၏ စွန့်ပစ်ပစ္စည်းများမှ ဖြစ်ပေါ်လာနိုင်သော မြေဆီလွှာအဆိပ်သင့်ကာ ပျက်စီးရမှု၊ အက်ဆစ်မိုး ရွာသွန်းမှု၊ ကမ္ဘာ့အပူချိန် မြင့်မားမှုတို့အကြောင်းကို ကြိုတင် ရှင်းပြ သတိပေးခြင်းမျိုး မရှိချေ။

အထက်ဖော်ပြပါ ပြဿနာရပ်များကို ဖြေရှင်းရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုသင့်တော်သော နည်းလမ်းများကို ရှာဖွေနေကြသည်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက နားမလည်ကြချေ။ လူဦးရေ ထူထပ်သိပ်သည်းသော မြို့ပြနေ ပြည်သူများက ကျေးလက်ဒေသမှ အေးချမ်းသော လူ့အသိုက်အမြုံကို ပြန်လည် တောင့်တနေကြသည်။ သဘာဝလောကကြီးနှင့် ပြန်လည် သင့်မြတ်သော၊ နီးစပ်သော ဘဝကို လိုလားကြသည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးအတွေးအခေါ် အယူအဆများကို ပြန်လည် ဆန်းစစ်နေသည်ကို ဖွံ့ဖြိုးဆဲနိုင်ငံသားများက သဘောမပေါက်ကြပေ။ မော်တော်ကား ထူထပ်များပြားမှုကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းရသည်ကို သတိပြုမိလာသည့်အတွက် စက်ဘီး၊ ရထား စသည့် ယာဉ်များကို အသုံးပြုမှု ပိုများလာပြီး၊ ခြေလျင်ခရီးသွားခြင်းကို ပိုမို နှစ်သက်လာကြသည်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးဝါးကုသမှုနှင့်ပတ်သက်၍ သဘာဝကုထုံးများကို ပိုမိုအသုံးချလာသည်။ ယခင်က ရုပ်ဝါဒအားဖြင့် အမှန်တရားကို အနက်ဖွင့်ခဲ့ရာမှ ယခုအခါ စိတ်တန်ခိုးဖြင့် ဆင်ခြင်မှုသို့ ပြောင်းလဲလာသည်။ ပတ်ဝန်းကျင် လေထု ရေထု ညစ်ညမ်းအဆိပ်သင့်မှု များပြားလာသောကြောင့် ဥရောပနှင့် မြောက်အမေရိကတိုက်များတွင် သဘာဝစိုက်ပျိုးရေးနည်းစနစ်များကို ပြောင်းလဲအစားထိုးနိုင်ရန် ကြိုးစားလျက်ရှိကြသည်။ ဓာတုဗေဒပစ္စည်း မပါဝင်သော သဘာဝနည်းစနစ်သုံး အစားအစာများကို တန်ဖိုးနှစ်ဆ ပေး၍ ဝယ်ယူစားသုံးရန် အသင့်ရှိနေကြသည်။ အစိုးရများကလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် သဘာဝဇီဝနည်းပညာများကိုသာ အလေးပေး သုံးစွဲရန် တိုက်တွန်း အားပေးလာကြသည်။ သို့သော် ၎င်းတို့၏အတွေးအခေါ် အယူအဆပြောင်းလဲပုံကို ဖွံ့ဖြိုးဆဲ နိုင်ငံသားများအား အသိပေးခြင်း မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ တတိယကမ္ဘာ့နိုင်ငံများသို့ ဖွံ့ဖြိုးရေးထောက်ပံ့မှုလုပ်ငန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အနောက်တိုင်းတွင် သတင်းပြန်ကြားပေးခြင်း မရှိပေ။ အနောက်တိုင်းမှ အခွန်ဆောင်ပြည်သူများမှာ မိမိတို့၏အခွန်ဘဏ္ဍာများအား အသုံးပြုပုံနှင့် အကျိုးရလဒ်များကို မသိရှိကြချေ။ အလွန်ဆင်းရဲသော ဒေသများ၌ ဆေးရုံ ဆေးပေးခန်းများ ဆောက်လုပ်ခြင်း၊ လမ်းသစ်များ တိုးချဲ့ ဖောက်လုပ်ပေးခြင်း စသော သိခွင့်ရသမျှ လုပ်ဆောင်ချက်များကိုလည်း တိုးတက်မှုတစ်ရပ်ဟု ယူဆကြသည်။ ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထွက်ကုန်များကို ဝယ်ယူခြင်းဖြင့် တတိယကမ္ဘာ၏ စီးပွားရေးကို ထောက်ပံ့ရာရောက်သည်ဟု ယူဆကြသည်။ ကိုယ်ထူကိုယ်ထ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးကို အားပေးရန်မှု ပျက်ကွက်ကြသည်။ တတိယကမ္ဘာ့နိုင်ငံများမှာ ပြည်ပပို့ကုန်များအတွက် ပိုမို ကြိုးစား စိုက်ပျိုးထုတ်လုပ်နေရခြင်းကို သတိမမူကြချေ။ ဥပမာ- ချစ်ကပ်ပိုအမျိုးသမီးများသည် သစ်ထုတ်လုပ်ရေးကုမ္ပဏီများကို ကန့်ကွက်သည့်အနေဖြင့် ဟိမဝန္တာတောင်ခြေရှိ သစ်ပင်များကို ပွေ့ဖက်၍ ကာကွယ်ခဲ့ကြသည်။ ထိုသို့ ပြည်ပအမှီအခို ကင်းသော ပြည်တွင်းစီးပွားရေးစနစ်ကို ဆက်လက် ကျင့်သုံးလိုသော လူ့အဖွဲ့အစည်းများ အလွန်နည်းပါးပါသည်။

စက်မှုလုပ်ငန်းပစ္စည်းနှင့် ဓာတုဗေဒပစ္စည်းများ၏ အန္တရာယ်ကို အနောက်တိုင်းသားများက ပိုမို သိမြင်လာကြသော်လည်း တတိယကမ္ဘာ့နိုင်ငံများတွင် ထိုသို့ သိမြင်ကြခြင်းမရှိချေ။ အစွမ်းထက်သော ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ ဆိုးကျိုးများကို သိမြင်လာသော အနောက်တိုင်းသားများသည် ထိုပစ္စည်းများ သုံးစွဲခြင်းကို ရှောင်ရှားလာခဲ့သည်။ တတိယကမ္ဘာ့နိုင်ငံသားများက ဓာတုဆေးဝါးပစ္စည်းများကို အဟန့်အတားမရှိ လွတ်လပ်စွာ သုံးစွဲနေကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် ပိုးသတ်ဆေး ဆွတ်ဖြန်းရာ၌ တားမြစ်ထားသော ဆေးဝါးများကို တတိယကမ္ဘာ့နိုင်ငံများ၌ ပြင်ဆင်ကာကွယ်ခြင်း မရှိကြချေ။ ထို့အပြင် အနောက်နိုင်ငံများ၌ တားမြစ်ထားသော ဆေးဝါးများကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြသည်။ ဓာတုဆေးပစ္စည်းများကို ဆရာဝန်၏ညွှန်ကြားချက်မရဘဲ သုံးစွဲ မှီဝဲ စားသောက်နေကြသည်ကိုလည်း တွေ့ရသည်။

အဆိပ်သင့်စေသော၊ အန္တရာယ်ဖြစ်စေတတ်သော ဆေးဝါးများကို ဝိဒသမ



www.burmeseclassic.com

www.burmeseclassic.com



အရေအတွက်ဖြင့် တန်ဖိုးဖြတ်သည့် ရေတိုအကျိုးပြု လုပ်ငန်းစီမံကိန်းများကို အခြေခံခြင်းသည် သမားရိုးကျ ဖွံ့ဖြိုးရေး၏ ပျော့ညံ့ချက်တစ်ရပ်ဖြစ်သည်။ စက်မှုစီးပွားရေးစနစ်၏ တစ်ခုကောင်း ကျွမ်းကျင်မှု၊ တစ်လမ်းသွားစနစ်ကို ဖြိုခွင်းကာ တန်ပြန်ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်သွားရန် လိုအပ်သည်။ စက်မှုနိုင်ငံ၏ လူနေမှုစနစ်တွင် ပေးဆပ်ရမည့် အဖိုးအခများဖြစ်သည့် မိသားစုနှင့် လူမျိုးစု ပြိုကွဲမှု၊ တွင်းထွက်လောင်စာ အသုံးချမှုမှ ဆုံးရှုံးမှုများ၊ သဘာဝပတ်ဝန်းကျင် လေထုရေထု ညစ်ညမ်းမှု၊ မြေဆီလွှာ ခန်းခြောက်ပျက်စီးမှု၊ သစ်တောပြုန်းတီးမှု၊ ရာသီဥတု ဖောက်ပြန်မှု စသည်တို့ကို စက်မှုစီးပွားရေး၏ အရှုံးစာရင်းတွင် ဖွင့်ပြသွားရပေမည်။

တစ်ဘက်မှလည်း တန်ပြန်ဖွံ့ဖြိုးရေး၏ အမြင်ကျယ်ပြီး၊ လူသားဆန်သောတိုးတက်ရေးသဘောတရားသစ်များကို လူကြိုက်များလာစေရန် ပညာပေး စည်းရုံးမှုများကို တွင်ကျယ်စွာ လုပ်ဆောင်သွားရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ ပိုမို တည်တံ့ ခိုင်မြဲသော စီးပွားရေးစနစ်သစ်ကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ထောက်ပြကာ ရိုးရာသဘာဝစိုက်ပျိုးရေးစနစ်၏ အားသာချက်များ၊ ဓာတုဗေဒဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအစား သဘာဝမြေဩဇာများကို အသုံးပြုခြင်း၏ ကောင်းကျိုးများကို ဖွင့်ပြပေးရန် လိုအပ်သည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများ၌အသုံးများလာသော သဘာဝစိုက်ပျိုးရေးနည်းပညာများ၊ ဒေသထွက် သဘာဝကုန်ပစ္စည်း သုံးစွဲမှုနှင့်၊ ဒေသန္တရစီးပွားရေးစနစ်တို့ကို သတင်းပြန်ကြားအသိပေးရမည်။ ဒိန်းမတ်နှင့် ကယ်လီဖိုးနီးယားပြည်နယ်များရှိ လေဖိအားသုံး လေရဟတ်စက်ရုံများ၊ အနောက်နိုင်ငံများ၌ အသုံးပြုနေသော ဓာတ်အပ်စိုက်ကုထုံး၊ ဓာတ်စာကျွေး၍ကုသနည်းနှင့် အခြား ရိုးရာသဘာဝဆေးမြစ်၊ ဆေးပစ္စည်းများ အသုံးချ၍ ကုသနည်းများကို ပြန်လည် ဆန်းသစ်စေရမည်။ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ လေထုနှင့် ရေထုညစ်ညမ်းမှုတားဆီးရေးကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းဆောင်ရွက်လာနေမှုများကို ဝါဒဖြန့်ပညာပေး ပြောကြားရမည်။

ရေရှည်မခံသော စီးပွားရေးဖွံ့ဖြိုးမှုနောက် စီးမျောလိုက်ပါနေသော လူထုကို အချိန်မီတားဆီးကြရန် လိုအပ်သည်။ ဘိုယဉ်ကျေးမှုတစ်ရပ် လျင်မြန်စွာ ပျံ့နှံ့နေခြင်းကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်ကြရန် လိုပြီး၊ ထိုသို့လုပ်ဆောင်ရာတွင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များသည် တန်ပြန်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရှေ့ဆောင်လမ်းပြများ ဖြစ်လာကြသည်။ ဂျာမနီနိုင်ငံတွင် (၁၀) နှစ်ကျော်နေထိုင်ခဲ့သော ရဝမ်ဒါနိုင်ငံသား *စယ်ကုယေဘီဇီမာနာ* ဆိုသူက "အဖြူရောင် နိဗ္ဗာန်၊ အာဖရိကန် ငရဲလော" ဟူသော စာအုပ်တွင် ဤသို့ ရေးသားဖော်ပြခဲ့သည်။

"အနောက်ဥရောပသို့ စတင်ခြေချခဲ့စဉ်က အနောက်တိုင်းနိုင်ငံများသည် ယခင်မျှော်မှန်းထားသည်ထက် ပို၍အထင်ကြီးစရာကောင်းခဲ့သည်။ အချိန်တိုတိုအတွင်း အမြန်ဆုံး ပြင်ဆင် စားသောက်နိုင်သော အစားအစာများ၊ အမြန်ယာဉ်များ၊ လွတ်လပ်မှု၊ သီးခြား ရပ်တည်မှုများကို ကျွန်ုပ် အလွန်နှစ်သက်ခဲ့သည်။ (၂) နှစ်ခန့်ကြာသောအခါမှ အနောက်တိုင်းသားတို့၏ ဘဝသဏ္ဌာန်ကို လက်တွေ့ ခံစားသိမြင်လာခဲ့သည်။ စင်စစ် သူတို့ဘဝတွင် အထီးကျန်ဆန်မှု၊ မပျော်ရွှင်မှု၊ မတရားမှု၊ ဖြုန်းတီးနေမှုတို့နှင့်သာ ပြည့်နေသည်ကို တွေ့လာရသည်။ အနောက်တိုင်းသားတို့၏ ဘဝအပေါ် အထင်ကြီးမက်မောစိတ်များ ဆိတ်သုဉ်းပျောက်ကွယ်သွားရသည်။ အနောက်တိုင်းတွင် မရှိသည့် အစဉ်အလာကောင်းများ မိမိ၏ယဉ်ကျေးမှုတွင် ရှိနေသေးကြောင်း သိမြင်လာခဲ့သည်။ ထိုသို့ အနောက်တိုင်းသားတို့၏ လူနေမှုဘဝကို ကိုယ်တိုင် တွေ့ကြုံလာရသောအခါ အာဖရိကတိုက်တွင် သွားရောက် ဖော်ဆောင်ပေးနေသော အနောက်တိုင်းသားတို့၏ ဖွံ့ဖြိုးရေးဆိုသည်မှာ အနှစ်သာရမဲ့ပြီး၊ လျော်ကန် သင့်မြတ်မှုမရှိကြောင်း သိလာခဲ့သည်။ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ပြည်တွင်းအင်အားစုကို အခြေခံသော လွတ်လပ်သည့် ပြည်တွင်း ကိုယ်ပိုင်စီးပွားရေးကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလာခဲ့သည်။"

မလေးရှားနိုင်ငံမှ တတိယကမ္ဘာ့နိုင်ငံ ကွန်ယက်အဖွဲ့ခေါင်းဆောင် *မာတင်ခိုး*၊ ကင်ညာနိုင်ငံမှ *ဓန်ဂါရီမာထိုင်*၊ အိန္ဒိယနိုင်ငံမှ *ဘန်ဒနာရှီဝ* နှင့် *အနီးလ်မအဂါရဝါလ်*၊ ဘာကီနဖာစိုနိုင်ငံမှ *ပီယယ်ရာဘီး* တို့သည်လည်း အလားတူ အတွေ့အကြုံ ခံစားချက်ရှိသူများ ဖြစ်ကြသည်။ တတိယကမ္ဘာမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေသူများအနေဖြင့် ဖွံ့ဖြိုးပြီး အနောက်နိုင်ငံများတွင် အချိန်အတိုင်းအတာတစ်ခုအထိ သွားရောက်နေထိုင်ကာ အနောက်နိုင်ငံမှ ဆိုးကျိုးအမှောင်ထုကြီးကို တွေ့မြင်ခံစားဖူးရန် အလွန်အရေးကြီးပေသည်။

တတိယကမ္ဘာ့နိုင်ငံများ၏ အခြေအနေများအပေါ် စာနာ နားလည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော အနောက်တိုင်းသားများသည်လည်းကောင်း၊ အနောက်တိုင်းသားဘဝ အတွေ့အကြုံရှိသူတိုင်း ဤပြန်လည် ထူထောင်ရေး (သို့) တန်ပြန် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အားတက်သရော ပါဝင်သင့်ကြသည်။ ကျွန်မတို့တစ်ဦးစီက အစိုးရနှင့် ပြည်ပထောက်ပံ့ရေးအဖွဲ့များအပေါ် ဖိအားပေးခြင်း၊ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ရပ်တည်နေသော အခြေခံအဖွဲ့အစည်းများကို ထောက်ခံအားပေးခြင်း၊ ဒေသအတွင်း မိမိတို့၏ ယဉ်ကျေးမှုကို ဝင်ရောက်တိုက်ဖျက်လာနေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တွန်းလှန်ရန် သတင်းအချက်အလက်များ စုဆောင်းတင်ပြခြင်းတို့ ပါဝင်လုပ်ဆောင်နိုင်ပါသည်။

တတိယကမ္ဘာ့နိုင်ငံများတွင် အနောက်တိုင်းသားများ မည်သို့မျှ ပါဝင်ပတ်သက်ခြင်းမရှိသင့်ဟု အများက ခံယူကြသည်။ သို့သော် အနောက်တိုင်း ယဉ်ကျေးမှုနှင့် လူနေမှုစနစ်ကို မိသားစုများက လက်ခံကျင့်သုံးနေကြပေရာ အနောက်တိုင်းသားများ တိုက်ရိုက် ပါဝင်ပတ်သက်စရာပင် မလိုအောင် ဥရောပအတွေးအခေါ်များက တစ်ကမ္ဘာလုံးကို လွှမ်းခြုံထားပြီးဖြစ်သည်။ အနောက်တိုင်းသားများသည် စက်မှုဖွံ့ဖြိုးပြီး လူ့အဖွဲ့အစည်း၏ အတွေ့အကြုံများကို ပိုင်ဆိုင်ထားကြရာ ထိုအတွေ့အကြုံများကို မဖွံ့ဖြိုးသေးသော ဒေသများသို့ လက်ဆင့်ကမ်း ပေးသင့်သည်။ သို့တည်းမဟုတ် တတိယကမ္ဘာ့နိုင်ငံများမှ မိခင်များသည် မိမိတို့ ရင်သွေးငယ်များအတွက် နို့မှုန့်ဖျော်ရန် မသန့်ရှင်းသော ရေများ အသုံးပြုနေကြောင်း ကြားရလျှင် ကိုယ်နှင့်မဆိုင်သလို ပုခုံးတွန့်ပြနေရုံဖြင့် ပြီးနိုင်ပါမည်လော။

ကိုယ်ချင်းစာတတ်ပါသည် ဆိုသော ပုဂ္ဂိုလ်များကပင် "သူတို့လည်း ဒါတွေ ရင်ဆိုင်ကျော်ဖြတ်ကြည့်ပြီးမှ သိလာကြပါစေပေါ့" ဟု ပြောဆိုသည်ကို ကြားဖူးပါသည်။ ၎င်းတို့က ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများကို ကလေးငယ်များသဖွယ် သဘောထားကြသည်။ ထိုသို့သဘောထားခြင်းဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးကို ဆက်လက်အားပေးရာရောက်ပြီး၊ မကျင့်သုံးသင့်သော နည်းစနစ်များအတွက် သယံဇာတကို ဖြုန်းတီးပစ်ရာ ရောက်ပေသည်။ ထိုသို့ ဖြည်းစမ်းနေစေဖို့ ကမ္ဘာကြီးတွင် သယံဇာတ အပိုအလျှံ မရှိပါ။

ယနေ့ ကြုံတွေ့နေရသော ရေရှည်ပြဿနာများကို စနစ်တကျ ဖြေရှင်းနိုင်ရန်အတွက် အမှန်တကယ် ထိရောက်သော တန်ပြန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အထူး



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်။ ကုန်ပစ္စည်းများကို စည်းကမ်းမဲ့ ဝယ်ယူသုံးဖြုန်းတတ်သော ဓလေ့ကို မစွန့်လွှတ်မချင်း ဆင်းရဲတွင်းနက်နေဦးမည်သာ ဖြစ်သည်။ လူမှုရေး သွေးကွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများလည်း အတားအဆီးမဲ့ ဆက်လက်တည်ရှိနေပေလိမ့်မည်။ တန်ပြန် ဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် စက်မှုအတတ်ပညာများ၏ တစ်လမ်းသွားသဘောကို တိုက်ဖျက်ဂဲဘ ကျွန်မတို့တွင်ရှိသော ဒေသန္တရ သယံဇာတ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုနည်းပညာများကို အစွမ်းကုန် အသုံးချကြရမည်ဖြစ်သည်။ ကွဲပြားသော သဘာဝပတ်ဝန်းကျင်နှင့်အတူ ယဉ်ကျေးမှုအမျိုးမျိုး ကွဲပြားကြောင်းကို လက်ခံနိုင်ရန် တွန်းအားပေးသင့်သည်။ အမှီအခိုကင်းသော စီးပွားရေးစနစ်ကို ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးက မဏ္ဍိုင်ပြု တည်ဆောက်သင့်ပါသည်။ အမျိုးသမီးတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသင့်သည်။

ကျွန်မတို့၏ လုပ်ဆောင်ချက်များသည် လူသားနှင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား လေးစားမှုအပေါ် အခြေခံထားပါက အမျိုးမျိုးသော ယဉ်ကျေးမှုများ ရှင်သန်အားကောင်းလာမည်သာ ဖြစ်သည်။ သို့သော် စက်မှုနှင့်အတတ်ပညာ အခြေခံစီးပွားရေးကို ဖြည့်ဆည်း ဆောင်ရွက်နေကြသောကြောင့် ယနေ့ ဒေသခံပြည်သူတို့နှင့် အလှမ်းကွာဝေးသော စီးပွားရေးနှင့် လူမှုရေးအနေအထားများက ပြည်သူလူထုအပေါ် တင်းကြပ်သော ဖိအားများ သက်ရောက်လာစေသည်။

တစ်ကမ္ဘာလုံး တစ်သဏ္ဍာန်တည်း ဖြစ်စေရန် ဟူသော ဆောင်ပုဒ်နှင့် ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ကမ္ဘာလုံးက ပြုပြင်ပြောင်းလဲရန် ဦးတည်နေသည်။ ကမ္ဘာတစ်ဝှမ်းရှိ ဒေသန္တရယဉ်ကျေးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပျောက်ကွယ်ရုံမက သဘာဝမျိုးကောင်းမျိုးသန့် ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်များပင် အမျိုးတိမ်ကောလျက်ရှိသည်။ ဤအခြေအနေအားလုံးကို ကျွန်မတို့က ပြန်လည် ညှိနှိုင်းပေးခြင်းဖြင့် ကမ္ဘာကြီးဟန်ချက်ညီညီ ရပ်တည်နေစေရန် ကြိုးပမ်းကြရပေမည်။ ဗဟိုချုပ်ကိုင်မှုစနစ်နှင့် တစ်လမ်းသွားစနစ်ကို ဖြေလျှော့ကာ တာရှည်ခံမည့် အလယ်အလတ် လမ်းစဉ်ကို ရွေးချယ် အကောင်အထည်ဖော်ကြရမည်။

စီးပွားရေးဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာ စီးပွားရေးအပေါ် မှီခိုမှုအမြစ်စွဲခိုင်မာနေပြီဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးအဆောက်အဦများကို ခွဲခြားဖြတ်တောက်ပစ်ရန် မလွယ်ကူပေ။ ပြည်ပသို့ ကော်ဖီနှင့် ဝါဂွမ်းထုတ်လုပ် တင်ပို့မှု



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများအား ယေဘုယျ ဗဟုသုတသဘောမျှ သင်ကြား ကျက်မှတ်စေခြင်းထက် မိမိပတ်ဝန်းကျင်မှ သဘာဝလောကကြီးနှင့် ကိုယ်တိုင် ထိတွေ့သိမြင်လာစေရန် သွန်သင်ပေးရမည်။ ထို့ကြောင့် တစ်ခုကောင်း ဦးတည်ချက်နှင့် မြို့ပြဆန်သော အနောက်တိုင်း ပညာရေးအစား လက်တွေ့လုပ်ဆောင် လေ့လာခွင့်ရှိသော ကျယ်ပြန့်သည့်အမြင်နှင့် ပညာရေးစနစ်ကို ပြန်လည်အစားထိုး ဖော်ထုတ်ပေးရမည်။ ထိုသို့ ဒေသန္တရအခြေပြု ပညာရပ်တွင် ဒေသပေါင်းစုံကို ခြုံငုံလေ့လာခြင်းနှင့်အတူ သက်ဆိုင်ရာ ဒေသများအား အထူးပြု လေ့လာခြင်းကို ထည့်သွင်းပြဋ္ဌာန်းသင့်သည်။ ဤနည်းအားဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ် ပေါ်ထွန်းခဲ့သော ရိုးရာအတတ်ပညာရပ်များကို ပြန်လည်ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။

ကျောင်းသင်ရိုးအားလုံးနှင့် ဒေသန္တရအသိပညာ အတတ်ပညာများကို အလေးပေး ပို့ချသင့်ပါသည်။ ဥရောပ ဗဟိုပြု ခေတ်မီသိပ္ပံပညာရပ်ကို ကျော်လွှားပြီး၊ ပြည်သူလူထုနှင့် နီးစပ် ဆက်နွယ်မှုရှိသော သုတေသနပြုခြင်းကို အားပေးသင့်သည်။ ဓာတ်ခွဲခန်းများတွင် မျိုးစေ့များနှင့် ဇီဝဖြစ်စဉ်များကို ခွဲခြမ်းစိတ်ဖြာခြင်းထက် သဘာဝပတ်ဝန်းကျင် ဒေသအသီးသီးရှိ ကွဲပြားသော ယဉ်ကျေးမှုများကို အခြေခံကာ သဘာဝနည်းပညာများကို လေ့လာဖော်ထုတ်ကြရမည်။ ဥပမာ- သိပ္ပံနည်းဖြင့် မျိုးစပ်ဖော်ထုတ်ထားသော မျိုးစေ့ဘဏ်များ ထိန်းသိမ်းလုပ်ဆောင်ခြင်းအစား ရွာသာခံလယ်သမားများတွင်ရှိသည့် သဘာဝရှားပါး မျိုးကောင်းမျိုးသန့်များကို တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းသင့်သည်။

တတိယကမ္ဘာ့နိုင်ငံသားအများစု၏ အဓိက အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ လူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ သို့သော် ယနေ့ လယ်သမားများ၏ လူနေမှုဘဝမှာ အလွန်နိမ့်ကျလာသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးထိပ်သီး အစည်းအဝေးများတွင် စိုက်ပျိုးရေးကဏ္ဍ ပြဿနာများကို တင်ပြသောအခါ အခြားကြီးမားသော ပြဿနာများကို ပို၍ ဦးစားပေးသင့်သည်ဟု ဆိုကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို သာမန် အရေးကိစ္စတစ်ရပ်မျှသာ သတ်မှတ်ထားကြသည်။ အကျိုးဆက်အားဖြင့် လယ်သမား လူတန်းစားများ ပပျောက်သွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဆင့်မြင့်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကာ အဆင့်မြှင့်တင်ပေးရန် လိုအပ်ပေသည်။ ဗဟိုဦးစီး စနစ်မဟုတ်သော ဒေသဖွံ့ဖြိုးရေးစနစ်အရ အသေးစား စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးပြီး၊ ဒေသအတွင်း စားနပ်ရိက္ခာ သီးနှံများ ပိုမိုထုတ်လုပ်စေခြင်းဖြင့် လယ်သမားများ၏ဘဝကို မြှင့်တင်ပေးနိုင်သည်။ ဈေးကွက်ဝင် နိုင်ငံခြားပို့ကုန်ကြမ်းသီးနှံများကို စိုက်ပျိုးထုတ်လုပ် ဝန်ဆောင်မှု အခွန်အခများနှင့် နိုင်ငံခြားဈေးကွက်သို့ အရှုံးခံ၍ တင်ပို့ရောင်းချရန် မလိုသောအခါ ဒေသန္တရ ရေမြေသဘာဝနှင့် ကိုက်ညီသော သီးနှံနှင့် စိုက်ပျိုးရေးနည်းစနစ်များကို ပိုမို ပံ့ပိုးနိုင်ခြင်းဖြင့် လယ်သမားများဘဝ တိုးတက်လာနိုင်သည်။ သို့မဟုတ် ဧရာမ စိုက်ခင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများ တပ်ဆင်အသုံးပြုရန် ရင်းနှီးစိုက်ထုတ်နေရလျှင် အသေးစား စိုက်ပျိုးရေးလုပ်ငန်းရှင်များဘဝ နစ်နာနိုင်ပါသည်။ ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စွန့်လွှတ်ကာ သဘာဝမြေဩဇာနှင့် နည်းပညာများကို ပြန်လည် အစားထိုးပေးသင့်သည်။

အဆိုပါ နည်းပညာပြောင်းလဲမှုများ နေရာအနှံ့အပြား၌ အကောင်အထည်ဖော်နှင့်ပြီးဖြစ်ရုံမက စိုက်ပျိုးထုတ်လုပ်သူများကလည်း ဝေးလံသော ဈေးကွက်များမှ စားသုံးသူနှင့် ပိုမိုနီးစပ်သော ပြည်တွင်းဈေးကွက်များသို့ ရွှေ့ပြောင်းလာကြသည်ကို တွေ့ရသည်။ ကမ္ဘာတစ်ဝှမ်းရှိ အဖွဲ့အစည်းများကလည်း ဒေသခံ တည်မြဲသော ရိုးရာစိုက်ပျိုးရေး နည်းစနစ်များကို အလေးပေး လက်ခံလာကြသည်။ အစိုးရများက ဇီဝဗေဒအခြေပြု စိုက်ပျိုးရေး၏ အရေးကြီးပုံကို အသိအမှတ်ပြုလာကြသော်လည်း ဒေသန္တရနှင့် ဒေသအတွင်းဖူလုံရေး စိုက်ပျိုးမှုကိုမူ ထောက်ပံ့အားပေးခြင်း မပြုကြချေ။ ၎င်းတို့က သိပ္ပံနှင့် စက်မှုနည်းပညာ အသုံးချစိုက်ပျိုးရေးကို စီးပွားရေးမက်လုံးပေးကာ အားပေးနေကြဆဲဖြစ်သည်။ သီးနှံ စိုက်ပျိုးသော အသေးစား စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုရေး စီမံကိန်းသည် ကျွန်ုပ်တို့နိုင်ငံများ၏ ဦးစားပေး လုပ်ငန်းများစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်စေရမည်။

ဗဟိုချုပ်ကိုင်မှု မရှိသော ဤဖွံ့ဖြိုးရေးအစီအစဉ်များတွင် အမျိုးသမီးထု၏ အခန်းကဏ္ဍကို ခိုင်ခံ့မြင့်မားစေခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုကို ပြန်လည် ညှိနှိုင်းပေးနိုင်ပေမည်။ စက်မှုအခြေခံ လူ့အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



တွင် သိပ္ပံပညာ၊ စက်မှုနည်းပညာနှင့် စီးပွားရေးကဏ္ဍများကို အမျိုးသားများက ချုပ်ကိုင်ခဲ့ကြသည်။ မြို့ပြစက်မှုလုပ်ငန်းတွင် အမျိုးသားများ ပါဝင်ခွင့်ရကြသည်။ လယ်ယာ စိုက်ပျိုးရေးတွင် စက်ကိရိယာများ ပိုမိုအသုံးချခြင်းကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှေးမှိန်လာခဲ့သည်။ ဒေသန္တရ အခြေပြုဖွံ့ဖြိုးရေးတွင်မူ အမျိုးသမီးထု၏ တောင်းဆိုချက်၊ ရပ်တည်ချက်နှင့် အခန်းကဏ္ဍများကို အလေးပေး လက်ခံကာ လူမှုရေးနှင့် စီးပွားရေးတွင် အမျိုးသမီးများ ပါဝင်ရောယှက်ခွင့် ရှိလာစေသည်။

ယနေ့ တတိယကမ္ဘာ့နိုင်ငံများတွင် မိသားစုများ စုစည်းညီညွတ်ဆဲရှိသည်။ လူကြီး၊ လူငယ်၊ ကလေးများအချင်းချင်း အပြန်အလှန် မှီခိုထောက်မမှု အားကောင်းဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီး အနောက်တိုင်းလူနေမှုစနစ်၏ ဖိအားပေးမှုကို ခံနေကြရသည့် ထိုလူ့အဖွဲ့အစည်းတွင် သွေးကွဲမှုများ ကြီးထွားလာနေသည်။ လူ့အဖွဲ့အစည်း မပြိုကွဲစေရန် လူသားအချင်းချင်း နှောင်ဖွဲ့ မှီခိုမှုကို အားပေးခြင်းဖြင့် ဒေသန္တရစီးပွားရေးစနစ်ကိုလည်း ထောက်မရာ ရောက်ပေသည်။ ဒေသန္တရစီးပွားရေးကို ပြန်လည် ရှင်သန်စေခြင်းဖြင့် ဒေသအသီးသီးမှ ကွဲပြားခြားနားသော ယဉ်ကျေးမှုများနှင့် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင် သည်။

သမားရိုးကျ ဖွံ့ဖြိုးရေးအတွေးအခေါ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဤဆင်ခြေသုံးသပ်ချက်များသည် လူသားထုကောင်းကျိုးအတွက် အခြေခံကျသော အတွေးအခေါ်ဖြစ်သည်။ ဘူလ်တန်ဘုရင် ပြောကြားခဲ့သည့်နည်းတူ နိုင်ငံတစ်နိုင်ငံ၏ သာယာဝပြောမှုဆိုသည်မှာ အမျိုးသားထုတ်ကုန်တန်ဖိုးနှင့် မဆိုင်ဘဲ၊ အမျိုးသားထု ကျန်းမာပျော်ရွှင်မှု၊ တိုင်းပြည် သာယာဝပြောမှုနှင့်သာ တိုင်းတာနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအမြင်တွင်မူ ပျက်စီးယိုယွင်းမှုများသည် သဘာဝဖြစ်စဉ်မဟုတ်ဘဲ၊ လူတို့ ချမှတ်ထားသော ပေါ်လစီ မူဝါဒသဘောများသာ ဖြစ်၍၊ ပြုပြင် ပြောင်းလဲယူနိုင်သော အရာများဖြစ်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲနိုင်မည့် နည်းလမ်းလည်း ရှိရမည်ဟု ကျွန်မ ယုံကြည်ခဲ့သည်။

ဘောဂဗေဒပညာရှင် *အီး၊ အက်ဖ်၊ ရှူးမေကာ* ရေးသားသော 'ငယ်သော် လှ၏' စာအုပ်ကို ဖတ်ရှုရသောအခါ ဖွံ့ဖြိုးရေးသည် အဖျက်သဘော မဆောင်ရ ဟူသော ကျွန်မ၏ခံယူချက် ပိုမို ခိုင်မာလာခဲ့သည်။ လာဒါတ်မှ ခေတ်မီသူအချို့က ဆောင်းရာသီတွင် မီးလှုံရန် ပြည်ပမှ တင်သွင်းသော ထင်းများနှင့် ကျောက်မီးသွေးကို ဝယ်ယူသုံးစွဲလာကြသည်။ ယခင်က နွားချေးခြောက်များကို အသုံးပြုခဲ့ရာမှ မီးသွေးကို အသုံးပြုလာခြင်းသည် အခြေအနေ တိုးတက်ကောင်းမွန်မှုကို ပုံဆောင်သော်လည်း နှစ်စဉ် ဝန်ဆောင်မှုစရိတ် မြင့်တက်လာခြင်းကြောင့် ထင်းနှင့် မီးသွေး ဈေးနှုန်းများ မတန်တဆ ကြီးမြင့်လာခဲ့သည်။ မိသားစု တစ်နိုင် စိုက်ပျိုးရေးကို မှီခိုနေသူများအဖို့ ဆောင်းရာသီ လောင်စာစရိတ် မတတ်နိုင်သောအခါ လေးမြို့ပေါ်ရှိ ငွေကြေးအဖိုးအခနှင့် အလုပ်လုပ် ဝင်ငွေရှာလာရသည်။ ကျေးလက်ဒေသမှ မြို့ပြသို့ လူများကို တွန်းပို့သော အကြောင်းတစ်ရပ်ပင် ဖြစ်တော့သည်။ မြို့ပြတွင် တစ်ခါသုံး သယံဇာတများကို ဝယ်ယူအသုံးပြုကာ ငွေကြေးဖောင်းပွမှုများသော စီးပွားရေးစနစ်ကို ခိုလှုံလာကြသည်။

ကျွန်မသည် လဒါခီရိုးရာ ယဉ်ကျေးမှုကို အခြေခံကာ ပြန်လည် အသုံးချနိုင်သော သဘာဝလောင်စာ စွမ်းအင် ထုတ်လုပ်သုံးစွဲရေး ပေါ်လစီ ရေးဆွဲရန် အတွက် ပြည်နယ်အစိုးရနှင့် အိန္ဒိယရှိ ဗဟိုအစိုးရထံသို့ စာရေးမေတ္တာရပ်ခံခဲ့သည်။ အိန္ဒိယစီမံကိန်းကော်မရှင်နှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးပြီးနောက် (၁၉၇၈) ခုနှစ်တွင် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းငယ်တစ်ခုကို သရုပ်ပြ ထူထောင်ခွင့်ရခဲ့သည်။ နှစ်စဉ် ရက် (၃၀၀) ကျော် နေရောင်ခြည်အပြည့်အဝ ရရှိသော လာဒါတ်တွင် လူနေအိမ်၌ အနွေးဓာတ်ပေးရန်သာ ရည်ရွယ်ခဲ့သော်လည်း နေမီးဖိုတစ်ခုနှင့် စိုက်ပျိုးရေးအတွက် ပျိုးခင်း မှန်လုံအိမ်တစ်လုံးပါ အောင်မြင်စွာ သရုပ်ပြနိုင်ခဲ့ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး အနွေးဓာတ်ပေးစနစ်ကို သရုပ်ဖော်ပေးခဲ့သူ ပြင်သစ်လူမျိုး အင်ဂျင်နီယာ *ထရွမ်ဘေး* ကို အစွဲပြု၍၊ နေစွမ်းအင်သုံး အပူပေး



www.burmeseclassic.com

www.burmeseclassic.com



စနစ်ကို 'ထရွမ်ဘေး' စနစ်ဟု အမည်ပေးထားသည်။ ထရွမ်ဘေးစနစ်မှာ နေရောင်ခြည် အဓိက ကျရောက်သော အိမ်၏ တောင်ဘက်နံရံကို အနက်ရောင်ဆေး သုတ်ကာ မှန်နှစ်ချပ်ကို ထပ်၍ တပ်ဆင်ထားသည်။ အိမ်ခေါင်မိုးနှင့် အခြားနံရံမှ အပူမစိမ့်ဝင်စေရန် ကောက်ရိုးများ ဖုံးအုပ်ထားရသည်။

ဤစနစ်သည် လာဒါတ်ဒေသရှိ နေအိမ်များနှင့် အထူးပင် သင့်လျော်ကြောင်း တွေ့ရသည်။ လဒါခီတို့ အသုံးပြုထားသော မြေအုတ်များမှာ အကောင်းဆုံး အပူစုပ်ပစ္စည်းများ ဖြစ်၍ ဆောင်းရာသီ၏ ဖျော့တော့သော နေရောင်ခြည်ကိုပင် ကောင်းစွာ စုပ်ယူ ထိန်းသိမ်းနိုင်ကြောင်း တွေ့ရသည်။ နွေရာသီ၌ ပူပြင်းသော နေရောင်ခြည်သည် မှန်နံရံကို မထိုးဖောက်နိုင်သောကြောင့် အိမ်ခန်းတစ်ခုလုံးကို အေးမြနေစေသည်။ ထရွမ်ဘေးစနစ်ကို တပ်ဆင်ရာတွင် ဒေါ်လာ သုံးရာ (ဗို တစ်ကောင်၏ တန်ဖိုး) ခန့် ကုန်ကျပြီး၊ လဒါခီတို့ စိုက်ပျိုးရာသီ နှစ်ခါလည်ရုံမျှဖြင့် ဖြည့်ဆည်းနိုင်သော ပမာဏဖြစ်သည်။ သို့မဟုတ် မီးသွေးနှင့် ထင်းကို အသုံးပြုလျှင် နှစ်စဉ် ထင်း၊ မီးသွေးဖိုး ပျမ်းမျှကုန်ကျငွေ ဒေါ်လာ (၂၀၀) ကျော် ကုန်ကျပေမည်။

ထရွမ်ဘေးစနစ်ကို စတင် အကောင်အထည်ဖော်စဉ်က လူအများ၏ ဝေဖန်မှုကို ခံခဲ့ရသည်။ *ဖွန်တ်ဆိုဂ်ဒါးဝါး* ဆိုသူက "မအစမ်းပါနဲ့ဗျာ၊ ခင်ဗျားအိမ်တံခါးဖွင့်လိုက်တာနဲ့ အပူဓာတ်တွေ ပြယ်သွားမှာပေါ့" ဟု သရော် လှောင်ပြောင်ခဲ့သည်။ တကယ်လည်း သူ့ရဲ့ထရွမ်ဘေးစနစ်ကို ဆင်တဲ့အချိန်မှာ ကောက်ရိုးနဲ့ လျှပ်ကာပစ္စည်း လုပ်တဲ့အပိုင်းက ပန်းရံဆရာတွေအတွက် ရယ်စရာတစ်ခု ဖြစ်ခဲ့သည်။ ဒါပေမယ့် အဲဒီအချိန်ကစပြီး နေရောင်ခြည်စွမ်းအင်သုံး အတတ်ပညာ နည်းစနစ်တွေကို လူအများ တစ်စတစ်စနဲ့ စိတ်ဝင်စားလာခဲ့ကြသည်။

လာဒါတ်သို့ စတင် ရောက်ရှိပြီးနောက် ဘာသာစကားကို ဦးစားပေး လေ့လာရင်း လဒါခီရိုးရာ ပုံပြင်များကို လှည့်လည် စုဆောင်းခဲ့သည်။ ထိုသို့ ဒေသခံပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် ကျွန်မသည် တန်ပြန် ဖွံ့ဖြိုးရေးကို လုပ်ဆောင်လာရတော့သည်။ လဒါခီဘာသာစကား နားလည်သူ အနောက်နိုင်ငံသားဖြစ်သော ကျွန်မအား ဒေသခံပြည်သူများက အနောက်တိုင်းသားတို့၏ ဘဝအကြောင်းကို စိတ်ဝင်တစား မေးမြန်းခဲ့ကြသည်။ အနောက်တိုင်းကို အလွန် အထင်ကြီးကြသော လူငယ်လူလတ်များက ၎င်းတို့၏ယဉ်ကျေးမှုကို သေးသိမ်သည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကာ ရှက်ရွံ့စွာ ပစ်ပယ်လာကြသည်။ ပြည်သူများကလည်း ၎င်းတို့၏လူနေမှု ဘဝကို ဆင်းရဲနိမ့်ကျသည်ဟု ထင်မြင်ခံယူလာကြသောကြောင့် အနောက်တိုင်းသား တို့၏ ဘဝအခြေအနေမှန်ကို ရှင်းပြရန်နှင့် လွဲမှားနေသော ထင်မြင်ယူဆချက်များ ကို ပြုပြင်ပေးရန် ကျွန်မတွင် တာဝန်ရှိသည်ဟု ခံယူလာမိပါသည်။

ရေဒီယို တွေ့ဆုံမေးမြန်းခန်းများအပြင် စကားဝိုင်းများတွင် လဒါခီတို့၏ လက်ရှိဘဝအခြေအနေကို အသိအမှတ်ပြုကာ ကျွန်မတို့အနောက်နိုင်ငံများအပေါ် အထင်ကြီးစိတ်ကို ချေဖျက်နိုင်ရန် ကျွန်မ ကြိုးစားခဲ့သည်။ ထို့နောက်တွင် လဒါခီ လူထုကြီးကို ပြဇာတ်များမှတစ်ဆင့် တန်ဖြန့်ဖွံ့ဖြိုးရေးသဘော ပညာပေးနိုင်ရန် စိတ်ကူးမိလာသည်။ အဘိဓာန် ပြုစုရာတွင် ကျွန်မကို ကူညီပေးသူ *ဂျဲလောင်ပါလ ဒါန်* နှင့် တွဲ၍ ပညာပေးပြဇာတ်များ စတင်ရေးသားခဲ့သည်။ ပထမဆုံး ရေးသား တင်ဆက်ခဲ့သော ပြဇာတ်ကို 'သင် မခုန်ခင် ရှေ့ကို အရင်ကြည့်ပါ၊ လာဒါတ်' ဟု အမည်ပေးပြီး၊ အောက်ပါအတိုင်း သရုပ်ဖော်ပြခဲ့သည်။

*ရစ်ဇင်* ဆိုသော လဒါခီလူငယ်တစ်ဦးသည် ၎င်း၏ မိရိုးဖလာယဉ်ကျေးမှု ကို ကျောခိုင်းလျက်၊ အနောက်တိုင်းသားဆန်ဆန် နေထိုင်ရန် လေ့ကျင့်နေတော့ သည်။ *ရစ်ဇင်* သည် ရိုးရာအစားအစာနှင့် ထောပတ်လက်ဖက်ရည်ကို မသောက် တော့ပါ။ မိဘများကို ခေတ်နောက်ကျလွန်းသည်ဟု လှောင်တတ်သည်။ သူသည် စီးကရက်ကို ရှိုက်ဖွာရင်း၊ မော်တော်ဆိုင်ကယ် တစ်စီးနှင့် တစ်မြို့လုံး လျှောက်လည် သည်။ သူ့ငယ်ချင်းများနှင့် စုရုံးကာ အနောက်တိုင်း တေးသီချင်းများ အသံကုန်ဖွင့် ၍ ဒစ္စကို ကရင်း အချိန်နှင့် ငွေကို သုံးဖြုန်းနေတတ်သည်။ သူသည် ဂျင်းဘောင်းဘီ ကို စတိုင်လ်ကျကျ ဝတ်ပြီး၊ နေကာမျက်မှန် တပ်၍ ဟန်လုပ်နေတတ်သည်။

တစ်နေ့သော် *ရစ်ဇင်* ၏ အဘိုးဖြစ်သူ မကျန်းမာ၍ ဆေးဆရာဝန် ခေါ် ရန် လိုအပ်လာသည်။ ထိုအခါ *ရစ်ဇင်* က အမေရိကန်မှ ပြန်လာခါစ ခေတ်ပညာ တတ် အနောက်တိုင်း ဆေးဆရာဝန်ကြီး တစ်ဦးကို သွားပင့်လာခဲ့သည်။ ထိုဆရာဝန် အား *ရစ်ဇင်* က အနောက်နိုင်ငံအကြောင်း မေးခွန်းများ အဆက်မပြတ် မေးတော့ သည်။ ဆရာဝန်ကလည်း စိတ်ပါလက်ပါ ပြန်လည် ပြောကြားပေးပါသည်။

"အမေရိကမှာ တကယ်ခေတ်မီ ချမ်းသာတဲ့ လူတွေက ကျောက်ဆုံနဲ့ ကြိတ်တဲ့ ဂျုံမှုန့်ကို သုံးထားတဲ့ ပေါင်မုန့်မျိုးပဲ စားကြတယ်ကွ၊ တို့ဆီက ပေါင်မုန့်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေ့၊ အဲဒီမုန့်တွေက ရိုးရိုး ပေါင်မုန့်အဖြူတွေထက် ဈေးပိုကြီးတယ်လေ၊ ပြီးတော့ ကွန်ကရစ်တိုက်မှာဆိုရင် ဆင်းရဲသား သာမန်လူတန်းစားတွေပဲ နေကြတယ်၊ တကယ် ချမ်းသာတဲ့ လူတွေကျ ငါတို့ဆီက အိမ်တွေလို သစ်တွေ၊ ဝါးတွေ၊ ရွှံ့တွေနဲ့ အိမ်ဆောက်နေကြတယ်၊ အဝတ်အစားဆိုရင်လည်း ရာနှုန်းပြည့် သဘာဝသိုးမွေး၊ ဝါဂွမ်းထည်စစ်စစ်လို့ အာမခံ တံဆိပ်ပါတဲ့ အဝတ်မှပဲ ဝတ်ကြတယ်၊ နိုင်လွန်တို့၊ ပိုလီယက်စတာ တို့ဆိုတာ အပေါစား ဆင်းရဲသားတွေအတွက်ပဲကွ၊ ငါတို့ ထင်တာနဲ့ များ တခြားစီပဲ၊ အမေရိကမှာ ခေတ်မီလာလေလေ၊ ငါတို့ ရိုးရာဘဝနဲ့ တူလာလေပဲ၊ ဒါ့ကြောင့် ငါ့ကိုတောင် လဒါခီဖြစ်တာ ကံကောင်းလိုက်တာလို့ ပြောကြတယ်ကွ" ဟု စိတ်ရှည်ရှည်နဲ့ ရှင်းပြသည်။

ဤပြဇာတ် ပြီးဆုံးသောအခါ အစိုးရ အုပ်ချုပ်ရေးအရာရှိ ဖွံ့ဖြိုးရေး ကော်မရှင်နာတစ်ဦးဖြစ်သော *ချေဝန်းဖန်ဆို* နှင့် ဒေသခံခေါင်းဆောင်များမှ တိုင်းရင်းသား ယဉ်ကျေးမှုကို လေးစားရန် အရေးကြီးကြောင်း မိန့်ခွန်းပြောကြားကြသည်။ ထိုအခမ်းအနားသို့ လေးမြို့မှ လဒါခီပရိသတ် (၅၀၀) ကျော် တက်ရောက်ကြည့်ရှုခဲ့ရာ အထူးအောင်မြင်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့ပင်ဖြစ်သော်လည်း အမျိုးမျိုးသော ဝေဖန် သုံးသပ်မှုများကို ကျွန်မတို့ ရင်ဆိုင်ခဲ့ရပါသည်။ ကျွန်မ၏မိတ်ဆွေရင်းဖြစ်သော *ဆိုနမ်ပါလ်ဂျို* ကပင် ကျွန်မကို ပုံကြီးချဲ့လွန်းသည်ဟု ဝေဖန်ခဲ့သည်။ နှစ်အနည်းငယ်ကြာသောအခါတွင်ကား သူမ၏သားသည် ပြဇာတ်ထဲမှ လူငယ်နှင့်မခြားဖြစ်ပျက်နေကြောင်း ဝမ်းနည်းစွာ ပြန်လည် ပြောပြခဲ့သည်။

လဒါခီဘာသာစကားကို တတ်ကျွမ်း နားလည်ပြီး၊ ၎င်းတို့၏စိတ်ဓာတ်နှင့် အတွေးအခေါ်များကို သဘောပေါက်လာသောအခါ ကျွန်မသည် လဒါခီလူ့အဖွဲ့ အစည်း၌ နေသားကျလာခဲ့သည်။ အနောက်တိုင်းဆန်လာသော လာဒါတ်၏ အခြေအနေကို သုံးသပ်နေရာမှ ကျွန်မတို့၏ အနောက်တိုင်းယဉ်ကျေးမှုကို တစ်ပါးသူ၏ အမြင်မှ ရှုမြင်တတ်ခဲ့သည်။ ထိုအခါ ကျွန်မတို့အနောက်တိုင်းမှ အလုံးအရင်းနှင့် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှု၊ လောင်စာစွမ်းအင် အသုံးကြမ်းမှုနှင့် လူမှုရေး ဖိအားများကို ဖြစ်ပေါ်စေသော လူမှုရေးစနစ်များ၏ မတရားပုံကို မျက်ဝါးထင်ထင် သိမြင်လာတော့သည်။ ထို့အပြင် လူသားများကို သွေးခွဲပေးသော အဆင့်မြင့် စက်မှု နည်းပညာ၏ အဖိုးအခကို ပထမဆုံးအကြိမ် သဘောပေါက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ကျွန်မသည် ဥရောပနှင့် မြောက်အမေရိကတိုက်များတွင် လှည့်လည်၍ ဟောကြားရင်း နှီးနှောဖလှယ်ပွဲများ၌ ပါဝင်ဆွေးနွေးခဲ့သည်။ ထိုအခါ ကျွန်မက လဒါခီတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လူနေမှုဘဝ၏ ညီညွတ်မျှတမှုရှိပုံကို ရှင်းပြခဲ့သည်။ ကျွန်မတို့ အနောက်နိုင်ငံများမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝင်ရောက်လာသောအခါ လဒါခီတို့၏ ညီညွတ်မျှတသော လူမှုရေးဘဝ ပျက်စီးရပုံကို တင်ပြခဲ့သည်။ တစ်နည်းအားဖြင့်လည်း ကျွန်မတို့ အနောက်တိုင်းသားများ ကြုံတွေ့နေရသော လူမှုရေးပြဿနာများ၏ အကြောင်းရင်းကို မီးမောင်းထိုး ပြနိုင်ခဲ့သည်။ အနောက်တိုင်းယဉ်ကျေးမှုနှင့် လုံးဝ ကွာခြားသော လူ့အဖွဲ့အစည်း၏ယဉ်ကျေးမှုကို ထင်ဟပ်ပြခြင်းဖြင့် အနောက်တိုင်းသားများအား လူသားဆန်ပြီး တည်မြဲခိုင်ခံ့သော လူနေမှုဘဝကို ထူထောင်ရန် လှုံ့ဆော်ပေးနိုင်လိမ့်မည်ဟု ကျွန်မ မျှော်လင့်မိပါသည်။

လာဒါတ်ဒေသနှင့် အနောက်နိုင်ငံများတွင် ကျွန်မ စတင် လုပ်ဆောင်ခဲ့သော လှုပ်ရှားမှုများသည် (၁၉၈၀) ပြည့်နှစ်သို့ ရောက်သောအခါ 'လာဒါတ်စီမံကိန်း' ဟုခေါ်သော နိုင်ငံတကာအဖွဲ့အစည်းငယ် တစ်ရပ် ဖြစ်တည်လာခဲ့သည်။ (၁၉၉၁) ခုနှစ်တွင်မူ 'ဂေဟဗေဒနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီး' အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့ကြီးက ဒေသန္တရပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို အခြေခံသော လူနေမှုဘဝကို ပြန်လည်ထူထောင်ရန် တိုက်တွန်းအားပေးသည်။ နိုင်ငံရေးနှင့် စီးပွားရေးဦးပိုင် (ဗဟိုဦးစီး) စနစ်ကို ဆန့်ကျင်ပြီး၊ နိုင်ငံတကာယဉ်ကျေးမှု ဖလှယ်ခြင်းဖြင့် စစ်မှန်သော အပြည်ပြည်ဆိုင်ရာ သဘောထားအမြင်များကို ရရှိစေရန် တွန်းအားပေး ဆောင်ရွက်သည်။ အလွန်ကျဉ်းမြောင်းသော တစ်ခုကောင်း ကျွမ်းကျင်မှုစနစ်မှ ကျယ်ပြန့်ပြီး၊ စနစ်ကျသော သဘောထား အမြင်များသို့ ပြောင်း လဲကာ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုကို တားဆီးနိုင်ရန် အပြန်အလှန် ဆက်ဆံရေးနှင့် ပတ်ဝန်းကျင်အပေါ် အလေးထား ဆောင်ရွက်သည်။

ကျွန်မတို့အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် သဘောထားများကို လူထုအတွင်း ပျံ့နှံ့စေရန် ဟောပြောပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ကျင်းပပေးခဲ့သည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ စွမ်းအင် ထုတ်လုပ်သုံးစွဲမှု၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများကို ဆန်းစစ်လေ့လာမှုများ ပြုလုပ်ထားသည့် ဗီဒီယိုခွေများ ပညာပေးစာစောင်များကို



www.burmeseclassic.com

www.burmeseclassic.com



အငယ်စား လျှပ်စစ်ဓာတ်အားပေး စက်ရုံကို ကိုယ်ထူကိုယ်ထ ဝိုင်းဝန်းတည်ဆောက်ကြသည်။

အယ်လ်၊ အီး၊ ဒီ၊ ဂျီ ၏ ဌာနချုပ်မှာ လေးမြို့အလယ်တွင် တည်ရှိသည်။ ထိုအဆောက်အဦကို (၁၉၈၄) ခုနှစ်တွင် ဘုန်းတော်ကြီး ရဟန်းမင်း ဒလိုင်းလားမား ကောင်းချီးပေးပြီးနောက် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ က ဖွင့်လှစ်ပေးခဲ့သည်။ ကျွန်မတို့ အဖွဲ့ကြီး၏ လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ လာဒါတ် အုပ်ချုပ်ရေးအရာရှိများ၊ နိုင်ငံခြားဧည့်သည်များအား အသိပေးလှုံ့ဆော်ခြင်းကို ဌာနချုပ်မှ တာဝန်ယူ လုပ်ဆောင်ပေးသည်။ လာရောက်ကြသော ဧည့်သည်များတွင် အစိုးရအရာရှိများ၊ သတင်းစာဆရာ၊ ကျောင်းဆရာ/မများ၊ ကမ္ဘာလှည့်ခရီးသည်များ ပါဝင်သည်။ သို့ဖြစ်၍ လဒါခီတို့သည် ကမ္ဘာလှည့်ခရီးသည်များနှင့် မျက်နှာချင်းဆိုင် ရင်ဘောင်တန်း စကားပြောနိုင်သည်။ ဤသို့ တွေ့ဆုံရခြင်းဖြင့် ယဉ်ကျေးမှုချင်း ဖလှယ်ခွင့် ရပြီး၊ အနောက်တိုင်းသားများအပေါ် လဒါခီတို့ အထင်ကြီး အားကိုးစိတ် ပြေပျောက်စေသည်။ တစ်ဘက်မှ အနောက်နိုင်ငံသားများသည်လည်း လဒါခီတို့၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုအပြင် ကျွန်မတို့လုပ်ငန်းအပေါ် လဒါခီတို့၏ တန်ဖိုးထားမှုကို တွေ့မြင်ခံစားနိုင်သည်။

ဌာနချုပ် အဆောက်အဦကို လဒါခီရိုးရာ ဗိသုကာလက်ရာများနှင့် မွမ်းမံထားသဖြင့် ရိုးရာယဉ်ကျေးမှုလက္ခဏာများမှာ ခေတ်နှင့်လျော်ညီကြောင်း သရုပ်ဖော်နေပေသည်။ အဆောက်အဦ၏ တစ်စိတ်တစ်ဒေသတွင် နေရောင်ခြည်စွမ်းအင်ဖြင့် အပူငွေ့ပေးထားသည်။ ခေါင်မိုးပေါ်ရှိ နေရောင်ခံအချပ်များမှတစ်ဆင့် အပူဓာတ်ကို စုပ်ယူပြီး၊ ရေအပူပေးစက်ကို လည်ပတ်စေသည်။ တစ်ဖန် လေရဟတ်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ကို အစိုးရမီးလိုင်း ပြတ်တောက်စေသောအခါ အစားထိုး လည်ပတ်ရန် ပြုပြင်ထားသည်။ ဌာနချုပ်ဝင်းအတွင်း နေရောင်ခြည်စွမ်းအင်သုံး ထမင်းအိုးများ၊ နေမီးဖိုနှင့် အခြောက်လှန်းစက်များ၊ စိုက်ခင်းသုံး မှန်စိမ်းအိမ်များကို စီတန်း ခင်းကျင်းသရုပ်ပြထားသည်။ ဒေသအတွင်း တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်သော ဤစက်ပစ္စည်းများ၏ တည်ဆောက်ပုံ၊ အသုံးပြုပုံနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ စက်ပစ္စည်းများတွင် စာဖြင့်လည်းကောင်း၊ သင်္ကေတများဖြင့်လည်းကောင်း ပူးတွဲဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ်ဝင်းအတွင်း၌ပင် နေမီးဖိုဖြင့် ချက်ပြုတ်သော အစားအစာများ ရောင်းချသည့် စားသောက်ဆိုင် ဖွင့်လှစ်ထားသည်။ ထို့အပြင် ဌာနချုပ်စာကြည့်ခန်းတွင်လည်း ကမ္ဘာအနှံ့အပြားမှ ဂေဟဗေဒပြဿနာများနှင့် ရေရှည်အသုံးခံသော ဖွံ့ဖြိုးရေးနည်းပညာဆိုင်ရာ စာအုပ်စာတမ်းများကို လေ့လာနိုင်ရန် စိတ်ဝင်စားဖွယ် စီစဉ်ထားရှိသည်။ ဌာနချုပ်တွင် ကိုယ်ပိုင်နည်းပညာများကို တီထွင် ထုတ်လုပ်သော အလုပ်ရုံများ ထားရှိပြီး၊ ရွာသူရွာသားများအတွက် သင်တန်းများ ပို့ချပေးသည်။

ဒေသန္တရ အမှီအခိုကင်းမှုကို ထောက်မရန်နှင့် ရွာသားများ လယ်ယာမြေ စွန့်ခွာမှုကို တားဆီးနိုင်ရန် ရည်ရွယ်၍ (၁၉၈၉) ခုနှစ်တွင် လက်မှုပညာအစီအစဉ်ကို စတင်ခဲ့သည်။ ဆောင်းရာသီ လယ်ယာအလုပ်ခွင်ပါးချိန်၌ လက်မှုအထည်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် မိသားစုအတွက် ဝင်ငွေရှာနိုင်ပြီး၊ မိမိတို့ မြေယာအား စွန့်ခွာကာ မြို့ပေါ်တွင် အကျပ်အတည်းနှင့် ရင်ဆိုင်ရခြင်းမှ ကင်းလွတ်စေသည်။ လာဒါတ်သို့ နှစ်စဉ် လာရောက်ကြသော တစ်သောင်းငါးထောင်ခန့်သော ကမ္ဘာလှည့်ခရီးသည်များသည် လာဒါတ်ဒေသထွက်မဟုတ်သော၊ လဒါခီ ရိုးရာလက်ရာမဟုတ်သော ပစ္စည်းများကိုသာ အမှတ်တရ ဝယ်ယူသွားခဲ့ကြသည်။ ယခုမူ ဌာနချုပ်သို့ လာရောက်လည်ပတ်သူများသည် အလုပ်ရုံထဲက အပ်ချုပ်ခြင်း၊ ဇာထိုး ပန်းထိုးခြင်းနှင့် ပန်းချီဆွဲခြင်း၊ လူငယ်များအား သိုးမွေးဝတ်ရုံ၊ သက်နှင့် အထည်များ ယက်လုပ်နည်း သင်ကြားပို့ချပုံတို့ကိုလည်းကောင်း၊ အလုပ်ရုံ အပြင်ဘက်ရှိ ယက်ကန်းသမား၊ ငွေပန်းတိမ်၊ ရွှေပန်းတိမ်နှင့် ပန်းပုလက်ရာ ထုဆစ်ပုံများကို လေ့လာနိုင်ပေသည်။

ကျွန်မတို့လုပ်ငန်းနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်အနေဖြင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရေဒီယိုထုတ်လွှင့်မှုများ၊ စာစောင်များကို ပုံမှန်ထုတ်ဝေပေးခြင်းတို့ ပါဝင်သည်။ လာဒါတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာစောင်များ ပထမဆုံး ထုတ်ဝေနိုင်ခဲ့သည်။ ဟောပြောပွဲနှင့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လူထုစည်းဝေးပွဲများကို အဖွဲ့ကြီး၏ ပင်မလုပ်ငန်းအဖြစ် လုပ်ဆောင်ကြသည်။ ကမ္ဘာ့စက်မှုထွန်းကားသော နိုင်ငံများမှ အတွေ့အကြုံများကို လဒါခီတို့အား အသိပေးနိုင်ရန်အတွက် (၁၉၈၆) ခုနှစ်နှင့် (၁၉၈၉) ခုနှစ်များတွင် နိုင်ငံတကာ ကွန့်ဖရင့်များ စီစဉ်ကျင်းပပေးခဲ့သည်။ ရွာသားအနည်းငယ် စုစည်း၍ မှန်စိမ်းအိမ် အသုံးပြုနည်း သင်ကြားပြသပေးခြင်း၊ ဒေသတစ်ခုလုံးရှိ လယ်သမား



www.burmeseclassic.com

www.burmeseclassic.com



များ စုရုံး၍ အနာဂတ် စိုက်ပျိုးရေးလုပ်ငန်း အခြေအနေများကို ဆွေးနွေးညှိနှိုင်းခြင်းများကိုလည်း ဦးဆောင် စီစဉ်ပေးနိုင်ခဲ့သည်။ ဘာသာရေးပဋိပက္ခဖြစ်ခြင်းကို ရှောင်ရှားရန်အတွက် ဗုဒ္ဓဘာသာနှင့် မွတ်စလင် ဘာသာရေးခေါင်းဆောင်များ၏ နှီးနှောဖလှယ်ပွဲကို ကျွန်မတို့အဖွဲ့ကြီးမှ တာဝန်ယူ ကျင်းပခဲ့သည်။ လဒါခီအမျိုးသမီးများအား လက်မှုပညာ၊ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ ဟောပြော ပို့ချခြင်း၊ မုန့်ဖုတ်ရာတွင် မီးခံပြားအသုံးပြုခြင်း၏ အန္တရာယ်တို့ကို ရှင်းလင်းပြောကြား ပြသခြင်းနှင့် ပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ပဈေးကွက်အတွက် သီးနှံများ စိုက်ပျိုးလာခြင်း၊ ပြည်ပမှ စားနပ်ရိက္ခာများ တင်သွင်းလာခြင်းကြောင့် ပြည်တွင်းရှိ ရိုးရာစီးပွားရေး အခြေခံအုတ်မြစ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ မှေးမှိန်စ ပြုလာပါသည်။ ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု၊ ရွာသားများက လယ်ယာမြေများကို စွန့်ခွာသွားမှုတို့ကြောင့်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ခြိမ်းခြောက်လျက်ရှိသည်။ လဒါခီလူမျိုးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ရှေးကျသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် သတ်မှတ်ကာ စိုက်ပျိုးရေးသမားများသည်လည်း မြေဆီလွှာခန်းခြောက်မှုနှင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသော ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို သုံးစွဲနေကြသည်။

ထို့ကြောင့် စိုက်ပျိုးရေးတွင် သဘာဝဇီဝပစ္စည်း သုံးစွဲမှုကို ကမ္ဘာက ပြန်လည် ထောက်ခံအားပေးနေကြောင်း ကျွန်မတို့၏ အလုပ်အစည်းအဝေးများ၊ စာစောင်များမှတစ်ဆင့် ရှင်းလင်းပြသကာ လာဒါတ်လယ်ယာစိုက်ပျိုးရေးကို ပြန်လည်ထူထောင် မြှင့်တင်ပေးရန် ကြိုးစားခဲ့သည်။ ကျေးလက်ဒေသ စကားဝိုင်းများတွင် ရွာသားများက တက်ကြွစွာ ပါဝင်ဆွေးနွေးလေ့ရှိကြသည်။ ဥပမာ- တက်တီကျေးရွာမှ လယ်ယာစိုက်ပျိုးရေး နှီးနှောဖလှယ်ပွဲတစ်ခုတွင် လဒါခီလူငယ်များသည် ရိုးရာစိုက်ပျိုးရေးစနစ်များကို နားမလည်ကြ၊ မလိုလားကြကြောင်း အဆိုကို လူငယ်တစ်ဦးက ကန့်ကွက်ငြင်းဆိုခဲ့သည်။ ထိုအခါ အဘိုးအိုတစ်ဦးက ဤသို့ ချေပ ပြောကြားခဲ့သည်။

"ဒီနေ့ လူငယ်တွေကို မြင်းကုန်းနှီး တပ်ခိုင်းရင် တစ်ခါတည်း ပြောင်းပြန် တပ်လိုက်ရော၊ ဇိုတစ်ရှဉ်းကို လှည်းမှာ တပ်ခိုင်းကြည့်ပါလား၊ ကြောက်ပြီးပွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားလိမ့်မယ်၊ သူတို့တွေက ဈေးကြီးတဲ့ ကြက်ပေါင်ဖိနပ်တွေ စီး၊ တောင်ကြား တောင်ထိပ် ခရီးသွားရင်း ဖိနပ်ပြတ်ရော၊ ကျုပ်တို့က ကိုယ်တိုင်ချုပ်တဲ့ ဖိနပ်တွေ စီးတယ်ဗျာ၊ မတော်လို့ ပြတ်သွားရင် ကိုယ့်မှာ အပ်နဲ့ အပ်ချည်က အဆင်သင့် ကောက်ချုပ်လိုက်ရုံပဲ၊ ကျုပ်တို့က ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဒေသပတ်ဝန်းကျင် မှာရှိတဲ့ အရာမှန်သမျှကို အသုံးချကြတယ်၊ ဒါကိုပဲ ဂေဟဗေဒ (ပတ်ဝန်းကျင် ထိန်းသိမ်းမှု) လို့ခေါ်ကြတာပဲမဟုတ်လား" ဟု အဆုံးတွင် အယ်လ်အီးဒီဂျီ (LEDeG) အမှုထမ်းဘက်သို့ မေးငေါ့ပြောလိုက်လေသည်။

(၁၉၈၈) ခုနှစ်တွင် လဒါခီကျောင်းသားများ ယဉ်ကျေးမှုနှင့် ပညာရေး လှုပ်ရှားမှုအသင်း (SECMOL) တစ်ခု ပေါ်ပေါက်လာသည်။ အယ်လ်အီးဒီဂျီသည် အဆိုပါ စက်မိုလ်အသင်းနှင့် ပူးပေါင်းလုပ်ငန်းစဉ်များကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ သည်။ စက်မိုလ်အသင်းက လူငယ်များအကြား လှုပ်ရှားစည်းရုံးကာ ပညာရေးစနစ် သစ်များ၊ လေ့လာမှုပုံစံသစ်များကို ရှာဖွေဖော်ထုတ်ပေးသည်။ ကျွန်မတို့အဖွဲ့သည် စမိုလ်အသင်းခေါင်းဆောင်များကို အိန္ဒိယနှင့် ဥရောပမှ အလားတူ အဖွဲ့များ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပေးခြင်း၊ စက်မိုလ်နှင့် အယ်လ်အီးဒီဂျီအဖွဲ့ဝင်များ ပူးပေါင်း၍ လေ့လာရေးခရီးစဉ်များ ရှာဖွေစီစဉ်ပေးခဲ့ပါသည်။ ဤနည်းဖြင့် စက်မှုဖွံ့ဖြိုးသော ဒေသများမှ ပြဿနာများနှင့် အကျိုးသက်ရောက်မှုများကို ၎င်းတို့ကိုယ်တိုင် လေ့လာ နိုင်စေခဲ့သည်။

ဤလုပ်ငန်းစဉ်များတွင် လွယ်ကူချောမွေ့မှုမရှိလှသော်လည်း နှစ်အနည်း ငယ်အတွင်း တိုးတက်မှုအရိပ်အရောင်များကို တွေ့ရှိလာရသည်။ စစ်ရေး မဟာ ဗျူဟာအရ အချက်အချာကျသော လာဒါတ်တွင် သာမန်အားဖြင့် နိုင်ငံခြားသားများ ကို နေထိုင်အလုပ်လုပ်ကိုင်ခွင့် မပြုပါ။ လာဒါတ်သို့ ကျွန်မ ဒုတိယအကြိမ် ရောက် ရှိသွားသောအခါတွင် ဟိန္ဒူစတန်တိုင်းမ်စ် သတင်းစာက ကျွန်မနှင့်ပတ်သက်သော ဆောင်းပါးတစ်ပုဒ်ကို ဖော်ပြခဲ့သည်။ အဆိုပါ ဆောင်းပါးတွင် ကျွန်မသည် လဒါခီ ဘာသာစကားကို ကာလတိုအတွင်း တတ်မြောက်အောင် လေ့လာနိုင်ခဲ့သော အမျိုး သမီးအဖြစ် ဖော်ပြပြီးနောက် ကျွန်မအပေါ် သံသယဖြစ်ဖွယ် စကားများဖြင့် စွပ်စွဲ ရေးသားထားသည်။ ကျွန်မသည် အစိုးရအထက်တန်း ပုဂ္ဂိုလ်များ၊ ပြည်နယ် ဘုရင် ခံ၊ ဝန်ခံချုပ်ကြီးများနှင့် ရင်းနှီးမှုရှိရုံမက ၎င်းတို့၏ ထောက်ခံချက်အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com



ရရှိခဲ့သော်လည်း ထောက်လှမ်းရေးသမားများကမူ ကျွန်မကို လာဒါတ်ဒေသမှ အရေးကြီး သတင်းအချက်အလက်များကို စုဆောင်းနေသော စီအိုင်အေအဖွဲ့ သူလျှို တစ်ဦးအဖြစ် သံသယရှိခဲ့ကြသည်။

(၁၉၈၉) ခုနှစ်တွင် ဖြစ်ပွားခဲ့သော မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့ အကြား အကြမ်းဖက်မှုတွင် ကျွန်မက ပါဝင် သွေးထိုးလှုံ့ဆော်ခဲ့သည်ဟူသော စွပ်စွဲချက် များ ပေါ်ထွက်လာသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် တခြား ခေတ်မီစီးပွား ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လာသော လူငယ်လူလတ်ပိုင်း လဒါခီတို့က ကျွန်မတို့၏လုပ်ဆောင်ချက်များကို သံသယဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ခေတ်မီ သော အရာများကိုသာ စွဲလမ်းနှစ်သက်ကြပြီး၊ ကျွန်မတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းများကို သဘောမပေါက်ကြချေ။ ကျွန်မတို့အနေဖြင့် ကျေးလက်ဒေသမှ လယ်သမား ဆင်းရဲသားတို့ဘဝကို ချက်ချင်း အကျိုးရှိစေမည့် ခေတ်မီဖွံ့ဖြိုးရေးကို အားပေးသင့်သည်ဟု ယူဆကြသည်။

လုပ်ငန်းသဘောအရလည်း ကျွန်မတို့၏ ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးလုပ်ငန်း ကို အကောင်အထည်ဖော်ရန် မလွယ်ကူပါ။ တန်ပြန် ခြားနားသော ဖွံ့ဖြိုးရေးလမ်း စဉ်ကို အကောင်အထည်ဖော်ရာတွင် စံနမူနာနှင့် အတုယူစရာ နည်းစနစ်များ မရှိခဲ့ပါ။ ကျွန်မတို့၏ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဖြေရှင်းရန် ခက်ခဲသော မေးခွန်း များစွာကို ရင်ဆိုင်ခဲ့ကြရသည်။ ဥပမာ- တန်ပြန်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကောင်းကျိုး ထက် ဆိုးကျိုး ပိုများမည်လော။ လာဒါတ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုံးဝ စွန့်လွှတ်လိုက်လျှင် ပိုမို သာယာဝပြောနိုင်မည်လော။ ဒေသဖွံ့ဖြိုးရေးဆိုသည်ကို ပြင်ပအင်အားစု မပါဘဲ လဒါခီတို့ဘာသာ ကိုယ်ထူကိုယ်ထ လုပ်ကိုင်ရမည်လော။ ဖွံ့ဖြိုးရေးလုပ်ငန်း၏ စိန်ခေါ်ချက်များကို ရင်ဆိုင်တုံ့ပြန်ရာတွင် မိမိတို့ ရိုးရာ ယဉ်ကျေးမှုကို ထိခိုက်ခြင်းမှ မည်သို့ ကာကွယ်နိုင်မည်နည်းဟူသော မေးခွန်းများ ဖြစ်သည်။

အနောက်တိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးစနစ်သည် လဒါခီတို့၏ စီးပွား ရေး၊ လူမှုရေး၊ စိတ်ဓာတ်ရေးရာတွင် အနှစ် (၂၀) ကျော် လွှမ်းမိုးချုပ်ကိုင်ထားခဲ့ သည်ကို ဆင်ခြင်၍ အထက်ပါပုစ္ဆာများအတွက် အဖြေထုတ်ကြရမည်ဖြစ်သည်။ အနောက်တိုင်း စီးပွားရေးစနစ်သည် ကမ္ဘာတစ်ဝှမ်းရှိ စက်မှုဖွံ့ဖြိုးဆဲနိုင်ငံများတွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ဖွံ့ဖြိုးရေးနှင့် အမျိုးသားရေးလက္ခဏာများကို မွေးမြူစေခဲ့သည်။

လက်တွေ့အခြေအနေတွင် ပြဿနာများ၏ အဖြေသည် တစ်ခုနှင့်တစ်ခု ငြိစွန်းနေပြီး အလွန်ရှုပ်ထွေးနေပေသည်။ ကျွန်မတို့လုပ်ငန်းခွင်တွင် ဖြေရှင်းရန် ခက်ခဲသော လုပ်ငန်းပြဿနာများ ဆက်စပ်ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ဥပမာ ကျွန်မတို့က ကိုယ်ထူကိုယ်ထ ဘဝကို အားပေးသော်လည်း၊ လဒါခီတို့အား ပြည်တွင်း ပြည်ပမှ နိုင်ငံခြားသားများနှင့် ထိတွေ့စေခြင်း၊ အယ်လ်အီးဒီဂျီနှင့် စက်မိုလ်အသင်း သားများအတွက် လေ့လာရေးခရီးများ စေလွှတ်ခြင်းတို့ဖြင့် အနောက်တိုင်းအပေါ် ယထာဘူတကျသော အမြင် ရရှိအောင် ဖန်တီးပေးကြသည်။

ဇဟိုချုပ်ကိုင်မှုကို တိုက်ဖျက်နေသော ကျွန်မတို့ လာဒါတ်စီမံကိန်း၏ဌာန ချုပ်ကိုလည်း လေးမြို့၌ အခြေချ သတ်မှတ်ထားရှိခဲ့သည်။ အကြောင်းမှာ လေးမြို့ သည် လူမှုရေးနှင့် နိုင်ငံရေးအရ အချက်အချာကျပြီး၊ လာဒါတ်ဒေသတစ်ခုလုံး အတွက် စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရာ နေရာလည်း ဖြစ်ပေသည်။ ကျွန်မတို့၏ ရန်ပုံငွေအကန့်အသတ် ရှိနေသောကြောင့် ကျေးလက်အများစုကို လက်လှမ်းမီနိုင် သော လေးမြို့၌ ဌာနချုပ်ရုံးခန်း အခြေစိုက်ရာ နေရာအဖြစ် ရွေးချယ်ခဲ့ကြသည်။

နေရောင်ခြည်စွမ်းအင်သုံး အပူပေးစက်နှင့် နေမီးဖိုများက လူနေမှုအဆင့် အတန်းကို မြင့်မားစေပါသည်။ သို့သော် ဤစနစ်ကို ကျွန်မကဲ့သို့သော အနောက် တိုင်းသား (နိုင်ငံခြားသား) များကို လာရောက် သင်ကြားပြသပေးခြင်းမျိုး မဖြစ်သင့် ပါ။ ကျွန်မတို့အနောက်တိုင်းမှ တင်သွင်းလိုက်သော ရေနံနှင့် မီးသွေးမီးဖိုများကို အသုံးပြုခြင်းက လဒါခီတို့၏ စိတ်ဓာတ်နှင့် အကျင့်ဓလေ့များကို ပြောင်းလဲစေခဲ့ပြီး ဖြစ်သည်။ လူတိုင်း၌ ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိသည့်အလျောက် လဒါခီပြည်သူတို့အား နည်းပညာများ ပြသပေးပြီး၊ စိတ်ကြိုက် ရွေးချယ်စေသင့်သည်ဟု ကျွန်မ ခံယူပါ သည်။ လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် မိမိတို့၏ရိုးရာယဉ်ကျေးမှုကို စွန့်ပစ်ရန် မလိုပါ။

ကျွန်မတို့၏ လုပ်ငန်းအတွေ့အကြုံများအရ သရုပ်ပြခြင်းအားဖြင့်သာ လုံလောက်သေးကြောင်း တွေ့ရသည်။ လက်တွေ့ကျင့်သုံးနိုင်ရန် အားပေး ထောက်မ ပေးရသည်။ အစိုးရ၏ ငွေကြေးအရင်းအနှီးများကို ပြည်ပမှ လောင်စာစွမ်းအင် အပေါ် မှီခိုသော စက်မှုလုပ်ငန်းကြီးများ၌ မထည့်ဝင်စေဘဲ၊ အကြိမ်ကြိမ် အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော စွမ်းအင်ကို အခြေခံသည့် သီးခြား စက်မှုနည်းပညာရပ်များ ဖော်ထုတ်လုပ်ကိုင်ရာ၌ ထည့်ဝင် ရင်းနှီးရန် တိုက်တွန်းသင့်ပေသည်။

ကျွန်ုပ်တို့၏ ပြဿနာဖြေရှင်းချက်၊ ညှိနှိုင်း ဆောင်ရွက်ချက်များတွင်လည်း ပြဿနာနှင့် အားနည်းချက်များ ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များနှင့် လက်တွေ့လုပ်ဆောင်ချက်များ လုံးဝ ကွာခြားသည့်အခြေအနေများလည်း ရှိခဲ့ပါသည်။ သို့သော် အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လျှင် ကျွန်ုပ်တို့၏ ဦးတည်ချက်နှင့် လုပ်ဆောင်ချက်များမှ အောင်မြင်မှုအသီးအပွင့်ကို ခံစားနေရပြီဖြစ်ကြောင်း အားတက်သဖွယ် တွေ့ရသည်။ စစ်မှန်ခိုင်ခံ့သော ဖွံ့ဖြိုးရေးသည် သဘာဝပတ်ဝန်းကျင်အပေါ် မူတည်ကြောင်းနှင့် လူသားများ မိမိကိုယ်ကို တန်ဖိုးထားလေးစား၍ ကိုယ်တိုင်စွမ်းဆောင်မှုအပေါ် အခြေခံသင့်ကြောင်း လဒါခီတို့အား အသိပေး လှုံ့ဆော်နိုင်ခဲ့သည်။

ယခုအခါ လာဒါတ်တွင် ဂေဟဗေဒ (ပတ်ဝန်းကျင် ထိန်းသိမ်းရေး) နှင့် နေရောင်ခြည်စွမ်းအင် ဟူသော ဝေါဟာရကို နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးလာကြသည်။ လာဒါတ်၏ ပတ်ဝန်းကျင်နှင့် အနာဂတ်ကောင်းစားရေးကို ဦးစားပေးရန် အသိတရားရှိသူများ တိုးတက်များပြားလာသည်။ လာဒါတ်မှ အကျော်ကြားဆုံး ဥယျာဉ်စိုက်ပျိုးရေး ပညာရှင် *စေဝမ်ရစ်ဇင်လာ၅တ်ခ်* ဆိုသူက ရှေးဟောင်းသဘာဝဇီဝ စိုက်ပျိုးနည်းစနစ်ကို ပြန်လည်အသက်သွင်းပေးခဲ့သည်။ ထိုသို့ စိုက်ပျိုးလုပ်ကိုင်ရာတွင် အမြတ်အစွန်း နည်းသော်လည်း ဤနည်းကိုသာ စွဲမြဲကျင့်သုံးခဲ့သည်။ *ဆိုနမ်အန်ချုတ်* နှင့် *ဆိုနမ်ဒေါ်ဂျေး* တို့သည် အစိုးရရာထူးကြီးများကို ကျောခိုင်းကာ စက်မှိုလ်အသင်း၏ အချိန်ပြည့်အမှုထမ်းများအဖြစ် ပြောင်းလဲ လုပ်ကိုင်လာကြသည်။ ထိုသို့ ကိုယ်ကျိုးစွန့်ကာ လုပ်ငန်းခွင်တွင် ဇောက်ချလုပ်ကိုင်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် လူငယ်များစွာ ပါဝင်လာစေရန် စိန်ခေါ် လှုံ့ဆော်ပေးခဲ့သည်။ ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်သရေရှိသူ ရာထူးကြီးကို ပိုင်ဆိုင်ခဲ့သော *ဆိုမန်ဒါးဝါး* သည် အသက်မပြည့်မီ အလုပ်မှ အငြိမ်းစားယူကာ အယ်လ်အီးဒီဂျီအဖွဲ့၏ ညွှန်ကြားရေးမှူး တာဝန်ကို လက်ခံဆောင်ရွက်ပေးခဲ့သည်။

လာဒါတ်တွင် စီးပွားရေးအမှီအခိုကင်းသူ အများအပြားရှိနေဆဲဖြစ်သောကြောင့် သမားရိုးကျ ဖွံ့ဖြိုးရေး၏ အားနည်းချက်များကို လွှဲရှောင်နိုင်ပါသည်။ ကျွန်ုပ်မ



www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့ကြီး၏ လှုပ်ရှားမှုများက လဒါခီတို့အား အချိန်မီ နိုးကြားစေခဲ့သည်။ လဒါခီတို့က ဖွံ့ဖြိုးရေးဖြစ်စဉ်ကို အခြားရှုထောင့်များမှ သုံးသပ်လာကြသည်။ လဒါခီတို့၏ ရိုးရာယဉ်ကျေးမှု အောင်ပွဲနှင့် ဂေဟဗေဒ (ပတ်ဝန်းကျင်ထိန်းသိမ်းရေး) ဖွံ့ဖြိုးမှု၏ ရလဒ်အဖြစ် လာဒါတ်ကို ကမ္ဘာက ရှုမြင်သည်။ လာဒါတ်၏ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်းသည် ကျွန်မတို့ ကမ္ဘာလူသားများအတွက် တည်တံ့ခိုင်မြဲသော အနာဂတ်လူ့ဘောင်၏ အခြေခံအုတ်မြစ်ကို မီးမောင်းထိုး ညွှန်ပြလိုက်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

# ရှေးမှုမပျက်ခေတ်သစ်လှူဘောင်

မျက်မှောက်ခေတ် အနောက်တိုင်းလူ့အဖွဲ့အစည်းသည် သိသာ ခြားနားသော ဦးတည်ချက်နှစ်ဘက်ဆီသို့ ရွေ့လျားသွားနေသည်ဟု ကျွန်မ သုံးသပ်မိပါသည်။ ပင်မယဉ်ကျေးမှုရေစီးကြောင်းတွင် အစိုးရနှင့် စက်မှုလုပ်ငန်းရှင်များက စီးပွားရေး၊ စက်မှုနှင့် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝသယံဇာတများကို ဖြုန်းတီးကာ လူတို့၏အခြေခံလိုအပ်ချက်ကို မျက်ကွယ်ပြုလျက် ရွေ့လျားစီးဆင်းနေသည်။ အခြားရေစီးကြောင်းတွင်မူ အဖွဲ့အစည်းပေါင်းစုံက အတွေးအခေါ်ပေါင်းစုံနှင့် သက်ရှိနှင့်ပတ်ဝန်းကျင် အမှီသဟဲပြုမှုကို ယုံကြည်လျက် ရှေးဟောင်းအတွေးအခေါ်နှင့် လူနေမှုဘဝကို ပြန်လည် အသက်သွင်းနေပေသည်။

လက်ရှိ ကာလတွင် အဆိုပါ လှုံ့ဆော်မှုသည် အင်အားအလွန်နည်းသော်လည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယူဆချက်များကို ပြန်လည် သုံးသပ်လိုသူများ တိုးတက်များပြားလာသည်။ 'အစိမ်းရောင် ပါတီ' ခေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းကာ အဖွဲ့ဝင်ဦးရေ တိုးပွားလာသည်။ စီးပွားရေးဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပစ်နိုင်စွမ်းသည် စားသုံးသူတို့၏ လက်၌ ရှိကြောင်းကို စားသုံးသူများက သဘောပေါက်လာကြသည်။ နိုင်ငံတော်၏ အဓိကလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကြရန် အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ဖိအားပေးလာကြသည်။ စီးပွားရေးလုပ်ငန်းများ ကြော်ငြာရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ပိုမို သင့်မြတ်ကြောင်း ထည့်သွင်းဖော်ပြလာကြသည်။

ကျွန်မတို့သည် ယနေ့သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရန် ပွဲပြင်ထိန်းကွပ်နိုင်စွမ်းရှိပါသည်။ ဤအခြေအနေတွင် ကျွန်မတို့ ရင်ဆိုင်နေရသော ပြဿနာများကို အပေါ်ယံလွှာမျှ ဖြေရှင်းကုစားခြင်းထက် ပြဿနာ၏အရင်းအမြစ်ကို ဖော်ထုတ်ကာ အမြစ်ပြတ်အောင် သုတ်သင်ဖြေရှင်းရန် လိုအပ်သည်။ အပေါ်ယံ အမြင်အားဖြင့် သီးခြားဖြစ်ဟန်ရှိသော လူမျိုးရေးအကြမ်းဖက်မှု၊ လေထုညစ်ညမ်းမှု၊ မိသားစုပြိုကွဲမှု၊ တိုင်းရင်းသားလူနည်းစုများ၏ ယဉ်ကျေးမှု ပျက်စီးယိမ်းယိုင်မှုတို့ကို အတွင်းကျကျ လေ့လာသောအခါ ပြဿနာများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်း တွေ့ရသည်။ အဆိုပါပြဿနာများ၏ ကွင်းဆက်ဗဟိုချက်မကို လေ့လာသိရှိပြီး၊ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရမည်။ တစ်နည်းအားဖြင့် ပြဿနာများကို တစ်မျိုးချင်း ဖြေရှင်းခြင်းထက် ပြဿနာ၏သော့ချက်ကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။ ရှုပ်ထွေးနေသော ချည်ခင်ကို ဖြေလျှော့ရန် ချည်ခင်၏အစကို မှန်ကန်စွာ ရွေးချယ် ဆွဲထုတ်ယူခြင်းပင်ဖြစ်သည်။

သိပ္ပံနည်းပညာ၊ စက်မှုအတတ်ပညာနှင့် အမြင်ကျဉ်းမြောင်းသော တစ်ယူသန် စီးပွားရေးစနစ်တို့သည် အတိုင်းအတာတစ်ခုအထိ ကြီးမားစွာ နှောင်ဖွဲ့ထားပြီး တစ်ခုကောင်း ကျွမ်းကျင်မှုနှင့် ဗဟိုဦးစီး (ချုပ်ကိုင်မှု) စနစ်ကို ဖြစ်ပေါ်လာစေသည်။ စက်မှုတော်လှန်ရေးနှင့်အတူ၊ ကမ္ဘာ့စီးပွားရေးနှင့်အတူ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးအဆောက်အဦများ ကြီးမားကျယ်ပြန့်လာသော်လည်း လူတို့၏ တွေးခေါ်မြော်မြင်မှု အမြင် ကျဉ်းမြောင်းလာခဲ့သည်။ ဗဟိုဦးစီး (ချုပ်ကိုင်မှု) စီးပွားရေးနှင့် လူမှုစနစ်များကို ကျွန်မတို့ ချိုးဖျက်ကာ လူတို့အား အမြင်ကျယ်လာအောင် ပညာပေး ပံ့ပိုးကူညီခြင်းဖြင့် သဘာဝကျပြီး မျှတညီညွတ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရမည်။ လဒါခီတို့၏ ရိုးရာလူမှုရေးအဆောက်အဦတွင် လူသားနှင့် ပထဝီမြေကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



မျှတညီညွတ်ရုံမက ခိုင်ခံ့သော နှောင်ဖွဲ့မှုများ ရှိခဲ့သည်။ အဆိုပါ အချင်းချင်း နှောင်ဖွဲ့ ရင်းနှီးမှုအားဖြင့် လူ့အဖွဲ့အစည်းကို ပိုမို ကျစ်လျစ် ခိုင်မာလာစေပြီး၊ လွတ်လပ်သော ဒီမိုကရေစီဝါဒအောက်တွင် ယောက်ျား၊ မိန်းမမရွေး ပါဝင်ရောယှက် ခွင့် ရှိခဲ့သည်။ ဤသို့သော လူ့အဖွဲ့အစည်းထဲတွင် လူသားတို့၏ ဘဝလုံခြုံစိတ်ချမှု နှင့် လွတ်လပ်မှုကို အပြည့်အဝ ခံစားနိုင်ကြသည်။

ကျွန်မတို့ လုပ်ဆောင်နေကြသော ပြောင်းလဲမှုများက အနှစ်သာရပြည့်ဝ သော လူသားဘဝကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ သို့သော် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များမှစ၍ လူသားအားလုံးက ကျွန်မတို့၏ လုပ် ဆောင်ချက်ကို ကိုယ်ကျိုးစွန့်လွှတ်မှုသက်သက်မျှသာ သဘောထားကြသည်။ ကျွန်မ တို့တွင် ပိုင်ဆိုင်ခဲ့သော ငွေကြေးဥစ္စာပစ္စည်းနှင့် အချိန်ကို ရင်းနှီးကာ ရသမျှ အကျိုး ကျေးဇူးအပေါ် ကျေနပ်လက်ခံကြသည်။ အထိန်းအချုပ်မဲ့သော စီးပွားရေးဖွံ့ဖြိုးမှု ကြောင့် ဖြစ်ပေါ်လာသော ဘာသာရေးနှင့် လူမှုရေးချွတ်ခြုံကျခြင်း၊ စိတ်ခံတတ်လုံခြုံ မှု ကင်းမဲ့ခြင်း၊ ယဉ်ကျေးမှု ကျဆင်းရခြင်းတို့ကို သတိမပြုဘဲ ပြည့်စုံကြွယ်ဝသော ဘဝကို ပိုင်ဆိုင်ကြသည်ဟု ကျွန်မတို့ ထင်မှတ်ကြသည်။ သို့သော် ယနေ့လူငယ် အများစုသည် မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်လာခြင်းများ၊ ဘဝ၏ မလုံခြုံမှုများ အတွက် ဘိုးတော်တု ဘိုးတော်ယောင်များထံ ချဉ်းကပ်လာခြင်းများကို ဝမ်းနည်းဖွယ် တွေ့ရပါသည်။

လာဒါတ်မှ ရရှိသော သင်ခန်းစာများအနက် အရေးကြီးဆုံးအချက်မှာ စစ်မှန်သော ပျော်ရွှင်မှုအကြောင်းဖြစ်သည်။ ဤသဘောကို နှစ်ကာလ ကြာမြင့်စွာ လေ့လာခံစားပြီးမှသာ ကျွန်မ နားလည်သဘောပေါက်ခဲ့ရသည်။ ကျွန်မတို့၏ ပင်ကိုယ်ခံယူချက် သဘောထားများကို ဖယ်ရှားပြီးမှသာ မိမိတို့ဘဝကို လုံးဝကျေနပ် ပျော်ရွှင်တတ်သော လဒါခီတို့၏ ပျော်ရွှင်မှုအစစ်အမှန်ကို ခံစားနားလည်နိုင်ပါ သည်။ ပထဝီမြေကြီးနှင့် အလွန်ထိတွေ့ ကျွမ်းဝင်မှုရှိပြီး၊ ကျွန်မတို့ထက် အဆပေါင်း များစွာ သာလွန်၍ ငြိမ်းချမ်းပျော်ရွှင်မှုရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် ကျွန်မ တို့၏ သမားရိုးကျ ဖွံ့ဖြိုးရေးနည်းလမ်းအပြင် အခြား ဖွံ့ဖြိုးရေးနည်းကောင်းများ ရှိနေသည်ကို သိမြင်သဘောပေါက်ခဲ့ပါသည်။

မျက်မှောက်ခေတ် ကမ္ဘာတစ်ဝှမ်းလုံးကို လွှမ်းမိုးထားသော စီးပွားရေး၊



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံနှင့် စက်မှုနည်းပညာများက လူသားတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အဖွဲ့အစည်းအပေါ် ကောင်းသော အကျိုးပြုမှုများကို ပေးစွမ်းသကဲ့သို့ ဘေးထွက်ဆိုးကျိုးများဖြစ်သော ပထဝီဒေသအလိုက် ကွဲပြားသော သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဓလေ့များကို ဖျက်ဆီး ဝါးမြိုနေပေသည်။ အမျိုးအစားနှင့် မျိုးရိုးဗီဇကွဲပြားမှုကို သဘာဝလောကကြီး၏ အင်္ဂါရပ်တစ်ခုအဖြစ် မရှုမြင်တတ်ခဲ့ခြင်းကြောင့် ကျွန်မတို့ လူသားများ၏ ရပ်တည်မှုကိုပင် ခြိမ်းခြောက်ကာ လူမျိုးတုန်းရမည့် အန္တရာယ်ကို တွေ့မြင်လာရသည်။ ယခင်က အရေးမပါဟု ကျွန်မတို့ သတ်မှတ်ခဲ့သော အင်းဆက်ပိုးမွှားနှင့် အပင်အမျိုးအစားများသည် လူသားတို့ဘဝကို များစွာ အကျိုးပြုနေကြောင်း တွေ့မြင်လာကြသည်။

အပင်နှင့် တိရစ္ဆာန်များ ပြုန်းတီး (မျိုးတုန်း) မှု အရှိန်အဟုန် မြင့်မားလာသောကြောင့် လူသားထုအတွက် ကြီးမားသော ပြဿနာများ ဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် သက်ရှိများ မျိုးမတုန်းစေရေးနှင့် ဆက်လက် တည်တံ့စေရေးအတွက် ဇီဝမျိုးကွဲများသည် အလွန်အရေးပါကြောင်းကို ဇီဝဗေဒပညာရှင်များက ထောက်ခံပြောဆိုလာကြသည်။ သက်ရှိအပင်နှင့် တိရစ္ဆာန်များ မျိုးတုန်းခြင်းကြောင့် ဖြစ်ပျက်လာမည့် အန္တရာယ်များကို ကြိုတင် ခန့်မှန်းပြောဆိုလာကြသည်။ ကမ္ဘာပေါ် ရှိ ရှားပါးသော အပင်နှင့် တိရစ္ဆာန်များ မျိုးတုန်းမှုအန္တရာယ်မှ ကာကွယ်ရန် ကမ္ဘာ့ဒေသအသီးသီးမှ ပုဂ္ဂိုလ်များ စုစည်းကာ အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်လာသည်။ ၎င်းအဖွဲ့အစည်းများက တောရိုင်းတိရစ္ဆာန်များ၏ ဘဝကို ကာကွယ်စောင့်ရှောက်ရုံမက မျိုးပြုတ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရသော သိုး၊ နွား၊ ဆိတ်၊ မြင်း စသည့် တိရစ္ဆာန်များကို မွေးမြူစောင့်ရှောက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးပညာရှင်များက ရွှေပန်းသီး (ရွှေရသာ) ခေါ် မျိုးစပ်ပန်းသီးမျိုးကို အသုံးမပြုသေးသော ဥယျာဉ်ခြံများတွင် သဘာဝဒေသန္တရ ပန်းသီးမျိုးစိတ်များကို တိုး၍ စိုက်ပျိုးကြရန် ပန်းသီးခြံလုပ်ငန်းရှင်များကို တိုက်တွန်းအားပေးလျက်ရှိသည်။

ခေတ်မီ လူ့အဖွဲ့အစည်းများက စီးပွားရေးဖွံ့ဖြိုးမှုသည် အမျိုးမျိုးသော ကွဲပြားမှုများကို တွန်းအားပေးသည်ဟု ယုံကြည်လာကြသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်မှုကြောင့် နေရာဒေသအနှံ့အပြားမှ ကွဲပြားသော အစားအစာ၊ ကုန်ပစ္စည်းနှင့် အဝတ်အထည်များ ကူးလူးဆက်သွယ်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ ယဉ်ကျေးမှု ဓလေ့စရိုက်များ ကူးလူးပေါင်းစပ် ဖလှယ်ခြင်းသည်ပင် ကွဲပြားသော ယဉ်ကျေးမှုတစ်ခုစီ ပပျောက်သွားစေရန် တွန်းအားပေးနေသကဲ့သို့ ရှိသည်။ လင်ဂွန်းဘယ်ရီနှင့် နာနတ်အစား ကိုကာကိုလာ အချိုရည်က နေရာယူလာသည်။ ချည်ဆာရီနှင့် သိုးမွေးဝတ်ရုံအစား အပြာရောင် ဂျင်းဘောင်းဘီများကို ဝတ်ဆင်လာသည်။ ယာ့က်နှင့် တောင်ပေါ် နွားအစား ဂျာစီ နို့စားနွားမများကို မွေးမြူလာကြသည်။

သဘာဝပတ်ဝန်းကျင်၊ အပင်နှင့် တိရစ္ဆာန်အမျိုးမျိုး ကွဲပြားသကဲ့သို့ပင် ရိုးရာယဉ်ကျေးမှုဓလေ့ ကွဲပြားမှုသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပထဝီအနေအထားအလိုက် လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့များ ကွဲပြားပါသည်။ ထို့ကြောင့် ဒေသတစ်ခုရှိ ရိုးရာယဉ်ကျေးမှု၊ အစားအစာ၊ အဝတ်အထည်၊ အိုးအိမ်ပစ္စည်းများသည် ထိုဒေသမှ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို အခြေပြုထားကြောင်း တွေ့ရသည်။ ထိုသို့သော လူ့အဖွဲ့အစည်းအဆောက်အဦများမှာ အနောက်နိုင်ငံများ၌ပင် ကျန်ကြွင်းဆဲရှိပါသည်။ ဥပမာ- အမေရိကန်အနောက်ပိုင်းရှိ သဲကန္တာရဒေသများ၌ နေလှန်း အုတ်ကျွတ်ဖြင့် မိုးသော နေအိမ်များမှာ သစ်သားအိမ်များ ဖြစ်ပြီး၊ မိုးနှင့် ဆီးနှင်း ထူထပ်သည့်အလျောက် အမိုးချွန်ချွန်များကို မတ်စောက်စွာ ပြုလုပ်ထားကြသည်။ အစားအစာနှင့် ချက်ပြုတ်နည်းများမှာလည်း ဒေသအလိုက် ကွဲပြားပါသည်။ မြေထဲပင်လယ်ဒေသတွင် သံလွင်ဆီကို စားသုံးဆီအဖြစ် အသုံးပြုသည်။ စကော့တလန်ပြည်တွင် ကွေကာအုပ်နှင့် ငါးခြောက်ကို အဓိက အစားအစာအဖြစ် မှီဝဲကြသည်။

ကျွန်မတို့၏ သက်ဆိုင်ရာ ဒေသမှ ယဉ်ကျေးမှုအစဉ်အလာများကို တိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ယဉ်ကျေးမှုအထီးကျန်ဆန်မှုသို့ ဆင်းသက်ရန် မလိုပေ။ ကွဲပြားခြားနားသော ယဉ်ကျေးမှုများကို မှန်ကန်စွာ ပံ့ပိုးအားပေးခြင်းသည် ကျွန်မတို့၏ ယဉ်ကျေးမှုတစ်ခုကို တစ်ပါးသူများ လိုက်နာရန် ဖိအားပေးခြင်း မဟုတ်ပါ။ ထို့အတူ ပြည်ပ လူမျိုးခြားတို့၏ ယဉ်ကျေးမှုကို ကျွန်မတို့ အနေဖြင့် လက်ခံကျင့်သုံးခြင်း၊ စီးပွားရေးအရ ခြယ်လှယ် အမြတ်ထုတ်ခြင်းလည်း မဟုတ်ပါ။

ထိုသို့ ကွာခြားသော ဒေသန္တရယဉ်ကျေးမှုကို ပြန်လည် ဖော်ထုတ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



မလိုလားအပ်သော အပို ဝန်ဆောင်မှု၊ ကုန်သွယ်မှုများ လျှော့ချရန် နှိုးဆော်ရမည်။ လက်ရှိအခြေအနေအရ ကျွန်မတို့ထံမှ ကောက်ခံရရှိသော အခွန်ငွေများကို လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်း တိုးချဲ့မှုနှင့် ကုန်သွယ်ရေးဦးတည်ချက်များ၌ ဝန်ဆောင်မှု စရိတ်အဖြစ် အသုံးပြုနေကြသည်။ နွားနို့၊ ပန်းသီးမှစ၍ နေအိမ်သုံး ပရိဘောဂပစ္စည်းများ၊ ဆောက်လုပ်ရေး ပရိဘောဂများမှာ သက်ဆိုင်ရာ ဒေသများ၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ ဒေသန္တရ စိုက်ပျိုးရေးတွင် သီးနှံမျိုးစုံနှင့် ကုန်ပစ္စည်းမျိုးစုံ စိုက်ပျိုးသော စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဒေသဆိုင်ရာ စီးပွားရေးစနစ်ကို ပိုမို ခိုင်ခံ့စေနိုင်သည်။ သယ်ယူပို့ဆောင်ရေးစရိတ် လျှော့ချခြင်း၊ ထောက်ပံ့မှု ရပ်စဲခြင်းအားဖြင့် သဘာဝသယံဇာတ ဖြုန်းတီးမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ပြီး၊ အသေးစား စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ဘဝကို ထောက်ပံ့မြှင့်တင်ပေးနိုင်ပါသည်။

'ဒေသန္တရ'၊ 'အမှန်တကယ် လိုအပ်ချက်'၊ 'မလိုအပ်ချက်' ဟူသော ဝေါဟာရများကို တိကျစွာ အနက်ဖွင့်ဆို သတ်မှတ်၍ မရပေ။ အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို ကာကွယ်စောင့်ရှောက်ခြင်းကိုသာမက ကမ္ဘာ့သဘာဝသယံဇာတများကို နိုင်ငံများအားလုံး တာရှည်မျှဝေ သုံးစွဲနိုင်ရေးအတွက် စည်းမျဉ်းမူဝါဒများ ချမှတ်လုပ်ဆောင်ကြရန် လိုအပ်သည်။ ကျွန်မတို့၏ ဒေသန္တရ စီးပွားရေးလုပ်ငန်း (စနစ်) တွင် ကော်ပိုရေးရှင်း (ကုမ္ပဏီ) ကြီးများ၏ အမြတ်ထုတ် ခြယ်လှယ်မှု၊ လျှို့ဝှက်အရှုံးခံ ရင်းနှီးမတည်မှု၊ ဖြုန်းတီးမှုနှင့် ကြော်ငြာစရိတ်များ မလိုအပ်သောကြောင့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် အမှန်ဖြစ်သည်ဟု ဆိုနိုင်သည်။

ကမ္ဘာ့ဈေးကွက် တိုးချဲ့ဖန်တီးမှုတွင် အခွင့်အာဏာနှင့် သယံဇာတပစ္စည်းများကို လူနည်းစုက ချုပ်ကိုင်ထားပြီး၊ မြို့ပြဒေသများကို ဗဟိုပြုကာ စီးပွားရေးခိုလှုံမှု ကြီးထွားလာသည်။ အနောက်နိုင်ငံများတွင် မြို့ပြနေ လူဦးရေ ကျဆင်းလာသော်လည်း မြို့ပြသို့ ပြောင်းရွှေ့လိုသူဦးရေ တိုးတက်များပြားလာနေကြောင်း တွေ့ရသည်။ အလုပ်သမားများသည် အလွန်ဝေးလံသော ဒေသရှိ အလုပ်ခွင်သို့ ခရီးပြု သွားလာနေကြရသည်။ နိုင်ငံရေးနှင့် စီးပွားရေးအချုပ်အခြာအာဏာကို မြို့ပြအချို့က ဆုပ်ကိုင်ထားသောကြောင့် မြို့ကြီးနှင့် အလှမ်းဝေးကွာသော ဒေသများတွင် လူမှုရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် စီးပွားရေးကျဆင်းကာ အခက်အခဲပြဿနာများ ထူပြောလာခဲ့သည်။

မြို့ပြတွင် တိုးတက်လာသော လူဦးရေအတွက် ကျေးလက်ဒေသသို့ ပြောင်းရွှေ့နေရာချထားရန် ခက်ခဲကြောင်း မကြာခဏ ကြားရတတ်ပါသည်။ သို့သော် မမြင်နိုင်သော ဗဟိုစုစည်း ချုပ်ကိုင်မှုစနစ်က မြေယာများစွာကို သိမ်းပိုက်ဝါးမြိုထားပေသည်။ ယနေ့ မြို့ပြဗဟိုဌာနများနှင့် ၎င်းတို့၏လိုအပ်ချက်များသည် ကျေးလက်ဒေသမှ လူထု၏ အမြင့်ဆုံးစရိတ်နှင့် ထိုရိက္ခာထုတ်လုပ်မှုအတွက် အသုံးပြုရသော မြေဧရိယာပမာဏနှင့် ထပ်တူရှိပါသည်။ အသားစား နွားတစ်ကောင်အတွက် အသုံးပြုရသော မြေဧရိယာသည် ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခင်းစာရှိသည်။ ထိုနွားတစ်ကောင်စာ ရိက္ခာဖြစ်သော ဂျုံ၊ ဘာလီ၊ ဆန်၊ မြေစိုက်ခင်းဧရိယာ၊ ထိုမြေကွက်သို့ ပေးသွင်းရသော ရေပမာဏ၊ ထိုနေရာသို့ ရေလွှဲပေးနေခြင်းကြောင့် အခြားရေ မရဘဲ သွေ့ခြောက်သွားသော မြေနေရာအကျယ်အဝန်းတို့ကို တွက်ချက်ကြည့်သောအခါ နွားတစ်ကောင်အတွက် မြေနေရာများစွာ ရင်းနှီးရကြောင်း တွေ့နိုင်သည်။

လူအများ စုစည်းနေထိုင်သော မြို့ပြတစ်ခု၏ဧရိယာသည် ပျံ့နှံ့ဖြန့်ကျက်နေသော ကျေးလက်ဧရိယာထက် သေးငယ်သော်လည်း အဆိုပါ မြို့ပြတစ်ခု၏ စွမ်းအင်သုံးစွဲမှု၊ မြို့ပြနေ လူတန်းစားတစ်ဦးစီ၏ စားသုံးမှုပမာဏမှာ အလွန်ကြီးမားပါသည်။ မြို့ပြဒေသမှ အဝေးပြေးလမ်းမကြီးများ၊ ယာဉ်ရထားများ၊ မော်တော်ကား၊ ရေနံမြေ၊ အစားအစာ ပြုပြင်ထုတ်လုပ်သော စက်ရုံ (စားသောက်ကုန်ထုတ် စက်ရုံ) (ဥပမာ- အစားအစာ စည်သွတ်ဘူး၊ အချိုရည်နှင့် ယမကာစက်ရုံ စသည်)၊ ထိုစက်ရုံများမှ ရရှိသော အကျိုးဆက်များဖြစ်သည့် လေ၊ ရေနှင့် မြေထုညစ်ညမ်းမှုတို့ကို ထည့်သွင်းစဉ်းစားရမည်။ ထိုအခါ ခေတ်မီ မြို့ပြဒေသတစ်ခုသည် သဘာဝကျေးလက် ဒေသများထက် သယံဇာတသုံးစွဲမှုနှင့် နေရာယူမှု ပိုများကြောင်း တွေ့ရသည်။

ဗဟိုထိန်းချုပ်မှုကို တိုက်ဖျက်ရာတွင် လူမှုစီးပွားရေးအဆောက်အဦတစ်ခုလုံးကို အဆင့်ဆင့် ပြောင်းလဲပြုပြင်သွားရမည် ဖြစ်ပါသည်။ ဤသို့ ပြုပြင်ပြောင်းလဲမှုသည် တည်ရှိနေသော လူ့အဖွဲ့အစည်း၏ စနစ်များကို ဖြိုချရန်မဟုတ်ဘဲ၊ ပြောင်းလဲမှုဖြစ်စဉ်များကို ပဲ့ကိုင်ထိန်းသိမ်းသွားရန် ဖြစ်သည်။ နှစ်စဉ် တိုးတက်ကြီးမားလာသော လူ့အဖွဲ့အစည်းအတွင်း ဗဟိုချုပ်ကိုင်မှုစနစ်ကို ထောက်ခံသော သဘောများ



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုအစွန်းရောက်လာခဲ့သည်။ အဆိုပါ ဗဟိုချုပ်ကိုင်မှုစနစ်၏ ဖွံ့ဖြိုးမှုက ကျွန်မတို့၏ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ရှေ့မဆက်နိုင်အောင် လွှမ်းမိုး ချုပ်ကိုင်ထားပေသည်။

လူဦးရေပမာဏနှင့် လူမှုရေးအဖွဲ့အစည်းများတွင် လူတစ်ဦးချင်းစီ ပါဝင်ပတ်သက်မှုရှိစေရန် အထူးလိုအပ်ပါသည်။ ကြီးမားသော မိသားစုများနှင့် လူ့အဖွဲ့အစည်ငယ်များဖြင့် တည်ဆောက်ထားသော လာဒါတ်မှ ကျွန်မတို့အတွက် သင်ခန်းစာ ယူနိုင်ပါသည်။ ကလေးသူငယ်များကို မိဘဘိုးဘွားနှင့် မွေးချင်းများက ဝိုင်းဝန်းစောင့်ရှောက်ပျိုးထောင်ပေးကြသည်။ အထူးသဖြင့် အဘိုးအဘွားများနှင့် ရင်းနှီးစွာ ရှင်သန်ခွင့်ရသောကြောင့် ကလေးသူငယ်များအတွက် အလွန်အကျိုးရှိစေသည်။ ၎င်းတို့၏ ရင်းနှီးကျွမ်းဝင်မှုသည် သေးငယ်သော မိသားစုများလောက် အားကောင်းခြင်း မရှိပါ။ အချင်းချင်း ရင်းနှီးစွာ နှောင်ဖွဲ့ ထောက်မထားသော်လည်း ထိုသို့နှောင်ဖွဲ့ခြင်းအတွက် ဝန်ထုပ်ဝန်ပိုးမျိုး ဖိစီးခြင်းမျိုး မရှိပေ။ ကျွန်မတို့၏ သေးငယ်သော မိသားစုများရှိ တွယ်တာစွဲလမ်းမှု၊ အပြစ်တင် ငြိငြင်မှု၊ စွန့်ပယ်မှုများကို လာဒါတ်တွင် မတွေ့ရပါ။

ဤမိသားစုကြီးများသည် ခြွင်းချက်အချို့ ရှိသည်မှအပ လွတ်လပ်ပျော်ရွှင်ပြီး၊ ညင်သာ သိမ်မွေ့သော သံယောဇဉ်နှင့် တာဝန်ဝတ္တရား ဖိစီးမှု မရှိလှပေ။ ထို့ကြောင့် အသက်အရွယ်မရွေး၊ ကျားမ မရွေး အကျိုးမျှတ ခံစားခွင့်ရကြသည်။ အသက်အရွယ် အိုမင်းသူများကို ဉာဏ်ပညာ အမြော်အမြင်ရှိသူများ၊ အတွေ့အကြုံရှိသူများအဖြစ် လေးစားမြတ်နိုးကြသည်။ ခန္ဓာကိုယ် လေးလံနှေးကွေး အားနည်းလာခြင်းကြောင့် လူ့အဖွဲ့အစည်း၌ အပစ်ပယ်မခံရကြပေ။ စက်မှုနည်းပညာ ဖွံ့ဖြိုးသော ကျွန်မတို့၏ လူ့အဖွဲ့အစည်းအတွင်း၌မူ အသက်ကြီးသူတို့၏ အတွေ့အကြုံကို တန်ဖိုးထားခြင်း မရှိကြချေ။ အရှိန်အဟုန်နှင့် ပြောင်းလဲနေသော ကျွန်မတို့၏ လူ့အဖွဲ့အစည်းတွင် ဘိုးဘေးတို့၏ အတွေ့အကြုံသည် မည်သို့မျှ ပြန်လည်အကျိုးမပြုနိုင်တော့ချေ။ အနောက်တိုင်းသို့ သွားရောက်လည်ပတ်ခဲ့ဖူးသူ လဒါခီမိတ်ဆွေများက အနောက်တိုင်းလူ့အဖွဲ့အစည်းမှ အဘိုးအဘွားများကို ပစ်ပယ်ထားမှု၊ ဥပေက္ခာပြုမှုနှင့် အထီးကျန်မှုများကို ထိတ်လန့်အံ့ဩဖွယ်ရာများအဖြစ် ပြန်လည် ပြောပြကြသည်။ အဘွားအိုများသည် လပေါင်းများစွာ ကြာပြီးမှ မြေးများနှင့် ပြန်တွေ့ခွင့်ရကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ၎င်းတို့ထံမှ အနမ်းတစ်ပွင့်ထက် ပို၍ နွေးထွေးမှုမရကြကြောင်း ဂျေလောင်ပါလ်ဒန် က မှတ်ချက်ချ ပြောကြားခဲ့သည်။

သက်ကြီးရွယ်အိုများ ပါဝင်ခြင်းမရှိသော မိသားစုငယ်များတွင် အမျိုးသမီးများအခန်းကဏ္ဍကို ကန့်သတ်ချုပ်ချယ်လာကြသည်။ မိရိုးဖလာ လူ့အဖွဲ့အစည်းတွင် မိသားစုသည် စီးပွားရေး၏ အဓိကမဏ္ဍိုင်ဖြစ်ခဲ့ပြီး၊ အမျိုးသမီးများအဖို့ အိမ်အလုပ်နှင့် စီးပွားရေးလုပ်ငန်းခွင် ဟူ၍ ခွဲခြားသတ်မှတ်ခြင်း မရှိခဲ့ချေ။ ခေတ်မီ လူ့အသိုင်းအဝိုင်းတွင် အိမ်ထောင်ထိန်းသိမ်းရန် (သို့) အိမ်တွင်းနှင့် စီးပွားရေး ပူးတွဲလုပ်ဆောင်ရာတွင် ကျဉ်းကြပ်သော ရွေးချယ်မှုကို အမျိုးသမီးများ ရင်ဆိုင်ကြရသည်။

သေးငယ်သော မိသားစုများတွင် လင်မယား ကွာရှင်းပြတ်စဲမှု၊ ဆယ်ကျော်သက်များ မိဘနှင့်ကင်းကွာမှု၊ လင်မယားအကြမ်းဖက်မှုနှင့် လိင်မှုပြဿနာများ ပိုမိုများပြားသည်ကို တွေ့ရသည်။ စိတ်ပညာရှင်များကမူ ထိုသို့ယိုယွင်းလျက်ရှိသော မိသားစုသည်ပင် စစ်မှန်သော မိသားစုဖြစ်သည်ဟု ဆိုကြသည်။ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင် လွန်ခဲ့သော နှစ်ငါးဆယ်ခန့်အထိ စည်းလုံးချစ်ကြည်သော မိသားစုများအဖြစ် ရပ်တည်ခဲ့ကြသည်။ ထိုစဉ်က ဆွေမျိုးသားချင်းများသည် နီးကပ်စွာနေထိုင်ခဲ့ကြပြီး၊ အချင်းချင်း ချစ်ကြည်ရင်းပင်းမှု ရှိခဲ့ကြသည်။ စီးပွားရေးယူနစ်ကြီးမားလာသော မျက်မှောက်ကာလတွင် မိသားစုဝင်များသည် အသီးသီး အိမ်ခွဲနေထိုင်သော အရွယ်ရောက် လူလားမြောက်လာကြရသည်။ အသက်ကြီးသူများသည် မျက်မှောက်ခေတ် စီးပွားရေး၊ လူမှုရေးနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းအရ အရေးပါမှု မရှိတော့ချေ။

ကျွန်မသည် အနောက်တိုင်းသားများနှင့် မိသားစုဘဝအကြောင်းကို ဆွေးနွေးသည့်အခါ သူတို့က ဤသို့ ပြောပြသည်။ "အမေ့ကို ကျွန်တော်တို့ဆီ ခေါ်ထားဖို့ဆိုတာ သိပ်ကောင်းတဲ့ စိတ်ကူးပါပဲ၊ ဒါပေမယ့် နှစ်ရက်သုံးရက်လောက် အတူနေရုံနဲ့ ကျွန်တော်တို့အားလုံး စိတ်ရှုပ်ချင်လာတယ်။" မှန်ပါသည်။ ယနေ့ လူနေမှုဘဝ အခြေအနေနှင့် လူ့အဖွဲ့အစည်းတွင် မိအိုဖအိုများကို လက်ခံပြုစုစောင့်ရှောက်ရေးမှာ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာတော့သည်။ သို့သော် ကျွန်မတို့အနေဖြင့် လူသားတို့၏ အခြေခံလိုအပ်ချက်များကို နိုင်ငံရေးအရ ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်သွားလျှင် မိအိုဖအိုများကို တာဝန်ယူ စောင့်ရှောက်ရန် အခက်အခဲရှိတော့မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

ပြင်ပကမ္ဘာနှင့် ကင်းကွာလျက် သီးခြားရပ်တည်နေသော သာမန်မိသားစု ငယ်ကလေးများနှင့် မတူဘဲ၊ လဒါခီတို့၏ ကြီးမားသော မိသားစုအတွင်းမှ သဘာဝကျသော ဆက်ဆံရေးများရှိခဲ့သည်။ ထိုသို့သော မိသားစုများတွင် ဆွေမျိုးအသိုင်းအဝိုင်း၏ နယ်နိမိတ်ကို သတ်မှတ်ရန်ပင် ခဲယဉ်းတတ်သည်။ ထိုလူ့အဖွဲ့အစည်းတွင် မိခင်အရွယ် အမျိုးသမီးများကို 'အမေ' ဟု ခေါ်ပြီး၊ မိမိထက် ငယ်သော လူငယ်များကို 'ညီလေး' ဟု ရင်းနှီးစွာ ခေါ်တတ်ကြသည်။ ယနေ့ စက်မှုလူ့အဖွဲ့အစည်းအတွင်း၌ပင် ထိုဓလေ့ အကျန်အကြွင်းများကို တွေ့ရှိနိုင်ပါသည်။ ဥပမာ- ဆွီဒင်နှင့် ရုရှားမှ ရှေးကျသော ဒေသများတွင် ကလေးငယ်များက ရင်းနှီးသော လူကြီးပုဂ္ဂိုလ်များကို 'ဦးလေး'၊ 'အဒေါ်' ဟု ခေါ်ဝေါ်ကြဆဲ ဖြစ်ပါသည်။

ကျွန်မတို့အနောက်တိုင်းတွင် လူမှုရေးစိတ်ဓာတ် ဆုံးရှုံးခဲ့ရပြီဟုဆိုလျှင် အများစုက လက်ခံကြပေလိမ့်မည်။ စင်စစ် ကျွန်မတို့၏လူနေမှုဘဝသည် အစိတ်စိတ်အမွှာမွှာ ကွဲလွင့်ခဲ့ရပြီဖြစ်ရာ လူများစွာနှင့် နေ့စဉ် ထိတွေ့နေလျက်ပင် အထီးကျန်ဆန်လာသည်။ ကျွန်မတို့၏ အိမ်နီးချင်းများနှင့်ပင် သိကျွမ်းခင်မင်မှု မရှိကြချေ။ လာဒါတ်တွင်မူ လူသားတိုင်းသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတွင် အပြန်အလှန် မှီခိုနေကြသည်။

အနောက်တိုင်း လူ့အဖွဲ့အစည်းကို ပြန်လည် ခိုင်ခံ့မြဲမြံစေရန် ဗဟိုထိန်းချုပ်မှုစနစ်ကို ပယ်ရှားရပေမည်။ တစ်နေရာတွင် အခြေတကျ မနေဘဲ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် ထိုဒေသနှင့် ကစဥ့်ကလျား ကွဲပြားစေသည်။ တစ်နေရာတွင် အခြေချ နေထိုင်ခြင်းဖြင့် ထိုဒေသနှင့် ရင်းနှီးလာပြီး၊ ပတ်ဝန်းကျင်ရှိ လူများနှင့် ပိုမိုလေးနက်သော ဆက်ဆံရေးကို တည်ဆောက်ကာ အပြန်အလှန် မှီခိုအားထားမှု ရှိလာစေနိုင်သည်။

လဒါခီတို့၏ သဘောထားကြီးသော လူ့အဖွဲ့အစည်းသည် အနောက်တိုင်းမှ တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်ကို အခြေခံသော လူ့အဖွဲ့အစည်းနှင့် အလွန်ကွာခြားပါသည်။ လဒါခီတစ်ဦးစီသည် လူအများနှင့် ရင်းနှီးစွာ နှောင်ဖွဲ့ထားပြီး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြုသည့် အညမည သဘောတည်းဟူသော ဗုဒ္ဓတရားအတွေးအခေါ်များဖြင့် ပြည့်ဝနေသည်။ မိသားစု၊ လယ်ယာမြေ၊ ရပ်ကွက်၊ ကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com



စသော အသိုင်းအဝိုင်းများနှင့် ဆက်ဆံရေးကွန်ယက်က လဒါခီတို့၏ လူမှုဘဝကို ထောက်မပေးထားသည်။

အနောက်တိုင်းသားများကမူ တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်အတွက် ဂုဏ်ယူတတ်ကြသည်။ သို့သော် လွတ်လပ်ခွင့်သည် အထီးကျန်ခြင်းကို ဟန်လုပ် ဖုံးကွယ်ထားခြင်းမျှသာ ဖြစ်သည်။ လူတိုင်း မိမိဘာသာ ရပ်တည်နိုင်စွမ်းရှိရမည် ဟူသော ယုံကြည်ချက်ကို လက်ကိုင်ထားကြသည်။ ကျွန်မ၏ မိတ်ဆွေတစ်ဦးမှာ သူမ၏ ရင်သွေးငယ် ကျောင်းသို့ စတင် တက်ရောက်သည့်နှစ်တွင် ခင်ပွန်းသည်နှင့် ကွာရှင်းပြတ်စဲခဲ့သည်။ သူမသည် ဝမ်းနည်းကြေကွဲနေသော်လည်း ထိုဝမ်းနည်းမှုကို အားနည်းချက်ဟု သတ်မှတ်ကာ အိမ်ကြီးထဲတွင် တစ်ကိုယ်တည်း အထီးကျန်နေမှုအတွက် ငြိမ်းချမ်းမှုတစ်ရပ်ဟု မိမိကိုယ်ကို ဖြေသိမ့်ခဲ့သည်။

လဒါခီတို့၏ လူမှုဆက်ဆံရေးသည် သိပ်သည်းကျစ်လျစ်မှု ရှိသလို လွတ်လပ်မှုလည်း ရှိပါသည်။ စိတ်ပိုင်းဆိုင်ရာ သုတေသီများက အပြုသဘောဆောင်သော ကိုယ်ရည်ကိုယ်သွေးကို ပျိုးထောင်ရာတွင် လူတစ်ဦး၏ ပတ်ဝန်းကျင်နှင့် ရင်းနှီးမှု၊ အားထားမှီခိုမှု၊ တည်မြဲသော ဆက်ဆံရေးတို့ အရေးပါကြောင်း ထောက်ပြကြသည်။ ဤကား အပြုသဘော ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ လဒါခီတို့သည် ကျွန်မတို့ အနောက်တိုင်းသားများထက် ကိုယ်ရည်ကိုယ်သွေး မြင့်မားကြသည်။ ထိုအရည်အသွေးကို တမင် ပျိုးထောင်ယူခြင်းကြောင့် မဟုတ်ဘဲ၊ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် လုံခြုံမှုရှိခြင်း၏ ရလဒ်ဟု ယူဆသည်။

ကျွန်မသည် နွေရာသီတစ်ခုတွင် ဇန်စကာတောင်ကြားမှ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးနည်းစနစ်များကို သွားရောက်လေ့လာခဲ့သည်။ ကျွန်မက မိခင်များအနေဖြင့် ၎င်းတို့၏ ရင်သွေးငယ်များ လမ်းလျှောက် နေ့းလျှင် စိုးရိမ်ပူပန်မှု ရှိမရှိကို မေးမြန်းခဲ့သည်။ ထိုအခါ မိခင်များက စိုးရိမ်ခြင်းမရှိကြောင်းနှင့် အချိန်တန် အရွယ်ရောက်၍ ခန္ဓာကိုယ် သန်မာဖွံ့ဖြိုးလာသောအခါ ကလေးငယ်များ ကောင်းစွာ လမ်းလျှောက်တတ်မြဲဖြစ်သည်ဟု ဖြေခဲ့ကြသည်။ ကျွန်မတို့အနောက်တိုင်းတွင် မိခင်များက ကလေးငယ်များ၏ အရပ်အမောင်းနှင့် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုကို အစဉ် မှတ်တမ်းတင်လေ့ရှိကြသည်။ လုံခြုံစိတ်ချမှု ကင်းမဲ့ပြီး၊ အချင်းချင်း ပြိုင်ဆိုင်မှု များလာသော လူ့အဖွဲ့အစည်းတွင် ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



များ၏ ကြီးထွားမှုနှုန်းကိုပင် စံပြု ယှဉ်ပြိုင်လာကြသည်။ ယခင်က မိခင်များသည် ရင်သွေးငယ်များအတွက် နို့တိုက်ရန်ပင် အချိန်ဇယား သတ်မှတ်ထားခဲ့ကြသည်။ အမျိုးသမီးတစ်ဦးက သူမသည် ရင်သွေးငယ် ဆာလောင်၍ ငိုလျှင်ပင် သတ်မှတ် အချိန် စေ့မြောက်သည့်တိုင် စောင့်ပြီးမှ နို့တိုက်လေ့ရှိကြောင်း ပြောပြသည်။

အနောက်တိုင်းမှ မူသေ ယဉ်ကျေးမှုဓလေ့အရ ထိုစည်းမျဉ်းများကို ကျင့်သုံး လိုက်နာရန် အလွန်ဖိအားပေးလေ့ရှိသည်။ ကျွန်မသည် ဆွီဒင်ပြည်သို့ ရောက်စဉ်က ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ကားစောင့်ရင်း လူငယ်ယောကျ်ားလေး နှစ်ဦးကို သတိပြုမိခဲ့သည်။ ထိုလူငယ်များမှာ မိမိတို့ ဖိနပ်ချင်း ပြိုင်ဆိုင်နေခဲ့ကြသည်။ လိင်၊ အသားအရည်နှင့် အသက်တို့ကိုပင် ပြိုင်ဆိုင်ကြသည်။ ကူးသန်းရောင်းဝယ် ရေးလုပ်ငန်းတွင် ငယ်ရွယ်သော အသားဖြူလူငယ်များကို အထူးနေရာပေးလေ့ရှိပြီး၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် လူနည်းစုမှာ အခွင့်အရေးကင်းမဲ့ကြသည်။ စင်စစ် အနောက်တိုင်းတွင် ကျွန်မတို့ ထင်သလောက် လူသားတို့၏ လွတ်လပ်ခွင့် မရှိပေ။

ကျွန်မတို့ လူ့အဖွဲ့အစည်းမှ ဗဟိုထိန်းချုပ်မှုစနစ်ကို ဖျက်သိမ်းရန် ဆောင်ရွက်နေစဉ် တစ်ဘက်မှ ကျွန်မတို့၏ လောကအမြင်ကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ သဘာဝပတ်ဝန်းကျင် ရာသီဥတု ဖောက်ပြန်ပျက်စီးမှု တိုးပွားလာခြင်းကြောင့် သဘာဝလောကကြီး၏ အပြန်အလှန် ဆက်စပ်မှီခိုမှုကို ပိုမိုတွေ့မြင်နိုင်ပါသည်။ သို့တိုင်အောင် ယနေ့ တက္ကသိုလ် ကောလိပ်ကျောင်းများတွင် တစ်လမ်းသွား တစ်ခုကောင်း ကျွမ်းကျင်မှုကို ဆက်လက် ဦးတည် သင်ကြားပေးဆဲ ရှိနေပါသည်။ ထိုသို့ အခြေအနေအရပ်ရပ်ကို ချိန်ဆစဉ်းစားခြင်းမရှိသော လုပ်ရပ်များသည် စက်မှုနိုင်ငံပြဿနာရပ်များ၏ အကြောင်းရင်းပင်ဖြစ်သည်။ အချင်းချင်း အမှီသဟဲပြုမှုကို အခြေခံသော အသေးစား နိုင်ငံရေးနှင့် စီးပွားရေးယူနစ်များအားဖြင့် ပိုမိုကျယ်ပြန့်သော လောကအမြင်ကို ရရှိစေနိုင်ပါသည်။

ပိုမို ရင်းနှီးကျွမ်းဝင်သော လူ့အဖွဲ့အစည်းကြောင့် ကျွန်မတို့၏ အပြန်အလှန် အမှီသဟဲပြုမှုကို နားလည်သဘောပေါက်လာစေသည်။ သင်၏ နေ့စဉ်အသက်ရှင်မှုအတွက် ပထဝီမြေကြီးနှင့် ပတ်ဝန်းကျင်ကို မှီခိုနေရခြင်းကြောင့် သဘာဝတရား၏ ဆက်စပ်မှီခိုမှု၊ အမှီသဟဲပြုမှုကို လက်တွေ့ ခံစားနားလည်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါသည်။ သို့နှင့် သင်သည် အဆက်မပြတ် ဖြစ်ပေါ်နေသော သဘာဝဖြစ်စဉ်ထံမှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရှိလာသည်။ ဤသဘောတရားသည် ခေတ်မီလူ့အဖွဲ့အစည်းမှ အရာရာကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်မှုသဘောနှင့် လုံးဝခြားနားပါသည်။

ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင် ပထဝီမြေကြီးနှင့် ရင်းနှီးကျွမ်းဝင်သော လူနေမှုဘဝကို ပြန်လည် ဖော်ထုတ်သင့်ပါသည်။ ထိုသဘာဝပတ်ဝန်းကျင်ရှိ အသွင်သဏ္ဌာန်နှင့် ပြောင်းလဲမှုဖြစ်စဉ်များကို အကျယ်တဝင့် လေ့လာကြရသည်။ ဇီဝဗေဒပညာရှင်များသည်ပင် မိမိနှင့် အထူးပြု ဘာသာရပ်အမျိုးအစား မတူသည့် အခြားဇီဝဗေဒပညာရှင်များနှင့် ဆွေးနွေးပြောဆိုနိုင်ခြင်း မရှိကြပေ။ လူ့အသက်တာကို အပိုင်းပိုင်းဖြတ်ကာ အချိန်ခါတ်ခွဲခန်းတွင် အအေးခံ လေ့လာ၍ မရပါ။ ကျွန်ုပ်တို့၏ လောကအမြင်သည် သက်မဲ့စက်ယန္တရားအသွင်ဆောင်ပြီး၊ တိုးတက်မှုအကန့်အသတ်ရှိသောကြောင့် ယခုအခါ ရှေ့ဆက်၍ မရနိုင်တော့ချေ။ ယခုအခါ ကွမ်တမ်ရူပဗေဒပညာရှင်များက 'မြေအုတ်တိုက် တည်ဆောက်ခြင်း' ဟူသော ရှေးရိုးစွဲအမြင်ကို စွန့်လွှတ်ကာ အဖွဲ့အစည်းစနစ်ကို အသက်သွင်းလာကြသည်။ တစ်ခုကောင်းကျွမ်းကျင်မှုစနစ်ကို ပယ်ရှားနိုင်ရန် ဘာသာရပ်အသီးသီး၏ ဆက်စပ်ပုံကို နားလည်ပြီး၊ အထွေထွေပညာရပ်များအား ကျွမ်းကျင်သော ပညာရှင်များကို မွေးထုတ်ပေးရမည်။ ဤတွင် အမျိုးသမီးများ၏ ယူဆချက်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို လေးစား နေရာပေးလာကြခြင်းသည် ကျေနပ်အားရဖွယ် ဖြစ်ရပ်တစ်ခုဖြစ်သည်။

သုတေသနပြုချက်များအရ အမျိုးသမီးများသည် အချင်းချင်း အပြန်အလှန် ဆက်သွယ်အမှီသဟဲပြုမှုကို အလေးထား လက်ခံကြကြောင်း တွေ့ရသည်။ အမျိုးသမီးများက သဘာဝဖြစ်စဉ်များနှင့် ထူးခြားသော တွေးခေါ်ယူဆချက်များကို ဆက်စပ်ကာ အညမညသဘောကို ပိုမိုနားလည်တတ်ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အမျိုးသမီးများ၏ အခွင့်အရေးနှင့် အရေးပါမှုကို ပိုမိုအလေးထား တောင်းဆိုလာကြသည်။ အမျိုးသမီးများ၏ အတွေးအခေါ်၊ အခန်းကဏ္ဍကို လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့ကြသည်။ စက်မှုနည်းပညာ ဖွံ့ဖြိုးလာသောအခါ အမျိုးသမီးများ၏ဘဝကို ချိုးနှိမ်လာခဲ့သည်။ ထိုသို့သော အတွေးအခေါ်များကြောင့် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းတွင် ဟန်ချက်မညီ ဖြစ်နေရကာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တို့အမျိုးသမီးများ၏ အရေးပါမှုနှင့် အတွေးအခေါ်များကို အလေးပေးကြရန် လိုအပ် ပေသည်။

ဤသို့ အတွေးအခေါ် အယူအဆများ ပြောင်းလဲလိုက်ခြင်းဖြင့် လက်တွေ့ အတွေ့အကြုံ အသိတရားအပေါ် အလေးထားမိလာပေမည်။ အမျိုးသမီးများသည် ဘဝအတွေ့အကြုံများအပေါ် ခံရပ်နိုင်စွမ်း ပိုမိုရှိကြသည်ဟု ဆိုသည်။ လဒါခီနှင့် အနောက်တိုင်းမဟုတ်သော ရှေးရိုးရာ လူ့အဖွဲ့အစည်းများတွင်လည်း ထိုသို့ ဘဝ အတွေ့အကြုံနှင့် ပေါင်းစပ်ဖွဲ့စည်းအပ်သော ယူဆချက်များကို အခြေခံရမည်ဖြစ် သည်။ လက်တွေ့ကျသော သင်ယူလေ့လာမှုဆိုသည်မှာ ရှုပ်ထွေးပွေလီပြီး၊ ပရမ်း ပတာနှင့် ပြောင်းလဲဖြစ်ပျက်နေသော၊ ညှိနှိုင်းပေါင်းစပ်၍ မရနိုင်သော၊ ခန့်မှန်း တွက်ချက်၍ မရသော သဘာဝဖြစ်စဉ်များအပေါ် အခြေခံပါသည်။ ထိုသို့ လေ့လာ ရာတွင် လူသား၏အစွမ်းအစဖြင့် မစွမ်းနိုင်ကြောင်း သိရှိလာရသည်။ ကျွန်မတို့သည် ဓာတ်ခွဲခန်းတွင် စမ်းသပ်လေ့လာ သင်ယူခြင်းဖြင့် လက်တွေ့ကွင်းဆင်း လေ့လာကြ မည်ဆိုလျှင် သိပ္ပံပညာ၏ တိုးတက်ဖွံ့ဖြိုးမှုသည်လည်း သတိဝီရိယနှင့် ရွေ့လျားနိုင် ပေမည်။ ကျွန်မတို့ ပတ်ဝန်းကျင်မှ စက်မှုနည်းပညာသစ်များ၏ အကျိုးသက်ရောက် မှုများကို သေချာစွာ လေ့လာခြင်းအားဖြင့် ယနေ့ဖြစ်ပေါ်နေသော ဆိုးကျိုးများကို ထိန်းချုပ် ဖန်တီးပေးနိုင်ပေမည်။

ကျွန်မတို့ အနောက်တိုင်းလူ့အဖွဲ့အစည်းသည် လက်တွေ့အရှိ အမှန် တရားနှင့် ကင်းကွာနေပြီး၊ မှုန်ဝါးဝါး ပုံရိပ်များ၊ ထင်မြင်ယူဆချက်များအပေါ် မှီခို နေကြသည်။ အင်္ဂလန်တွင် လအနည်းငယ်မျှ သွားရောက်နေထိုင်ခဲ့သော တာရှီရာ *ဂယာ* က ဤသို့ ဝေဖန်ပြောကြားခဲ့သည်။

"သူတို့ဆီမှာ သဘာဝကျကျ ထိတွေ့ဆက်စပ်မှုဆိုတာကို မရှိပါဘူး၊ ပန်း အိုးထဲက အပင်တွေ၊ ပလတ်စတစ်ပန်းတွေ၊ နံရံကပ် ရှခင်းကားချပ်ကြီးတွေနဲ့ သဘာဝလောကအကြောင်း ရေးကြ၊ ပြောကြတဲ့ စာအုပ်တွေ၊ အသံလွှင့်အစီအစဉ် တွေက ဒုနဲ့ဒေးပဲ၊ ဒါပေမယ့် တကယ့် သဘာဝအလှတရားနဲ့ လောကကြီးကို သူတို့ တိုက်ရိုက်ထိတွေ့မိပုံ မရဘူး။"

ဆွီဒင်နိုင်ငံသို့ နောက်ဆုံးအကြိမ် ရောက်ခဲ့စဉ်က စတော့ဟုမ်းမြို့စွန်က ကျွန်မ၏မိတ်ဆွေ *တာရင်* ၏ အိမ်တွင် သွားရောက်ကာ နေ့လည်စာ စားဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ *တာရင်* သည် ဆယ်ကျော်သက်အရွယ် သမီးနှစ်ယောက်၏ မိခင်၊ နာမည်ရ ရှေ့နေတစ်ဦးဖြစ်ပြီး၊ လာဒါတ်စီမံကိန်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီခဲ့ သူဖြစ်သည်။

"ကျွန်မ အိမ်ပြန်ရောက်ပြီးတဲ့နောက် လာဒါတ်ရဲ့ဖြစ်စဉ်တွေကိုပဲ ဆက်ပြီး တွေးမြင်နေမိတယ်" ဟု သူမက ပြောပြသည်။

ဆွီဒင်သို့ ပြန်ရောက်လာခဲ့ပြီးနောက် ဘဝတွင် အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်ကြောင်း သိလာခဲ့သည်။ ထို့ကြောင့် ရှေ့နေလုပ်ငန်းကို လျှော့ချကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တစ်ခုတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင် လုပ်ဆောင်ခဲ့သူဖြစ်သည်။ ယခုအခါ သူမ၏ အိမ်ခြံထဲတွင် ဟင်းသီးဟင်းရွက် စိုက်ခင်းငယ်တစ်ခုကို ဖန်တီး စိုက်ပျိုးထားပြီး၊ သမီးနှစ်ဦးအတွက် အချိန်ပေးနေတတ် ကြောင်းတို့ကို *တာရင်* က ပြောပြခဲ့သည်။

*တာရင်* ကဲ့သို့ပင် ပတ်ဝန်းကျင်နှင့် ညီညွတ်သော ကျေးရွာများ တည် ဆောက်ရေးလုပ်ငန်းကို ဆွီဒင်နိုင်ငံ၌ တွင်ကျယ်စွာ ဖော်ဆောင် လုပ်ကိုင်လျက်ရှိကြ သည်။ ပြန်လည် အသုံးချနိုင်သော စွမ်းအင်အသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းများ ပြန် လည် သန့်စင်ခြင်းကို အခြေခံကာ ပတ်ဝန်းကျင်နှင့် ညီညွတ်သော ကျေးရွာများ အဖြစ် တည်ဆောက်ရန် ရွာပေါင်း (၂၀၀) ကို စီမံကိန်း ရေးဆွဲချမှတ်ထားသည်။ သဘာဝအစားအစာများကို ဝယ်ယူစားသုံးသူဦးရေ ဆက်လက် တိုးပွားလာသည်။ မိမိနှင့်အနီးစပ်ဆုံးဒေသမှ လတ်ဆတ်သော စားသောက်ကုန်များ ဝယ်ယူခြင်း ကြောင့် ဒေသအတွင်း စီးပွားရေးကို ခိုင်ခံ့လာစေသည်။ အစိုးရဘဏ္ဍာရေးရှင်းတမ်း တွင် ပတ်ဝန်းကျင် သယံဇာတ အသုံးပြုမှု၊ ဆုံးရှုံးမှုစရိတ်ကိုပါ ထည့်သွင်း တွက်ချက် စဉ်းစားလာကြသည်။

ဤသည်မှာ ဆွီဒင်နိုင်ငံ၏ ဦးတည်ချက် ပြောင်းလဲမှု သာဓကများဖြစ် သည်။ ကမ္ဘာပေါ်ရှိ စက်မှုထွန်းကားသော နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဖြစ်စေရန် ပြန်လည် အားထုတ်လုပ်ကိုင်လာကြသည်။ ထိုသို့လုပ်ဆောင် ရာတွင် ရှေးမူအတိုင်း ရှိနေသေးသော လူ့အဖွဲ့အစည်း၏ နည်းစနစ် ပညာရပ်များကို အတုယူလာကြသည်။ သေခါနီး လူနာများအား စောင့်ရှောက်ခြင်း၊ အငြင်းပွားမှုကြား ကြားဝင် ဖြန်ဖြေပေးခြင်း စသည့် လုပ်ဆောင်ချက်များကို ခေတ်အမီဆုံး လူ့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းများ၌ တွေ့ရှိလာရသည်။ မီးဖိုခန်းကို အိမ်ထောင်မိသားစု၏ အဓိက ဗဟို ချက်မ နေရာအဖြစ် အသုံးပြုခြင်း၊ သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်သော အစား အစာကို စားသုံးခြင်း၊ ရှေးရိုးရာ ဆေးကုထုံးနည်းများကို အသုံးပြုခြင်း စသည့် လဒါခီ ရိုးရာဘဝနှင့် အလားတူ လူနေမှုစနစ်ကို ပြန်လည် ကျင့်သုံးလာကြသည်။ ပုံပြော ခြင်း၊ လူတို့၏ ပထဝီလောကကြီးကို အမှီသဟဲပြုရသော ရှေးဟောင်းလူနေမှုစနစ် သို့ သမိုင်းကြောင်း ပြန်လှည့်၍ လာပေသည်။

ဤပြောင်းလဲမှုဖြစ်စဉ်သည် တစ်ခါတစ်ရံ အလိုအလျောက် ဖြစ်ပေါ်လာ သော သဘောရှိသည်။ ကျွန်မတို့၏ ယဉ်ကျေးမှုအရ အတိတ်နှင့် သဘာဝနိယာမ များမှ ကင်းလွတ်ပြီး၊ တစ်သမတ်တည်း ဖွံ့ဖြိုးတိုးတက်နေမှုကို လက်ခံအားပေးပါ သည်။ ယနေ့ ခေတ်မီသူများက 'နောက်ပြန်မဆုတ်နိုင်' ဟု တဖွဖွ ရေရွတ်နေကြ သည်။ စင်စစ် ကျွန်မတို့ ဆန္ဒရှိလျှင်လည်း နောက်ပြန်ဆုတ်၍ မရတော့ပါ။ ပိုမို ကောင်းမွန်သော အနာဂတ်ကို ရှာဖွေရင်းမှ ကျွန်မတို့သည် လူသားအပါအဝင် သက်ရှိ ပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့နှင့် မျှတညီညွတ်စွာ ဖွဲ့စည်းထား သော လူနေမှုစနစ်သို့ သမိုင်းကြောင်း တစ်ကျော့လည်လာပြန်တော့သည်။

ကျွန်မတို့၏ အဖွဲ့တွဲသဏ္ဌာန်နှင့် အနီးစပ်ဆုံး အသက်ရှင်မှုကို လေ့လာရာ တွင် ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်း၌ အထင်ရှားဆုံး တွေ့ရသည်။ ဤ တွင် အမျိုးသမီးများ၏ အမြင်ကို ပြက်ပြက်ထင်ထင် တွေ့မြင်နိုင်သည်။ ယနေ့ မိခင်များသည် ရင်သွေးငယ်များအား အချိန်ဇယားအတိုင်း နို့တိုက်ခြင်းမပြုတော့ဘဲ၊ ဆာလောင်မှုသဘောကို နားလည်လက်ခံလာသည်မှာ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ် သည်။ လဒါခီတို့၏ ရိုးရာဘဝတွင် လစ်ဟာမှုမရှိ မပျက်ကွက်ခဲ့ဖူးသော အမူအကျင့် များကို ကျွန်မတို့က စတင် သင်ယူလေ့လာနေကြသည်။ လူသားသည် မွေးဖွားစဉ်မှ စ၍ မေတ္တာတရားကို အလိုအလျောက် ခံစားခွင့်ရှိကြောင်း၊ လူတစ်ဦးအဖြစ် အသိ အမှတ်ပြုခံရရန် အထူးကြိုးစားစရာ မလိုဘဲ မွေးရာပါ အခွင့်အရေးတစ်ရပ်လို ပိုင်ဆိုင်ထားကြောင်းကို ကျွန်မတို့ လက်ခံစပြုလာပါသည်။

လူတို့၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာတွင်လည်းကောင်း၊ လယ်ယာလုပ်ငန်း များမှ မိသားစုမီးဖိုချောင်တွင်လည်းကောင်း၊ လူ့ဘဝ၏ နယ်ပယ်အသီးသီးရှိ ဖြစ်စဉ် များ အချင်းချင်း ဆက်နွယ်မှုရှိပုံကို ယနေ့ကမ္ဘာကြီးက သဘောပေါက်လာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူသားဆန်သော၊ အမျိုးသမီးများစိတ်ဓာတ် မြင့်မားမွန်မြတ်သော၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိသော အသက်တာကို ဖန်တီးယူသည့် လှုပ်ရှားမှုများ တိုးတက်ပေါ်ပေါက်လာနေပါသည်။ ပြောင်းလဲမှုကို လိုလားသူများ တိုးတက်များပြားလာသည်။ အဆိုပါ ပြောင်းလဲမှုကို 'အသစ်' ဟု ခေါ်တွင်ကြသည်။ လာဒါတ်မှ ပြောင်းလဲမှု သမိုင်းအရမူ လွန်ခဲ့သောနှစ် ထောင်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ယုံကြည်ခံယူချက် အစဉ်အလာများကို ပြန်လည် ဖော်ထုတ်တွေ့ရှိခြင်းသာ ဖြစ်သည်။ ထိုအသက်တာ လူနေမှုစနစ်များက ကျွန်မတို့လူသားတစ်ဦးစီ၏ အနေအထားအမှန်ကို လက်ခံအသိအမှတ်ပြုကာ သဘာဝလောကနှင့် လူမှုပတ်ဝန်းကျင်တို့၏ မြဲမြံသော နှောင်ဖွဲ့ဆက်စပ်မှုကို ဖော်ပြလျက်ရှိနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# မာတ်ပုံမှတ်တမ်း



လူနေအဆောက်အဦများ




လာဒါတ်ရှိ စေတီပုထိုး





လဒါခီ မိန်းကလေးများ၏ ရိုးရာသီချင်းဖြင့်
သီဆို ပျော်ပြနေဟန်



ယာ့(က်)
ခေါ်
အမွေးရှည် နွား



www.burmeseclassic.com

www.burmeseclassic.com






လဒါခ် တိုင်းရင်းသား



လဒါခ် တိုင်းရင်းသူ



လာဒါတ်ဒေသရှိ ကလေးငယ်များ ပျော်ပျော်ရွှင်ရွှင်





www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ လေ့လာရန် အညွှန်း



၁။ http://www.Helena Norberg - Hodge




၂။ Ancient Futures မြန်မာစကားပြော မှတ်တမ်းခွေကို အလင်းအိမ်တွင် မှာယူ ရရှိနိုင်ပါသည်။

BURMESE CLASSIC



၃။ Bullshit မှတ်တမ်းခွေကို အလင်းအိမ်တွင် မှာယူ ရရှိနိုင်ပါသည်။

www.burmeseclassic.com